www.burmeseclassic.com

သောင်းဝေဦး

# KIA ဗဟို
# ပါဂျို ၊ နားဖေါ် တိုက်ပွဲကြီး



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၅ ခုနှစ်၊ ဇွန်လ၊
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၀၀၀ ကျပ်
မျက်နှာဖုံးအပြင်အဆင် - မြရတနာColour Separation
အတွင်းဖလင် - A.Z
ကွန်ပျူတာစာစီ - Future World
တအုပ်ချုပ် - မြရတနာအဖွဲ့သားများ

ထုတ်ဝေသူ
ဒေါ်မူမူ(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြ)
သီရိမြင်သာစာပေအတွင်း
မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဗိုလ်မှူးကြီးဒေါင်းဝေ(ငြိမ်း)၊ (၀၇၉၉၆ မြ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

ဒေါင်းဝေဦး ၉၉၅.၈၃
KIA ဝတို့ မိမိနားတော့ တိုက်ပွဲကြီး ၊ ဒေါင်းဝေဦး။ ရန်ကုန်၊
မြရတနာစာပေ၊ ၂၀၁၅။
၄၆၀- စာ၊ ၁၂.၅ စင်တီ x ၁၈.၅ စင်တီ၊
(၁) KIA ဝတို့ မိမိနားတော့ တိုက်ပွဲကြီး

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# သောင်းဝေဦး

# KIA ဗဟို ဒိဂျိုနှားဗော့ တိုက်ပွဲကြီး

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


## KIA ခေါ် ဝိဇ္ဇာရေး တိုက်ပွဲကြီး


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူအမှာ | ၇ |
| (၁) | ဝိဇ္ဇာရေးအတွက် ထောက်ခံအချက်အလက်များ | ၁၇ |
| (၂) | ဝိဇ္ဇာရေးတိုက်ပွဲကြီးဖြစ်ပွားခြင်း | ၃၇ |
| (၃) | တိုက်ပွဲအသေးစိတ်ဖော်ပြချက်များ | ၆၅ |
| (၄) | တိုက်ပွဲသုံးသပ်ချက်များ | ၈၃ |
| (၅) | အရေးကြီးသောထုတ်ပြန်ချက်များ | ၁၃၀ |
| (၆) | **KIA နှင့် Bertil Lintner** | ၁၄၅ |
| | - **KIA** ထပ်ဆော (၁) နယ်မြေ ကြိုဝင်သော | ၁၆၂ |
| | - KIO ခေါ် ဝိဇ္ဇာ | ၂၇၇ |
| | - ဗိုလ်ကြီးတည်ဆောင် ထူးကိုတည်း ခေါ် (ရုရှားပြည်) | ၃၃၀ |
| (၇) | အထွေထွေဖော်ပြချက်များ | ၃၅၇ |
| (၈) | နိဂုံးချုပ်ဖော်ပြချက်များ | ၃၈၅ |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာ

KIA နှင့် စစ်မတိုက်ခဲ့ဖူးသဖြင့် KIA နှင့် တိုက်ပွဲများကို မရေးခဲ့နိုင်ပါ။ ကိုယ်မရေးနိုင်သော်လည်း သူများရေးတာလေးတွေကိုတော့ တစ်ပုဒ်စ၊ နှစ်ပုဒ်စ ဖော်ပြပေးခဲ့ဖူးပါသည်။

ဥပမာ – ဗိုလ်မှူးကြီး သူရစိုးအောင်နှင့် နားလုံတိုက်ပွဲ။ ဗိုလ်မှူးကြီးညီပု၏ မန်မတ်ရှိုးတိုက်ပွဲ။

ကိုစိုးအောင်က တက္ကသိုလ်တုန်းက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း၊ အိုင်အေအောင်ပြီးစ တပ်ထဲဝင်သွားသူ၊ ဗိုလ်သင်တန်း အမှတ်စဉ် (၂၉) တက်ပြီး ၁၉ နှစ်နဲ့ ဗိုလ်ဖြစ်လာသူ။ ဒုတပ်ရင်းမှူးဘဝက မြစ်ကြီးနား–ဗန်းမော် ကားလမ်းပေါ်က နားလုံစခန်းကို KIA ၇၀၀ ကျော်လောက် ဝိုင်းတိုက်ရာ ကိုစိုးအောင်က အသေအကျေ ခံချခဲ့သည်။ မိမိထက် အင်အား ဆယ်ဆကျော် များပြားသော ရန်သူကို ၂ရက်လုံးလုံး ခံချခဲ့၍ သူရဘွဲ့ရသွားသည်။ အသက် ၄၀ မရှိမီမှာ တပ်ရင်းမှူးဖြစ်ပြီး ၄၀ လောက်တွင် ဗျူဟာမှူး ဖြစ်သွားသူ။ အသက်ငယ်ငယ်နှင့် ရာထူးကြီးကြီး ရသွားသော်လည်း သူ့ကို အရက်က ဖျက်သွားသည်။ အရက်ကြောင့် ဗျူဟာမှူးဘဝမှာ တပ်က အနားပေးခံရသည်။ နောက်တော့ နယ်ဘက်မှာ တာဝန်ပြန်ပေးခံရသည်။

ပင်စင်ယူပြီး ၁၀ နှစ်နီးပါးအကြာ အရက်ကြောင့် ပင် သူ သေသွားခဲ့သည်။ သူသေပြီးမှ သူ၏နားလုံ တိုက်ပွဲစာအုပ်လေးကို ကျွန်တော် ထုတ်ခဲ့သည်။ KNU, ဗကပတို့မှ လိုင်းပြောင်းကာ KIA စာအုပ်လေး ထုတ်လိုက်ရာ အလွန်အောင်မြင်ပါသည်။ အကြိမ်ကြိမ် ပြန်ရိုက်ရ၏။ အချိန်အခါကလည်း KIA နှင့် အစိုးရ





အကြိမ်ကြိမ်ငြိမ်းချမ်းရေး ဆွေးနွေးနေသည့်ကာလ။

ထို့ကြောင့် KIA သမိုင်းနှင့် တိုက်ပွဲများကို ငြိမ်းချမ်းရေးရှုထောင့်မှ ကြည့်မြင်ကာ စာအုပ်တစ်အုပ် ရေးချင်သည်။ ကြိုးစားကြည့်သည်။ ၂၀၁၄ ခုနှစ် နှစ်စတွင် စာများစရသည်။ မပြည့်စုံသဖြင့် စာအုပ်ဖြစ်မလာခဲ့။ ဒီလိုနဲ့ နှစ်ကုန်ပိုင်းရောက်သွားသည်။ KIA ကိစ္စတွေကလည်း ပို၍ ပို၍ Hot ဖြစ်လာသည်။ နောက်ဆုံးတော့ ကျွန်တော်နဲ့ Comtemporary ရဲဘော်ရဲဘက်များ၏ တိုက်ပွဲများကို လိုက်ရှာပြီး စုစည်း၍ ...

"သူတို့တိုက်ခဲ့သော KIA နှင့် တိုက်ပွဲများ" စာအုပ်ကို ရေးထုတ်လိုက်သည်။ အလွန်အောင်မြင်ပါသည်။ ပထမအကြိမ် ထုတ်တော့ ရက်ပိုင်းအတွင်း စာအုပ်က ပြိုက်ခနဲ ကုန်သွား၏။ ဒုတိယအကြိမ်ပြန်ရိုက်ရသည်။ ဒါလည်း တစ်လလောက်အတွင်း ကုန်သလောက် ဖြစ်သွားသည်။

KIA ကို စာဖတ်ပရိသတ်များ စိတ်ဝင်စားတာ သေချာသွားပြီ။

ဒီစာအုပ်ကို ဖတ်မိကြသည့်သူများက နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်အုပ် ရေးပါဦး ဟု တောင်းဆိုလာကြ၏။ ကျွန်တော့်မှာ ရေးစရာမရှိပါ။ KIA တို့ ကျက်စားရာ မြစ်ကြီးနား၊ ဖန်းမော်ဒေသကို ကျွန်တော် မရောက်ဖူးပါ။ မရောက်ဖူးပဲ ဒါတွေကို ရမ်းရေးလို့ မရ။ မြေအခြေအနေကို ကျွန်တော် မသိ။ ကျွန်တော်သည် တိုက်ပွဲဒေသများကို ကိုယ်တိုင်ကိုယ်ကျ မြေပြင်ဆင်း လေ့လာပြီးမှ ထိုတိုက်ပွဲများကို ရေးသူဖြစ်ပါသည်။ မရောက်ဖူးဘဲ၊ မြေအခြေအနေ မကြည့်ဘဲ စာရေးသူမဟုတ်ပါ။ ပြည်တွင်းတိုက်ပွဲများ အားလုံး ထိုနည်းနှင်နှင်သာ ရေးခဲ့ပါသည်။ အားလုံး ကိုယ်တွေ့မျက်မြင်ကြည့်ပြီးမှ ရေးခဲ့သည်။

ယခု KIA နှင့် နောက်တစ်အုပ် ရေးပါဦး ဟု အများက တောင်းဆိုလာတော့ ရေးဖို့စဉ်းစားသည်။ ကချင်ပြည်နယ်ကို သွားမည်။ မြေအခြေအနေကို မျက်ဝါးထင်ထင် လေ့လာမည်။ ဒါတွေ ဆောင်ရွက်နိုင်ဖို့ တပ်က အကူအညီရမှဖြစ်မည်။ ရှေ့တန်းတပ်စခန်းတွေကို သွားဖို့က တပ်က လိုက်ပို့ပေးမှရမည်။

ခင်မင်ရင်းစွဲရှိသည့် မြောက်ပိုင်းတိုင်းနှင့် ကချင်ပြည်နယ်ကို တာဝန်ယူထားသော ကစထမှူး ဒုဗိုလ်ချုပ်





ကြီးမြင့်စိုးကို အကျိုးအကြောင်း ပြောကာ Request လုပ်တော့ လိုလိုလားလား အကူအညီပေးသည်။

"ဗိုလ်မှူးကြီးသောင်းဝေ မပခကို သွားပါ။ ဟိုက လိုတာတွေ အကုန်လုပ်ပေးပါလိမ့်မယ်" ဟု အကြောင်းပြန်လာသည်။

သို့နှင့် ၂၀၁၅ ခုနှစ် မတ်လ ၁၉ ရက်တွင် ရန်ကုန်မှ လေယာဉ်ဖြင့် မပခကို တစ်ယောက်တည်း ကင်မရာတစ်လုံးလွယ်ကာ ထွက်ခဲ့၏။

မြစ်ကြီးနားလေဆိပ်ရောက်တော့ တပ်က လာကြိုသည်။ မလိခရိပ်သာကြီးမှာ နေရာချထားပေးပြီး လိုတာတွေ အားလုံး ဝိုင်းကူကြသည်။ မြစ်ကြီးနားပတ်ဝန်းကျင်တစ်ရက် လေ့လာပြီး နောက်နေ့၌ ဗန်းမော်သို့ ကားဖြင့် ထွက်ခဲ့၏။ မြစ်ကြီးနား–ဗန်းမော် ၁၀၉ မိုင် ကားလမ်းတစ်လျှောက်က တပ်တွေနှင့် တွေ့ခဲ့ရသည်။ စကား စမြည်ပြောခဲ့သည်။ ဗျူဟာမှူးများ၊ တပ်ရင်းမှူးများ၊ စခန်းမှူးများနှင့် တွေ့ခဲ့ရသည်။ ပါဂျိုနားဖော့ ဒေသကို လေ့လာနိုင်ခဲ့သည်။ လိုင်ဇာအဝကို ရောက်ခဲ့သည်။

ဗန်းမော်ရောက်တော့ ဗန်းမော် စကခမှ သိကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကောင်းတုံရိပ်သာကြီးမှာ နေရာချပေးသည်။ စကာခမှူးနှင့် အရာရှိများက လိုက်လှဲစွာ ကြိုဆိုကြသည်။ ရောက်ပြီး နောက်ရက် ဗန်းမော်မှ စိန်လုံယောယုံ လွယ်ဂျယ်သို့ ဆက်ထွက်ခဲ့သည်။ ဗန်းမော် စကာခက လိုက်ပို့ခြင်းဖြစ်၏။ ဒီမှာလည်း ဗျူဟာမှူး၊ တပ်ရင်းမှူး၊ စခန်းမှူးများနှင့် တွေ့ခဲ့သည်။ ယောယုံစခန်းရောက်တော့ စခန်းအပေါ်တက်ပြီး ကြည့်ခဲ့သည်။ ယောယုံကို ၁၉၈၅ ခုနှစ်က ဗကပနှင့် KIA ၇၀၀ လောက်က ဝိုင်းတိုက်ရာ စခန်းမှူးဗိုလ်မှူးအောင်ထွန်းက တပ်ခွဲတစ်ခွဲနှင့် အသေအကြေခံချခဲ့သည်။ စခန်းကျမသွားခဲ့။ အင်အား ဆယ်ဆခန့် များသည့် ရန်သူကို ၂၄ နာရီလုံးလုံး ခံတိုက်ခဲ့သည်။ ဗိုလ်မှူးအောင်ထွန်း သူရ ရသွားသည်။ ကျန်အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားတွေလည်း စွမ်းရည်ဘွဲ့ချီးမြှင့် ခံရသည်။

ကိုအောင်ထွန်းမှာ ကျွန်တော်နှင့် ဗိုလ်သင်တန်းတစ်ပတ်တည်း ဆင်းဖြစ်၏။ BA Bed. အောင်ပြီး ကျောင်းဆရာ လေး၊ ငါးနှစ်လုပ်ပြီးမှ စစ်သားလုပ်ချင်ရဲ့ဆိုပြီး စစ်ထဲဝင်လာသူဖြစ်သည်။ လူက မွန်၊ ဗမာ မဟုတ်။ အရပ်အရှည်ကြီး၊ ခါးကိုင်းကိုင်းနှင့်။ တပ်ရင်းမှူးဖြစ်ပြီး





ဒုဗိုလ်မှူးကြီးအဆင့်နှင့် ပညာရေးဝန်ကြီးဌာနကို ပြောင်းသွားသည်။ မြန်မာနိုင်ငံစာစစ်မင်းကြီး တာဝန်ထမ်းဆောင်ရသည်။ နယ်ဘက်ရောက်တော့ သူနှင့် မကြာခဏ ပြန်တွေ့ကြသည်။ သူတို့ အကယ်ဒမီ အောင်ကျည်ထွဏ်းတို့က ကျွန်တော့်ထက် အသက် လေး၊ ငါး၊ ခြောက်နှစ်ကြီးကြသည်။ သို့ရာတွင် သူတို့နှစ်ဦးလုံးကို ကျွန်တော်က မင်းနဲ့ငါနဲ့ ပြောသည်။ မလိမ္မာ ဗာလာန မိုက်ခဲ ကျွန်တော့်ကို သူတို့က သည်းခံခွင့်လွှတ်ကြသည်။ ညီငယ်လေးသဖွယ် ချစ်ကြရှာ၏။

ယောယုံရောက်တော့ ကိုအောင်ထွန်းတိုက်ခဲ့သည့် ယောယုံတိုက်ပွဲကို ရေးလို့ရသွားပြီ။ လိုတာတွေ ရေးမှတ်လာခဲ့၏။ ဓာတ်ပုံရိုက်ခဲ့၏။ ယောယုံပြီးတော့ မထူးပါဘူးဆိုပြီး လွယ်ဂျယ်အရောက်သွားခဲ့သည်။ ခြံစည်းရိုးကျော်ကာ တရုတ်ပြည်ကို ချောင်းကြည့်ခဲ့သည်။ ဟိုဘက်တော့ မကူးခဲ့ပါ။ မတ် ၂၃ ရက်တွင် ဗန်းမော်မှ လေယာဉ်ဖြင့် ရန်ကုန် ပြန်ခဲ့သည်။ အိမ်ပြန်ရောက်တော့ KIA နှင့် တိုက်ပွဲကြီး နှစ်ပွဲရေးရန် ဆုံးဖြတ်လိုက်သည်။

ပထမတစ်ပွဲက KIA ဗဟိုပါဂျိုနှာဘော့တိုက်ပွဲကြီး။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပွဲက **ယောယုံတိုက်ပွဲ။**

ယခု ဤစာအုပ်မှာ ပါဂျိုနားဖော့တိုက်ပွဲကြီး အကြောင်း ဖြစ်ပါ၏။ **KIA** ဗဟိုကိုတိုက်သည့် တိုက်ပွဲဖြစ်သဖြင့် ပိုပြီး အရေးပါသည်ဟု ယူဆပြီး ဒါကို အရင် ရေးလိုက်ခြင်း ဖြစ်ပါသည်။

ပါဂျိုနားဖော့တိုက်ပွဲကြီး ပြီးတော့ **KIA** ဗဟို တောင်ဘက် ရွှေ့သွားသည်။ ပထမလိုင်စင်။ နောက်တော့ လိုင်ဇာရောက်သွားသည်။

တိုက်ပွဲမှာ ၁၉၈၇ ခုနှစ်က ဖြစ်သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း နဝတအစိုးရတက်လာတော့ **KIA** နှင့် ငြိမ်းချမ်းရေးဆွေးနွေးဖြစ်သည်။ တိုက်ပွဲတွေ ရပ်နားသွားသည်။ မြစ်ကြီးနား–ဗန်းမော် ကားလမ်းပေါ်က မြို့တွေ၊ ရွာတွေ အလွန်စည်ကားလာ၏။

**KIA** တွေ တောင်ပေါ်က ဆင်းချလာကြသည်။ ဗန်းမော်၊ မြစ်ကြီးနား မြို့တွေ လာကြသည်။ အားလုံး ပျော်ကြ၏။ ထိုစဉ်က မန်စီမှာ **KIA** မြို့တော် ဖြစ်နေသည် ဆို၏။ မန်စီမှာ **KIA** တွေ ဆယ်နှစ်ဆယ်မိုး ကျော်ကျော် ပျော်ပါးသွားကြသည် ဆို၏။ မန်စီကလည်း သူတို့အမျိုးတွေ





ယခုစာအုပ်ဖြစ်မြောက်ရေးအတွက် အစစ အရာရာ အကူအညီပေးခဲ့သည့် စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး ခြင်းစိုး

www.burmeseclassic.com



ချည်းပဲဟု ပြောကြသည်။ ထို့ကြောင့် ဗန်းမော်မှ မန်စီကို နှစ်ခေါက်လောက် သွား၍ ကြည့်ရှုလေ့လာခဲ့ပါသည်။ မန်စီမှာ မြို့လယ်လမ်းမကြီးဘေး တွင် ခရစ်ယာန်ချာချ် ကျောင်းကြီးများ အစီအရီတွေ့ရသည်။ ကျွန်တော် ရောက်သည့်နေ့က တနင်္ဂနွေနေ့ဖြစ်သဖြင့် ဘုရားကျောင်းမှာ လူတွေ ပြည့်ကျပ်နေသည်။ သို့ရာတွင် မိန်းမနှင့်ကလေးများသာ ဖြစ်ကြ၏။ ယောကျ်ားတွေ မတွေ့။ လိုင်ဇာမှာ ရှိကြသည်ထင်ရဲ့။

ဘာပဲဖြစ်ဖြစ် ကချင်ပြည်နယ် အရှေ့ခြမ်းကို မျက်မြင်လေ့လာနိုင်ခဲ့ပြီဖြစ်၍ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချသွားပြီး ဤ **KIA ဗဟိုပါဂျိနားဗော့တိုက်ပွဲကြီး** အား စာရှုသူများအတွက် ရေးသားတင်ဆက်လိုက်ပါ သည် ခင်ဗျား။

ရှင်လန်းချမ်းမြေ့ကြပါစေ
**သောင်းဝေဦး**
၅-၄-၂၀၁၈

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁ )

## ပါဂျိုနွားဖော့ဒေသ၏ ပထဝီဝင်အချက်အလက်များ

နိဒါန်း

အချိန်က ၁၉၈၇ ခုနှစ်၊ မေလ။

မြန်မာနိုင်ငံမြောက်ပိုင်းရှိ ကချင်ပြည်နယ်တွင် **KIA** နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲများ မကြာခဏ ဖြစ်ပွားလျက် ရှိ၏။

**KIA** တို့သည် ၁၉၈၅ ခုနှစ်တွင် မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်အယ်လ်ကွန်ဖန်အား မြစ်ကြီးနားမြို့

www.burmeseclassic.com



အထွက်တွင် လုပ်ကြံသတ်ဖြတ်လိုက်ကြသည်။

ထိုအခါ ဗိုလ်ချုပ်အယ်လ်ကွန်ဖန်အစား စစ်ရေးစစ်ရာတွင် သဘောထားတင်းမာ၍ တိကျပြတ်သားသော ဗိုလ်ချုပ်ကျော်ဘအား တိုင်းမှူးအဖြစ် သက်ဆိုင်ရာက တာဝန်ပေးစေလွှတ်ခဲ့၏။

ဗိုလ်ချုပ်ကျော်ဘကား တပ်မတော်၌ အလွန်စည်းစနစ်ကြီးသူ လေ၊ ငါးဦးတွင် တစ်ဦးအပါအဝင်ဖြစ်၏။ တိုင်းမှူးမဖြစ်မီ တပ်မမှူးဘဝက သူ့တပ်မအား ဒေါင်ဒေါင်မြည်တပ်မ ဖြစ်ရမည်ဟု ကြုံးဝါးခဲ့သည့် တပ်မမှူး ဖြစ်လေသည်။ တပ်မမှူးမှ တိုင်းမှူးဖြစ်လာသည်နှင့် မြောက်ပိုင်းတစ်ခွင်ရှိ **KIA** စခန်းများကို တစ်ခုပြီးတစ်ခု တိုက်တော့၏။

သူရိန်ထွန်းအမည်ရ စစ်ဆင်ရေးဖြင့် ၁၉၈၇ ခုနှစ် မတ်လ ၂၁ ရက်မှ ၁၉၈၈ ခုနှစ် မတ်လ ၂၀ ရက် နေ့ထိ တစ်နှစ်တာကာလအတွင်း တိုက်ပွဲကြီးပေါင်း ၂၉ ကြိမ်၊ တိုက်ပွဲငယ်ပေါင်း ၇၀၆ ကြိမ် ဖြစ်ပွားခဲ့ပြီး ၎င်းတိုက်ပွဲများအတွင်း၌ ရန်သူ ၃၇၆ ယောက် အသေရ၊ ၉၇ ဦး လက်ရဖမ်းဆီးမိခဲ့သည်။ ၁၅၇ ယောက် လက်နက်ချခဲ့ကြသည်။ လက်နက်ကြီး၊ လက်နက်ငယ် ၅၅၅ လက်

မြရတနာစာပေ



သိမ်းဆည်းရမိခဲ့သည်။

ဆက်သွယ်ရေးစက် အမျိုးစုံ အလုံး ၂၀၊ မော်တော်ယာဉ်တစ်စီး၊ ဘိန်းစိမ်း ၃၂၈ ကီလို၊ ဘိန်းဖြူ ၆ ကီလို (ဒေါ်လာ ၁သန်းကျော်ဖိုး)၊ ကျောက်စိမ်း ၁၂၀၀၀ ပိဿာ၊ မြန်မာကျပ်ငွေ ငါးသိန်း၊ အိန္ဒိယ ရူပီး ၁ သန်းနှင့် တရုတ်ယွမ်ငွေအချို့ကိုပါ သိမ်းဆည်းရမိခဲ့၏။

ဤကဲ့သို့ ဗိုလ်ချုပ်ကျော်ဘ ဦးစီးသည့် မြောက်ပိုင်းတိုင်းမှ **KIA** စစ်ဆင်ရေးများတွင် ၁၉၈၇ ခုနှစ် မေလက တိုက်ခဲ့သည့် **KIA** ဗဟိုပါဂျိုနားဖော့တိုက်ပွဲကြီးကား ထင်ရှားကြီးကျယ်သော တိုက်ပွဲကြီး ဖြစ်၏။

ဤတိုက်ပွဲကြီးဖြစ်ပွားပြီးနောက် **KIA** ဗဟိုသည် ပါဂျိုနားဖော့ဒေသမှ တောင်ဘက်သို့ ရွှေ့သွားပြီး တရုတ်နယ်စပ်နှင့် အလွန်နီးစပ်သည့် လိုင်စင်၊ ထိုမှသည် ယခု **KIA** ဗဟိုရှိနေသည့် လိုင်ဇာသို့ ရွှေ့ပြောင်း သွားခဲ့ရလေသည်။

တိုက်ပွဲမတိုင်မီကာလက **KIA** တို့သည် မြစ်ကြီးနား–ဗန်းမော် ကားလမ်းကို အုပ်စီးထားကြ၍ မိမိ ဆက်သွယ်ရေးလမ်းကြောင်းအား ထိန်းချုပ်ကာ စစ်ကစားလျက်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှိကြ၏။ ထို့ပြင် မြန်မာတစ်နိုင်ငံလုံးမှာ ဆိုရှယ်လစ်စီးပွားရေးစနစ် ပျက်သုဉ်းကာ ကုန်ထုတ်စွမ်းအားစုများ ကျဆင်းလျက်ရှိသဖြင့် ပြည်သူလူထု အများစုက တရုတ်၊ ယိုးဒယားနှင့် အိန္ဒိယမှ မှောင်ခိုပစ္စည်းများ တင်သွင်းကာ လိုအပ်ချက်များကို ဖြည့်ဆည်းနေရသည့်ကာလည်း ဖြစ်၏။

ထိုသည်ကို အခွင့်ကောင်းယူကာ **KIA** နှင့် **KNU**, **NMSP** စသည့် တိုင်းရင်းသားလက်နက်ကိုင်များက မှောင်ခိုရောင်းဝယ်မှုကို အားပေးကာ အကောက်စခန်းများဖွင့်လျက် စီးပွားဖြစ်ထွန်းနေသည့်ကာလလည်း ဖြစ်၏။

**KIA** တို့က မိုးကောင်းဒေသမှ ထွက်သည့် ကျောက်စိမ်း၊ ဖန်းမော်၊ မန်စီ၊ ရွှေကူ၊ မဘိန်းဒေသမှ ထွက်သည့် ကျွန်းသစ်နှင့် အခြားမူးယစ်ဆေးဝါးများကို တစ်ဖက်တရုတ်နိုင်ငံသို့ တင်သွင်းကာ ဝင်ငွေကောင်းနေကြသည်။

မြန်မာနိုင်ငံအတွင်း၌လည်း ပါတီကောင်စီအစိုးရခေါ် မဆလအစိုးရအနေဖြင့် စီးပွားရေး မအောင်မြင်မှုကြောင့် အခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိပြီး ပြည်တွင်း၌ စီးပွားရေးဆုတ်ယုတ်မှုနှင့် ကြုံတွေ့နေရ၏။ ဉက္ကဋ္ဌဦးနေဝင်းမှ





တစ်ပါတီစနစ်အစား ပါတီစုံလုပ်ကြမှာလားဟု မေးခွန်းကို ဗဟိုကော်မတီဝင်အများစုက မလုပ်နိုင်ဘူး ဟု ကန့်ကွက်ကြ၍ ပါတီစုံမလုပ်နိုင်ဘဲ တစ်ပါတီစနစ်ကို ဆက်လက်ကိုင်စွဲထားသဖြင့် နိုင်ငံရေး အကြပ်အတည်း ဖြစ်ပေါ်လျက်ရှိ၏။

နိုင်ငံရေး၊ စီးပွားရေး အကြပ်အတည်းကို အကြောင်းပြု၍ နယ်စပ်ဒေသမှ **KNU** နှင့် **KIA**, ဗကပတို့က တိုက်ပွဲကြီးများ အဆက်မပြတ် ဖော်ထုတ်ကြရာ ၁၉၈၆ ခုနှစ်က စီစီဝမ်တာပန်တိုက်ပွဲ၊ ၁၉၈၄ ခုနှစ်က မဲသဝေါ ဒုတိယတိုက်ပွဲ၊ ၁၉၈၅ ခုနှစ်က ယောယုံတိုက်ပွဲများ ပေါ်ပေါက်ခဲ့ရ၏။

စီးပွားရေး၊ နိုင်ငံရေးအရ အကြပ်အတည်းဖြစ်နေစဉ်ကာလ၌ စစ်ရေးကို အလျှော့ပေး၍မဖြစ်သဖြင့် ရန်သူဗဟိုများအား တိုက်ရန် စစ်ရုံးမှ လိုလားခဲ့သည်။ **KNU** ဗဟိုအခြေစိုက်ခဲ့သည့် မဲသဝေါအား ဒုတိယ အကြိမ်အဖြစ် ၁၉၈၄ ခုနှစ်တွင် တိုက်ခဲ့၏။ စီစီဝမ်တာပန်ကို တိုက်လာသည့် ဗကပမြောက်ပိုင်းဗဟိုခွဲအား ၁၉၈၆ ခုနှစ်တွင် တပ်မ ၂ခုဖြင့် အပြတ်ရှင်းခဲ့၏။ ယခုလည်း မြို့ရွာနှင့် တပ်စခန်း



www.burmeseclassic.com

www.burmeseclassic.com



များအား သာလွန်အင်အားဖြင့် ဝင်တိုက်ခဲ့သည့် **KIA** ဗဟို ပါဂျိုနှင့် နားဖော့အား တိုက်ရန်အတွက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စီမံခဲ့လေသည်။

**KIA** တို့သည် ၁၉၇၈ ခုနှစ်က ရွှေကူမြို့ကို ဝင်ရောက်စီးနင်းတိုက်ခိုက်သွားကြပြီး ရဲစခန်းအား မီးရှို့ဖျက်ဆီးခဲ့ကြပါသည်။ ထိုတိုက်ပွဲ၌ ရဲနှစ်ဦးနှင့် တပ်မတော်သား ငါးဦး ကျဆုံးခဲ့၏။

ယခုကဲ့သို့ စစ်ပူနေသောကာလ၌ **KIA** တို့က စီးပွားရေးကို ဦးစားမပေးဘဲ မြို့သိမ်းတိုက်ပွဲများ ဖော်ထုတ်လာမည်ကို ကြိုတင်ဟန့်တားနိုင်ရန် မိမိဘက်မှ လက်ဦးမှုယူ၍ **KIA** ဌာနချုပ်များကို ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်လေသည်။

ထို့ကြောင့် **KIA** ဌာနချုပ်များအား အောက်ပါအတိုင်း ဝင်ရောက်တိုက်ခိုက်ခဲ့၏။

(က) တပ်မဟာ (၂) ဌာနချုပ် တနိုင်းယန်အား ၁၉၈၆ ခုနှစ် ဧပြီတွင်လည်းကောင်း။

(ခ) ဗကပ (၁၀၁) ဌာနချုပ်နှင့် **KIA** ကိုယ်စားလှယ်တို့ ပူးတွဲနေထိုင်သော စင်ကြိုင်စခန်းအား ၁၉၈၆ ခုနှစ် အောက်တိုဘာတွင်လည်းကောင်း။

(ဂ) နာဂသောင်းကျန်းသူ ဌာနချုပ် ဟာရှိတ်တောညို နှင့် ကြူယန်းနောက်ညို စခန်းတို့အား ၁၉၈၆ ခုနှစ် ဧပြီတွင်လည်းကောင်း။

(ဃ) အခြား အခြားသော **KIA** လှုပ်ရှားစစ်ကြောင်းကြီးများကိုလည်း တပ်မတော်မှ ဝိုင်းပတ်ချေမှုန်းခဲ့ပါသည်။ ဥပမာ ၁၉၈၅ ခုနှစ် ဖွန်လက မိုးမောက်မြို့နယ် မိုင်းမူရှာသို့ ဝင်လာသည့် **KIA** ရင်း (၂၅၁) နှင့် (၂၅၄) ပူးပေါင်းအင်အား ၃၅၀ ခန့်အား အမှတ် (၉၃) ခြေလျင်တပ်ရင်း၊ အမှတ် (၇၄) ခြေလျင်တပ်ရင်းများက ဝိုင်းပတ်ချေမှုန်းခဲ့ရာ **KIA** ၂၆ ဦး ကျဆုံး၍ လက်နက်ခဲယမ်းအချို့ သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်မှ ၁၀ ဦး ကျဆုံးခဲ့သည်။ လက်နက်ခဲယမ်း ဆုံးရှုံးမှု မရှိပါ။

ဤသို့သောဖြစ်စဉ်များကြောင့် **KIA** တပ်ရင်းဌာနချုပ်များနှင့် တပ်မဟာဌာနချုပ်များကို မတိုက်တော့ဘဲ ပင်မ **Head quarter** ဗဟိုဌာနချုပ် **G.H.Q** များ ဖြစ်ကြသည့် ပါဂျိုနှင့် နားဖော့အား တိုက်ခိုက်ပြီး **KIA** ၏ ပင်မ **Brain**







www.burmeseclassic.com

www.burmeseclassic.com



Cell ကို ထိုးနှက်ဖောက်ခွဲရန် စီစဉ်ခဲ့လေသည်။

ဤတွင် ၁၉၈၇ ခုနှစ်၌ ဖြစ်ပွားခဲ့သည့် ပါဂျို နားဖော့တိုက်ပွဲကြီး ပေါ်ပေါက်လာခဲ့ရပါသည်ခင်ဗျား။

**ပါဂျိုနားဖော့ဆိုတာ ဘယ်မှာလဲ**

ပါဂျို နားဖော့ဆိုတာ ဘယ်မှာလဲ။

ဟုတ်ကဲ့။ ပါဂျို နားဖော့ဆိုတာ ကချင်ပြည်နယ် အရှေ့ခြမ်း ဝိုင်းမော်မြို့နယ်အတွင်းမှာ ရှိပါသည်။

မြစ်ကြီးနား ဗန်းမော်ကားလမ်း၏ အရှေ့ခြမ်း တောင်တွေပေါ်မှာ ရှိပါသည်။

မြစ်ကြီးနားက ကားနဲ့သွားရင် မိုင် ၃၀ လောက် သွားပြီး အရှေ့ဘက် တောင်တွေပေါ် ခြေလျင်တက် ရပါသည်။ ကျွန်တော်သွားတုန်းက ကားလမ်းတော့ ပေါက် ပြီဆိုသည်။ ဒါပေမဲ့ အချိန်မပေးနိုင်ခဲ့၍ မတက်တော့ဘဲ စခန်းရှိနေသည့် တောင်တန်းကြီးတွေကို လှမ်းပြီး ဓာတ်ပုံ ရိုက်ယူခဲ့သည်။

ကားလမ်းနှင့်ပါဂျိုနားဖော့မှာ ၅ နာရီမျှ ခြေလျင် ခရီးရှိသည်။ ထို့ကြောင့် ၁၀ မိုင်ကျော်မျှ ဝေးပေသည်။





ခါလာရမ်ဆိုသော ရွာနေရာမှ လမ်းခွဲလေသည်။

တကယ်တော့ ပါဂျိုနှင့် နားဖော့သည် တစ်နေရာစီ ဖြစ်၏။ ကားလမ်းမှသွားက နားဖော့ကို အရင်ရောက် ပေသည်။ နားဖော့နှင့် လေး၊ ငါးဆယ်မိုင်ဝေးသော ပါဂျိုကား KIA နိုင်ငံရေးဦးဆောင်အဖွဲ့များ နေသည်။ KIO ဥက္ကဋ္ဌ ဘရမ်ဆိုင်းနှင့် သူ၏ဗဟိုကော်မတီဝင်များ နေကြသည်။ ခရီးမဝေးလှသော်လည်း တောင်တက်ခရီး မို့ နာရီပေါင်း အတော်ကြာသွားရသည်ဟု သိသူတွေက ပြောကြသည်။

ပါဂျိုနှင့်နားဖော့အား ပထဝီသဘောအရ ပြော ရမည်ဆိုက မြောက်လတ္တီတွဒ် ၂၄ ဒီဂရီနှင့် ၂၅ ဒီဂရီ အတွင်း အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီနှင့် ၉၈ ဒီဂရီအတွင်း တည်ရှိပါသည်။ KIA တွေက အစိုးရတပ်တွေ လွယ်လွယ်နဲ့ တက်လာလို့ မရတဲ့နေရာတွေမှာ ဌာနချုပ်တွေ ဖွင့်ထား သည်။ ဒါသာမကပါ။ ဟိုဘက်က တရုတ် ကြီးနဲ့လည်း အလွယ်တကူဆက်သွယ်လို့ရအောင်လည်း လုပ်ထားခြင်းပါ။ ဒါကြောင့် ပါဂျိုကို တရုတ်နယ်စပ်နား ကပ်ဖွင့်ထားတာ။ အခု လိုင်ဇာလည်း ဒီအတိုင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



**KIA** ဗဟိုများမှ ယုနန်ပြည်နယ် ထိန်ချုံးမြို့သို့ ကားလမ်းများ ဖောက်ထားကြ၏။ ထိုကားလမ်းများမှ ပင် အရောင်းအဝယ်များ ပြုလုပ်လျက်ရှိ၏။

မြန်မာနယ်စပ်တွင် တရုတ်က ကားလမ်းတွေ ဖောက်ကာ အရောင်းအဝယ်လုပ်ငန်းများကို တိန့်ရှောင် ဖင် လက်ထက်ကပင် စခဲ့ကြ၏။ တရုတ်က ဘယ်သူနဲ့ လုပ်ရလုပ်ရ အမြတ်ရတာ အကုန်လုပ်သည်။ မဟုတ် တာရော၊ ဟုတ်တာရော၊ တရားဝင်တာရော မဝင်တာရော အကုန်လုပ်သည်။ မဟုတ်တရုတ်ဆို မဟုတ်လား ခင်ဗျာ။

ဤမျှဆိုလျှင် ပါဂျိုနှင့် နားဖော့တို့၏အနေအထား ကို အကြမ်းဖျင်းအားဖြင့် ပုံဖော်၍ရပါပြီ။

တကယ်တော့ မြစ်ကြီးနား–ဗန်းမော်လမ်းမှာ ဒုတိယကမ္ဘာစစ်ကြီးက အမေရိကန် ဗိုလ်ချုပ်ကြီး စတီးဝဲလ် ၏ လီဒိုလမ်းမကြီး အဆက်ပင်ဖြစ်၏။ ဗန်းမော်မှ တောင် ဘက် နမ်းခမ်းမူဆယ်အထိ ဆင်းပြီး ၎င်းမှ အရှေ့ဘက်ရှိ ကြူကုတ်ဝမ်တိန့်ကိုဖြတ်၍ တရုတ်ပြည်တွင်း ဝင်သွားသည့် လမ်းမကြီး ဖြစ်ပါသည်။ ဟိုတုန်းကတော့ စစ်တပ်တွေ အတွက် ဖောက်သွားတဲ့လမ်း။ အခုတော့ ကုန်သွယ်ရေး





လမ်းမကြီးဟု ခေါ်ရင် ခေါ်၍ရပါမည်။ တရားဝင် ကုန်တွေ ရော၊ ခိုးထုတ်တဲ့ကုန်တွေရော ဒီလမ်းကြီးက သွားနေ ပါသည်ခင်ဗျာ။

**ပါဂျိုနှားဖော့ဒေသ၏ ပထဝီအနေအထားများ**

**တည်နေရာ။** တည်နေရာအား ရှေ့တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

**မြေမျက်နှာပြင်။** ရောဝတီအရှေ့ခြမ်း မြစ်ကြီးနား ဗန်းမော်ကားလမ်းတစ်လျှောက်သာ မြေပြန့်ဖြစ်ပြီး ကျန်ဒေသများမှာ တောတောင်များ ဖုံးလွှမ်းလျက် ရှိ၏။ တောင်များမှာ ပေသုံး၊ လေး၊ ငါးထောင်မြင့်သော အရှေ့ ဘက် တောင်ကုန်းဒေသကြီးဖြစ်ပြီး ရှမ်းကုန်းပြင်မြင့်နှင့် တစ်ဆက် တည်း ဖြစ်၏။ အသွားအလာ ခက်ခဲပါသည်။ တောင်များမှာ အချို့နေရာများတွင် ပေ ၆၀၀၀



www.burmeseclassic.com

www.burmeseclassic.com



ကျော်ပါသည်။ ယူနန်အနောက်ဘက်တောင်တန်းများနှင့် တစ်ဆက်တည်း ဖြစ်၏။ နယ်မြေအလိုက် အောက်ပါအတိုင်း ဆက်လက်ဖော်ပြအပ်ပါသည်။

(က) မြောက်ဘက်နယ်မြေ။

နားယုံ ဒေါ်ဖုံးယန်ဒေသ အမြင့်ပေ ၁၂၀၀ နှင့် ၁၈၀၀ ခန့် တောင်ကြောများ၊ မြောက်မှတောင်သို့ သွယ်တန်းလျက် ရှိသည်။ ခလားယန်နှင့် လဲယုဒေသ အမြင့်ပေ ၂၅၀၀ ခန့်နှင့် ၃၀၀၀ ခန့်ထိ တောင်ကြောများ ရှိသည်။ နမ့်ဆန် ယန်ချောင်းသည် အရှေ့မှအနောက်သို့ စီးဆင်းပြီး တာပိန်မြစ်အတွင်း စီးဝင် သွားသည်။





အမြင့်ဆုံးတောင်မှာ အမြင့်ပေ ၃၈၁၈ ရှိသည်။ ကန်တော်ယန်တောင်ပင် ဖြစ်သည်။

(ခ) အရှေ့ဘက် နယ်မြေ။

တရုတ်မြန်မာနယ်နိမိတ်မျဉ်း ရှိပြီး ဖလပ်တောင် ၄၄၈၀ ပေ၊ ပါဂျိုတောင် ၆၈၀၈ ပေ၊ နားဖော့တောင် ၅၄၁၉ ပေ၊ အာလောဘွန်တောင် ၆၁၃၇ ပေ၊ စိန်လုံတောင် ၆၀၂၅ ပေ၊ ယောယုံတောင် ၅၇၃၉ ပေ၊ ကိုက်ထိပ်တောင် ၄၄၇၂ ပေ တို့သည် မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိကြ၏။ အရှေ့မှ အနောက်သို့ ရောဝင် မြစ်ကမ်းအထိ နိမ့်ဆင်းသွား

www.burmeseclassic.com



လေသည်။

(ဂ) တောင်ဘက်နယ်မြေ။ တောင်မြောက်သွယ်တန်းနေသည့် တောင်တန်းများရှိပြီး လူသွားလမ်း၊ လှည်းလမ်းနှင့် ကားလမ်းဟောင်းများ တောင်ကြောအတိုင်း ဖောက်လုပ်ထားပြီး အရှေ့အနောက်သွားလာရေး ခက်ခဲပေသည်။ အမြင့်ဆုံးတောင်မှာ တန့်တဲတောင်ဖြစ်၍ အမြင့်ပေ ၄၁၂၇ ရှိသည်။

(ဃ) အနောက်ဘက်နယ်မြေ။ ကွမ်ရရန်တောင် ၁၆၆၇ ပေနှင့် တွယ်ပေါ်တောင် ၂၄၅၀ ပေ၊ ဆအားကွန်တောင် ၂၂၈၂ ပေ တို့ရှိသည်။

မြရတနာစာပေ



ဧရာဝတီမြစ်ကြီးနှင့် သိပ်မဝေးလှပေ။

**ရာသီဥတု။** အေးချမ်းသောရာသီဥတုဖြစ်သည်။ ကျွန်တော် မြစ်ကြီးနားနှင့် ဗန်းမော်ကို ယခုနှစ် မတ်လက ရောက်သွားရာ နေ့လယ် ၁၁း၀၀ နာရီလောက်ထိ အနွေးထည် ဝတ်ရပါသေးသည်။ သို့ရာတွင် ချင်းတောင်တွေလောက်တော့ မအေးပါ။ ချင်းတောင်တွေက မတ်လမှာ မီးလှုံရပါသည်။ ညပိုင်းမှာတော့ အေးပါသည်။ အပူချိန်ပျမ်းမျှ ၇၅ ဒီဂရီဖာရင်ဟိုက် ရှိပါသည်၊

**မိုးရွာသွန်းမှု။** မိုးရေချိန် ၆၀ လက်မမှ ၁၀၀ ထိ ရွာသွန်းတတ်ပါသည်။ မြစ်ကြီးနားတွင် ဗန်းမော် တစ်ဝိုက်တွင် မိုးရေချိန် ၈၀ ခန့်ရှိသည်။ မြစ်ကြီးနားမြောက်ဘက်တွင်တော့ ၁၀၀

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လက်မ ကျော်သည် ဆို၏။ တောင်ဘက်သို့ ရောက်သွားသည်နှင့် မိုးရေချိန် အနည်းငယ် လျော့သွားပါသည်။

**ပေါက်ရောက်ပင်များ။** ကျွန်းသစ်နှင့် ဝါးကြိမ်များ အများဆုံးပေါက်သည်။ ဗန်းမော်မှ ကျွန်းသစ်သည် မြန်မာ့ အကောင်းဆုံးကျွန်းသစ်ဟု ဆိုကြ၏။ (ဒါကြောင့် လိုမ့်ခိုးနေတာ) မြောက်ဘက်တောင်များပေါ်နှင့် တောင်မြင့်ကြီးများပေါ်တွင်ကား ထင်းရှူးတောကြီးများ ရှိ၏။ (ထင်းရှူးပင်တွေလည်းခိုးခုတ်နေကြပါသည်။)

**စိုက်ပျိုးပင်များ။** ဆန်စပါး၊ ကြံ၊ မြေပဲ၊ ငရုတ်၊ ဆေး စသည်များ စိုက်သည်။ တောင်မြင့်များပေါ်တွင်ကား ဘိန်းများ စိုက်ပျိုးသည်။ အားလုံးတွင် ဘိန်းက ငွေအရဆုံးဆို၏။ KIA





တပ်မဟာ (၄) နယ်မြေက ဘိန်း အထွက်ဆုံး ဟု ပြောကြသည်။

**နေထိုင်သူလူမျိုးများ။** ကချင်အများဆုံးဖြစ်ပြီး ရှမ်းနှင့် ပလောင် လူမျိုးများကိုလည်း ကြိုကြား ကြိုကြား တွေ့ရသည်။ မြစ်ကြီးနား–ဗန်းမော်ကားလမ်းပေါ်က ရွာများမှာ ရှမ်းရွာများဖြစ်ကြ၏။ နာမည်ကလည်း ရှမ်းနာမည်တွေ။ ဥပမာ နားလုံ (နားက ရှမ်းလို လယ်၊ လုံက ကြီးတာ။ လယ်ကြီး)၊ မန်စီ (မန်က ရွာ၊ စီ လေး။ ရွာလေးရွာ ပေါင်းထားတာ)၊ လွယ်ဂျယ်လည်း ဒီအတိုင်းပါပဲ။ ရှမ်းနာမည်ပါ။ ဒါကြောင့် ဒီနေရာတွေမှာ ရှေးတုန်းက ရှမ်းတွေ နေသွားကြတာ။ ကချင်က နောက်မှ ရောက်လာတာ။ ပါဂျိုနားဗော့ ဆိုတာလည်း ရှမ်းနာမည် ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



**လမ်းပန်းဆက်သွယ်မှု။** အဓိကမှာ မြစ်ကြီးနားဗန်းမော်ကားလမ်းကို အသုံးပြုရသည်။ အခြားကားလမ်းများ ရှိသည်။ ဗန်းမော်–လွယ်ဂျယ်လမ်း။ ဗန်းမော် –ရွှေကူလမ်း။ ဗန်းမော်–မန်စီကိုက်ထိပ် နမ့်ခင်းလမ်း။ မြစ်ကြီးနား ဆဒုံးလမ်းတို့ ဖြစ်၏။ ၎င်းပြင် ဧရာဝတီမြစ်ကြောင်းတွင် လှေ၊ သင်္ဘောများ သွားလာပါ သည်။ မြစ်ကြီးနားမှ မန္တလေး ရေလမ်း ၃၃၇ မိုင် ကွာဝေးပါသည်။ ဗန်းမော်–မန္တလေးလည်း သင်္ဘော သွားပါသည်။ ထိုဒေသများ၌ ယခုအခါ မော်တော် ဆိုင်ကယ်များ အလွန်အသုံးများ နေပါပြီ။

ဤမျှဆိုလျှင် ပါကျိုနားဖော့ဒေသ၏ ပထဝီဝင် အချက်အလက်များမှာ လုံလောက်ပါပြီ။ ဤအချက်အလက်များသည် စစ်ရေးစစ်ရာတွင် အထောက်အကူပြုပါသည်။





တောင်တွေတွေ့ရင် တက်ရမည်။ တောတွေတွေ့ရင် တိုးရမည်။ မြစ်တွေတွေ့ရင် ဖြတ်ရမည်။ ပါကျိုနားဖော့ ဒေသ၌ ဖြတ်ကူးစရာ မြစ်ချောင်းများမှာ မိုးလဲချောင်း၊ တာပိန်မြစ် ဧရာဝတီမြစ်၊ နမ့်ဆန်ယန်ချောင်း၊ နမ့်တစ်ဘက်ချောင်း၊ မိုးစစ်ချောင်း၊ ကောက်ကွေ့ချောင်း တို့ ရှိ၏။

**အရေးကြီးသောတောင်ကြားလမ်းများ**

- တရုတ်နိုင်ငံ ဆမားပါမှ နားဖော့လမ်း
- တရုတ်နိုင်ငံ ဆမားပါမှ လိုင်ဇာဖြတ်၍ နားလုံလမ်း
- တရုတ်နိုင်ငံ ချင်းဟောင်မှ အာလောဘွန်လမ်း
- တရုတ်နိုင်ငံ ကာဒူမှ ခလုံခလမ်း
- တရုတ်နိုင်ငံ လာဆာမှ ဗန်းမော်ကောင်းအားဖြတ်၍ စိန်လုံလမ်း
- တရုတ်နိုင်ငံ ဂျန်ဟောင်းမှ လွယ်ဂျယ်လမ်း
- တရုတ်နိုင်ငံ တင်ဂါမှ ကိုက်ထိပ်လမ်း

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

## ပါကိုနှားဖော့တိုက်ပွဲကြီးဖြစ်ပွားခြင်း

**တိုက်ပွဲမဖြစ်မီ ယေဘုယျအခြေအနေ**

ပါကိုနှားဖော့တိုက်ပွဲကြီး မဖြစ်မီတွင် ယေဘုယျ အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

မိမိမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် တိုက်ပွဲအမိန့် ရရှိပြီးသည်နှင့် တပ်များ စုဖွဲ့မှုကို စတင်ပြင်ဆင် ခဲ့ပါသည်။ သို့ရာတွင် အင်အားဖြည့်ဆည်းရေးအတွက် တိုင်းမှူးမှ စစ်ဆင်ရေး ထွက်မည့်အချိန်ထိ မည်သည့်နေရာကို တိုက်မည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လုံးဝပြောကြားခဲ့ခြင်း မရှိပါ။

ထိုစဉ်က မြောက်ပိုင်းတိုင်း၌ စစ်ဗျူဟာသုံးခု ရှိနေခဲ့ပါသည်။ တိုက်ပွဲစဉ်ကြီးတစ်ခုလုံးကို တိုင်းမှူးမှ တိုက်ရိုက်ကွပ်ကဲခဲ့သော်လည်း အနီးကပ်တိုက်ပွဲကွပ်ကဲသွားသူမှာ ဗန်းမော်စစ်ဗျူဟာ ခေါ် စစ်ဗျူဟာ (၁) မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမျိုးမြင့် ဖြစ်ပါသည်။

ရာသီဥတုမှာ နွေအလွန် ပွင့်လင်းရာသီဖြစ်ပါသည်။

မိုးကောင်းစွာ မရွာသေးသဖြင့် မြင်ကွင်းကောင်း၍ ခြေခင်းလက်ခင်းသာပါသည်။

မိမိတို့ စစ်ဆင်ရေးအခြေအနေကို KIA များ မရိပ်မိသဖြင့် ၎င်းတို့ဘက်မှ လုံလောက်သော ပြင်ဆင်မှုများ မရှိခဲ့ပါ။

ထိုစဉ်က မြောက်ပိုင်းတိုင်း၌ စစ်ဗျူဟာ သုံးခု ရှိနေခဲ့ပါသည်။

(က) စစ်ဗျူဟာ (၁)။ စစ်ဗျူဟာ(၁) အောက်၌ ဗန်းမော်၊ မြို့သစ် ဒေါ်ဖုန်းယန်၊ နားလုံ လွယ်ဂျယ်နှင့် မံစီ၊ မိုးကောင်း၊ ရွှေကူမြို့နယ်များ





ပါဝင်သည်။

ကွပ်ကဲမှုအောက်တပ်များမှာ ကချင် (၁)၊ ခလရ (၄၀)၊ ခလရ (၄၇)၊ ခလရ (၅၆) တို့ပါဝင်၏။

(ခ) စစ်ဗျူဟာ (၂)။ စစ်ဗျူဟာ (၂) အောက်၌ တနိုင်းယန်၊ ဂျန်ပန်၊ လဒန်ကာ။ ဆွမ်ပရာ တို့ ပါဝင်၍ မြစ်ကြီးနားမြောက်ခြမ်းဒေသကို တာဝန်ယူရ၏။ ကွပ်ကဲမှုအောက် တပ်များမှာ ခလရ (၁၅)၊ ခလရ (၂၉)၊ ခလရ (၁၈)၊ ခလရ (၈၆) တို့ ပါဝင်၏။

(ဂ) စစ်ဗျူဟာ (၃)။ စစ်ဗျူဟာ (၃) သည် မြစ်ကြီးနားနှင့် တနိုင်းအရှေ့ခြမ်း ဒေသများကို တာဝန်ယူရ၏။ ကွပ်ကဲမှုအောက် တပ်များမှာ ချင်း(၂)၊ ခလရ (၁၅)၊ ခလရ (၂၉)၊ ခလရ (၅၈)၊ ခလရ (၅၄)၊



www.burmeseclassic.com

www.burmeseclassic.com



ခလရ (၉၃) တို့ ပါဝင်သည်။

(ဃ) နတခစစ်ဗျူဟာ။ နတခမှ စစ်ဗျူဟာတစ်ခု ထပ်ဖြည့်ပေးထားရာ- နတခစစ်ဗျူဟာသည် လုံးတုံ၊ လုံးစန့်၊ ဟိုပင်၊ မိုးညှင်း၊ နမ္မတီး၊ မရမ်း၊ ရဝဌ မိုင်၊ မိုးကောင်းကာမိုင်း ဒေသများကို တာဝန်ယူရ၏။ ကွပ်ကဲမှုအောက်တပ်များမှာ နတခမှ စေလွှတ်ထားသည့် တပ်ရင်းများ ဖြစ်ပါသည်။ အလှည့်ကျ နတခတပ်ရင်း သုံးရင်း လဲလှယ်စေလွှတ်ပေးခဲ့ပါသည်။

**တပ်မတော်ဘက်မှပြင်ဆင်မှုများ**

တပ်မတော်ဘက်မှ ကြိုတင်ပြင်ဆင်မှုများကို ယခုရက်မတိုင်မီ တစ်ပတ်ခန့်ကပင် စတင်ခဲ့ပါသည်။ ထို့ပြင် တပ်အင်အားများ ဖြည့်တင်းခြင်း၊ လက်နက်ကြီး၊

မြရတနာစာပေ




ပါရီ-နားဖော့တိုက်ပွဲကာလက မြောက်ပိုင်းတိုင်းဒုတိုင်းမှူး ဗိုလ်မှူးကြီးကျော်သ
ယခု ဗိုလ်ချုပ်ကျော်သန်း (ငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com




ပါဂျို-နားဇော တိုက်ပွဲကာလက မြောက်ပိုင်းတိုင်းစစ်ဗျူဟာ(၃)
စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကြည်ထွန်း



ပါဂျို-နားဇော တိုက်ပွဲကာလက မြောက်ပိုင်းတိုင်းစစ်ဗျူဟာ(၂)
စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဘထွန်း

www.burmeseclassic.com

www.burmeseclassic.com



ပါရှိ - နားဇော တိုက်ပွဲကာလက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်(၁)
စစ်ဌာနချုပ်မှူး ဗိုလ်မှူးကြီး မိုးမြင့်



လက်နက်ငယ်များကို ပစ်ခတ်စမ်းသပ်ခြင်း၊ တောင်ပေါ်နှင့် တောင်တွင်း စစ်ဆင်ရေးများကို ပြန်လည်လေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

**တိုက်ပွဲတွင်ပါဝင်သော တပ်များ**

(က) အမှတ် (၁) စစ်ဌာနချုပ်အဖွဲ့

(ခ) အမှတ် (၁) ကချင်သေနတ်ကိုင်တပ်ရင်း

(ဂ) အမှတ် (၂၁) ခြေလျင်တပ်ရင်း

(ဃ) အမှတ် (၄၇) ခြေလျင်တပ်ရင်း

(င) အမှတ် (၅၆) ခြေလျင်တပ်ရင်း

(စ) အမှတ် (၅၈) ခြေလျင်တပ်ရင်း

**ထပ်ဖြည့်တပ်များ**

(က) အမှတ် (၁) အမြောက်တပ်ရင်းမှ ၁၂၀ မီလီမီတာ စိန်ပြောင်းကြီး တပ်စိတ် ၄ စိတ်

(ခ) ဒုံးစင် ၄ စင်ပါ ဒုံးပစ်တပ်စု တစ်စု

(ဂ) အမှတ် (၉၁၄) စစ်မြေပြင်အင်ဂျင်နီယာ တပ်ခွဲမှ တပ်စုတစ်စု



www.burmeseclassic.com

www.burmeseclassic.com



(ဃ) ရွှေ့တန်းအမှတ် (၇) ဆေးတပ်စခန်းခွဲတစ်ခု

**ဘေးနံတပ်များ**

(က) နားလုံတွင် ရတခ ခမရ (၁၁၈) မှ စစ်ကြောင်း (၁) ဌာနချုပ်နှင့် တပ်ခွဲတစ်ခွဲ

(ခ) ဒေါ်ဖုံးယန်တွင် ရတခမရ (၁၁၈) မှ တပ်ခွဲတစ်ခွဲ

(ဂ) အူထန်ယန်၊ ခါဥ၊ ခေါက်သင့်၊ မိုက်မူတွင် ရတခမရ (၁၁၈) စစ်ကြောင်း (၂) ဌာနချုပ်နှင့် တပ်ခွဲတစ်ခွဲ

(ဃ) မြို့သစ်တွင် ရတခမရ (၁၁၈) မှ တပ်ခွဲတစ်ခွဲ

ရွှေ့တန်း ခမရ (၁၁၈) တပ်ရင်းသည် ဆက်သွယ်ရေး လမ်းကြောင်းပေါ်တွင် **Stand by** အသင့်အနေအထား ဖြင့် အုပ်ချုပ်မှု **Logistics** များ ဆောင်ရွက်ရန် အသင့် ရှိနေခဲ့သည်။

**လေကြောင်းအကူ**

လေကြောင်းအကူအတွက် မပခ၏ အစီအစဉ်ဖြင့်





စစ်ရုံးကကကြည်းသို့ တောင်းခံမည်ဖြစ်ပြီး ကကကြည်း အစီအစဉ်ဖြင့် ကကလေမှ စီစဉ်စေလွှတ်ပေးသွားမည် ဖြစ်ပါသည်။

**KIA ဘို့ဘက်မှ အနေအထားများ**

မိမိတပ်များမှ တိုက်ပွဲအတွက် အသင့်ပြင်ဆင် နေချိန်တွင် **KIA** တို့သည် ပုံမှန်အတိုင်း အောက်ပါအတိုင်း ရှိနေခဲ့ပါသည်။

(က) KIA ဗဟိုဌာနချုပ်

- ❖ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အား ဇော်မိုင်နှင့် အင်အား ၃၀၀ ခန့်က နားဖော့တွင် အခြေပြု ထားပါသည်။
- ❖ **KIO** ဗဟိုနှင့် လူကြီးများအဖွဲ့က ဘရန်ဆိုင်း နှင့် ဇောင်းဟာရား ဦးစီးပြီး အင်အား ၁၀၀ ခန့်ဖြင့် ပါဂျိုတွင် အခြေပြုထားပါသည်။

(ခ) **KIA** ဗဟိုရွှေ့ကာတပ်များအဖြစ် အောက်ပါအတိုင်း ဖြန့်ခွဲထားရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



- ◆ **KIA** တပ်ရင်း (၂၅၁)။ ရင်းမှူးဆန်လီနှင့် အင်အား ၈၀ ခန့်သည် ဂျာထုကောင်းစခန်းတွင် အခြေပြုပြီး ကျန်တပ်ခွဲ ၄ ခွဲအား ပတ်ဝန်းကျင်တွင် ဖြန့်ခွဲထားရှိပါသည်။
- ◆ **KIA** တပ်ရင်း (၂၅၃)။ ရင်းမှူးအင်ဘန်လ ဦးစီးအင်အား ၁၀၀ ခန့်ဖြင့် ဂျာဘူတွင်လည်းကောင်း၊ ကျန်တပ်ခွဲ ၄ ခွဲဖြင့် စံပိုင်၊ ကန်တောင်ယန်၊ ကဒူး၊ တဘက်ယန်တို့တွင် ဖြန့်ခွဲထားရှိပါသည်။
- ◆ **KIA** တပ်ရင်း (၂၅၄)။ ရင်းမှူး လဖိန်ဘောက်နှင့် တပ်ခွဲ ၃ ခွဲ အင်အား ၂၀၀ ခန့်ဖြင့် နမ့်ဆန်ယန် ခေါ် ခလားယန်တစ်ဝိုက်တွင် ဖြန့်ခွဲအခြေပြုထားပါသည်။
- ◆ **KIA** တပ်ရင်း (၃)။ ရင်းမှူး စောချမ်းဦးစီး အင်အား ၅၀ ခန့် လိုင်ဖောင်တွင်လည်းကောင်း၊ ကျန်တပ်ခွဲ ၅ ခွဲအား လိုင်ဖောင် လဘွန်၊ မလောက်၊ ဝါးကောင် ဒေသများ၌ ဖြန့်ခွဲထားရှိပါသည်။

မြရတနာစာပေ



**KIA** တွင် တပ်မဟာ လေးခု ရှိပါသည်။

တပ်မဟာ (၁) မလိခမြောက်ဖျား လကောင်ဘွမ်တွင်လည်းကောင်း။

တပ်မဟာ (၂) မြစ်ကြီးနားအနောက်မြောက် ဂျန်ဘိုင်ဒတ်တွင်လည်းကောင်း။

တပ်မဟာ (၃) မြို့သစ်အရှေ့ဘက် လှိုင်လန်းတွင် လည်းကောင်း။

တပ်မဟာ (၄) ကွတ်ခိုင်အရှေ့ခြမ်း နမ့်ဝိန်းတွင် လည်းကောင်း အသီးသီးအခြေပြုလျက်ရှိကြသည်။

ယခုတိုက်ပွဲတွင် အနီးကပ်ဆုံး အကူအညီပေးရန်မှာ တပ်မဟာ (၃) ပင် ဖြစ်၏။ ထို့ကြောင့် မိမိတပ်များသည် တပ်မဟာ (၃) ကို ထိန်းချုပ်ထားရန် လိုလေသည်။ တပ်မဟာ (၃) တွင် တပ်ရင်း ၂ ရင်းရှိပြီး အင်အား ၈၅၀ ခန့် ရှိ၏။

**နောက်ဆုံးရ KIA သတင်းများ**

မိမိတပ်မတော်မှ စစ်ဆင်ရေးမစတင်မီမှာပင် KIA သတင်းများအား စုဆောင်းခဲ့ရာ အောက်ပါအတိုင်း သတင်း

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



များ ရရှိခဲ့ပါသည်။

(က) KIA ဗဟိုဌာနချုပ်များတွင် အောက်ပါအတိုင်း ရှိနေကြောင်း သိရပါသည်။

၁။ KIA ဗဟိုသည် ဥက္ကဋ္ဌဘရန်ဆိုင်းနှင့် ဇောင်းဟာရားတို့ ဦးစီးပြီး လူအင်အား ၁၀၀ ခန့်ဖြင့် ပါဂျိူ တွင် ရှိနေခဲ့ပါသည်။

၂။ စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့ ဦးစီးချုပ်ဇော်မိုင်နှင့် အင်အား ၃၀၀ ခန့်သည် နားဖော့တွင်ပင် ရှိနေခဲ့ပါသည်။

(ခ) KIA ရင်း (၂၅၁)

၁။ ရင်းမှူးဆန်လီနှင့် အင်အား ၈၀ ခန့်သည် ဂျာထုကောင်းနှင့် ပတ်ဝန်းကျင်တွင် ဖြန့်ခွဲ အခြေပြု နေပါသည်။ ၇၅ မီလီမီတာ တစ်လက်ရှိပါသည်။

၂။ ဒေသခံတပ်များ။ ကွန်ဂျာဦးစီး ၃၀ ခန့်သည် ဂျာထုကောင်းတွင်လည်းကောင်း။ ဘွန်ယိန်း ဦးစီး ရှစ်ယောက်သည် လိုင်ဇာတွင်လည်း





ကောင်း။ လမိုင်ဂပ်နှင့် ခုနစ်ယောက် ဂျန်ထုံတွင်လည်းကောင်း ရှိနေပါသည်။

၃။ တပ်ခွဲ (၁)။ မခေါ်နော်ဦးစီး ၄၀ ခန့်သည် အာလောဘွမ်တွင်လည်းကောင်း အခြေပြု၍ ပတ်ဝန်းကျင် ၌ အင်အားစုအချို့ ဖြန့်ခွဲ ထားခဲ့ပါသည်။

၄။ တပ်ခွဲ (၂)။ ထိန်နန်ဦးစီး ၄၀ ခန့်သည် အူရာကွပ်တွင်လည်းကောင်း အင်အားအချို့ အား ကွန်ဘာပါတွင်လည်းကောင်း ဖြန့်ခွဲ ထားရှိပါသည်။

၅။ တပ်ခွဲ (၄)။ လောထုံဦးစီး အင်အား ၃၀ ခန့်သည် အာလောဘွမ်တွင်လည်းကောင်း။ ဟောင် ဒေါင် ဦးစီးတပ်ဖွဲ့သည် မရော လောင်တွင် ကာကင်းအဖြစ်လည်းကောင်း ဖြန့်ခွဲထားရှိခဲ့ပါသည်။

(ဂ) KIA ရင်း (၂၅၃)

၁။ ရင်းမှူး အင်ဘန်လ ဦးစီးအင်အား ၁၀၀ ခန့်



www.burmeseclassic.com

www.burmeseclassic.com



ဂျာဘူတွင် အခြေပြုထားရှိသည်။

၂။ တပ်ခွဲ (၁)။ ခရော့လဂျာ ဦးစီးအင်အား ၅၀ သည် စံပိုင်တွင် အခြေပြုထားရှိသည်။

၃။ တပ်ခွဲ (၂)။ ခကတူးဂျာ ဦးစီးအင်အား ၆၀ သည် ဂျာဘူနှင့် ဘန်တော်ယန်တွင် ဖြန့်ခွဲအခြေပြု ထားသည်။

၄။ တပ်ခွဲ (၄)။ ဒွန်ဖော့ ယောထုံ ဦးစီးအင်အား ၅၀ သည် ကဖူးနှင့် တဘတ်ယန်တို့တွင် ဖြန့်ခွဲ အခြေပြုထားပါသည်။

(ဃ) **KIA** ရင်း (၂၅၄)

၁။ တပ်ရင်းမှူးလဖိန်ဘောက်နှင့် တပ်ရင်းဌာနချုပ် တပ်ခွဲ ၃ ခွဲ အင်အား ၂၀၀ ခန့်သည် နန်ဆန် ယန်ခေါ် ခလားယန်တစ်ဝိုက်တွင် အခြေပြုထားပါသည်။

၂။ တပ်ခွဲ (၁)။ အင်ခွန်နှင့် အင်အား ၅၀ ခန့်သည် လဲလုံတစ်ဝိုက်တွင် အခြေပြုထားပြီး ၎င်းတို့၌ ၆၀ မီလီမီတာစိန်ပြောင်းတစ်လက်၊





ငှက်ပျောဖူးလောင်ချာခေါ် **RPG** တစ်လက်ရှိကြောင်း သိရပါ သည်။ အင်အား ၁၅ ယောက်ခန့်အား မဒီးယန်တွင် ကာကင်းအဖြစ်ထားရှိကြောင်း သိရပါသည်။

၃။ တပ်ခွဲ (၂)။ ခွန်ဆိုင်းဦးစီး အင်အား ၄၀ ခန့်သည် ခလားယန်တွင် အခြေပြုလျက်ရှိပါသည်။

၄။ တပ်ခွဲ (၃)။ ခွန်သာဦးစီးအင်အား အင်အား ၅၀ ခန့်သည် နန့်ဘက်ယန် ချောင်းရိုးတစ်လျှောက် လှည့်လည်သွားလာလှုပ်ရှားနေကြောင်း သိရပါသည်။

(င) **KIA** အနီးကပ်အကူတပ်

**KIA** ဗဟိုအနီးတွင် တပ်မဟာ (၃) မှ တပ်ရင်း (၃) သည် အောက်ပါအတိုင်း ဖြန့်ခွဲလှုပ်ရှားလျက် ရှိပါသည်။

၁။ စောချမ်းဦးစီး တပ်ရင်းဌာနချုပ်နှင့် အင်အား ၅၀ ခန့်သည် လိုင်ဖောင်တွင် အခြေပြုလျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိပါသည်။

၂။ တပ်ခွဲ (၁)။ ခွဲမှူးစောချမ်းနှင့် အင်အား ၅၀ ခန့် လိုင်ဖောင်တွင် ရင်းဌာနချုပ်နှင့်အတူ ရှိနေသည်။

၃။ တပ်ခွဲ (၂)။ ထွန်းဝင်း ဦးစီးအင်အား ၅၀ ခန့် လကွန်တွင် အခြေပြုနေပါသည်။

၄။ တပ်ခွဲ (၃)။ ခွဲမှူးဝွန်မိုင်နှင့် အင်အား ၄၀ ခန့် မလောက်တွင် အခြေပြုနေပါသည်။

၅။ တပ်ခွဲ (၄)။ ခွဲမှူးလင့်အောင် ဦးစီးအင်အား ၄၀ ခန့်သည် လကွန်တွင်ပင် အခြေပြုနေပါသည်။

၆။ တပ်ခွဲ (၅)။ လအောင် ဦးစီးအင်အား ၄၀ ခန့်သည် စားသော်တွင် အခြေပြုလျက်ရှိပါသည်။

**တိုက်ပွဲအတွက် တပ်များစုဖွဲ့ပြင်ဆင်ခြင်း**

တိုက်ပွဲအတွက် တပ်များစုဖွဲ့ပြင်ဆင်ခြင်းကို တပ်မတော်ဘက်မှ အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။





ထိုစဉ်က တိုက်ပွဲဝင် ခြေလျင်တပ်များ၏ တပ်ရင်းဌာနချုပ်များမှာ အောက်ပါအတိုင်းဖြစ်၏။

(က) အမှတ် (၁) ကချင်သေနတ်ကိုင်တပ်ရင်း
- ကသာ

(ခ) အမှတ် (၂၁) ခြေလျင်တပ်ရင်း
- မြစ်ကြီးနား

(ဂ) အမှတ် (၄၇) ခြေလျင်တပ်ရင်း
- ဗန်းမော်

(ဃ) အမှတ် (၅၆) ခြေလျင်တပ်ရင်း
- ရွှေကူ

(င) အမှတ် (၅၈) ခြေလျင်တပ်ရင်း
- ဝိုင်းမော်

တိုက်ပွဲဝင်တပ်များသည် ယရက်မတိုင်မီ တစ်ပတ်ခန့်ကပင် မိမိတို့စုရပ်စီရပ်များသို့ လျှို့ဝှက်စွာ ချီတက်ခဲ့ကြပြီး ဖြစ်ပါသည်။

ထိုသို့ချီတက်ရာ၌ ချီစစ်ကို ၁၉၈၈ ခုနှစ် မေလ ၂၀ ရက်နေ့တွင် စုရပ်မှ စတင်ခဲ့ကြပါသည်။

ထိုသို့ချီတက်ကြရာ မေလ ၂၃ ရက်နေ့တွင် **KIA**



www.burmeseclassic.com

www.burmeseclassic.com



ဗဟိုကာတပ်များနှင့် စတင်ထိတွေ့ကြရာမှာ သမိုင်းတွင်မည့် KIA ဗဟိုပါကိုရ်နားဖော့တိုက်ပွဲကြီး စတင်ခဲ့ပါသည် ခင်ဗျား။

တိုက်ပွဲအသေးစိတ်ကို ရေးသားဖော်ပြခြင်း မပြုမီ တိုက်ပွဲအကျဉ်းအား မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ(တတိယတွဲ)ပါအတိုင်း ဦးစွာပထမ ကူးယူဖော်ပြပါသည်။

❖ ❖ ❖





## တိုက်ပွဲအကျဉ်းချုပ်ဖော်ပြချက်

မြောက်ပိုင်းတွင် စစ်ဌာနချုပ်နယ်မြေတွင် ပြည်သူနှင့် တပ်မတော် လက်တွဲ၍ သောင်းကျန်းသူများကို **သုရိန်ထွန်းစစ်ဆင်ရေးဖြင့်** ဆင်နွှဲတိုက်ခိုက်ခဲ့ရာ ၁၉၈၇ ခုနှစ် မတ်လ ၂၁ ရက်နေ့မှ ၁၉၈၈ ခုနှစ် မတ်လ ၂၀ ရက်နေ့ထိ တစ်နှစ်တာကာလအတွင်း တိုက်ပွဲကြီး ၂၉ ကြိမ်နှင့် တိုက်ပွဲငယ် ၇၀၆ ကြိမ်ဖြစ်ပွားခဲ့ပါသည်။

ယင်းတိုက်ပွဲများအနက် သမိုင်းတွင်သည့် ပါကိုရ်နားဖော့တိုက်ပွဲကြီးကို ကောက်နုတ်ဖော်ပြပါမည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိ မြောက်ပိုင်းတိုင်းမှ တပ်မတော် စစ်ကြောင်းများသည် ဝိုင်းမော်မြို့နယ်အတွင်းရှိ KIA ဗဟိုဌာနချုပ် ပါဂျိုစခန်း၊ စစ်ဦးစီးဌာနချုပ်၊ နားဖော့စခန်းတို့ကို ၁၉၈၇ ခုနှစ် မေလ ၂၃ ရက်နေ့မှ စတင်ချီတက်တိုက်ခိုက်ခဲ့ပါသည်။ ထိုတိုက်ပွဲများမှာ သမိုင်းမှတ်တမ်းများအဖြစ် အထင်အရှား ကျန်ရစ်ခဲ့ပြီဖြစ်ပေသည်။

ယင်းတိုက်ပွဲများကား တပ်မတော်သမိုင်းတွင် ပြောင်မြောက်သည့် တိုက်ပွဲကြီးများဖြစ်လာခဲ့သကဲ့သို့ တစ်ဖက်တွင်လည်း KIA တို့ကို တုန်လှုပ်ချောက်ချားစေခဲ့သော တိုက်ပွဲကြီးများဖြစ်ခဲ့ပေသည်။ ယင်းသို့ KIA ဗဟိုကို ချီတက်တိုက်ခိုက်သိမ်းပိုက်ရန် လမ်းခရီးတစ်လျှောက်ရှိ ကဖူးစခန်း၊ ဂျာပူစခန်း၊ တဘာက်ယန်နှင့် နန့်ဆန်ယန် စခန်းများကိုလည်း တိုက်ခိုက်ခဲ့ရာ တိုက်ပွဲပေါင်း ၄၂ ကြိမ် ဖြစ်ပွားခဲ့ပြီးနောက် မေလ ၂၆ ရက်နေ့တွင် နားဖော့စခန်းအားလည်းကောင်း၊ မေလ ၂၉ ရက်နေ့တွင် ပါဂျိုစခန်းအား လည်းကောင်း အသီးသီး ရရှိခဲ့ပြီး KIA ၄၀ ဦးကို အသေရမိ၍ ၂ ဦး လက်နက်ချလာခဲ့ပါသည်။





KIA ဗဟို ပါဂျိုနားဖော့တိုက်ပွဲသည် တပ်မတော်နှင့် ပြည်သူတို့ လက်တွဲအောင်ပွဲဆင်နိုင်ခဲ့သည့် တိုက်ပွဲကြီးပင် ဖြစ်ပါ၏။

ထို့ပြင် တိုက်ပွဲစဉ်များ၌ တပ်မတော်က စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်ဖြင့် ပြောင်မြောက်စွာ တိုက်ပွဲဝင်နိုင်ခဲ့မှုကို ပြသနိုင်ခဲ့ပါသည်။

ထိုတိုက်ပွဲစဉ်ကြီးတစ်ခုလုံးအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ် (၁) စစ်ဗျူဟာအဖွဲ့နှင့် ကွပ်ကဲမှုအောက်တပ်များဖြစ်သော –

ရှေ့တန်း အမှတ် (၁) ကချင်သေနတ်ကိုင်တပ်ရင်း
ရှေ့တန်း အမှတ် (၂၁) ခြေလျင်တပ်ရင်း
ရှေ့တန်း အမှတ် (၄၇) ခြေလျင်တပ်ရင်း
ရှေ့တန်း အမှတ် (၅၆) ခြေလျင်တပ်ရင်း
ရှေ့တန်း အမှတ် (၅၈) ခြေလျင်တပ်ရင်း
တို့မှ စုဖွဲ့ပါဝင်တိုက်ခိုက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုစဉ်က KIA တို့သည် အောက်ပါအတိုင်း ရှိနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(က) နောက်တန်းဗဟိုဌာနချုပ်
ဘရန်ဆိုင်းနှင့် ဇောင်းဟာရား ဦးစီးအင်အား ၁၀၀ ခန့်ဖြင့် ပါဂျိုတွင်လည်းကောင်း။

(ခ) ရှေ့တန်းဗဟိုဌာနချုပ်
ဇော်မိုင်နှင့် အင်အား ၃၀၀ ခန့် နားဖော့တွင်လည်းကောင်း။

(ဂ) **KIA** တပ်ရင်း (၂၅၁)။ ရင်းမှူးဆန်လီနှင့် အင်အား ၂၀၀ ခန့် ဂျာထုကောင်းတွင်လည်းကောင်း။

(ဃ) **KIA** တပ်ရင်း (၂၅၃)။ ရင်းမှူးအင်ဘန်လနှင့် အင်အား ၂၀၀ ခန့် ဂျာဘူ၊ ခံပိုင်၊ ကန်တော်ယန်၊ ကဖူးနှင့် တဘက်ယန်တွင်လည်းကောင်း။

(င) **KIA** တပ်ရင်း (၂၅၄)။ ရင်းမှူးလဖိန်ဘောက်နှင့် အင်အား ၂၀၀ ခန့်သည် နန့်ဘက်ယန်ခေါ် ခလားယန် တွင်လည်းကောင်း။

(စ) **KIA** ရင်း (၃)။ ရင်းမှူးစောချမ်းနှင့် အင်အား ၂၅၀ ခန့်သည် လိုင်ဖောင်လကွန်မလောက်၊ စားတော် တို့တွင်လည်းကောင်း အသီးသီး ဖြန့်ခွဲ



အခြေပြုထားကြ၏။

အထက်ပါအခြေအနေမှာ **KIA** တို့သည် ၎င်းတို့၏ ဗဟို ပါဂျိုနားဖော့ ခံစစ်စခန်းများကို တပ်ရင်း (၂၅၃) နှင့် (၂၅၄) တို့မှ တိုက်ခိုက်အကာအကွယ် ပေးထားသည့် ရှေ့ကာတပ်များ ဖြစ်ကြပါသည်။

တပ်ရင်း (၂၅၁) နှင့် တပ်ရင်း (၃) တို့မှာ ဘေးကာ၊ နံကာ **Flanking** များ ဖြစ်ကြောင်း တွေ့ရှိရ မည် ဖြစ်ပါ၏။

စနစ်တကျခံစစ်နေရာယူထားခြင်း ဖြစ်လေသည်။

မည်သို့ပင် စနစ်တကျ နေရာယူထားသည် ဖြစ်ပါစေ မိမိတပ်မတော်၏ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် အောင်ပွဲရသည်ထိ တိုက်ခိုက်ရန် သန္နိဋ္ဌာန်ချထားသည့် မြောက်ပိုင်းတိုင်း စစ်ဗျူဟာ (၁) မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မျိုးမြင့် ဦးစီးသော အမှတ် (၂၁) ခြေလျင်တပ်ရင်း၊ အမှတ် (၄၇) ခြေလျင်တပ်ရင်း၊ အမှတ် (၅၆) ခြေလျင်တပ်ရင်း တို့သည် ၁၉၈၇ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ဗန်းမော်မြို့မှ စတင်ထွက်ခွာကာ စစ်ဆင်ရေးကြီးကို စတင်ခဲ့ပါသည်။

မေလ ၂၃ ရက်နေ့မှစတင်၍ တပ်မတော်

www.burmeseclassic.com

www.burmeseclassic.com



စစ်ကြောင်းများသည် KIA ဗဟိုကာတပ်များနှင့် စတင်ထိတွေ့ကာ တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။

KIA တို့သည် တပ်မတော်စစ်ကြောင်းများကို နှောင့်နှေးကြန့်ကြာစေရန်နှင့် စစ်ကြောင်းချီတက်မှု ဟန့်ချက်ပျက်သွားစေရန်အတွက် အပြင်းအထန် ခုခံခဲ့ကြ၏။ ဟန့်စစ်ဆင်ခဲ့ကြ၏။ သို့ရာတွင် တပ်မတော်မှ လျှပ်တစ်ပြက် စစ်ဆင်တိုက်ခိုက်မှု ရင်ကို မြေကတုတ်လုပ်ကာ ကျည်ရောက်၊ လူရောက်စနစ် ကျင့်သုံးမှုနှင့် အတင်း တရကြမ်း ကျားထိုးတိုက်ခိုက်မှုများကြောင့် KIA များ ထိတ်လန့်တုန်လှုပ်ကာ ကစဉ့်ကလျားနှင့် ခံစစ်နေရာများမှ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြပါ၏။

ဆုတ်ခွာသွားသော KIA များ နောက်သို့ထက်ကြပ်လိုက် စစ်ဆင်ချေမှုန်းမှုကြောင့် KIA တို့အနေဖြင့် တစ်ခါမှ မတွေ့ဖူးသော မြောက်ပိုင်းတိုင်းတပ်များ၏ စစ်ရေးစွမ်းရည်ကို နဖူးတွေ့၊ ဒူးတွေ့ တွေ့ကာ လက်မြှောက်အရှုံးပေး၍ ကစဉ့်ကလျားခွာစစ်ဆင်ကြရပါသည်။

ဤသို့ဖြင့် တပ်မတော်၏ထိုးစစ်အောက်တွင် KIA ရင်း (၂၅၄) ဌာနချုပ်စခန်းဖြစ်သည့် ခလားယန်စခန်း အား





မေလ ၂၅ ရက်နေ့ ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ KIA ရင်း (၂၅၃) ဌာနချုပ် ဂျာပူစခန်းအား မေလ ၂၆ ရက် ၁၁ နာရီ ၄၀ မိနစ်တွင်လည်းကောင်း တပ်မတော်က အောင်မြင်စွာ သိမ်းပိုက်၍ ရရှိခဲ့ပါသည်။

ဆက်လက်၍ နားဖော့စခန်းအား ချီတက်ချဉ်းကပ်တိုက်ခိုက်ခဲ့ရာ ကချင် (၁) စစ်ကြောင်းမှ မေလ ၂၆ ရက်နေ့တွင် နားဖော့မြို့နယ်မှူး ရုံးနှင့် နားဖော့စခန်းအား KIA တို့ အပြင်းအထန် ခုခံနေသည့်ကြားမှ ရဲဝံ့ စွန့်စားစွာ တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့ပါသည်။ အလားတူပင် ခလရ (၂၁) စစ်ကြောင်းသည်လည်း ပါဂျိုစခန်းအား အပြင်းအထန်တိုက်ခိုက်ပြီး နာရီပိုင်းအတွင်းမှာပင် သိမ်းပိုက်နိုင်ခဲ့ပြန်ပါသည်။ တိုက်ပွဲများမှာ မိနစ် ၃၀ မှသည် တစ်နာရီအတွင်းမှာပင် လက်ရသိမ်းနိုင်ခဲ့သဖြင့် တပ်မတော်၏ ထက်မြက်သော စစ်ရေးစွမ်းရည်ကို အကဲဖြတ်နိုင်ကြပါသည်။

ဆက်လက်၍ မိမိတပ်မတော်စစ်ကြောင်းများသည် KIA ကို ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ကြရာ ဗဟိုစခန်းများ အချိန်တိုအတွင်း ကျဆုံးသွားသည်ကို တွေ့ရမည် ဖြစ်ပါသည်။ တပ်မတော်မှ တကယ်တိုက်လာသောအခါ KIA



www.burmeseclassic.com

www.burmeseclassic.com



တို့ ခုခံနိုင်စွမ်းမရှိသည်ကို တွေ့ရပါသည်။

ထိုးစစ်ကို တစ်နှစ်ပတ်လုံး အဆက်မပြတ် ဆင်နွှဲခဲ့ရာ ...

ဆက်သွယ်ရေးလမ်းကြောင်းပေါ်မှ ဆမား စခန်းနှင့် ရင်း (၂၅၁) ဌာနချုပ် ဂျာထုကောင်းစခန်းအား ဇူလိုင် ၂၃ ရက်တွင်လည်းကောင်း၊

ရင်း (၁) ဌာနချုပ် ခိုင်ဘန်စခန်းအား ဒီဇင်ဘာ ၉ ရက်တွင်လည်းကောင်း၊

တပ်မဟာ (၁) ဌာနချုပ် လကောင်းဘွမ်စခန်းအား ဒီဇင်ဘာ ၉ ရက်တွင် လည်းကောင်း၊

ရင်း (၂၅၅) ဌာနချုပ် ခရားယန်စခန်းအား ၁၉၈၈ ဖေဖော်ဝါရီ ၂၁ ရက်တွင်လည်းကောင်း၊

ရင်း (၄) ဌာနချုပ် နော်ကူးယန်စခန်းအား မတ်လ ၂၁ ရက်တွင်လည်းကောင်း၊ ရင်း (၇) ဌာနချုပ် ရန်ဖန်နှင့် တီရင်နန်စခန်းတို့အား မတ်လ ၄ ရက်တွင်လည်းကောင်း၊ ဗကပ (၁၀၁) တပ်ဖွဲ့နှင့် တွဲနေသည့် ရင်း (၂) ဌာနချုပ် နဖွန်ဘော်စခန်းအား ဖေဖော်ဝါရီ ၁၉ ရက်တွင်လည်းကောင်း အသီးသီးသိမ်းပိုက်နိုင်ခဲ့ပါသည်။

မြရတနာစာပေ



**သိမ်းဆည်းရမိပစ္စည်းများ**

ဤသို့ဖြင့် ပါဂျိုနားဖော့တိုက်ပွဲကြီး အပါအဝင် မြောက်ပိုင်းတိုင်းအတွင်း ၁၉၈၇ ခုနှစ် မတ်လမှ ၁၉၈၈ ခုနှစ် မတ်လအတွင်း ဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြီးငယ် ၇၃၅ ကြိမ်၌ အောက်ပါပစ္စည်းများ သိမ်းဆည်း ရမိခဲ့ပါသည်။

**လူ**

| | |
|---|---|
| ၃၇၆ ယောက် | အသေရ |
| ၉၇ ယောက် | လက်ရဖမ်းမိ |
| ၁၅၇ ယောက် | လက်နက်ချ |

**လက်နက်ခဲယမ်းမီးကျောက်များ**

| | |
|---|---|
| ၈၂ မီလီမီတာ စိန်ပြောင်း | ၁ လက် |
| ၇၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ် | ၃ လက် |
| ၆၀ မီလီမီတာ စိန်ပြောင်း လက် | ၂ လက် |
| ပွိုင့်ဖိုက်စက်သေနတ်ကြီး | ၁ လက် |
| ၃ ဒသမ ၅ လောင်ချာ | ၁ လက် |

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၅၇ မိလီမီတာ နောက်ပွင့်ရိုင်ဖယ်အသေး | ၁ လက် |
| လေယာဉ်ပစ်စက်သေနတ်ကြီး | ၁ လက် |
| လက်နက်ငယ်မျိုးစုံ | ၅၅၀ လက် |
| ကျည်မျိုးစုံ (လက်နက်ကြီး) | ၇၈၉၈ |
| ကျည်မျိုးစုံ (လက်နက်ငယ်) | ၁၀၁၂၄၂ |
| မိုင်းမျိုးစုံ | ၃၆၃ လုံး |
| လက်ပစ်ဗုံး | ၂၀၇၁ လုံး |
| ဆသရစက် | ၁၁ လုံး |
| ICOM စကားပြောစက် | ၅ လုံး |
| အသံလွှင့်စက် | ၇ လုံး |
| ရေဒီယို | ၇ လုံး |
| အသံသွင်းစက် | ၉ လုံး |
| မီးစက် | ၄ လုံး |
| သစ်ခွဲစက် | ၁ လုံး |
| ကျောက်စိမ်းဖြတ်စက် | ၁ လုံး |
| T.V ရုပ်မြင်သံကြားစက် | ၂ လုံး |
| စာကူးစက် | ၈ လုံး |





| | |
|---|---|
| လက်နှိပ်စက် | ၂၁ လုံး |
| လားမြင်း | ၈ ကောင် |

တို့ဖြစ်ပါသည်။

**ဘိန်းနှင့် ဘိန်းဖြူများ ကျောက်စိမ်းများ**

ဘိန်းမည်း ၃၂၈ ဒသမ ၇၈ ကီလို

ဘိန်းဖြူ ၆ ဒသမ ၀၂၈ ကီလို

(အားလုံး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းဖိုး)

ကျောက်စိမ်း အရိုင်းတုံး ၁၁၉၇၅ ဒသမ ၄၀ပိဿာ

တရုတ်မှောင်ခိုပစ္စည်းများအမျိုးစုံ ၈၄၅၁၆၀ ကျပ်တန်ဖိုး

မြန်မာကျပ်ငွေ ၅ သိန်းခန့်

အိန္ဒိယရူပီးငွေ ၁ သန်းကျော်

တရုတ်ယွမ်ငွေ ၃၀၀၀ ခန့်

သိမ်းဆည်းရမိခဲ့ပါသည်။

အထက်ဖော်ပြပါ KIA တို့ထံမှ သိမ်းဆည်းရမိသည့် ပစ္စည်းများကို ကြည့်ခြင်းအားဖြင့် KIA တို့သည်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်အပေါ် သစ္စာဖောက်ဖျက်မှုတို့ကို ထင်ထင်ရှားရှား တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

KIA တို့သည် တစ်မျိုးသားလုံး လူညွန့်တုံးစေမည့် ဘိန်းမဲနှင့် ဘိန်းဖြူများ ထုတ်လုပ်ရောင်းချနေခြင်း၊ အဖိုးတန်ကျွန်းသစ်နှင့် ကျောက်စိမ်းများကို တရုတ်နိုင်ငံသို့ မှောင်ခိုခိုးထုတ်နေခြင်းများအား တပ်မတော်မှ ၎င်းတို့၏ စခန်းများကို ဝင်ရောက်သိမ်းပိုက်သည့်အခါ ဘူးပေါ်သလို ပေါ်ခဲ့ပါသည်။

ထို့ကြောင့်လည်း KIA ဗဟိုကို တပ်မတော် စစ်ကြောင်းများမှ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အကျိုးပေး အရာထင်ဆိုသည့်အတိုင်း တပ်မတော်ကို မယှဉ်နိုင်ဘဲ လက်မြှောက်အရှုံးပေးခဲ့ကြရလေသည်။

ဤသည်မှာ တိုက်ပွဲအကျဉ်းအား ဖော်ပြခဲ့ခြင်းပင် ဖြစ်ပါသည်။

ဆက်လက်၍ KIA ဗဟိုပါကျို့ နားဖော့ တိုက်ပွဲကြီး ၏ တိုက်ပွဲအသေးစိတ်အား ဖော်ပြသွားပါမည် ခင်ဗျား။

■



## အခန်း ( ၃ )

## တိုက်ပွဲအသေးစိတ်ဖော်ပြချက်များ

မြန်မာ့တပ်မတော် တိုက်ပွဲဝင်တပ်များအား ရည်မှန်းချက် Mission ကို တကယ်ချီတက်မည့် မေလ ၂၀ ရက်နေ့မှ တိတိကျကျ အသိပေးခဲ့ပါသည်။ ထိုနေ့မှာပင် တပ်များသည် မိမိတို့ရည်မှန်းချက်အသီးသီးသို့ ချီတက် ကြရာ၌ မေလ ၂၃ ရက်နေ့မှစ၍ KIA ဗဟို၏ရှေ့ကာတပ် များနှင့် စတင်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။

ချီတက်တိုက်ပွဲဝင်ပုံအသီးသီးအား တစ်အချက် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(က) ၈၇ / မေ ၂၀ ရက်

၁။ ရွှေပြေးတပ် ခလရ (၅၆) တစ်ရင်းလုံးသည် စုရပ် ဒေါ်ဖုံးယန်မှ နားလုံသို့ ချီတက်ခဲ့ပါသည်။

၂။ ရတ ကချင် (၁) တစ်ရင်းလုံးသည် မိုးမောက်မှ ၁၇ မိုင် လမ်းအတိုင်း မြို့သစ်သို့ ချီတက်၍ ဒေါ်ဖုံးယန်သို့ ဆက်လက်ချီတက် အခြေပြုပါသည်။

၃။ စစ်ဗျူဟာ (၁) မှူးနှင့် ရတ ခလရ (၂၁)။ ရတ ခလရ (၄၇) ပေါင်း တပ်ရင်း ၂ ရင်းသည် မေလ ၂၀ ရက်ညနေ ၄ နာရီတွင် ဗန်းမော်မှ မြို့သစ် နွယ်လယ်သို့ ချီတက်ခဲ့ပါသည်။

(ခ) ၈၇ / မေ ၂၁ ရက်

၁။ ရတ ခလရ (၅၆) တစ်ရင်းလုံးသည် နားလုံမှ ဗန်းမော်သို့ ဆက်လက်ချီတက်သွားခဲ့ပါသည်။

၂။ စစ်ဗျူဟာ (၁) နှင့် ရတ ခလရ (၅၆)





မှခွဲတစ်ခွဲ၊ ရတ ခလရ (၄၇) မှ ခွဲတစ်ခွဲ၊ ရတ ခလရ (၂၁) တစ်ရင်းလုံးသည် နွယ်လမ်းမှ ဒေါ်ဖုံးယန်သို့ ချီတက်ခဲ့ပါသည်။

၃။ ထိုနေ့မှာပင် ရတ ကချင် (၁) တစ်ရင်းလုံးသည် နားလုံသို့ ချီတက်ခဲ့ပါသည်။

၄။ ထိုနေ့ပင်မှာ နွယ်လမ်းရှိ ရတ ခလရ (၄၇) တပ်ရင်းလုံး ဒေါ်ဖုံးယန်သို့ ချီတက်ခဲ့ပါသည်။

(ဂ) ၈၇ / မေ ၂၂ ရက်

၁။ ရတ ခလရ (၅၆) သည် ဗန်းမော်မှ ပွိုင့် ၈၄၁ သို့ မနက် ၀၆း၀၀ နာရီတွင် ချီတက်သွားခဲ့ပါသည်။

၂။ စစ်ဗျူဟာ (၁) သည် အနီးကပ်တပ်ခွဲ ၂ ခွဲနှင့်အတူ ဒေါ်ဖုံးယန်မှ နားလုံသို့ ချီတက်ခဲ့ပါသည်။

၃။ ရတ ကချင် (၁) တစ်ရင်းလုံး နားလုံမှ မန်ဆဲသို့ ချီတက်သွားခဲ့ပါသည်။

၄။ ရတ ခလရ (၄၇) သည် စစ်ဗျူဟာ (၁)



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ လိုက်ပါချီတက်ခဲ့ပါသည်။

၅။ ရတ ခလရ (၂၁) သည် နားလုံမှ စစ်မျှူဟာ (၁) နှင့်အတူ အရှေ့ဘက် တောင်များပေါ်သို့ စတင် တက်ရောက်ခဲ့ကြပါသည်။

(ဃ) ၈၇ / မေ ၂၃ ရက်

၁။ ရတ ခလရ (၅၆) သည် အခြေပြုမှ KIA ကာကင်း၊ ကာတပ်များရှိသည့်နေရာများသို့ အရှေ့ မြောက်တောင်များပေါ် တက်ကာ ချဉ်းကပ်ခဲ့ပါသည်။

၂။ စစ်မျှူဟာ (၁) နှင့် အရန်တပ်ခွဲ ၂ ခွဲသည် နားလုံမှ ခလရ (၅၆) ၏ လမ်းကြောင်းအတိုင်း လိုက်ပါသွားခဲ့ပါသည်။

၃။ ရတ ခလရ (၂၁) သည် လက်ရှိအခြေပြုမှ KIA ကာကင်းစခန်း မဒီးယန်သို့ ချဉ်းကပ်ခဲ့ပါသည်။

၄။ ရတ ကချင် (၁) သည် မန်သဲမှ KIA ကာတပ်များရှိသည့် အရှေ့မြောက်ဘက်





တောင်များပေါ် သို့ တက်ရောက်ခဲ့ပါသည်။

၅။ ရတ ခလရ (၄၇) သည် အခြေပြုလမ်းခွဲမှ နောင်ဖြူသို့ ချီတက်ခဲ့ပါသည်။

မေလ ၂၃ ရက်တွင် မိမိစစ်ကြောင်းအသီးသီးသည် အရှေ့ဘက်တောင်များပေါ်ရှိ KIA ရင်း ၂၅၁၊ ၂၅၃၊ ၂၅၄ မှ ကာကင်းကာတပ်များနှင့် စတင်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။

ထိုအချိန်ထိ KIA တို့သည် ယခုစစ်ကြောင်းများ အားလုံး KIA ဗဟိုကို တိုက်ရန် ချီတက်လာကြကြောင်း မသိသေးဘဲ သွေးတိုးစမ်း၍ လာရောက်တိုက်နေကြောင်း ထင်မြင်ယူဆနေဆဲ ဖြစ်ပါသည်။

တိုက်ပွဲများ စတင်ဖြစ်ပွားနေပြီဖြစ်သဖြင့် မိမိတို့ စစ်ကြောင်းများသည် တိုက်ပွဲကို လက်နက်ကြီးပစ်ကူများ၊ လူအား၊ ကျည်အား သုံးကာ အမြန်အဆုံးသတ်၍ ချီစစ် အရှိန်အဟုန်ကို မြှင့်တင်ခဲ့ကြပါသည်။

မေလ ၂၄ ရက်နေ့ ချီတက်မှုမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(င) ၈၇ / မေ ၂၄ ရက်

၁။ ရတ ခလရ (၅၆) သည် ပွိုင့် ၁၃၄၅ မှ ခယားယန်သို့ အမြန်ချီတက်ခဲ့ပါသည်။

၂။ ရတ ခလရ (၂၁) သည် မဒီးယန်မှ ပွိုင့် ၇၂၂ သို့ ချီတက်ခဲ့ပါသည်။

၃။ စစ်ဗျူဟာ (၁) သည် အနီးကပ် တပ်ခွဲ ၂ ခွဲ လိုက်ပါ၍ တိုက်ပွဲဝင်စစ်ကြောင်းကြီးများ နောက်သို့ ထက်ကြပ်လိုက်ပါခဲ့ပါသည်။

၄။ အလားတူပင် ရတ ကချင် (၁) တစ်ရင်းလုံးလည်း စစ်ဗျူဟာ (၁) နှင့်အတူ လိုက်ပါခဲ့ပါသည်။ တောင်ပေါ်တိုက်ပွဲဖြစ်၍ တပ်ဖြန့်ရန် အခက်အခဲရှိသဖြင့် စစ်ကြောင်းအတော်များများ တစ်ကြောင်း ထိုးသာ ချီတက်ခဲ့ကြရပြီး စခန်းအနီးရောက်မှ တပ်ဖြန့်ခဲ့ကြရပါသည်။

၅။ ရတ ခလရ (၄၇) သည် နော်ဖြူမှ လောခွန်သို့ ချီတက်ခဲ့ပါသည်။





(စ) ၈၇ / မေ ၂၅ ရက်

၁။ ရတ ခလရ (၅၆) သည် ပွိုင့် ၁၃၄၅ မှ တစ်ဆင့် KIA ရင်း (၂၅၄) ၏ ဌာနချုပ် ခလားယန် စခန်းအား ချဉ်းကပ်တိုက်ခိုက်ခဲ့ပါသည်။

၂။ စစ်ဗျူဟာ (၁) သည် အခြေပြုမှ ညချီတက်မှုဖြင့် ဝူလော်ကောင်းသို့ ချီတက်ခဲ့ပါသည်။

၃။ ရတ ခလရ (၂၁) သည် စစ်ကြောင်း ၂ ကြောင်းခွဲပြီး စစ်ကြောင်း (၂) နှင့် ခွဲ ၂ ခွဲသည် ဆက်လက်၍ ရန်သူရှိသည့်နေရာသို့ တိုး၍ ချဉ်းကပ်ခဲ့ပါသည်။

၄။ ရတ ကချင် (၁) သည် အခြေပြုမှ ညချီတက်မှုဖြင့် ဝူလော်ကောင်းသို့ ချီတက်သွားခဲ့ပါသည်။

၅။ ရတ ခလရ (၄၇) သည် အခြေပြုမှ လောခွန်သို့ ချီတက်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(ဆ) ၈၇ / မေ ၂၆ ရက်

၁။ ရတ ခလရ (၅၆) စစ်ကြောင်း (၂) နှင့် ခွဲ ၂ ခွဲသည် ခယားယန်တွင် အခြေပြု၍ စစ်ကြောင်း (၁) နှင့် ခွဲ ၂ ခွဲ ဝူလော်ကောင်းသို့ ချီတက်သွားခဲ့ပါသည်။

၂။ စစ်ဗျူဟာ (၁) သည် ဝူလော်ကောင်းတွင် ယာယီ အခြေပြုထားပြီး တိုက်ပွဲဝင်တပ်များသို့ လက်နက်ကြီးပစ်ကူများ အဆက်မပြတ် ပေးလျက် ရှိပါသည်။

၃။ ရတ ကချင် (၁) စစ်ကြောင်း (၁) နှင့် ခွဲ ၃ ခွဲသည် ဝူလောင်ကောင်းလမ်းဆုံမှ တောင်ကြောအတိုင်း လမ်းမကြီးအား ဗဟိုပြုကာ နားဖော့စခန်းသို့ ချဉ်းကပ်ခဲ့ပြီး စစ်ကြောင်း (၂) သည် ခွဲ ၂ ခွဲနှင့် နန့်ဘက်ယန်ချောင်းများအတိုင်း ဘန်ဆပ်၌ နားဖော့စခန်းသို့ ချဉ်းကပ်ခဲ့ပါသည်။

၄။ ရတ ခလရ (၂၁) သည် စစ်ကြောင်း ၂ ကြောင်းခွဲကာ စစ်ကြောင်း (၁) နှင့် ခွဲ ၃





ခွဲသည် ဝူလောင်ကောင်းသို့ ချီတက်သွားပြီး ဤစစ်ကြောင်း (၂) နှင့် ခွဲ ၂ ခွဲသည် ရန်သူဆုတ်ခွာမည့် အရှေ့ဘက်သို့ သွားရောက်ပိတ်ဆို့ခဲ့ပါသည်။

၅။ ရတ ခလရ (၄၇) သည် စစ်ကြောင်း (၂) နှင့် ခွဲ ၂ ခွဲသည် လောခွန်မှတစ်ဆင့် အရှေ့ဘက်သို့ ချီတက်ရာ **KIA** ကာကင်းများနှင့် တွေ့ဆုံပြီး တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ စစ်ကြောင်း (၁) နှင့် ခွဲ ၃ ခွဲသည် နယ်စပ်မျဉ်းကြောင်းအတိုင်း **KIA** ဗဟိုကို ချဉ်းကပ်ခဲ့ပါသည်။

(ဇ) ၈၇ / မေ ၂၇ ရက်

၁။ ရတ ကချင် (၁) သည် နားဖော့စခန်းအား အောင်မြင်စွာ သိမ်းပိုက်ရရှိပါသည်။ နားဖော့၌ အခြေပြုထားခဲ့ပါသည်။

၂။ စစ်ဗျူဟာ (၁) သည် ဝူလောင်ကောင်းမှ နားဖော့သို့ ချီတက်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၃။ ရတ ခလရ (၂၁) သည် ပိတ်ဆို့ရေး လုပ်နေသည့် စစ်ကြောင်း (၂) နှင့် ခွဲ ၂ ခွဲသည် အခြေပြုမှ ရှန်တိုင်သို့ ချီတက်စုဖွဲ့ပြီး စစ်ကြောင်း (၁) နှင့် ၃ ခွဲသည် ရှန်တိုင်မှ ပွိုင့် ၆၀၄၉ သို့ ချီတက် သွားခဲ့ပါသည်။

၄။ ရတ ခလရ (၄၇) သည် ပွိုင့် ၆၆၆၇ တွင် ရှိနေပြီး အရန်တည်ဆောက်ထားပါသည်။

၅။ ရတ ခလရ (၅၆) သည် စစ်ကြောင်း (၁) နှင့် ခွဲ ၂ ခွဲ နန်ဘန်ယန်မှ ဂူလောင်ကောင်းသို့ ချီတက်ပြီး ညချီတက်မှုဖြင့် ပွိုင့် ၅၅၃၁ သို့ ဆက်လက်ချီတက်ခဲ့ပါ၏။

(ဈ) ၈၇ / မေ ၂၈ ရက်

၁။ ရတ ခလရ (၂၁) စစ်ကြောင်း (၁) နှင့် ခွဲ ၃ ခွဲ ပွိုင့် ၆၀၄၉ မှ ပွိုင့် ၆၀၀၈ သို့ ချီတက်ပြီး ပါဂျို စခန်းအား တိုက်နိုင်ခဲ့ပါသည်။ စစ်ကြောင်း (၂) နှင့် ခွဲ ၂ ခွဲသည် ပွိုင့် ၆၀၄၉ မှ ဝါထွန်သို့ လျှိုလမ်းအတိုင်း





ချီတက်သွားခဲ့ပါသည်။

၂။ ရတ ခလရ (၅၆) သည် ပွိုင့် ၆၀၀၈ ၌ ပိတ်ဆို့နေရာယူထားရှိပါသည်။

၃။ ရတ ခလရ (၄၇) စစ်ကြောင်း (၂) နှင့် ခွဲ ၂ ခွဲသည် အခြေပြုမှ ချီတက်ပြီး ပါဂျိုစခန်းအား တောင်ဘက်မှ ဝင်ရောက်တိုက်ခိုက်ခဲ့ပါသည်။

၄။ စစ်မျှူးဟာ (၁) သည် နားဖော့မှ ပွိုင့် ၆၀၄၉ သို့ ချီတက်ပြီး လက်နက်ကြီးပစ်ကူပေးရန် စီစဉ် ဆောင်ရွက်ခဲ့ပါသည်။

၅။ ရတ ကချင် (၁) တပ်ရင်းသည် နားဖော့စခန်းနှင့် ပတ်ဝန်းကျင်အား ဖြန့်ခွဲရှင်းလင်းခဲ့ပါသည်။

(ည) ၈၇ / မေ ၂၉ ရက်

၁။ ရတ ခလရ (၂၁) စစ်ကြောင်း (၁) သည် ပါဂျိုစခန်းအား တိုက်ခိုက်ခဲ့ရာ စစ်ကြောင်း (၂) မှ ပစ်ကူပေးခဲ့ပြီး ၎င်းမှ ငါထွန်သို့



www.burmeseclassic.com

www.burmeseclassic.com



ချီတက်တိုက်ခိုက်ခဲ့ပါသည်။

၂။ ရတ ခလရ (၅၆) စစ်ကြောင်း (၁) နှင့် ခွဲ ၃ ခွဲသည် ပွိုင့် ၅၅၃၁ တွင် ယာယီအခြေပြု၍ ပိတ်ဆို့ရေးဆောင်ရွက်ပြီး ခွဲတစ်ခွဲအား အရှေ့ဘက်သို့ ချီတက်၍ ပိတ်ဆို့ရေး ဆောင်ရွက်ခဲ့ပါသည်။

၃။ စစ်ဗျူဟာ (၁) သည် လက်နက်ကြီး အခြေပြုနေရာမှ ပါဂျူသို့ ချီတက်ခဲ့ပါသည်။

**(၄) ၈၇ / မေ ၃၀ ရက်**

**စစ်ဗျူဟာ** (၁) နှင့် တပ်ရင်းစစ်ကြောင်းများအားလုံး **KIA** တပ်များနှင့် တိုက်ပွဲများဖြစ်ပွားလျက်ရှိပါသည်။ သိမ်းမိသောစခန်းများ ပတ်ဝန်းလျက် ဖြန့်ခွဲရှင်းလင်းနေကြပါသည်။

**(၅) ၈၇ / မေ ၃၁ ရက်**

၁။ ရတ ခလရ (၅၆) စစ်ကြောင်း (၁) သည် ပိတ်ဆို့ရေးနေရာမှ အနောက်သို့ ပြန်လည်





ချီတက်ခဲ့ပါသည်။

၂။ စစ်ဗျူဟာ (၁) နှင့် ကျန်တပ်ရင်းတပ်ဖွဲ့များ ပတ်ဝန်းကျင် ဖြန့်ခွဲရှင်းလင်းနေကြပါသည်။

မေလ ၃၁ ရက်တွင် ရည်မှန်းချက် **Mission** များ အောင်မြင်ပြီးဖြစ်သဖြင့် စစ်ဗျူဟာ (၁) နှင့် တိုက်ပွဲဝင်တပ်များသည် သိမ်းဆည်းရမိ **KIA** စခန်းများ ပတ်ဝန်းကျင်၌ အသီးသီးဖြန့်ခွဲရှင်းလင်းကာ လက်စတုန်း ချေမှုန်းရေးများ ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

ဆုတ်ခွာသွားသော **KIA** များနောက်သို့ အချို့တပ်များက ထက်ကြပ်လိုက် စစ်ဆင်လျက်ရှိပါသည်။

တိုက်ပွားဖြစ်ပွားပုံများ

မြန်မာ့တပ်မတော်တပ်များ ရည်မှန်းချက်အသီးသီးသို့ ချီတက်သွားရာတွင် တိုက်ပွဲဖြစ်ပွားပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ရတ ခလရ (၂၁)

ရတ ခလရ (၂၁) သည် မေလ ၂၃ ရက် ချီတက်



www.burmeseclassic.com

နေ့စဉ် KIA ၁၀ ဦးခန့်နှင့် မနက် ၁၆း၀၀ နာရီခန့်တွင် တွေ့ဆုံပစ်၍ KIA မှာ ၁၅ မိနစ်ခန့်ခုခံပြီး အရှေ့ဘက်သို့ ဆုတ်ခွာသွားခဲ့ပါသည်။

မေလ ၂၄ ရက်နေ့တွင် အလားတူပင်ရှေ့သို့ချီတက်နေဆဲ KIA ၁၅ ယောက်ခန့်မှ ဟန့်စစ်ဆင် ပစ်ခတ်ခဲ့ပါသည်။ နေ့လယ်အချိန်ခန့်တွင်ဖြစ်ပါသည်။

မေလ ၂၅ ရက်နေ့တွင် ပွိုင့် ၂၅၈၄ အနီး၌ မနက်ပိုင်းတွင် KIA ၃၀ ခန့်နှင့် ၎င်းညနေချိန်တွင် ၁၀ ဦးခန့်နှင့် ၎င်းတွေ့ဆုံတိုက်ပွဲဖြစ်၍ KIA တစ်လောင်းနှင့် အမ် ၂၁ တစ်လက်သိမ်းဆည်းရမိခဲ့ပါသည်။

မေလ ၂၆ ရက်တွင် KIA စခန်းများအနီးရောက်ရှိသွားရာ ရန်သူ ၃၀ ခန့်နှင့် တစ်ကြိမ်၄၀ ခန့်နှင့် တစ်ကြိမ် နှစ်ကြိမ် ညနေပိုင်း၌တိုက်ပွဲများဖြစ်ပွားခဲ့ပါသည်။ KIA များ အရှေ့ဘက်သို့ ဆုတ်ခွာသွားကြပါသည်။

မေလ ၂၈ ရက်နေ့တွင် ပွိုင့် ၆၈၀၈ ၌





KIA ၄၀ ခန့်နှင့်လည်းကောင်း၊ ၎င်းမှ ပါဂျိုစခန်းအနီးတွင် KIA ၈၀ ခန့်နှင့်လည်းကောင်း တိုက်ပွဲဖြစ်ပွားပြီး KIA များ ထိခိုက်ဒဏ်ရာရသူများနှင့်တောင် ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြပါသည်။

မေလ ၂၉ ရက်နေ့၌ KIA ဗဟိုအားလက်နက်ကြီးပစ်ကူဖြင့် တိုက်ခိုက်ခဲ့ရာ နေ့လယ် ၁၁း၄၅ မှ ၁၂း၃၀ ချိန်ထိ KIA များမှ အပြင်းအထန်ခုခံခဲ့ကြသော်လည်း မိမိတို့ပစ်အား ဒဏ်မခံနိုင်၍ စခန်းကို စွန့်ခွာသွားခဲ့သဖြင့် ရတ ခလရ (၂၁) မှ ပါဂျိုစခန်းကြီးအား လက်ရသိမ်းဆည်းနိုင်ခဲ့ပါသည်။

## (ခ) ရတ ကချင် (၁)

ရတ ကချင် (၁) သည် မေ ၂၃၊ ၂၄ နှစ်ရက်လုံးလုံး ရန်သူနှင့် ထိတွေ့မှုမရှိခဲ့သော်လည်း မေ ၂၅ ရက်နေ့တွင် KIA ၁၅ ယောက်ခန့်နှင့် ညနေပိုင်း၌ တွေ့ဆုံတိုက်ခဲ့သည်။ အင်အားချင်း

www.burmeseclassic.com



မယှဉ်နိုင်၍ KIA များ ပစ်ပြီးပြေးကြတော့၏။

ရတာ ကချင် (၁) သည် မနက် ဝ၆း၀၀ တွင် အခြေပြုမှထွက်ပြီး ရန်သူစခန်းအား ချဉ်းကပ်ရာ ညနေ ၁၄း၃၀ အချိန်တွင် KIA ၅၀ ခန့်နှင့် လည်းကောင်း။ ၁၅း၀၀ ချိန်တွင် KIA ၅၀ ခန့်နှင့် လည်းကောင်း တွေ့ဆုံတိုက်ခိုက်ပြီး ဗဟိုနားဖော့ စခန်းသို့ ရောက်ရှိသွားရာ စခန်းတွင်းမှ KIA ၁၅၀ ခန့်မှ အပြင်းအထန် ခုခံကြသဖြင့် လက်နက်ကြီးပစ်ကူများနှင့် အပြင်းအထန် ကျားထိုး တိုက်ခိုက်ရပါသည်။ ညရှစ်နာရီအချိန်ခန့်တွင် မိမိ တိုက်စစ်ဒဏ်နှင့် လက်နက်ကြီးဒဏ်ကို မခံနိုင်တော့၍ KIA တို့ နားဖော့စခန်းအား စွန့်လွှတ်ပြီး ကစဉ့်ကလျား ဆုတ်ခွာသွားခဲ့ကြပါသည်။

ဗဟိုဌာနချုပ်စခန်းအား ဝင်ရောက် ရှင်းလင်းရာ ဦးစီးချုပ် ဗိုလ်ချုပ်ဇော်မိုင်သည် ၎င်းကိုယ်ပိုင်ပစ္စည်းများ အားလုံး ထားရစ်ပြီး ထွက်ခွာသွားရသဖြင့် ၎င်း၏ ဒုဗိုလ်ချုပ်ကြီးအဆင့် တပ်ဆင်ထားသည့် ယူနီဖောင်းအား အကောင်း





ပကာတိ ရတာ ကချင် (၁) မှ သိမ်းဆည်းရမိခဲ့ပါသည်။

ဗိုလ်ချုပ်ဇော်မိုင်ကိုယ်တိုင် အမှောင်ထုကို အကာအကွယ်ယူ၍ အပြေးကောင်းသဖြင့် လွတ်မြောက်သွားကြောင်း သိရပါသည်။

(ဂ) ရတာ ခလရ (၄၇)

ရတာ ခလရ (၄၇) သည် မေ ၂၃ ရက်နေ့က ချီတက်နေ။ နေ့လယ်ချိန်နှင့် KIA ၄၀ နှင့် ပထမဆုံး အကြိမ် တွေ့ဆုံပစ်ခတ်မှုဖြစ်ခဲ့ပါသည်။ KIA တို့မှ ဗဟိုနှင့်နီးလာသဖြင့် အပြင်းအထန် ခုခံကြသော်လည်း ၁ နာရီခန့်သာ ခံနိုင်၍ တိုက်ပွဲဝင်မှ စွန့်ခွာသွားကြပါသည်။

ချီစစ်ကို ဆက်လက်ဆင်နွှဲခဲ့ရာ ရန်သူနှင့် ၂ ရက်လုံးလုံး ထပ်မံထိတွေ့မှု မရှိတော့ဘဲ မေ ၂၇ ရက်နေ့ရောက်မှ မနက် ၂း၀၀ ချိန်ခန့်၌ KIA ၄၀ ခန့်နှင့် ၎င်းမကြာမီ နောက်ထပ် KIA ၅၀ ခန့်နှင့်လည်းကောင်း တွေ့ဆုံ၍ တိုက်ပွဲများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပွားပြီး ထိုနေ့ညနေမှာပင် KIA များ အစုခွဲကာ ဆုတ်ခွာသွားကြသဖြင့် တိုက်ပွဲများ ပြီးဆုံးခဲ့ပါသည်။

မေလ ၂၉ ရက်တွင် ဆုတ်ခွာသွားသော ရန်သူများကို လိုက်လံရှင်းလင်းရင်း မနက် ၀၉း၅၀ တွင် KIA အစုကွဲ လူ ၁၀ ယောက်ခန့်နှင့် ထိတွေ့မှုရှိခဲ့ပါသည်။ KIA များ တောင်ဘက်သို့ ဆုတ်သွားကြပါသည်။

(ဃ) ရတ ခလရ (၅၆)

ရတ ခလရ (၅၆) သည် မေလ ၂၄ ရက်နေ့ မနက် ၀၇း၄၅ ချိန်၌ KIA ၅၀ ခန့်နှင့် စတင်တွေ့ရှိပြီး KIA များ ၁၅ မိနစ်ခန့်သာ ခုခံ၍ အရှေ့ဘက်သို့ ဆုတ်ခွာပါသည်။

မေလ ၂၅ ရက်နေ့ မနက် ၀၈း၀၀ ချိန်တွင် KIA ရင်း (၂၅၄) ၏ ခလားယန်စခန်းအား ချဉ်းကပ်တိုက်ခိုက်ရာ စခန်းတွင်းမှ KIA အင်အား ၃၀ ခန့်မှ ခုခံကြပါသည်။ သို့ရာတွင် သုံးနာရီခန့်



မိမိမှ အပြင်းအထန် တိုက်သဖြင့် လက်နက်ကြီး ပစ်ကူများ သုံးခဲ့ရာ တိုက်စစ်ဒဏ်မခံနိုင်၍ KIA များ ခလားယန်စခန်းကို စွန့်ခွာကာ ဗဟိုဘက်သို့ သွားရောက်ပူးပေါင်းကြပါ၏။

ထိုတိုက်ပွဲ နင်းမိုင်း ၃ လုံး၊ လူသတ်မိုင်း ၅ လုံး၊ အမ် ၂၂ တစ်လက်၊ ငင်းကျည် ၃၀၀ နှင့် စာရွက်စာတမ်းအချို့ သိမ်းဆည်းရမိပါသည်။

### တိုက်ပွဲနောက်ပိုင်းဆောင်ရွက်ချက်များ

မြန်မာ့တပ်မတော် တိုက်ပွဲဝင်တပ်များသည် KIA ဗဟိုနှင့် ပတ်ဝန်းကျင်စခန်းများကို သိမ်းဆည်း ရရှိပြီးနောက် စခန်းများအလိုက် မိမိတပ်များ အထိုင်ချပြီး အမြဲတမ်း တပ်စွဲထားရန် စီစဉ်ခဲ့ပါသည်။

ယာယီအားဖြင့် အောက်ပါအတိုင်း Outpost များ၌ အထိုင်ချ၍ တပ်စွဲထားရန် ပြုလုပ်ခဲ့ပါသည်။

(က) နားဖော့စခန်း

စစ်ကြောင်းဌာနချုပ်တစ်ခုနှင့် တပ်ခွဲတစ်ခွဲ

(ခ) ပါဂျိုစခန်း

www.burmeseclassic.com

www.burmeseclassic.com



စစ်ကြောင်းဌာနချုပ်တစ်ခုနှင့် တပ်ခွဲတစ်ခွဲ

(ဂ) ခလားယန်စခန်း တပ်ခွဲတစ်ခွဲ

(ဃ) ဂျာဘူစခန်း တပ်ခွဲတစ်ခွဲ

(င) ကန်တော်ယန်စခန်း တပ်ခွဲတစ်ခွဲ

လှုပ်ရှားစစ်ကြောင်းများကို အောက်ပါအတိုင်း စီစဉ်ထားရှိခဲ့ပါသည်။

(က) စစ်ဗျူဟာ (၂) နယ်မြေ၊ စစ်ကြောင်းဌာနချုပ်တစ်ခုနှင့် တပ်ခွဲ ၂ ခွဲအား ကန်တော်ယန် မြောက်ခြမ်း ရွှေညောင်ပင် ဖလဒေသတို့၌ လှုပ်ရှားစိုးမိုးထားရန်၊

(ခ) စစ်ဗျူဟာ (၁) နယ်မြေ၊ စစ်ကြောင်းဌာနချုပ်တစ်ခုနှင့် တပ်ခွဲ ၂ ခွဲအား နားဖော့ပါဂျို ကန်တော်ယန် မဒီးယန် လဲလုံနှင့် ကန်တော်ယန်တို့ကို ဆက်စပ်လှုပ်ရှားရန်၊

ထို့ပြင် စစ်ဆင်ရေးမရှုပ်သိမ်းမီ စစ်ရုံးကကြည်းမှ အရာရှိကြီးများ လာရောက်ကြည့်ရှုပါက ပြသနိုင်အောင် ပြင်ဆင်ထားရှိခဲ့ပါသည်။





ရက်ပိုင်းအတွင်းမှာပင် ရန်ကုန်စစ်ရုံးမှ ဒု-တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သန်းရွှေနှင့် အရာရှိကြီးများ ပါဂျိုနှင့် နားဖော့စခန်းများအား လာရောက်ကြည့်ရှုစစ်ဆေးပြီး တိုက်ပွဲဝင်စစ်သည်များအား အားပေးချီးကျူးခြင်း၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံနှုတ်ဆက်ခြင်း၊ လိုအပ်သည်များ ဖြည့်ဆည်းပေးခြင်း၊ ရေရှည်ဆောင်ရွက်သင့်သည်များအား လမ်းညွှန်မှာကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။

## KIA တို့၏တိုက်ပွဲနောက်ပိုင်းဆောင်ရွက်ချက်များ

ပါဂျိုနားဖော့ KIA ဗဟိုတိုက်ပွဲကြီးအပြီး၌ KIA တပ်များ အတော်ပင် ကစဉ့်ကလျားဖြစ်သွားကြပြီး အချို့သည် တပ်မဟာ (၃) နှင့် တပ်မဟာ (၄) နယ်မြေထဲသို့ ဆုတ်ခွာသွားကြပါသည်။ အချို့က တရုတ်ပြည်ထဲသို့ ဝင်ရောက်သွားကြပြီး ၎င်းမှတစ်ဆင့် တပ်မဟာ (၄) နယ်မြေသို့လည်းကောင်း၊ မြောက်ဘက် တပ်မဟာ (၁) နယ်မြေသို့လည်းကောင်း အသီးသီး ဆုတ်ခွာသွားကြပါသည်။

အခိုင်အမာစခန်းကြီးများ ပြန်လည်တည်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



ရန် အတော်ပင် အချိန်ယူခဲ့ကြရပါသည်။ ၁၉၈၈ အရေးအခင်း မတိုင်မီမှ လိုင်စင်ခန်း၊ လိုင်ဇာစခန်းများအား ပြန်လည်တည်ဆောက်နိုင်ကြောင်း တွေ့ရပါသည်။

တိုက်ပွဲအနှုံးအမြတ်

မိမိ

လူ

| | | |
|---|---|---|
| ကျဆုံး | ၆ | ယောက် |
| ဒဏ်ရာရ | ၃၀ | ယောက် |

လက်နက် ဆုံးရှုံး ၃ လက် (ဂျီတူး ၁လက်၊ ဂျီသရီး ၂ လက်)

KIA

လူ

| | |
|---|---|
| ကျဆုံး | ၃၅ ယောက် |
| လက်နက်ချ | ၂ ယောက် |





လက်နက်မျိုးစုံနှင့်စက်ပစ္စည်းများ

| | |
|---|---|
| လက်နက်ငယ်မျိုးစုံ | ၉၉ လက် |
| လက်နက်ကြီး | ၅ လက် |
| မိုင်းမျိုးစုံ | ၉၆ လုံး |
| ဆသရစက် | ၁၈ လုံး |
| တယ်လီဖုန်း | ၂၃ လုံး |
| လက်နှိပ်စက် | ၁၂ လုံး |
| မီးစက် | ၄ လုံး |
| TV | ၁ လုံး |
| စာကူးစက် | ၇ လုံး |
| အားသွင်းစက် | ၁ လုံး |
| သစ်ခွဲစက် | ၁ လုံး |
| ကျောက်ဖြတ်စက် | ၁ လုံး |
| အင်ဂျင်အကြီးစား | ၁ လုံး |
| ဒိုင်နမို | ၁ လုံး |



www.burmeseclassic.com

www.burmeseclassic.com



**ဘိန်းနှင့်ကျောက်စိမ်း**

ဘိန်းဖြူ ၄၃. ၄၀ ကီလို

ကျောက်စိမ်း ၁၅၁၁ ပိဿာ

တို့ ဖြစ်ပါသည်။

■



## အခန်း ( ၄ )

## တိုက်ပွဲသုံးသပ်ချက်များ

### KIA အပေါ်သုံးသပ်ချက်

**KIA** တို့သည် ရှေးဦးမဆွကာလများက ၎င်းတို့၏ ဗဟိုအား ကချင်ပြည်နယ် မြောက်ပိုင်း တပ်မဟာ (၁) နယ်မြေ တြိုင်ဂ်ဒေသ၌ အခြေစိုက်ထားခဲ့၏။

ထိုဒေသတွင် နောင်အခါ **KIA** မှ ခွဲထွက်သွားသည့် ဗကပ ၁၀၁ တပ်ဖွဲ့များနှင့် မကြာခဏ တိုက်ပွဲများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့လေသည်။

**KIA** ကို စတင်ထူထောင်သည့် ဇော်ညီအစ်ကိုသုံး ယောက်လက်ထက်က ခရစ်ယာန်ကိုးကွယ်သူ **Strong Christian KIA** များနှင့် အရှေ့မြောက်ဗကပများသည် ကြုံတိုင်းဆုံတိုင်း တိုက်ပွဲဖြစ်ခဲ့ကြ၏။

အရှေ့မြောက် ဗကပပေါ်လာသည့် ၁၉၆၈ ခုနှစ်တွင် တရုတ်တို့က ကချင် (၁) မှ တောခိုသွားခဲ့သည့် ကချင်ဗိုလ်ကြီး နော်ဆိုင်းအား ခေါင်းဆောင်တင်ကာ ဗမာ့တပ်မတော်ကို တိုက်ခိုက်ခိုင်းခဲ့၏။ နောင်တွင် တပ်မတော်ကိုသာမက ဘာသာရေးအစွဲပြင်းထန်သည့် **KIA** များကိုပါ တိုက်ခိုင်းလာသည့်အခါ ခရစ်ယာန် ကိုးကွယ်သူ နော်ဆိုင်းက ငြင်းဆန်ခဲ့လေသည်။

ထိုအခါ တရုတ်ကွန်မြူနစ်များက နော်ဆိုင်းအား တောင်ပေါ်တွင် လုပ်ကြံသတ်ဖြတ်ခဲ့လေသည်။ ထို့နောက် ကျန်ဗကပ (၁၀၁) နှင့် (၄၀၄) ခေါင်းဆောင်များနှင့် ဖုန်ကြားရှင်အပါအဝင် အဝေးရောက် ဗကပဗဟိုကို **KIA** အား တိုက်စေခဲ့၏။ **KIA** နှင့် ဗကပများ တိုက်ပွဲဖြစ်ပွားရာ၌ ဇော်ညီအစ်ကို သုံးဦးအနက် ဇော်ဒန် ကျဆုံးခဲ့ရ၏။





ဇော်ဒန်ကျဆုံးပြီး မကြာမီမှာပင် ဇော်ဆိုင်းနှင့် ဇော်တူးတို့ ယိုးဒယားတွင် လုပ်ကြံခံခဲ့ရပြီး **KIA** နှင့် **KIO** ကို ပြန်လည်ဖွဲ့စည်းခဲ့ရ၏။ ထိုအခါ အဖွဲ့ဝင် မရမ် ဘရမ်ဆိုင်းက **KIO** ဥက္ကဋ္ဌ ဖြစ်လာသည်။

**လမုန်တူးကျိုင်က စစ်ဦးစီးချုပ်** မလိဇွတ် ဇော်မိုင်က ဒုစစ်ဦးစီးချုပ်ဖြစ်လာ၏။

**မရမ်ဘရမ်ဆိုင်းသည် ခေတ်ပညာတတ်တစ်ဦး ဖြစ်၏။ မြစ်ကြီးနား** ခရစ်ယာန်အထက်တန်းကျောင်းအုပ် ကြီးမှ တောခိုသွားခဲ့သူ ဖြစ်သည်။ ခေတ်ပညာတတ်ပြီး ပေါင်းသင်းဆက်ဆံရေးကောင်းပြီး **Diplomatic** ဖြစ်၍ အရှည်ကို မျှော်တွေးနိုင်သူ ဖြစ်၏။ ထို့ကြောင့် ဗကပနှင့် မတိုက်ဘဲ မဟာမိတ်ဖွဲ့ရန် ကြိုးစားခဲ့၏။ တရုတ် ပြည်တွင်း သွားပြီး တရုတ်အစိုးရနှင့် တွေ့ခဲ့၏။ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းနှင့် ပီကင်းသို့သွားရောက် တွေ့ဆုံညှိနှိုင်းနိုင်ခဲ့၏။

၁၉၇၅ ခုနှစ်တွင် အသစ်တက်လာသည့် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် **KIO** တို့ တွေ့ဆုံ ညှိနှိုင်းပြီး မဟာမိတ်ဖွဲ့နိုင်ခဲ့၏။ တရုတ်တို့က **KIA** အား လက်နက်ခဲယမ်းများ ငွေကြေးများ ထောက်ပံ့ခဲ့၏။ ဗကပမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့် ပေးပို့ခဲ့၏။ KIA တို့သည် ဗကပမှတစ်ဆင့် လက်နက်ကြီး၊ လက်နက်ငယ်များ တပ်မဟာ တစ်ခုစာ၊ နှစ်ခုစာမျှ ရလိုက်ပြီး လူ၊ လက်နက်၊ အင်အား တောင့်တင်းလာတော့၏။ ထိုအခါ ကချင်ပြည်နယ် မြောက်ပိုင်းတွင် အခြေပြုထားသည့် KIA နှင့် KIO ဌာနချုပ်များအား တရုတ်နှင့် ဆက်ဆံရလွယ်သည့် ပါကျို နားဖော့သို့ ရွှေ့ခဲ့လေသည်။

၁၉၇၅ ခုနှစ်နောက်ပိုင်း ဗကပနှင့် မဟာမိတ်ဖွဲ့၍ ပါကျိုနားဖော့ဒေသသို့ ရောက်လာသောအခါ မြစ်ကြီးနား ဗန်းမော်လမ်းကို KIA တို့က ထိန်းချုပ်လာနိုင်၏။ ထိုဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ တပ်မတော်စခန်း များကို မကြာခဏ တိုက်နိုင်လာ၏။ တပ်မတော်ကို ဒုက္ခကောင်းစွာ ပေးလာနိုင်ရုံမက စီးပွားရေးလည်း ပိုမို ဖြစ်ထွန်းလာခဲ့လေသည်။

၁၉၇၅ ခုနှစ် ပတ်ဝန်းကျင်ကာလများ၌ မြန်မာ့ တပ်မတော်သည် စစ်ရှိန်တက်နေသည့် ဗကပများနှင့် တိုက်ပွဲကြီးများ တစ်ပွဲပြီး တစ်ပွဲ တိုက်နေရသဖြင့် KIA အား သိပ်လှည့်မကြည့်နိုင်ခဲ့။ ထို့အပြင် ထိုင်း–မြန်မာ နိုင်ငံ





နယ်စပ်ရှိ KNU များနှင့်ကလည်း ပွဲကြီးပွဲကောင်းများ ဆင်နွှဲနေရသဖြင့် မြန်မာ့တပ်မတော်မှာ ယားလို့ တောင် မကုတ်အားဘူး အခြေအနေဖြစ်နေ၏။ ထို့ကြောင့် KIA များ အူမြူး ချိုကြွကာ မြစ်ကြီးနား–ဗန်းမော် ကားလမ်း ပေါ်၌ အောင်ပွဲခံနေ၏။ ဒါသာမကပါ နောက်ပိုင်း၌ မြောက်ပိုင်းတိုင်း တိုင်းမှူး ကချင်အမျိုးသားစစ်စစ် ကြီး ဗိုလ်ချုပ်အယ်လ်ကွန်ဖန်ကိုပါ လုပ်ကြံလာသည်အထိ လက်ရဲ ဇက်ရဲလုပ်လာ၏။ လွန်လာ၏။

ထိုအခါ တပ်မတော်ခေါင်းဆောင်များက KIA ကို ဒီအတိုင်းထားလို့တော့ မရတော့။ တိုက်မှရတော့မည်။ ပညာပေးမှ ရတော့မည်ဟု ဆုံးဖြတ်၏။ ထို့ကြောင့် မြောက်ပိုင်းတိုင်း တိုင်းမှူးအား သဘောထားတင်းမာသည့် ဗိုလ်ချုပ်ကျော်ဘကို တာဝန်ပေးလိုက်သည်။

ဗိုလ်ချုပ်ကျော်ဘကား တိုင်းမှူးဖြစ်သည်နှင့် KIA များအား မရပ်မနား ထိုးစစ်ဆင်တော့၏။ ထိုအခါကျမှ KIA များ နာခေါင်းနှင့် ကျည်ပွေ့ လှလှကြီးတွေ့ပြီး စခန်း ကြီးတွေ စွန့်ခွာကာ ပြေးကြရတော့၏။

သို့ရာတွင် ၁၉၈၈ ခုနှစ်၌ နဝတ အစိုးရတက်လာ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ KIA တွေ ကံကောင်းသွားကြ၏။ နဝတ အစိုးရက အားလုံးကို ငြိမ်းချမ်းရေးခေါ်လိုက်သောကြောင့် ဖြစ်ပါ၏။


ယခုတိုက်ပွဲသုံးသပ်ချက်၌ KIA များ၏အဓိက အားနည်းချက်များကို စတင်သုံးသပ်သွားပါမည်။

## KIA တို့၏ အားနည်းချက်များ

**၁။ စံစစ်ဆင်ပုံအဆင့်ဆင့်ပေါ်တွင် သုံးသပ်ခြင်း**

KIA ဗဟိုဌာနချုပ်သည် နားဖော့ ပါဂျိုတွင် စခန်းများတည်ဆောက်ပြီး ဗဟိုတိုက်ရိုက်ကွပ်ကဲမှုအောက်၌ ရင်း ၂၅၁၊ ၂၅၃၊ ၂၅၄ ရင်း (၃) နှင့် အင်အားစုတို့ကို ဗဟိုပတ်လည် အချက်အချာနေရာများ ဖြစ်သည့် ဂျာထုကောင်း၊ ဂျာဘူ၊ ခလားယန်၊ လိုင်ဖောင်တို့တွင် တပ်ရင်းဌာနချုပ်များ ဖွင့်လှစ်ထားပြီး မိမိတပ်မတော် စစ်ကြောင်းများ ဝင်လာပါက မလွဲမသွေ တွေ့ဆုံနိုင်မည့် လမ်းဆုံလမ်းခွများ၊ တောင်ကြောထိပ်များ၊ ချောင်း ကူး မြောင်းကူးများ၊ အချက်အချာနေရာများ၌ တပ်ခွဲ၊ တပ်စု၊

မြရတနာစာပေ



ဗလမင်းထင် တံတားထိပ်ရောက် စာရေးသူ (၁၉၃-၂၀၀၅)

www.burmeseclassic.com

www.burmeseclassic.com



မြစ်ဆုံရောက် စာရေးသူနှင့် ကချင်သမီးပျိုကလေး



မြစ်ဆုံရောက် စာရေးသူ




မြစ်ကြီးနားမှ စာရေးသူ၏မိတ်ဆွေ ကိုစကားရှောင်နှင့် ဇနီးတို့နှင့် စာရေးသူ



ဗလမင်းထင် တံတားထိပ်တွင် စာရေးသူနှင့် မပခမှ ဆက်ဆံရေးအရာရှိ

www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ယန်ရောက် စာရေးသူနှင့် တပ်ရင်းမှူး



အဝေးမှ လှမ်းမြင်ရသော နားဖော့ - ပါဂျို ရှိသည့် တောင်တန်းကြီး



တပ်စိတ် အဆင့်ထိ ဖြန့်ခွဲနေရာချထားခဲ့ပါသည်။

မိမိတပ်မတော်စစ်ကြောင်းများ ချီတက်တိုက်စစ်ဆင်ရာ၌ ထိတွေ့သော တိုက်ပွဲပေါင်း ၂၇ ကြိမ်အနက် ပါဂျိုနှင့် နားဖော့စခန်းကြီးများ၌သာ ပြင်းထန်သော တိုက်ပွဲကြီးများ ဖြစ်ခဲ့သည်။ ၂ ကြိမ်သာ ဖြစ်၏။

ရှေ့တန်း ခလရ (၂၁) မှ
မဒီယန်စခန်းသိမ်းတိုက်ပွဲ၊
ရှေ့တန်း ခလရ (၅၆) မှ
ခလားယန်စခန်းသိမ်းပိုက်ပွဲ၊
ရှေ့တန်း ခလရ (၄၇) မှ နားလုံရွာတိုက်ပွဲ၊

စသည့် တိုက်ပွဲများသည် တစ်နာရီပြည့်အောင်ပင် မတိုက်ရဘဲ ရန်သူမှ စခန်းစွန့်ပြီး ထွက်ပြေးသွား ကြသည်ကို တွေ့ရ၏။ သာမန်ပဟန့်စစ်ဆင်သည့် အဆင့်သာ ဖြစ်ခဲ့၏။ ဗဟိုစခန်းကြီးနှစ်ခုဖြစ်သည့် ပါဂျိုနှင့် နားဖော့စခန်းကြီး ၂ ခုအတွက်သာ အတော်အတန် အသေအချာ ပြင်ဆင်ထားသည်ကို တွေ့ရ၏။

ဤနေရာတွင် ကျွန်တော်၏ အတွေ့အကြုံတစ်ခုအား အခွင့်ကြုံတင်ပြလိုပါသည်။

ပြုရတာနာဘာလေ

www.burmeseclassic.com

www.burmeseclassic.com



ဤတိုက်ပွဲစဉ်များကို ကြည့်ခြင်းအားဖြင့် KIA တို့သည် တိုက်စစ်တွင် အစွမ်းထက်သော်လည်း ခံစစ်၌မူကား လိုအပ်ချက်များ ရှိကြောင်း တွေ့ရပါသည်။

KIA ထက် ခံစစ်တွင် KNU တို့က အများကြီးသာ၏။

၁၉၉၂ ခုနှစ်က ကျွန်တော် ဗျူဟာမှူးနှင့် KNU ဗဟိုမာနေပလောကို တိုက်တော့ အစပထမ ဘိန ကုန်းလေးမှာ အခြေပြုရသည်။

ထိုဘိနကုန်းလေးမှာ ပေါင်မုန့်လို၊ ဘိန်းမုန့်လို အဝိုင်းလေးဖြစ်၏။ ပေ သုံး၊ လေး၊ ငါးရာ ပတ်လည်သာဖြစ်သည်။ ထိုကုန်းလေးအား KNU တို့က မြေအောက်ဂလိုင်တွေ၊ ပစ်ကျင်းတွေ တူးပြီး နေရာယူထား၏။ လူတစ်ရပ်နက်သည့် ဆက်သွယ်ရေးမြောင်းတွေ တူးထား၏။ ဒါ့သာမကပါ ကျွန်တော်တို့တက်လာနိုင်သည့် တောင်ဘက်က မဲသဝေါမှလာသည့် လူသွားလမ်းကို ကိုက် ၁၀၀၀ ခန့် အပြောင်ရှင်းကာ သတ်ကွင်းလုပ်ထားသည်။ ၎င်း သတ်ကွင်းတွင် လူနင်းမိုင်းများ အပြည့်ထောင်ထားပါသည်။

ထိုစခန်းလေးတွင် KNU ဗိုလ်ကြီးအဆင့်တစ်ဦးနှင့်





အင်အား ၂၀ ခန့် နေရာယူထားသည်။ လူရွေးပြီး အသေခံခိုင်းထားသည့် KNU ဗဟိုအမာခံများ ဖြစ်၏။ ထိုသူများသည် ဗဟိုအတွက် အသေခံသွားရန် သန္နိဋ္ဌာန်ချထားသူများဖြစ်၏။

ခံစစ် Procedure မှာ ပါသည့် စီမံချက်များကို KNU တို့က အပြည့်အဝအသုံးချထားခြင်း ဖြစ်၏။

သဘာဝအတားအဆီးများကို လူလုပ် အတားအဆီးများနှင့် ပေါင်းစပ်ပြီး ဟန့်စစ်ဆင်၊ ခံစစ်ဆင်ထားခြင်း ဖြစ်ပါလေသည်။

ထိုစခန်းလေးအား ၁၉၉၂ ခုနှစ် နှစ်ဆန်းက ကျွန်တော့်သူငယ်ချင်း တပ်မ (၄၄) မှ ဗျူဟာမှူး ဗိုလ်မှူးကြီး သိန်းအောင်မှ တိုက်သိမ်းခဲ့၏။

"ဒီလောက် ခံစစ်ဆင်ထားတဲ့ ကိုက် ၁၀၀၀ လောက် မိုင်းကွင်းခင်းထားတဲ့ စခန်းကို ဘယ်လိုရအောင် တိုက်ခဲ့တာလဲ"

လူချင်းဆုံတော့ ကျွန်တော်က ဗိုလ်မှူးကြီးသိန်းအောင်ကို မေးမိသည်။

ထိုအခါ ဗိုလ်မှူးကြီးသိန်းအောင်က ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ သူငယ်ချင်း ... ဒီစခန်းတိုက်ဖို့ ကိုယ့်ကို တာဝန်ပေးတော့ ကိုယ်က တပ်မှူးကို ရရပါစေ့ မယ်။ အချိန်တစ်လပေးပါ။ ဝမ်းတွမ်တီး ၂ လက် ပေးပါလို့ တောင်းခဲ့ရတယ်"

"ရလား"

"ရတယ်"

"ရအောင် ဘယ်လိုတိုက်ခဲ့တာလဲ"

"**KNU** က မျှော်မှန်းတာက ကိုယ်တို့က မဲသဝေါဘက်က လာမယ်ဆိုတာပဲ။ တောင်ဘက်ကပေါ့။ အဲဒီအတိုင်းပဲ ကိုယ်က သူတို့သတ်ကွင်းထိပ်သွားပြီး သူတို့စခန်းကို နေ့တိုင်း ပို့ုင့်ဖိုက်နဲ့ နာရီဝက် တစ်နာရီ သွားသွားပြီး ပစ်ပေးနေတယ်။ ပြီးတော့ ဒီနေ့မနက် ၀၆း၀၀ နာရီမှာ ဒီစခန်းကို တိုက်မယ်ဆိုပြီး အိုင်ကွန် စက်ကလေးနဲ့ လက်အောက်စစ်ကြောင်းတွေကို စက်တက်ပြောနေတာ"

"အဲဒါ ဘာလုပ်တာလဲ"

"**Feint** လေ သူငယ်ချင်းရဲ့။ **Feint** ပေးနေတာ။ အဲဒီလို အိုင်ကွန်စက်က ပြောလိုက် ဟော့ကောင်တွေ တက် သိမ်းကြလေ၊ မသိမ်းသေးဘူးလား လို့ ပြောလိုက် အရက်





၂၀ နီးပါးကြာအောင် **KNU** ကို လှည့်စား နေတာ"

"**KNU** က အဟုတ်မှတ်ပြီး မနက် လေးနာရီ ငါးနာရီမှာ **Stand to** ထလုပ်တယ်။ ဒို့က ၆ နာရီလောက် မှာ ပို့ုင့်ဖိုက်သွားပစ်တယ်။ ခုနစ်နာရီလောက် အပစ်ရပ် တယ်။ အဲဒါနဲ့ ရက် ၂၀ လောက်ကြာတော့ ကိုယ်က တကယ်တိုက်ဖို့ ဆုံးဖြတ်တယ်"

"ဘယ်လိုတိုက်တာလဲ"

"တကယ်တိုက်ဖို့ သုံးလေးရက်အလိုမှာ အဲဒီဘိန ကုန်းလေးအနောက်ဘက် ကိုက် ၁၅၀၀ အကွာ လောက်မှာ ၁၂၀ နှစ်လက်ကို သွားချထားပြီး တိုက်မယ့် ၂ ခွဲ တစ်ကြောင်းလည်း တစ်ပါတည်း ခေါ် သွားတယ်။ အဲဒီနေ့ က ထုံးစံအတိုင်း တောင်ဘက်က ပို့ုင့်ဖိုက်ကို မနက် ခြောက်နာရီကနေပြီး ခုနစ်နာရီအထိ ပစ်ခိုင်းတယ်။ ပစ်ပြီး တော့ အပစ်ရပ်ပြီး ပြန်ခိုင်းလိုက်တယ်၊ အဲဒီတော့ အဲဒီစခန်းက **KNU** တွေက ဘာလုပ် တယ်ထင်လဲ"

"မသိဘူးလေ"

"ဒီကောင်တွေက သောင်ရင်းမြစ်ကမ်းမှာ အိမ် ကလေး အလုံး ၂၀၊ အစိတ်ရှိတယ်ဗျာ။ အဲဒါ သူတို့



www.burmeseclassic.com

www.burmeseclassic.com



**Family** လိုင်းပဲ။ အဲဒီမှာ လူ ၁၅ ယောက်လောက်က အဲဒီပြန်ပြီး **Breakfast** သွားစားကြတာ။ စခန်းနဲ့ တစ်မိုင် ပျော့ပျော့ရှိတယ် သူငယ်ချင်း။ စခန်းပေါ်မှာ သုံး၊ လေး၊ ငါးယောက်ပဲ အစောင့်ကျန်တယ်''

''သူငယ်ချင်းက ဘယ်လိုလုပ်သိလဲ''

''လွယ်ပါတယ်ကွာ။ နေ့တိုင်း သူတို့ ဘာလုပ်လဲ ဆိုတာ မှန်ပြောင်းနဲ့ အရာရှိတစ်ယောက်ကို ကြည့်ဖို့ တာဝန်ပေးထားတယ်။ ပြီးတော့ အိုင်ကွန်တွေနဲ့လည်း **Intercept** လုပ်ထားတယ်''

''ဩော် ... အဲဒီတော့ ဘာဆက်လုပ်လဲ''

''ဘာလုပ်ရမှာလဲ သူငယ်ချင်းရာ။ ယရက်မှာ ဝမ်းတွမ်တီး အလုံး တစ်ရာလောက် မနက်ရှစ်နာရီကစပြီး ပစ်တာ ဆယ်နာရီလောက်ထိပဲ။ စခန်းတွင် ပစ်တာ မဟုတ်ဘူး။ သောင်ရင်းကမ်းနားက သူတို့ရွာလေးကိုပါ ပိတ်ပစ်တာ။ သောင်ရင်းကျော်ရင်တော့ ယိုးဒယားထဲ ကျရင် ကျမယ်။ ကျကျကွာ ပစ်သာပစ်ဆိုပြီး အတင်းပစ်တာ။ ခွေးမသားတွေ ကြောက်ပြီး ပေါင်မုန့်စခန်းလေးက အတင်းဆင်းပြေးကြပါလေရော။ မနက် ဆယ်နာရီကျော်





တော့ စခန်းကို တက်သိမ်းတယ်။ ဘယ်သူမှ မရှိတော့ပါဘူး။ တစ်ယောက် လက်နက်ကြီးထိပြီး သေကျန်ခဲ့တဲ့ တစ်လောင်းနဲ့ ကာဘိုင်တစ်လက် ရတယ်။ အဲဒါနဲ့ စခန်းရလိုက်တာပဲ သူငယ်ချင်းရေ''

''ဩော် ... ခင်ဗျားဟာ ကျားခုတ်ကျားခဲပါလား ဗျာ''

**KNU** တို့က သူတို့ဗဟိုရှေ့ကာစခန်းပေါက်စလေး အား အထက်ပါအတိုင်း အသေအချာ စီမံခုခံထားရာ တပ်မတော်က ဒါလေးရဖို့ အတော်လုပ်ခဲ့ရပါသည်။

**KIA** တွေမှာတော့ ဒါမျိုးမတွေ့ရပါခင်ဗျာ။

**KIA** ညီအစ်ကိုများခင်ဗျာ တိုက်စစ်သာမဟုတ် ခံစစ်ကလည်း အရေးကြီးပါသည်။ တရုတ်ကြီးနဲ့ တိုက်ရတဲ့ အခါ **Human Wave** နည်းဗျူဟာကို ရင်ဆိုင်နိုင်ရန် ခံစစ်အတွက် ကြိုတင်လေ့ကျင့်ထားပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တရုတ်ကြီးကို ခင်ဗျားတို့နဲ့ ကျွန်တော်တို့ အတူ တွဲတိုက်ကြတာပေါ့ဗျာ။

တရုတ်ကြီးနဲ့တိုက်ရင် **KIA** ညီအစ်ကိုတွေ ကျွန်တော်တို့နဲ့ လက်တွဲလိမ့်မည်ဟု ယုံကြည်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထားပါတော့ခင်ဗျာ။

အခုဟာက KIA တွေ ခံစစ်ညံ့တာကို သုံးသပ်မည့်ကိစ္စပါ။

ခံစစ်တွေ ညံ့သည်။ ရင်းဌာနချုပ်စခန်းတွေပင် နာရီပိုင်းအတွင်း ကျဆုံးသွားသည်။ တစ်နာရီပြည့်အောင် တိုက်ရသည့် စခန်းသိပ်မရှိခဲ့။ ပြောရမယ်ဆိုရင်တော့ ကျွန်တော့်အမျိုး KNU တွေနဲ့များ ကွာပါ့။ ဟိုက ဗဟိုစခန်းကြီးတွေကို လနဲ့ချီပြီး တိုက်ရသည်။ လူတွေ ရာနဲ့ချီပြီး အသေခံရသည်။ ဒါမှ စခန်းတွေရသည်။ ပေးဆပ်မှု အတော်ကြီးမားလှ၏။ KIA တွေကတော့ တိုက်တာနဲ့ ပြေးတော့၏။ အသေအကျေ ခံမချ။ ဒါကြောင့် တိုက်ပွဲကြီးတစ်ခုလုံးမှ တပ်မတော်က ၆ ယောက်သာ ကျခဲ့၏။ အဲဒီအထဲက ၅ ယောက်က မိုင်းနင်းမိပြီး ကျသွားတာ။ သေနတ်မှန် သေတာတော့ တစ်ယောက်တည်းသာ ဖြစ်ပါ၏။

ပြောစရာများကို ဆက်ပြောပါမည်။

KIA ဗဟိုသည် နားဖော့နှင့် ပါဂျိုတွင် စခန်းဌာနချုပ်ကြီးများ တည်ဆောက်ပြီး ဗဟို၏ တိုက်ရိုက် ကွပ်ကဲမှု





အောက် တပ်ရင်းလေးရင်း ...

ရင်း ၂၅၁၊ ၂၅၃၊ ၂၅၄ နှင့် ရင်း (၃) အင်အားစုတို့ကို ရင်း၏ပတ်လည်အချက်အချာနေရာများတွင် တပ်စွဲထားစေပြီး မိမိတို့ တပ်မတော်စစ်ကြောင်းများ ဝင်လာသည့်အခါ မလွဲမသွေ ထိပ်တိုက်တွေ့ဆုံနိုင်ရန် စီစဉ်ထားရှိ၏။

သို့ရာတွင် KIA တို့သည် ခံစစ်စီမံချက်များတွင် ပါဝင်သည့်

- တပ်ချထားမှုစီမံချက်
- အတားအဆီးချထားမှုစီမံချက်
- ပစ်ခတ်မှုစီမံချက်
- လုံခြုံမှုစီမံချက်
- တန်ပြန်တိုက်ခိုက်မှုစီမံချက်
- အုပ်ချုပ်မှုစီမံချက်
- ဆက်သွယ်ရေးစီမံချက်

အထက်ပါစီမံချက်ကြီးများကို အသေအချာ ဆောင်ရွက်ထားခဲ့ခြင်း မရှိပါချေ။

ထို့ကြောင့် တပ်က တကယ်တိုက်လာသောအခါ ပင်မစခန်းကြီး ၂ ခုဖြစ်သော ပါဂျိုနားဖော့မှလွဲ၍ ကျန်စခန်း



www.burmeseclassic.com

www.burmeseclassic.com



များ တစ်နာရီပြည့်အောင်ပင် မခံနိုင်ဘဲ ကျဆုံးသွားကြ လေသည်။

အသေးစိတ်စိစစ်ရာ၌ အောက်ပါအတိုင်း တွေ့ရပါသည်။

- ဝင်လမ်း၊ ထွက်လမ်းတို့ကို စေ့စပ်စွာ စိစစ်ပြီး တပ်များအား ဖြန့်ခွဲချထားသော်လည်း ဟန့်စစ်ဆင် နေကြသော ရှေ့ကာတပ်ရင်းတစ်ခွဲ တစ်စုတို့နှင့် ကာကင်းများသည် လုလုပ်အတားအဆီး၊ မိုင်း အတားအဆီးများကို ပစ်ခတ်မှုနှင့် ပေါင်းစပ်ထားမှု မရှိခြင်း။
- ခံစစ်ရှင်မဟုတ်ဘဲ ပုံသေခံစစ်ဖြစ်နေခြင်း။
- ရှေ့ကာ တပ်ရင်းတစ်ရင်းနှင့် တစ်ရင်း ရှေ့ကာ စခန်းတစ်ခုနှင့်တစ်ခု အပြန်အလှန် ကူညီရန် **Mutual Support** လုပ်မထားခြင်း။
- ရှေ့ကာတပ်များအားလုံးသည် မဆုတ်တမ်း ခံစစ် လုပ်မထားဘဲ မိမိတပ်များက ပြင်းထန်စွာ ပစ်အား သုံး၍ တိုက်လာသည့်အခါ တိုက်ပွဲနေရာနှင့် စခန်းများကို စွန့်ခွာ၍ ပရမ်းပတာဆုတ်ခွာ

မြရတနာစာပေ



သွားကြခြင်း။

- ထိုသို့ဆုတ်ခွာသွားပြီးသောအခါ ပင်မစခန်းကြီးများ သို့ သွားရောက်ပူးပေါင်းပြီး ဆက်လက်ခုခံမှု မပြု ကြတော့ဘဲ ဘေးလွတ်ရာသို့သာ တိမ်းရှောင်သွား ကြခြင်း။
- ၎င်းတို့၏ ပင်မခံစစ်ဗဟိုစခန်းကြီးများ စနစ်တကျ စခန်းကို စွန့်ခွာနိုင်အောင် ကာတပ်များမှ အချိန် ဆွဲ၍ ဟန့်စစ်ဆင်မှု မလုပ်နိုင်ကြခြင်း စသည်တို့ ကို တွေ့ရပါသည်။

မိမိစစ်ဗျူဟာ (၁) နှင့် တပ်ရင်းလေးရင်းမှ နားဖော့နှင့် ပါကျိုစခန်းကြီးများကို ချိတက်တိုက်ခိုက်ရာ၌ စခန်းကြီးတစ်ခုအား တပ်ရင်းတစ်ရင်းနှင့်ပင် တိုက်ခိုက်ခဲ့ ခြင်း ဖြစ်ပါသည်။

နားဖော့တိုက်ပွဲ၌ စခန်းတွင်းတွင် **KIA** အင်အား ၁၅၀ ကျော် ၂၀၀ ရှိပါသည်။ မိမိတပ်က ကချင် (၁) နှင့် စစ်ကြောင်း ၂ ခု။ တပ်ခွဲ ၅ ခွဲ။ လူအင်အား ၅၀၀ ခန့်ပါ သည်။ လက်နက်ကြီးများ အလုံး ရာချီပစ်ပြီး တိုက်စစ်ဝင်ခဲ့

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နာရီအနည်းငယ်အတွင်းမှာပင် ဗိုလ်ချုပ်ဇော်မိုင်နှင့် အပေါင်းပါများ စခန်းကို စွန့်ခွာ ပြေးကြရသည်။ နားဇော့ စခန်းမှ ၇၅ မီလီမီတာ သုံးလက်၊ ၈၂ မီလီမီတာ ၁ လက်၊ ၆၀ မီလီမီတာ ၁ လက် နှင့် လက်နက်ငယ်များ သိမ်းဆည်းရရှိခဲ့သည်။

အလားတူပင် ပါဂျိုစခန်းကြီးအား တိုက်ရာ၌ စခန်းတွင်းတွင် လူအင်အား ၃၀၀ ခန့်ရှိသော်လည်း မိမိ ရတ ခလရ (၂၁) မှ တပ်ရင်းတစ်ရင်း စစ်ကြောင်း ၂ ခု၊ တပ်ခွဲ ၅ ခွဲနှင့် တိုက်စစ်ဆင်ခဲ့သည်။ လက်နက် ကြီးများ ဖောဖောသီသီ သုံးသည်။ ဒုံးပစ်လောင်ချာများ ပစ်သွင်းပြီး ထိုးစစ်ဆင်သောအခါ ဥက္ကဋ္ဌဘရန်ဆိုင်း နှင့် KIO ဗဟိုအဖွဲ့ဝင်များ ဒရောသောပါးနှင့် စခန်းကို စွန့်ခွာသွားကြသည်။ ၈၂ မီလီမီတာ စိန်ပြောင်းကြီး ၁ လက်၊ ၆၀ မီလီမီတာစိန်ပြောင်း ၆ လက် ပွိုင့် ဖိုက်စက်သေနတ်ကြီး ၁ လက်နှင့် လက်နက်ငယ် အများအပြား သိမ်းဆည်း ရမိခဲ့သည်။

ထိုသို့ စခန်းကြီးနှစ်ခုကို နာရီပိုင်းအတွင်း စွန့်လွှတ် ထွက်ပြေးကြရသည့် အကြောင်းများကို စိစစ်သုံးသပ်ရာ၌





အောက်ပါအချက်များကို တွေ့ရပါသည်။

- အဓိကခံစစ်ကြီးများ၌ အင်အားစုစည်းခုခံပါက လူ ၄၀၀ ကျော်၊ ၅၀၀ ခန့်ရှိနိုင်ပြီး လက်နက်ကြီးများ လည်း လုံလောက်စွာရှိသော်လည်း လူ၊ လက်နက် စနစ်တကျ ခံထားပြီး ခံစစ်အတွက် ပြီးပြည့်စုံသော စီမံချက်များ မရှိခြင်း။
- မိမိတပ်များမှ အဓိက ခံစစ်စခန်းကြီးများကို ဝိုင်းပတ်ချေမှုန်းနေစဉ် အခြားစခန်းငယ်များမှ KIA များက မိမိတပ်များကို ဘေးရံမှ လာရောက် တိုက်ခိုက်မှု မရှိခြင်း။ တိုက်ပွဲဝင်မှ အပြီးထွက်ခွာ သွားကြခြင်း။
- KIA တို့ ခံစစ်မှာ တန်ပြန်တိုက်စစ်များမရှိဘဲ ခံစစ်သေ သဘောမျိုးသာ ခုခံနေကြခြင်း။
- ပစ်ခတ်မှု ပေါင်းစပ်ညှိနှိုင်းထားခြင်းလည်း မရှိ၊ ခေါင်းဆောင်များကလည်း အသေအချာ မကွပ်ကဲ သဖြင့် KIA စစ်သည်များသည် မိမိတို့ တွေ့မြင် ရသည့် ပစ်မှတ်များကိုသာ ကိုယ့်သဘောနှင့်ကိုယ် ပစ်နေကြခြင်း။



www.burmeseclassic.com

www.burmeseclassic.com



- ခံစစ်မျက်နှာစာတွင် လက်နက်ကြီးပစ်မှတ်များ မှတ်ပုံတင်ထားပြီး မိမိတိုက်ပွဲ၏ တပ်များအား ထိရောက်စွာ တန်ပြန်မပစ်နိုင်ကြခြင်း။
- မိုင်းကွင်းများချထားသော်လည်း မိုင်းနှင့် ပစ်ခတ်မှု ပေါင်းစပ်ထားမှု မရှိခြင်း။ ဥပမာ မိုင်းလွတ်သည့် နေရာများအား ပစ်ခတ်မှုနှင့် စိုးမိုးထားရန်။ KNU က ဒါမျိုးကျတော့ KIA ထက် အများကြီးသာသည်။ ဒါ ကျွန်တော့်ကိုယ်တွေ့ပါ။
- တပ်မတော်၏ ပင်မတိုက်စစ်ကို မသုံးသပ်နိုင်ဘဲ ခံစစ်ပြင်ဆင်မှုအား လုံလောက်စွာ ပြင်ဆင်မထားခြင်း။ ဥပမာ လက်နက်ကြီးဒဏ် ခံနိုင်အောင် စီစဉ်မထားခြင်း၊ မြေအောက်ဥမင်လိုဏ်ခေါင်းများ တူးမထားခြင်း၊ ခြံစည်းရိုး အထပ်ထပ် ကာရံမထားခြင်း၊ တိုက်စစ်ဆင်လာသည့်တပ်များအား အပိုင်းလိုက် ကန့်ပြီး တန်ပြန်ချေမှုန်းရန် စီစဉ်မထားခြင်း။
- KIA တပ်အားလုံး တကယ်ကျားစီးဖားစီး တိုက်ပွဲကြီးဖြစ်လာသောအခါ အသက်စွန့်ကာ အသေအကျေ မရုန်းဘဲ ဝတ်ကျေတန်းကျေသာ ခုခံပြီး အခြေအနေပေးသည်နှင့် စခန်းကို စွန့်ခွာပြေးကြခြင်း။



- အထက်ပါဖြစ်စဉ်များကို KIA ခေါင်းဆောင်ပိုင်းက ထိထိရောက်ရောက် မကျွပ်ကဲနိုင်ဘဲ ကစဉ့်ကလျားနှင့် သူတစ်မျိုး ငါတစ်မျိုး ဖြစ်ပြီး အအုပ်အစည်းပျက်သွားကာ နောက်ဆုံး၌ စခန်းကြီးကို အပြီးစွန့်ခွာ၍ ပြေးကြရကြောင်း သုံးသပ်တွေ့ရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့တပ်မတော်အပေါ် သုံးသပ်ချက်များ

မြန်မာ့တပ်မတော်အနေနှင့် သမိုင်းတွင်မည့် တိုက်ပွဲကြီးကို တိုက်တော့မည်ဖြစ်သဖြင့် အဘက်ဘက်က ကြိုတင်ပြင်ဆင်ခဲ့လေသည်။

### ၁။ လူအင်အားသာလွန်အောင်စုဖွဲ့ခဲ့ခြင်း

တိုက်ပွဲကြီး မစမီတွင် တိုက်ပွဲဝင်အင်အားစုဖွဲ့ရာ၌ မြန်မာ့တပ်မတော်တို့ဘက်မှ တပ်ရင်းလေးရင်းနှင့် တပ်ရင်း အရန်အဖြစ် စုဖွဲ့ခဲ့သည်။

KIA ဗဟို ၂ ခု ပေါင်းတွင် လူအင်အား ၄၀၀၊





ရှေ့ကာတပ်ရင်း နှစ်ရင်း ၂၄၃၊ ၂၄၄ တို့တွင် လူ ၆၀၀၊

ပေါင်း ၁၀၀၀ ခန့်ရှိ၏။

တစ်ဖန် ဘေးနံ့တပ် (၂၄၁) နှင့် ရင်း (၃) တို့တွင် ၂၀၀။ ပေါင်း ၄၅၀ ခန့်။ ထို့ကြောင့် ထိုစစ်ဒေသ၌ KIA အင်အားမှာ ၁၅၀၀ ထက် မပိုပါ။

ထိုစစ်သည် ခံစစ်ထက် အနည်းဆုံး သုံးဆရှိရမည် ဟူသော Priciple အရ ရန်သူကို ၎င်းတို့ထက် အနည်းဆုံး သုံးဆသာလွန်သော အင်အားဖြင့် တိုက်ရမည် ဖြစ်ပါသည်။ ထိုအချက်ကို မျှော်တွေးပြီး ကာကွယ်ရေး ဦးစီးချုပ်သည် ဗန်းမော်ဒေသရှိ တပ်ရင်းများအား ဖွဲ့စည်းပုံအပြည့် ရှိရမည်၊ မရှိရင် ဖြည့်ပေးရမည် ဟု လမ်းညွှန်မှာကြားခဲ့သည်။ ထိုစဉ်က ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်သည် မြောက်ပိုင်းတိုင်း တိုင်းမှူးမှ သွားသူဖြစ်သဖြင့် ထိုအခြေအနေများကို ကြိုတင်မျှော်တွေးနိုင်သူ ဖြစ်၏။

ထိုအစီအမံအရ တိုက်ပွဲဝင်တပ်ရင်းအားလုံး စစ်ထွက်အင်အား ၄၈၀ ပြည့်မီအောင် တိုင်းမှူးမှ ကြပ်မတ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ရှေ့တန်းထွက်ရင် အနည်းဆုံး စစ်ထွက် ၄၈၀ ပါရမယ်။ ပါအောင် မလုပ်နိုင်ရင် မလုပ်နိုင်တဲ့ တပ်ရင်းမှူးအတွက် Next Promotion စဉ်းစားမပေးဘူး" ဟု

အတိအလင်း မှာကြားခဲ့၏။

လေးရင်းတိုက်။ တစ်ရင်း အရန်။ ပေါင်း လူ ၂၅၀၀။ အခြားလက်ရုံးဝန်ထမ်း တပ်များပါ ဖြည့်စွက် လိုက်ပါက မိမိတို့ တိုက်ခိုက်ရေးအင်အားမှာ သုံးထောင် ကျော်၊ လေးထောင်ခန့် ဖြစ်၏။ ထို့ကြောင့် KIA တို့ထက် အင်အား သုံးဆဟု ဆိုသော် ရပါ၏။

## ၂။ လက်နက်ခဲယမ်းအင်အားသာလွန်ခြင်း

ထိုတိုက်ပွဲကြီးအတွက် တပ်မတော်အကြီးအကဲများ သည် ဤစီမံချက် စတင်ရန် အချိန်မတိုင်မီက အချိန် အတော်ကြာကပင် ရန်သူနှင့် မိမိလက်နက်အင်အားကို နှိုင်းယှဉ်ချိန်ထိုးခဲ့ကြ၏။

ခြေလျင်လက်နက်ကြီးအနေဖြင့် အမျိုးအစား တူလျှင်ပင် မိမိတို့က အရေအတွက် သာရမည်။ အရေအ





အတွက်ချင်း တူလျှင် ခဲယမ်းအသုံးချနိုင်မှု ဖြည့်တင်းမှု သာရမည်။

KIA တို့ သုံးနေသည့် ၅၇ မီလီမီတာနောက်ပွင့် ရိုင်ဖယ်အသေးများ ပွိုင့် ဖိုက် စက်သေနတ်ကြီးများ ကို အမြန်ပင် မိမိတပ်များ၌ ထည့်သွင်းဖွဲ့စည်း ဖြည့်တင်းပေး ခဲ့သည်။

တစ်ဖန် ကပစခေါ် ကာကွယ်ရေးပစ္စည်းစက်ရုံမှ ထုတ်လုပ်သည့် B.A 103 ခေါ် အဝေးပင် ဒုံးပစ် လောင်ချာ များကို ဖြည့်တင်းပေးခဲ့သည်။ ဤလက်နက်မှာ ချက်ချင်း ထုတ်ပေးပြီး ချက်ချင်း အသုံးချပစ်ခတ်ရန် မဖြစ်နိုင်သဖြင့် စစ်ဆင်ရေး မစမီ ၂ လအလိုလောက်ကပင် ဤလက်နက် အား တိုက်ပွဲဝင်တပ်များသို့ သင်တန်း များ ပို့ချပေးခဲ့၏။

သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်း လျှို့ဝှက်ထားခဲ့၏။ တိုင်းမှူးမှတစ်ပါး ဤရည်ရွယ် ချက်ကို ဒုတိုင်းမှူးပင် မသိခဲ့ချေ။

ထို့အပြင် အခြားခြေလျင်လက်နက်ကြီးများ ဖြစ် သည့် ၇၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ကြီးများ။ ၈၀ မီလီမီတာ စိန်ပြောင်းကြီးများကို ရက်သတ္တ နှစ်ပတ်ခန့်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်လေ့ကျင့် ပစ်ခတ်စေခဲ့သည်။

အသစ်ပြုလုပ်ထားသည့် ဘီအေ ၁၀၃ ဒုံးပစ်လောင်ချာမှာ ကိုက် ၃၀၀ မှ ၅၀၀ အတွင်းရှိ ပစ်မှတ်များကို မလွဲတမ်း ပစ်ခတ်နိုင်သဖြင့် အလွန်ပင် ထိရောက်လှ၏။ **KIA** တို့၏ စခန်းကြီးများကို တိုက်ခိုက်ရာ၌ **Shock** ရသွားပြီး ကစဥ့်ကလျား ခွာစစ်ဆင်ကြရလေသည်။

စာရေးသူသည် ၁၉၇၈ ခုနှစ်က နောင်လိုင်ပါဖန် တိုက်ပွဲကြီး၌ စစ်ကူစစ်ကြောင်း ပို့ဖို့တပ်ခွဲမှ ရှေ့ပြေးတပ်စုမှူးဖြစ်ရာ ဗကပအင်အား ၅၀၀ ခန့်နှင့် တန့်ယန်း နောင်လိုင် ကားလမ်းပေါ်တွင် ရုတ်ခြည်းတွေ့ဆုံ၍ တိုက်ပွဲဖြစ်ပွားခဲ့၏။ မိမိတို့တပ်ခွဲတွင် လက်နက်ကြီး မပါပါ။ ၃ ဒသမ ၅ လောင်ချာ တစ်လက်သာ ပါ၏။ ဗုံးသီး ၁၂ လုံး ပါရာ တိုက်ပွဲအစပိုင်းမှာပင် အားလုံးကုန်ခဲ့ပါသည်။ ရန်သူဗကပမှ ၆၀ မီလီမီတာ စိန်ပြောင်းများ မိုးသီးမိုးပေါက်ပမာ ပစ်ရုံသာမက ၅၇ မီလီမီတာ နောင်ပွင့်ရိုင်ဖယ်များဖြင့် စာရေးသူတို့ ခံစစ်နေရာ ယူထားသည့် ဝါးရုံတောကြီးအား အဆက်မပြတ် ပစ်တော့၏။ ဝုန်း ... ဝေါ ဟူသော အသံနှင့် အဝါရောင် ကျည်တန်းကြီးများ





ဝါးရုံတောထဲတိုးဝင်လာရာ ဝါးရုံပင်ကြီးများ အပိုင်းပိုင်းပြတ်ကျ၏။ တစ်ခါမှ ၅၇ နှင့် အဆက်မပြတ် အပစ်မခံရဖူးသော စာရေးသူမှာ အတော်ပင် အံ့ဩမိ၏။ မတွေ့ဖူး၍ အထိုက်အလျောက်လည်း ချောက်ချားမိပါသည်။

သို့ရာတွင် မရဲသော်လည်း ပြေးခဲ့စေ ဆိုစကားအရ ဟန်ကိုယ့်ဖို့လုပ်ကာ ထိုရန်သူကို ညနေပိုင်းအထိ ခံချခဲ့သည်။ သို့ရာတွင် ထို ၅၇ နှင့် ၆၀ လက်ချက်ကြောင့် စာရေးသူ၏ တပ်ခွဲတစ်ခွဲလုံး ပြုတ်ပြုတ်ပြုန်းခဲ့ရ၏။

နောက်ဆုံးကျည်ကုန် လူကုန်ပြီး ကူကယ်မဲ့သူမရှိသည့် ဘဝ၌ တိုက်ပွဲနေရာမှ အပြေးအလွှား ခွာစစ်ဆင်ရင်း ပြောရမည်ဆိုက အပြေးကောင်းသဖြင့် လွတ်ခဲ့ရ၏။ ဒါတောင် ပြေးတတ်လို့။ မပြေးတတ်သူများ ဗကပအဖမ်းခံသွားရသည်။

ယခုလည်း **KIA** များ **BA 103** ဒုံး၊ ၁၂၀ မီလီမီတာ စိန်ပြောင်းကြီးများဒုံး၊ အမြောက်တပ်မှ ပစ်ခတ်သော ဒုံးပစ်လောင်ချာများဒုံး ခံရပြီး လက်လွှတ်ခြေလွှတ် ထွက်ပြေးကြရ၏။

မိမိတပ်များကို လက်နက်ကြီးများ ကျွမ်းကျင်စွာ



www.burmeseclassic.com

www.burmeseclassic.com



ကိုင်တွယ်တတ်အောင် ကကကျင့်မှ ဗိုဗိုစီးစီး သင်ပေးသည်။ တပ်မှူးကြီးများက အနီးကပ် ကြပ်မတ်သည်။ ထို့ကြောင့် **BA 103** ပစ်ခတ်မှု ကျွမ်းကျင်သွားပြီး အကောင်းဆုံး လက်နက်ကြီး ပစ်ခတ်သူများဖြစ်ကြောင်း တာဝန်ရှိသူများ မှပင် ထုတ်ဖော်ချီးကျူးကြရ၏။

ဤလက်နက်ကြီးများက တိုက်ပွဲအဆုံးအဖြတ်ပေး ခဲ့၏။ **KIA** ဝခန်းများကို လက်နက်ကြီးများနှင့် စိစိ ညက်ညက် ချေမှုန်းပြီးမှ ခြေလျင်တပ်များက တက်သိမ်း ခဲ့ရာ မိမိတပ်များ အကျအဆုံးမရှိသလောက် ဖြစ်ခဲ့လေ သည်။

ဤသည်မှာ လက်နက်ကြီး အားသာမှုဟု သုံးသပ် ရပါသည်။

၃။ စစ်နည်းပရိယာယ်သာလွန်မှုရှိခြင်း

စစ်ဆင်ရေးအခြေအနေအရ မိမိက ထိုးစစ်၊ ရန်သူ က ခံစစ်ဖြင့် ခုခံမည်ဆိုပါက ခံစစ်ဆင်သူအဖို့ မည်သည့် နေရာက ခံရမှန်း မသိအောင် လှည့်ဖျားရန် လို၏။ မိမိက အဓိကထိုးနှက်မည့် ရည်မှန်းချက်ကို ရန်သူ မရိပ်မိအောင်





လှည့်စားထားရန် ရှိ၏။ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးအနေဖြင့် စီမံချက် စတင်စဉ်ကပင် သိသည့် သိထိုက်သည်များကို အဆင့်လိုက်သာ အသိပေးထား၏။ ရည်မှန်းချက် အစစ်အမှန်ကို လျှို့ဝှက်ထား၏။ စီမံချက် ကို အဓိက ရေးဆွဲသူ ၂ ဦးမှာ ကစထမှူးနှင့် တိုင်းမှူးသာ ဖြစ်၏။ ဒုတိုင်းမှူးပင် မသိခဲ့ပါ။ ထိုမျှအထိ လျှို့ဝှက်ခဲ့၏။

ဒုတိုင်းမှူးကိုမူ ပြင်ဆင်ရေးနှင့် လေ့ကျင့်ရေး တာဝန်ကိုသာ ပေးခဲ့၏။ တပ်ရင်းမှူးများနှင့် စစ်ဗျူဟာ မှူးများကိုလည်း လူ၊ လက်နက်၊ ခဲယမ်း ပြည့်စုံအောင် ဖြည့်ဆည်းရေးကို တာဝန်ပေးထား၏။

စစ်ဆင်ရေးကာလ နီးကပ်လာသောအခါတွင်မူ ပြင်ဆင်ချိန် ၂ လခန့် ရှိနေပြီဖြစ်၍ အချို့သတင်းများ ပေါက်ခဲ့လေသည်။ ထို့ကြောင့် တိုင်းမှူးမှ ပရိယာယ်သုံးပြီး **False** သတင်းများ လွှင့်ခဲ့၏။

ဤမျှများပြားသော တပ်ရင်းတပ်ဖွဲ့များအား လူ၊ လက်နက် ဖြည့်တင်းခြင်း၊ တပ်မတပ်များမှ မပခ တပ်များ အား တာဝန်ယူထားသော စခန်းများသို့ ဝင်ရောက်တာဝန် လဲလှယ်ခြင်း စသည်တို့ကြောင့် ပေါက်ကြားမှုများ ဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရ၏။ စစ်ဆင်ရေးကြီးလုပ်မည်။ မည်သည့်နေရာလုပ်မည်လဲ၊ မည်သည့်အချိန်လုပ်မည်လဲ၊ မည်သည့်အတိုင်းအတာထိ လုပ်မည်လဲ စသည်တို့ဖြစ်၏။ ထိုအချိန်တွင် ရမခဘက်၌ စီစီဝမ်တာယန်တိုက်ပွဲကြီး၏ နောက်ဆက်တွဲတိုက်ပွဲများကို တပ်မတော်မှ အပြင်းအထန် ဆက်လက်ဆင်နွှဲနေဆဲအချိန် ဖြစ်ပေသည်။

ထို့ကြောင့် တိုင်းမှူးက အောက်ပါအတိုင်း သတင်းလွှင့်လိုက်၏။

လွယ်ဂျယ်ကို တိုက်မည်။

တိုက်နိုင်အောင် မိမိတပ်များကို အဆင့်မြင့်လေ့ကျင့်ရေးများ လုပ်နေခြင်းဖြစ်သည် ဟူ၏။

ထိုစဉ်က လွယ်ဂျယ်ကို KIA တို့က ထိန်းချုပ်ထား၏။

ထိုသတင်းကြောင့် လွယ်ဂျယ်တွင် အရပ်သားများ ရွှေ့ကြ ပြောင်းကြ၏။ KIA များက ခံစစ်ပြင်ကြ၏။ KIA ဗဟိုနှင့် အနီးဆုံး တပ်မဟာ (၃) ကလည်း ခံစစ်ပြင်ဆင်မှုများ လုပ်လာသည်။

KIA ဗဟိုကမူ ရင်း၏ ရွေ့ကာတပ်များကို





ခံစစ်ပြင်ဆင်စေပြီး ဗဟိုစခန်းကြီးများဖြစ်သည့် နှားဗော့နှင့် ပါဂျိုကိုမူကား ပြင်ဆင်ခြင်း မပြုခဲ့ပါ။

ထို့ကြောင့် တက်ထိုးစစ်ကြီးလုပ်လာသောအခါ ဗဟိုလက်အောက်ခံတပ်ရင်းများနှင့် တပ်မဟာ (၃) သည်သာ ကိုယ့်အစီအမံနှင့်ကိုယ် ခံစစ်လုပ်ခဲ့ကြပြီး ဗဟိုက ထိရောက်သည့် ခံစစ်ပြင်ဆင်မှုမရှိခဲ့သဖြင့် စခန်း ကြီးများ လျင်မြန်စွာ ကျဆုံးသွားရတော့၏။

သတင်းမှားလွှင့်၍ အလစ်အငိုက်ရယူကာ တိုက်ခိုက်နိုင်သဖြင့် အောင်မြင်မှုရကြောင်း သုံးသပ်ရပါသည်။

စစ်နည်းပရိယာယ် သာလွန်ကြောင်း အထက်ပါနည်းဖြင့် ပြသနိုင်ခဲ့လေသည်။

၄။ စွမ်းရည်မြင့်မားသော တိုက်စစ်ဆင်မှုရှိခြင်း

စစ်ဗျူဟာ (၁) မှူး ဗိုလ်မှူးကြီးမျိုးမြင့်နှင့် တပ်ရင်းမှူး၊ စစ်ကြောင်းမှူးများသည် ရန်သူစခန်းများ အတွင်းပိုင်းသို့ ပိပိရိရိ ဝင်ရောက်နိုင်ခဲ့ကြပြီး ရည်မှန်းချက် KIA စခန်းများကိုလည်း အောင်မြင်မှုရအောင် အပိုအလိုမရှိ တိတိကျကျ ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ကြကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၏။

ထို့ပြင် ပင်မဗဟိုစခန်းကြီးများဖြစ်သည့် ပါဂျို့နှင့် နားဖော့စခန်းကြီးများကို တိုက်ရာ၌ လက်နက်ကြီးများ သုံးသည်သာမက လေကြောင်းပစ်ကူများဖြင့်ပါ ကြိုတင်ချေမှုန်းနိုင်ခဲ့၏။ လေကြောင်းပစ်ကူနှင့် တိုက်ပွဲဝင်ခြေလျင်တပ်များ ဟန်ချက်ညီညီ အတိုင်အဖောက် ညီညီ တိုက်ခိုက်ခဲ့ကြသဖြင့် ပြတ်သားသော အောင်မြင်မှုများ ရခဲ့ကြ၏။

တိုက်ပွဲဝင် တပ်ရင်းလေးရင်းလုံး တပ်ရင်းအဆင့် တိုက်စစ်လေ့ကျင့်မှု အသင့်အတင့်သာ လေ့ကျင့်နိုင်ခဲ့သော်လည်း တကယ်တမ်း တိုက်ပွဲဝင်သည့်အခါ လက်နက်ကြီးပစ်ကူယူသည့် တပ်ရင်းတိုက်စစ်၊ တပ်ခွဲ တိုက်စစ်များကို အံဝင်ဂွင်ကျဆောင်ရွက်သွားနိုင်ကြသဖြင့် စစ်ရေးစွမ်းရည် ထက်မြက်မှုရှိကြောင်း ပြသနိုင်ခဲ့၏။ မှတ်ကျောက်အတင်ခံနိုင်ခဲ့၏။

ဤသည်မှာ မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်ကျော်ဘသည် သဘောထားတင်းမာသော၊ စည်းကမ်းကြီးသော တပ်မှူးကြီးဖြစ်ခြင်းကြောင့်ပင် ဖြစ်သည်ဟု





ဆိုရပါမည်။

၁၉၇၉ ခုနှစ်လောက် ကျွန်တော်သည် တပ်မတော်ကြည်းတိုက်ခိုက်ရေးကျောင်း (ဗထူး)နှင့် ခြေလျင် နည်းပြတာဝန် ထမ်းဆောင်နေ၏။ မကြာခဏ ဗထူးမှ ရွှေညောင်သို့ သင်တန်းသွားကြိုရ၏။ ဗိုလ်ချုပ်ကျော်ဘသည် ထိုစဉ်က ရပခဂျီဝမ်းဖြစ်၏။ ရပခသို့ သတင်းဝင်ပို့တိုင်း ဗိုလ်ချုပ်ကျော်ဘကို အမြဲလိုလိုတွေ့ရ၏။ အမြဲတမ်း ကွန်ဘက် Combat ဖိနပ်ကြီးစီးပြီး ရပခရုံးဝင်းထဲ လှည့်လည်သွားလာနေတတ်၏။ ကိုယ်တိုင် တန်းစီ၏။ ဖြစ်ကတတ်ဆန်း ဝတ်စားထားသည့်ရဲဘော်များအား ဆုံးမ၏။ နှိပ်ကွပ်၏။ ပြောမရဆိုမရက လက်သီးဖြင့် ထိုးပြီး ဆုံးမ၏။ သူ့ကို အားလုံးက ကြောက်ကြသည်။ သူကလည်း ငါ့ကို ချစ်စရာမလိုဘူး၊ ကြောက်ရင် ရပြီဟု ပြောတတ်၏။ ထို့ကြောင့် ရပခက ဘ ကျော်ဘ ဟု နာမည်ရ၏။

တပ်မ (၃၃) တွင် တပ်မမှူးဖြစ်လာသောအခါ ငါ့တပ်မက ဒေါင်ဒေါင်မြည်တပ်မဖြစ်ရမည်ဟု ကြွေးကြော်၏။ ကြွေးကြော်သည့်အတိုင်းလည်း တပ်ရင်းများကို Drive လုပ်ခဲ့၏။ ထို့ကြောင့်လား မသိပါ။ တပ်မ (၃၃)သည်



www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်ထိ ဒေါင်ဒေါင်မြည် တပ်မဖြစ်နေဆဲ ဖြစ်ပါ၏။

ဤသို့သော သဘောထားတင်းမာ၍ စည်းကမ်းကြီးသော တိုင်းမှူးကြောင့် ၎င်း၏အမိန့်များ အောက်ခြေဆင်းသွားသောအခါ စစ်ဗျူဟာမှူးများ၊ တပ်ရင်းမှူးများ၊ စစ်ကြောင်းမှူးများသည် အမိန့်ရလျှင်ရခြင်း အမိန့်ကို အချိန်နှင့်တစ်ပြေးညီ တိကျစွာလိုက်နာလုပ်ဆောင်ခဲ့ကြ၏။ အောက်တွင်ဖြစ်ပေါ်နေသော မြေပြင်အခြေအနေကိုလည်း အထက်သို့ ချက်ချင်းတင်ပြကာ ညွှန်ကြားချက်ရယူခြင်း၊ အဆုံးအဖြတ် နာခံခြင်းတို့ကြောင့် ရန်သူကို ပိုင်ပိုင်နိုင်နိုင် ထိထိရောက်ရောက် ချေမှုန်းနိုင်ခဲ့ကြောင်း သုံးသပ်ရပါသည်။

ကွပ်ကဲမှုကောင်းမွန်ခြင်းပါပေ။

**၅။ ဆက်သွယ်မှုကောင်းမွန်ခြင်း**

မိမိတပ်မတော် ဆက်သွယ်ရေးတပ်ဖွဲ့သည် တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးကြီးနှင့် လှုပ်ရှားမြောက်ပိုင်း တိုင်းစစ်ဌာနချုပ်၊ လှုပ်ရှားအမှတ် (၁) စစ်ဗျူဟာအဖွဲ့၊ တပ်ရင်းစစ်ကြောင်းများအဆင့်ထိ ၂၄ နာရီ အချိန် ပြည့် အဆက်အသွယ်ရှိနေ၏။ စက်အဆက်အသွယ် လုံးဝ ပြတ်





မသွားခဲ့။ ထို့ကြောင့် လိုအပ်ချက်များရှိက ချက်ချင်းဖြည့်ဆည်း ပေးနိုင်ခဲ့ရာ အခက်အခဲမရှိ တိုက်ပွဲဝင်နိုင်ခဲ့၏။ အရေးကြီးသောဆုံးဖြတ်ချက်များအား အချိန်နှင့် တစ်ပြေးညီ ဆုံးဖြတ်ညွှန်ကြားနိုင်ခဲ့သဖြင့် မိမိတပ်များ လှုပ်ရှား စစ်ကစားပြီး အောင်မြင်စွာ တိုက်ပွဲဝင်နိုင်ကြောင်း တွေ့ရပါ၏။

ဤသည်မှာ ဆက်သွယ်ရေးကောင်းမွန်မှုကြောင့်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**၆။ စိတ်ဓာတ်ကောင်းမွန်ခြင်း**

ယခုတိုက်ပွဲစဉ်ကြီးတစ်ခုလုံးတွင် မိမိတပ်များကို ခေါင်းဆောင်များမှ အဖက်ဖက်က ပြည့်စုံအောင် စီစဉ်၍ စိတ်ဓာတ်ကို အမြင့်ဆုံး မြှင့်ပေးခဲ့၏။

ရှေးကအဆိုအမိန့်တစ်ခုရှိသည်။

**You cannot win the battle with demoralized troops.**

"သင်ဟာ စိတ်ဓာတ်မကောင်းတဲ့ တပ်တွေနဲ့ တိုက်ပွဲကို နိုင်အောင်မတိုက်နိုင်ပါ" ဟူ၏။

တိုက်ပွဲဝင်တပ်များကို စိတ်ဓာတ်မြှင့်တင်ပေးရန်



www.burmeseclassic.com

www.burmeseclassic.com



လို၏။ သမိုင်းအစဉ်အလာရှိသော တပ်မတော်၏ ခေတ်အဆက်ဆက် ဆောင်ရွက်ချက်များကို ဆွေးနွေးခြင်း၊ ရာဇဝင်တွင် ထင်ရှားခဲ့သော စစ်သူရဲကောင်းများအကြောင်းကို ဆွေးနွေးခြင်း၊ ဥပမာ တရုတ်တွေကို အနိုင်တိုက်ခဲ့သည့် စစ်သူကြီးတိမ်ကြားမင်းခေါင်အကြောင်း၊ သမိန့်ဗရန်းအကြောင်း၊ ဗလမင်းထင်အကြောင်း စသည် စသည်တို့ဖြစ်၏။

ထို့အပြင် တိုက်ပွဲဝင် စစ်သည်များအတွက် အုပ်ချုပ်မှုဆိုင်ရာများ၊ သက်သာချောင်ချိရေးများ ဆောင်ရွက်ပေးခြင်း၊ တက်ကြွစေသည့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးခြင်းဖြင့် တိုက်ပွဲဝင်စိတ်ဓာတ်ကို မြှင့်တင်ပေးခဲ့၏။

တိုင်းမှူးဦးစီး အဆင့်မြင့်အရာရှိ အကြီးအကဲများမှ တိုက်ပွဲဝင်မည့် တပ်ရင်းများနှင့် တပ်ဖွဲ့ဝင်များအား စစ်ဆင်ရေး မထွက်မီ ယခု စစ်ဆင်ရေးသည် သမိုင်းတွင်ရစ်မည့် စစ်ဆင်ရေးကြီးဖြစ်ပြီး မိမိတို့အား အထက်မှ ရွေးချယ်တာဝန်ပေးသည့်အတွက် အထူးဂုဏ်ယူရမှာဖြစ်ကြောင်း တိုက်တွန်းအားပေးစကားများ ပြောကြားခဲ့၏။ တိုင်းမှူးက ဆက်လက်ပြောသည်မှာ ရည်မှန်းချက်ကို ရအောင်မတိုက်





နိုင်သူသည် တာဝန်မကျေကြောင်း၊ ရည်မှန်းချက် မရသူ၊ မတိုက်နိုင်သူသည် ကျဆုံးသွားသူ သို့မဟုတ် ပြင်းထန်စွာ ဒဏ်ရာရသူများသာ ဖြစ်ရမှာ ဖြစ်ကြောင်း သူတို့နေရာ အစား ဝင်ပါသူများက ရည်မှန်းချက်ကို တစ်ဗိုလ်ကျ တစ်ဗိုလ်တက်စနစ်ဖြင့် ရအောင် တိုက်သွားရမှာဖြစ်ကြောင်း၊ မိမိထက် ပိုပြီး ကစထမှူးနှင့် တပ်မတော်ခေါင်းဆောင်ကြီးများက ပိုပြင်းထန်ကြောင်း၊ ထို့ကြောင့် တာဝန်ကို မဆုတ်မနစ် အသေအကျေ ထမ်းဆောင်ရန် တိုက်တွန်းကြောင်း၊ အောင်ပွဲရက ချီးမြှင့်မြှောက်စားမှာ ဖြစ်ကြောင်း တွန်းအားပေးခဲ့ရာ တပ်အတော်များများမှ တိုက်ပွဲဝင်တပ်သားများသည် လက်မောင်းသွေး ဖောက်ကာ သစ္စာပြုကြသည်အထိ စိတ်ဓာတ်တက်ကြွခဲ့ကြ၏။

ထို့ကြောင့် တိုက်ပွဲအတွင်း၌ အတင်းဝင်၊ အတင်းတက်၊ အတင်းတိုက်ခဲ့ကြသဖြင့် KIA များမှာ အထူးပင် အံ့ဩ၍ တုန်လှုပ်ချောက်ချားသွားကြသည်ကို တွေ့ခဲ့ရပါသည်။

ဤသို့ ပြင်းထန်သောတိုက်စိတ်ခိုက်စိတ်ကြောင့် အောင်ပွဲရခဲ့သည်ဟုလည်း ပြောချင်ပါသည်။



www.burmeseclassic.com

၄။ ပြည်သူလူထုပူးပေါင်းပါဝင်ခြင်း

တိုင်းမှူးဗိုလ်ချုပ်ကျော်ဘသည် ထိုစဉ်က ကချင်ပြည်နယ်ဒေသ ပါတီကော်မတီ ဥက္ကဋ္ဌလည်းဖြစ်ရာ ကွပ်ကဲမှုအောက် မြို့နယ်အလိုက် စစ်အောင်နိုင်ရေးအဖွဲ့များ ကြိုတင်ဖွဲ့စည်းခဲ့ပါသည်။

မြို့နယ်များရှိ ပါတီကောင်စီများမှလည်း ပြည်သူလူထုအား ကွင်းဆင်းစည်းရုံးဟောပြောခဲ့ရာ ပြည်သူတစ်ရပ်လုံးမှ တရားသောစစ် အောင်နိုင်ရေးအတွက် အုံးအုံးကျွက်ကျွက် ပါဝင်လာကြပါသည်။

ထို့ကြောင့် လုပ်အားရှင်များ စုဆောင်းခဲ့ရာတွင် လိုအပ်သော အရေအတွက်ထက်ပင် ပိုမိုရရှိခဲ့၏။ ထိုလုပ်အားရှင်များသည် ရှေ့တန်းသို့ လိုက်ပါရန် စုရပ်များသို့ သီချင်းများပင် သီဆိုပြီး ချီတက်ခဲ့ကြ၏။ အချို့ဆို တစ်အိမ် ၂ ယောက်ခန့်လိုက်ပါ၍ ပြန်လွှတ်ရသည်အထိ ရှိခဲ့၏။ ငယ်ရွယ်သူကျောင်းသားများကို လည်း ပြန်လွှတ်ပေးခဲ့၏။ စစ်ဆင်ရေးတွင် မပါဝင်ကြသော်လည်း ပြည်သူအများက တရားသောစစ်အောင် နိုင်ရေးအတွက် ရန်ပုံငွေများ ရှာဖွေပံ့ပိုးခြင်း၊ လှူဒါန်းဆော်ရေးများ ပြုလုပ်ခြင်းများကိုပင်





ပြုလုပ်ကြသည်။ ဗန်းမော် မြို့နယ်တစ်ခုတည်းမှာပင် တရားသောစစ်အောင်နိုင်ရေး ရန်ပုံငွေ သိန်းချီရရှိပြီး ဂုဏ်ပြုပစ္စည်းများမှာလည်း များပြားလှချေ၏။ သို့ဖြစ်၍ စစ်အောင်နိုင်ရာသောအကြောင်းကြီးများတွင် နောက်ဆုံးအချက်ဖြစ်သည့် ပြည်သူလူထုမှ တစ်ခဲနက် အားပေးကူညီမှု ရရှိခြင်း ဟူသော အချက်နှင့် ကိုက်ညီခဲ့ပေ၏။

ထို့ကြောင့်လည်း ဤတိုက်ပွဲကြီး အောင်မြင်ခဲ့သည်ဟု သုံးသပ်ရပါသည်။

နိဂုံးချုပ်သုံးသပ်ချက်

သို့ဖြစ်၍ ဤတိုက်ပွဲကြီး အောင်မြင်ခဲ့ရခြင်းမှာ စစ်အောင်ရာသော်အကြောင်းတရားကြီးများ ဖြစ်သည့်

- ရည် – ရည်ရွယ်ချက် တိကျခိုင်မြဲခြင်း။
- စိတ် – စိတ်ဓာတ်ကောင်းမွန်ခြင်း။
- စစ် – စစ်အင်အားကို တစ်စုတည်း အသုံးပြုခြင်း။
- အင် – အင်အားကို မြှုပ်သင့်သည့်နေရာတွင် မြှုပ်ခြင်း။ အခွင့်တည်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ထားခြင်း။

လှုပ် – လှုပ်ရှားမှုကောင်းမွန်ခြင်း။

တိုက် – တိုက်စွမ်းရည်ပြည့်ဝခြင်း (တိုက်စစ်၌လေတပ်ပါ ပါဝင်ခဲ့၏)

ပြောင်း – ပြောင်းလွယ်ပြင်လွယ်ရှိခြင်း

ပူး – ပူးပေါင်းဆောင်ရွက်မှုကောင်းခြင်း (လေတပ်၊ အမြောက်တပ်များနှင့်)

လုံ – လုံခြုံမှုရှိခြင်း (သတင်းမပေါက်ကြားအောင် ထိန်းထားနိုင်ခဲ့သည်)

သတင်းစုံ – သတင်းစုံစွာ ရယူနိုင်ခြင်း။

ဒိုက် – အဒိုက်ဖမ်းနိုင်ခဲ့ခြင်း (KIA က သူ့ဗဟိုကို တိုက်မယ်ဆိုတာ ကြိုမသိခဲ့ပါ)

အုပ် – အုပ်ချုပ်မှုကောင်းမွန်ခြင်း။

ပြည် – ပြည်သူလူထုမှ တစ်ခဲနက် ပါဝင်ထောက်ခံခြင်း။

အထက်ဖော်ပြပါ စစ်အောင်ရာသော အကြောင်း






တရားကြီး ဆယ့်သုံးလေးချက်နှင့် ကိုက်ညီသဖြင့် KIA ဗဟို ပါကျိုနားဖော့ တိုက်ပွဲကြီး အောင်မြင်ခဲ့သည်ဟု သုံးသပ်ပါသည်ခင်ဗျား။

■



www.burmeseclassic.com


www.burmeseclassic.com





၁၉၈၇ ပါဂျို-နားဖော့တိုက်ပွဲပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com





ဧရာဝတီအရှေ့ခြမ်း မြစ်ကြီးနား - ဝိန်းမော် လမ်းပြမြေပုံ




၁၉၈၆ - ၈၇ အတွင်း မြောက်ပိုင်းတိုင်း နယ်မြေပိုက်ကွင်းပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com




၁၉၈၇-၈၈ အတွင်း မြောက်ပိုင်းတိုင်းနယ်မြေတိုက်ပွဲပြမြေပုံ

# အခန်း ( ၅ )

## အရေးကြီးသောဖော်ထုတ်ချက်များ

KIA ဗဟိုပါကျိုနားဖော့ကို တိုက်ခိုက်သိမ်းပိုက်ပြီးသည့် အခြေအနေတွင် အောက်ပါအတိုင်း ဖော်ထုတ်ချက်များ ရရှိခဲ့ပါသည်။

(က) စီးပွားရေး

KIA တို့သည် ၎င်းတို့၏ အချက်အချာဖြစ်သော

မြရတနာအာဝေ

www.burmeseclassic.com

www.burmeseclassic.com



နားဖော့ပါကို၊ ခလားယန်၊ ဂျာဘူ စသည့် ဒေသတို့ကို လက်လွှတ်လိုက်ရသောကြောင့် ပြင်ပဆက်သွယ်မှုလမ်းကြောင်း၊ ရောဝတီအနောက်ဘက် ကျောက်စိမ်းနယ်မြေနှင့် ဆက်သွယ်မှုလမ်းကြောင်း၊ မြောက်ဘက် တပ်မဟာ ၁၊ ၂ နှင့် ဆက်သွယ်မှု လမ်းကြောင်းများ ပြတ်တောက်သွားခဲ့ရသဖြင့် စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းသွားတော့မည် ဖြစ်ပါသည်။ ထို့ကြောင့် ထိုစီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ဆောင်နိုင်ရန် နည်းမျိုးစုံဖြင့် ပြန်လည် ကြိုးစားလာလိမ့်မည် ဟု ဖော်ထုတ်ရရှိပါသည်။

(ဓ) နိုင်ငံရေး

**KIA** တို့သည် ပြည်ပဆက်သွယ်မှု မလွယ်ကူတော့သည်နှင့် အဖက်ဖက်မှ ချွတ်ခြုံကျပြီး မျက်စိမမြင်သည့်ဘဝ ကျရောက်သွားပြီး လိုအပ်ချက်များကို ပြည်တွင်းမှပင် ရှာဖွေရတော့မည် ဖြစ်ပါသည်။ တိကျရေရာသော နိုင်ငံရေး ရည်မှန်း





ချက်မရှိသဖြင့် လက်အောက်ငယ်သားများကို နိုင်ငံရေးအတွေး အခေါ်များ ကောင်းစွာ ရှင်းလင်းမှာကြားခြင်း၊ ပို့ချခြင်း မလုပ်နိုင်သဖြင့် **KIA** လူငယ်များ အလင်းဝင် လက်နက်ချလာဖွယ် ရှိကြောင်း သုံးသပ်ရပါသည်။

(ဂ) လူသစ်စုဆောင်းမှု

**KIA** တို့သည် ၎င်းတို့၏ဗဟိုအား ချေမှုန်းခံရသဖြင့် နှစ်အဆက်ဆက်မှ စုဆောင်းထားခဲ့သည့် လက်နက် ကြီး၊ လက်နက်ငယ် အမျိုးစုံ ရာနှင့်ချီ ဆုံးရှုံးခဲ့ရသဖြင့် ၎င်းတို့၏ ရှုံးနိမ့်မှုကို ပြည်သူလူထုက သိရှိသွားခဲ့ကြ၏။ မဟုတ်မမှန် လိမ်ညာဝါဒ ဖြန့်ခဲ့ကြသည်များ အလိမ်ပေါ်သွားပြီး လူထုယုံကြည်မှု ကျဆင်းခဲ့ရလေသည်။ ပြည်သူ၏ ယုံကြည်မှု ကျဆင်းပြီး အခြေခံနယ်မြေများလည်း ဆုံးရှုံးခဲ့ရသဖြင့် နိုင်ငံရေး သိက္ခာ ကျဆင်းခဲ့ရလေသည်။ ထိုအခါ ပြည်ပမှ ပံ့ပိုးကူညီမှုများလည်း ယုံကြည်မှု လျော့နည်း၍ ပံ့ပိုးမှုလျော့ကျသွား



www.burmeseclassic.com

www.burmeseclassic.com



မည်မှာ အလွန်သေချာလှ၏။ လူသစ်စု၍ ပံ့ပိုးပေးခြင်း၊ လက်နက်တပ်ဆင်ခြင်းများ မပြုလုပ်နိုင်တော့ဘဲ အင်အားချည့်နဲ့သွားမည်မှာ သေချာပါသည်။ ငွေကြေးနှင့် စားနပ်ရိက္ခာ၊ လက်နက်၊ ခဲယမ်းများ မရှိဘဲ လူသစ်များ စုဆောင်းခြင်းမှာ ဝ မရှိဘဲ ဝိလုပ်သည့်လုပ်ရပ်သာ ဖြစ်သဖြင့် အများပြည်သူ၏ အထင်သေး အမြင်သေးဘဝသို့ မလွဲမသွေ ကျရောက်တော့မည်ဟု ဖော်ထုတ်ရရှိပါသည်။





**KIA တို့ ပြုလုပ်လာနိုင်သောအလားအလာများ**

၁။ KIA တို့သည် လက်ရှိအခြေခံနယ်မြေကို လက်လွှတ်ရပြီဖြစ်သောကြောင့် ၎င်းတို့ ရေရှည်ရပ်တည် နိုင်ရေးအတွက် အောက်ပါအချက်များနှင့် ကိုက်ညီသည့် အခြေခံနယ်မြေတစ်ခုကို ပြန်လည်တည်ဆောက်သွား မည်ဟု ယူဆရပါသည်။

(က) တပ်မတော်ကြောင်းများ လွယ်ကူစွာ ဝင်ရောက်နိုင်ခြင်း မရှိသည့် နယ်မြေ၊

(ခ) စားနပ်ရိက္ခာလွယ်ကူစွာ ရရှိနိုင်မည့် နယ်မြေ၊



www.burmeseclassic.com

www.burmeseclassic.com



(ဂ) ထိမိုက်ဒယ်ရာရ ရဲဘော်များ ဆေးကုသနိုင်ပြီး အရေးကြီးပစ္စည်းများ လုံခြုံစွာ သိုဝှက်ထားနိုင်မည့် နယ်မြေ၊

(ဃ) ရေရှည်စစ်ပွဲအတွက် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ပြီး အကျိုးအမြတ်များများ ရရှိနိုင်မည့် နယ်မြေ၊

(င) ၎င်းတို့အား ထောက်ခံသူများ အများဆုံး ရှိနိုင်မည့်နယ်မြေ၊

(စ) နောက်ပိုင်းလုံခြုံရေးရှိမည့် နယ်မြေ တို့ ဖြစ်ကြပါသည်။

၂။ အထက်ဖော်ပြပါအချက်များကို ဆန်းစစ်၍ ကိုက်ညီမှုရှိနိုင်သည့် နေရာများအား လေ့လာဖော်ထုတ်ရာ၌ တပ်မဟာ (၁) နှင့် တပ်မဟာ (၃) နယ်မြေနှစ်ခုကို ဦးစွာပထမ တွေ့ရှိရပါသည်။

(က) **တပ်မဟာ (၁) နယ်မြေ**

တပ်မဟာ (၁) နယ်မြေသည် ကချင်





ပြည်နယ် မြောက်ပိုင်းတွင်ရှိပြီး တရုတ်၊ အိန္ဒိယတို့နှင့် ဆက်ဆံရလွယ်ကူသော်လည်း လူဦးရေ အလွန်ကြဲပါးခြင်း၊ စားနပ်ရိက္ခာ ပြည့်စုံလုံလောက်မှု မရှိခြင်း၊ အခြား KIA တပ်မဟာ ၂၊ ၃၊ ၄ တို့နှင့် ဆက်သွယ်ရန်ခက်ခဲခြင်းတို့ကြောင့် ကွပ်ကဲမှုပြဿနာများ ရှိသဖြင့် KIA ဗဟိုရွှေ့သွားရန် မဖြစ်နိုင်ဟု သုံးသပ်ရပါသည်။ မူလပထမ KIA သောင်းကျန်းမှု အစပိုင်းက KIA ဗဟိုသည် တပ်မဟာ (၁) နယ်မြေမှာပင် ရှိခဲ့၏။ သို့ရာတွင် နောက်ပိုင်းအုပ်ချုပ်မှု အခက်အခဲများကြောင့် ၎င်းတို့အတွက် ပြည်တွင်း၊ ပြည်ပ ဆက်ဆံရလွယ်ကူပြီး စီးပွားရေးပါ ဖြစ်ထွန်းသည့် တရုတ်–မြန်မာ နယ်စပ်မျဉ်းအနီး ရောဝတီ အရှေ့ခြမ်းဒေသကို ရွေးချယ်ကာ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်လေသည်။ သို့ဖြစ်၍ ရေရှည်တွင် အကျိုး



www.burmeseclassic.com

www.burmeseclassic.com



မရှိသော တပ်မဟာ (၁) နယ်မြေသို့ KIA ဗဟို ပြန်သွားလိမ့်မည် မဟုတ်ဟု ယူဆပါသည်။

(ခ) **တပ်မဟာ (၃) နယ်မြေ**

တပ်မဟာ (၃) နယ်မြေမှာ မိမိတပ်များနှင့် များစွာနီးကပ်သော်လည်း တစ်ဖက်တရုတ်ပြည်၏ အကူအညီအား ကောင်းစွာ ရရှိခဲ့ပါက တရုတ်ပြည်တွင်းသို့ တပ်ဖျောက်ဝင်ရောက်နိုင်ခြင်း၊ ဗကပများနှင့် အလွယ်တကူဆက်ဆံပြီး ဗကပများ၏ ယာယီအကူအညီများ ရယူနိုင်ခြင်း၊ ဗကပနယ်မြေထဲတွင် ဝင်ရောက်ခိုလှုံနိုင်ခြင်း၊ လွယ်ဂျယ်၊ နမ်းခမ်း၊ ရွှေလီ၊ ကွတ်ခိုင် ဒေသများမှ ဒေသခံပြည်သူများ၏ အကူအညီများ ရယူနိုင်ခြင်း စသော အားသာချက်များကြောင့် တပ်မဟာ (၃) နယ်မြေတွင် KIA ဗဟိုယာယီဖွင့်လှစ်နိုင်ဖွယ်ရှိပါသည်။



အခြေအနေ မကောင်းခဲ့ပါက တပ်မဟာ (၁) နယ်မြေသို့ ရွှေ့ပြောင်းသွားနိုင်ပါသည်။

(ဂ) **တပ်မဟာ (၄) နယ်မြေ**

တပ်မဟာ (၄) နယ်မြေမှာ မိမိတပ်များနှင့် အလွန်နီးကပ်ခြင်း၊ ဗကပဗဟိုခွဲနှင့် ကပ်နေခြင်း၊ အခြား KIA တပ်မဟာများနှင့် အလှမ်းဝေးလွန်းခြင်းတို့ကြောင့် ရွှေ့ချယ်ဖွယ်မရှိဟု သုံးသပ် ရပါသည်။

(ဃ) **တပ်မဟာ (၂) နယ်မြေ**

တပ်မဟာ (၂) နယ်မြေမှာ ဧရာဝတီမြစ်အနောက်ခြမ်းတွင် ရှိ၍ မိမိတပ်များက အင်အားသုံးပြီး ဝိတ်ဆို့ပိုင်းပတ်ချေမှုန်းလိုက်ပါက KIA ဗဟိုသည် ပဲခူးရိုးမ ဗကပများလို လက်စတုံးချေမှုန်းသွားခြင်း ခံရနိုင်သဖြင့် KIA ဗဟိုသည် လုံးဝ ရွှေ့ပြောင်းလာဖွယ် မရှိဟု သုံးသပ်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**အထူးမော်ပြချက်**

အထက်ပါသုံးသပ်ချက်များအတိုင်း KIA ဗဟိုသည် တရုတ်–ဗမာ နယ်စပ်မျဉ်းပေါ်ရှိ တပ်မဟာ (၃) နယ်မြေမှ လိုင်စင်သို့ ယာယီရွှေ့ခဲ့ပြီး နောက်များမကြာမီမှာပင် ယနေ့ နာမည်ကြီးနေသည့် လိုင်ဇာသို့ ရွှေ့ပြောင်း အခြေပြုခဲ့လေသည်။ ၎င်းတို့အတွက် ကံကြမ္မာ ဖေးမသွားသည်မှာ ၁၉၈၈ ခုနှစ်ကုန်တွင် တက်လာသည့် နဝတခေါ် တပ်မတော်အစိုးရက ငြိမ်းချမ်းရေးခေါ်လိုက်သဖြင့် KIA တို့သည် ထိုအခွင့်အရေးကို အမိအရ ဆွဲကိုင်ကာ အပစ်အခတ် ရပ်စဲရေးလုပ်နိုင်ခဲ့၏။ လိုင်ဇာကို ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ခဲ့၏။ ၁၉၉၀ လောက်မှ ၂၀၁၁ လောက်ထိ နှစ်ဆယ့်တစ်နှစ်ခန့် အသက်ရှူပေါက် ချောင်သွားသော KIA တို့ကား ယခုအခါ တစ်သွေး တစ်မွေးနှင့် ပြည်ထောင်စုကို အံတုနိုင်သော လက်နက်ကိုင်အဖွဲ့ကြီးအဖြစ် ရပ်တည်နိုင်ခဲ့ပါသည်။

မြရတနာစာပေ



**စစ်ဆင်ရေးမအောင်မြင်မီက**
**KIA တို့ အခြေအနေကို မော်ပြခြင်း**

KIA တို့သည် ၁၉၈၇ တွင် ပါဂျိုနားဖော တိုက်ပွဲကြီး မတိုင်မီက မြစ်ကြီးနား–ဗန်းမော်ကားလမ်း အရှေ့ခြမ်း တောင်များပေါ်၌ အောင်ပွဲခံလျက်ရှိ၏။ KIA တို့သည် ဗန်းမော်–မြစ်ကြီးနားသွား ကားလမ်းအတိုင်း ဗိုင်းမော် မြို့နယ်မှ မိုင်းမောက်မြို့နယ်၊ နားလုံ၊ ဒေါ်ဖုံးယန်၏ မြောက်ပိုင်းအထိ နယ်မြေအားလုံးကို ထိန်းချုပ် ထားနိုင်ခဲ့ပါသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



KIA တို့ အခြေပြုတပ်စွဲထားသည့် အခြေအနေနှင့် စုဖွဲ့ထားရှိမှု အခြေအနေများကို လေ့လာပါက ဗဟိုဌာနချုပ်သည် တရုတ်–မြန်မာ နယ်စပ်ကို ကျောကန်ထားပြီး အခြေပြုထား၏။ ၎င်း၏ တိုက်ခိုက်ရေးတပ်များကို မိုင်းကန်း၊ ခင်ဒစ်၊ ဂျာထုကောင်း၊ ခလားယန်၊ ဂျာဘူဒေသများတွင် တပ်ခွဲထားခြင်းဖြင့် ဗဟိုကို ဝန်းရံကာကွယ်ထားရှိသည်။

နားဖော့ပါဂျိုဒေသသို့ ဗဟိုရွှေ့ပြောင်း အခြေပြုခဲ့သဖြင့် KIA တို့သည် အောက်ပါအကျိုးကျေးဇူးကို ခံစားခဲ့ကြရ၏။

(က) စီးပွားရေး

နားဖော့ပါဂျိုမှ ယူနန်ပြည်နယ်အနောက်ပိုင်းသို့ မော်တော်ကားနှင့် တိုက်ရိုက်သွားနိုင်ပြီး တရုတ်ပြည်ထွက်ပစ္စည်း အမျိုးမျိုးအား လွယ်ကူစွာ ဝယ်၍ ရနိုင်၏။ ထိုပစ္စည်းများကို ဗန်းမော်–မြစ်ကြီးနား ဒေသများသို့ မှောင်ခိုတင်သွင်းခြင်းဖြင့် ဝင်ငွေရနိုင်၏။ အခွန်အကောက်များလည်း ရနိုင်၊ ရခဲ့၏။

နားဖော့မှ ခလားယန်၊ ၎င်းမှ ဧရာဝတီမြစ်အား ဖြတ်ကူးပြီး ငှက်ပျောတောကူးတို့မှ



ကောက်ကွေ့ ချောင်းအတိုင်း KIA ရင်း (၅) ရှိရာ ကျောက်စိမ်းတွင်းဒေသများသို့ ဝင်ရောက်နိုင်ပြီး ကျောက်စိမ်းလုပ်ငန်းများကို လုပ်ကိုင်ခဲ့လေသည်။ ထိုလမ်းကြောင်းမှာ အတားအဆီးမရှိ KIA တို့ ကျောက်စိမ်းလုပ်ငန်းအတွက် အသုံးပြုနေခဲ့သော လမ်းကြောင်းကြီးဖြစ်ပြီး နှစ်စဉ် ထိုလုပ်ငန်းကြီးမှ အခွန်အကောက် အမြတ်အစွန်း သိန်း ၁၀၀ ခန့် ရရှိခဲ့လေသည်။

KIA တို့သည် ပါဂျိုနားဖော့၊ ခလားယန် ဒေသများကို အခြေခံထားခြင်းအားဖြင့် ၎င်းတို့ ရပ်တည်ရန် အဓိကလိုအပ်သော ငွေကြေးများအား ဘိန်းဖြူရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်စိမ်းလုပ်ငန်းနှင့် တရုတ်မှောင်ခို ပစ္စည်းများ တင်သွင်းရောင်းချပြီး အခွန်ကောက်ခြင်းလုပ်ငန်းများမှ ရရှိခဲ့လေသည်။ ဝင်ငွေကောင်းလှသဖြင့် တပ်အင်အားကိုလည်း တိုးချဲ့လာခဲ့နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



(စ) တပ်အင်အားတိုးချဲ့ရေး

KIA တို့သည် မိုးလဲချောင်းဒေသ ကျေးရွာများ၊ မိုးမောက်မြို့နယ်အတွင်းရှိ ကျေးရွာများ၊ ဗိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများ ထိုဒေသအသီးသီး ကျေးရွာများမှ လူငယ်လူရွယ် ကျား၊ မ အားလုံးအား နည်းမျိုးစုံသုံးကာ ဆွဲဆောင်စည်းရုံး၍ KIA တပ်တွင်းသို့ သွတ်သွင်းနိုင်ခဲ့၏။ ဘိန်းဖြူ မူးယစ်ဆေးဝါး၊ ငွေကြေး၊ ပစ္စည်းပစ္စယ အမျိုးစုံပေးကမ်းပြီး ဆွဲဆောင်နိုင်ခဲ့ရာ တပ်အင်အားများ တိုးချဲ့လာခဲ့နိုင်၏။ ဖြုန်းတီးအင်အားများ ဖြည့်တင်းလာခဲ့နိုင်၏။ ရေရှည် စစ်အတွက် ပြင်ဆင်လာခဲ့နိုင်လေသည်။

(ဆ) နိုင်ငံရေး

KIA တို့သည် ပါဂျိုနားဖော့ဒေသမှ တရုတ်ပြည်တွင်းသို့ ဥဒဟိုသွားလာခွင့် ရရှိခဲ့ပြီး တရုတ်ကွန်မြူနစ် ပါတီနှင့်ပါ ဆက်သွယ်နိုင်ခဲ့၏။ ယူနန်ပြည်နယ်ရှိ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နှင့်ပါ ဆက်သွယ်နိုင်ခဲ့၏။ ယူနန်ပြည်နယ်ရှိ တရုတ်စစ်ကျောင်းများကို လေ့လာခွင့်ရခဲ့၏။ ထို့ပြင် အခြား လက်နက်ကိုင်အဖွဲ့များ အကူအညီနှင့် ယိုးဒယားသို့လည်း ဆက်သွယ်နိုင်ခဲ့၏။ ဒါ့သာမက အိန္ဒိယနိုင်ငံမှ ကသည်းသူပုန်များ၊ မီဇိုသူပုန်များ၊ နာဂသူပုန်များနှင့်ပါ ဆက်သွယ်ပြီး International ပေါက်အောင် လှုပ်ရှားလာနိုင်ခဲ့၏။ ဥက္ကဋ္ဌဘရန်ဆိုင်းသည် ကမ္ဘာ့နိုင်ငံအနှံ့ ခရီးဆန့်ပြီး KIA အတွက် Propaganding များ လုပ်နိုင်ခဲ့၏။ NDF ခေါ် အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစုတွင် ပါဝင်ပြီး မြန်မာပြည် ပြည်တွင်း သောင်းကျန်းသူအဖွဲ့ချုပ်၏ ခေါင်းဆောင်ပိုင်းကို KNU နှင့်အပြိုင် ရယူနိုင်ခဲ့၏။

(ဇ) လူမှုရေး

KIA တို့သည် ငွေကြေးတောင့်တင်းလာသောကြောင့် ခေါင်းဆောင်ပိုင်း သားသမီးများအား တရုတ်၊ ထိုင်းနှင့် အင်္ဂလန်၊ အမေရိကန်တို့အထိ




မြဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီး စာသင်နိုင်းနိုင်ခဲ့၏။ မြို့ပေါ်ရှိ ဘွဲ့ရ ခေတ်ပညာတတ် လူငယ်များအား ငွေကြေးသုံးစွဲ ဘန်းပြပြီး KIA တပ်တွင်း သွတ်သွင်းနိုင်ခဲ့၏။ ကချင်သမီးပျိုကလေး များကိုပင် KIA စစ်သမီး အဖြစ် ဆွဲဆောင်စည်းရုံး၍ KIA Women Corp ကိုပါ တည်ထောင်နိုင်ခဲ့ ၏။ သူတို့ထောက်ပံ့လိုသူ များအား လူမသိ သူမသိ ထောက်ပံ့နိုင်ခဲ့၏။ အခြေခံလူတန်းစားများကို ငွေကြေး အသုံးချကာ စည်းရုံးနိုင်ခဲ့၏။ ပျော်ပွဲရွှင်ပွဲများကို ပါဂျိုဒြ ကျင်းပနိုင်ခဲ့၏။ NDF တပ်ဖွဲ့ဝင်များအား ဖိတ်ကြား ပြီး ပါဂျိုဒြ ခမ်းနားကြီးကျယ်စွာ ပြုစုနိုင်ခဲ့၏။ KIA တပ်ဖွဲ့ကို အထင်ကြီးအောင် ဆွဲဆောင် စည်းရုံးနိုင်ခဲ့၏။

ဤသည်မှာ ပါဂျိုနားဖော့ဒေသအား မိမိ တပ်မတော်က တိုက်ပြီး မသိမ်းပိုက်နိုင်မီ ကာလက အခြေ အနေများပါခင်ဗျာ။





## တပ်မတော်မှ ဆက်လက်ဆောင်ရွက်သင့်သည့် အစီအစဉ်များ

တပ်မတော်မှ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည့် KIA ဗဟိုပါဂျိုနားဖော့ဒေသ ခလားယန်၊ လဲလုံ၊ ဂျာဘူ၊ နမ်ဆန်ယန်ဒေသသည် ဗန်းမော်နှင့် မြစ်ကြီးနားသွား ကားလမ်းမကြီးကို အမှီပြုထားသည့် ဒေသကြီး ဖြစ်၏။ ဧရာဝတီမြစ်ကြီးနှင့် အရှေ့ဘက်တောင်တန်းကြီးများကြား ဒေသဖြစ်၏။ တရုတ်ပြည် ယူနန်နယ်နှင့်လည်း တစ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



တစ်စပ်တည်း ဒေသလည်း ဖြစ်၏။ ရောဝတီ အနောက် ခြမ်း ကျောက်စိမ်းနယ်မြေမှ တရုတ်ပြည်သို့ သွားနိုင်သည့် အတိုဆုံးလမ်းလည်း ဖြစ်၏။

ထို့ကြောင့် ဤနယ်မြေကိုသာ မိမိတို့ထိန်းချုပ်ထားနိုင်ပါက KIA တို့၏ ခါးကို ပိုင်းဖြတ်ပြီး KIA တို့အား စစ်ရေး၊ စီးပွားရေး၊ လူမှုရေးများအရ အားလုံးနှင့် အဆက်ဖြတ်ထားနိုင်မည် ဖြစ်ပါသည်။

စီးပွားရေးအရ KIA တို့အနေဖြင့် ပြည်တွင်း ပြည်ပကူးသန်းရောင်းဝယ်ရေးများကို ကန့်သတ်ပြီး အထူးသဖြင့် ဝင်ငွေအလွန်ကောင်းသည့် ကျောက်စိမ်း၊ ဘိန်း ရောင်းဝယ်မှုများကို ထိရောက်အောင် ဟန့်တားနိုင်မည် ဖြစ်ပါသည်။ အမိကထိန်းချုပ်သွားနိုင်ပါမည်။

နိုင်ငံရေးအရလည်း KIA တို့ကို ကန့်သတ်နိုင်ပြီး လူထုအား မမှန်မကန်စည်းရုံးဟောပြောဆွဲဆောင်မှုများအား တားဆီးသွားနိုင်ပါမည်။ ဒေသခံများအား KIA နောက်သို့ ပါမသွားဘဲ မိမိတပ်မတော်သို့သာ ဝင်ရောက်လာအောင် ဆွဲဆောင်နိုင်ပါမည်။

မိုးလဲချောင်းပတ်ဝန်းကျင်၏ ဘယ်ညာရှိ ဒေသ၊



ပိုင်းမော်မြို့နယ်၊ နန်ဆန်ယန်၊ ကန်တော်ယန် နယ်မြေများတွင် မှန်ကန်သော စည်းရုံးရေးများ တည်ဆောက်ကာ မိမိတို့အတွက် အမာခံများ ဖြစ်လာမည့် ပြည်သူ့ စစ်များ၊ သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့ (သကဖဆ) များကို တိုးချဲ့ဖွဲ့စည်းလာနိုင်ပါမည်။

နားဖော့ပါကို ဒေသအား ထိန်းချုပ်ပြီး ကျန် KIA တပ်မဟာများအား တစ်ခုချင်းဆီ ကန့်သတ်၍ ပိုင်းပတ်ချေမှုန်းရေးများ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ၎င်းတို့အချင်းချင်း ဆက်သွယ်ရေးအား ဖြတ်တောက်၍ တစ်ပိုင်းစီ တစ်စစီ ချေမှုန်းသွားခြင်းအားဖြင့် နောင်အခါတွင် လက်စတုံးချေမှုန်းရေးများကိုပါ ပြုလုပ်၍ ကချင်ပြည်နယ်တစ်ခုလုံး အဖြူရောင်နယ်မြေကြီးအဖြစ် အသွင်ပြောင်းသွားအောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**နိဂုံးချုပ်စော်ဖြစ်ချက်**

လက်ရှိစစ်ဆင်ရေးပြုလုပ်ခဲ့သော KIA ဗဟိုပါကို နားဖော့ဒေသသည် KIA ကွပ်ကဲမှုအောက်တွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရသဖြင့် ကျေးရွာလူထုအများက KIA



www.burmeseclassic.com

www.burmeseclassic.com



ကို အစိုးရထင်ပြီး တပ်မတော်ကို ကျူးကျော်သူများ ဟု အထင်မှား အမြင်မှားများ ရှိနေခဲ့ပါသည်။ ထို့ပြင် လူမှုရေး၊ စီးပွားရေးများမှာလည်း များစွာနောက်ကျ လျက် ရှိပါသည်။ ထို့ကြောင့် ဒေသခံပြည်သူလူထုအား မှန်ကန်သော စည်းရုံးရေးဖြင့် အတွေးအခေါ်များ ပြောင်းလဲလာအောင် ဆောင်ရွက်ရပါမည်။

KIA များကို အနိုင်တိုက်ပြီး အောင်မြင်မှုရခဲ့သဖြင့် ဒေသခံများမှ KIA တို့ကို အထင်ကြီးနေခြင်းအား ပယ်ဖျက်နိုင်ခဲ့၏။ ဆက်လက်၍ မိမိတို့နှင့် တစ်သားတည်းကျလာအောင် ကောက်သင်းကောက် စစ်ဆင်ရေးများ ဆောင်ရွက်သင့်ပါသည်။ ရောဝတီအနောက်ဘက် ကျောက်စိမ်းနယ်မြေအား ပိတ်ဆို့၍ KIA တို့ စီးပွားရေးကို ထိန်းချုပ်ရပါမည်။ နိုင်ငံရေးအရလည်း လူထုကို အဆက်မပြတ် စည်းရုံးပြီး အောက်ပါစီမံချက်များကို ပြုလုပ်သင့်ပါသည်။ ပြုလုပ်ရပါမည်။

(က) တပ်မတော်စစ်ကြောင်းများတွင် နိုင်ငံရေး ကေဒါများ ဒေသတာဝန်ခံများနှင့်အတူ မြို့နယ်ပါတီယူနစ်များမှ ကေဒါများ တွဲဖက်ပေးပြီး လူထုကို





ပြန်လည်စည်းရုံးသိမ်းသွင်းသင့်ပါသည်။ ပါတီကေဒါများဖြင့် ရေရှည်စည်းရုံးရေး အစီအမံများ ချမှတ်ဆောင်ရွက်သင့်ပါသည်။

(ခ) နားဖော့ပါကျို၊ ခလားယန်၊ ဂျာဘူဒေသမှ လူထုသည် နိုင်ငံတော်နှင့် အဆက်အသွယ်ပြတ်နေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်သဖြင့် ခေတ်စနစ်များ ပြောင်းလဲနေသည်ကို မသိရှိခဲ့ကြပါ။ ကချင်ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ရေး ရထားသည်ကိုလည်း မသိခဲ့ကြပါ။ သို့ပါ၍ ကောင်စီပိုင်းမှ ကျေးရွာအဆင့်ထိ ပြည်သူ့ကောင်စီများ ဖွဲ့စည်းပြီး ကျေးရွာအုပ်ချုပ်ရေးများကို ပြန်လည်ဖော်ဆောင်သင့်ပါသည်။ မြို့နယ် ကောင်စီများမှ ကြီးကြပ်ဆောင်ရွက်သင့်ပါသည်။ ပြည်နယ်အဆင့်များမှ လာရောက်ကြည့်ရှု တွေ့ဆုံ အားပေးသင့်ပါသည်။

(ဂ) ထိုဒေသများရှိ ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်များမှ ကွင်းဆင်းဆောင်ရွက်ပေးရပါမည်။ ပြည်သူတို့ ယုံကြည်မှုရအောင် လုပ်ဆောင်ပေးရမည်



www.burmeseclassic.com

www.burmeseclassic.com




မည်။ ထိုသို့ ဆောင်ရွက်ရင်း ပြည်သူတို့အတွက် စားဝတ်နေရေးအဆင်ပြေအောင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ထုတ်လုပ်ရေးလုပ်ငန်းများကို စီမံပေးသင့်ပါမည်။ ထို့ပြင် လူဦးရေစာရင်းများ၊ စီးပွားရေး စစ်တမ်းများ ကောက်ယူပြီး မှတ်ပုံတင်ထားရှိသင့်ပါသည်။ ရေရှည်အကျိုးစီးပွားအရ ဌာနအလိုက် တာဝန်ခံများ ထားရှိပြီး စီမံကိန်းချကာ ဆောင်ရွက်သင့်ပါသည်။

ဤသည်မှာ ဖြစ်ပေါ်လာမည့် နောက်အနာဂတ်အတွက် ကြိုတင်မျှော်တွေးကာ မြောက်ပိုင်းတိုင်း တိုင်းမှူး၏ မှာကြားချက်များမှ ကောက်နုတ်တင်ပြခြင်း ဖြစ်ကြောင်းပါခင်ဗျား။

■







ပါရို-နားဘော့တိုက်ပွဲမှ သိမ်းဆည်းရမိလက်နက်များ ဗိုလ်ချုပ်ကြီးသန်းရွှေလာရောက်စစ်ဆေးနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



KIA တို့၏ နားဇော့စခန်း တစ်စိတ် တစ်ဒေသ



၁၉၈၅-ခုနှစ်က မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်ခဲ့သည့်
ဘာတီးလ်လင့်တနာ



နားဇော့စခန်းမှ ခံစစ်ပြင်နေသည့် KIA များ

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၅ – ခုနှစ်က မြန်မာနိုင်ငံသို့ တရားမဝင်ဝင်ရောက်ခဲ့သည့်
ဘာတီးလ်လင့်တနာ နှင့် ဇနီး



၁၉၇၈ – ခုနှစ်က ရွှေကူအား ဝင်ရောက်တိုက်ခိုက်ခဲ့သည့်
KIA မှ ဗိုလ်မှူးပန်းအောင်

# အခန်း ( ၆ )

## KIA နှင့် Bertil Lintner

## ကေအိုင်အေနှင့် ဘာတီးလ်လင့်တနာ

**KIA** များ ထိန်းချုပ်ထားသော မြန်မာပြည်မြောက်ဖျားသို့ ဆွီဒင်လူမျိုးသတင်းစာဆရာ **Bertil Lintner** ဘာတီးလ်လင့်တနာသည် ၁၉၈၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံ **Naga Land** ပြည်နယ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်း သို့ တရားမဝင် ဝင်ရောက်ရန် ကြိုးစားခဲ့၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူသည် အိန္ဒိယတွင် လအတန်ကြာ အခြေပြုပြီး မြန်မာနိုင်ငံမြောက်ဖျား KIA နယ်မြေသို့ ဝင်ရောက် နိုင်ခဲ့၏။ မြောက်ဖျားမှတစ်ဆင့် KIA များ အကူအညီဖြင့် ရောဝတီ အရှေ့ခြမ်း KIA နယ်မြေများကို ဖြတ်ကျော်ပြီး ဗကပ အရှေ့မြောက် ဗဟိုခွဲရှိသည့်နေရာများသို့ ရောက်ခဲ့၏။ စီစီဝမ်တာပန်တိုက်ပွဲကာလနှင့် သွားတိုးနေခဲ့သည်။ ထိုဒေသကို ဖြတ်ကျော်ပြီးနောက် ဗကပ ဗဟိုပန်ဆန်းသို့ ရောက်သွားသည်။ ပန်ဆန်းမှတစ်ဆင့် ကျိုင်းတုံအရှေ့ခြမ်းသို့ ဗကပများ အကူအညီနှင့် ဆင်းချသွားခဲ့၏။

မြန်မာနိုင်ငံအတွင်း၌ တစ်နှစ်ခွဲကျော် ကြာသွားခဲ့သည်။

သူသည် သတင်းစာဆရာ စာရေးဆရာဖြစ်သဖြင့် သူ သွားလေရာ၊ တွေ့လေရာ၊ မြင်လေရာကို မှတ်တမ်းတင်ထားခဲ့သည်။ ကျိုင်းတုံအရှေ့ခြမ်းမှတစ်ဆင့် တရုတ်ပြည်တွင်းသို့ ဝင်သွားနိုင်ခဲ့၏။ တရုတ်တို့က သူ့အား တရားမဝင် ဝင်ရောက်မှုနှင့် ဖမ်းဆီးပြီး ဟောင်ကောင်သို့ ပို့ခဲ့၏။ ထိုမှ သူသည် ဆွီဒင်နိုင်ငံသို့ ပြန် ရောက်သွားခဲ့၏။

KIA နယ်မြေတွင် လပေါင်းအတော်ကြာနေခဲ့





ရာတွင် KIA ဗဟိုပါဂျိုနားဖော့ဒေသများအကြောင်းကို သူ မြင်တွေ့သလို မှတ်တမ်းတင်ခဲ့၏။

၁၉၉၀ လောက်၌ ထိုခရီးစဉ်အကြောင်း **Land of Jade** အမည်ဖြင့် စာအုပ်တစ်အုပ် ရေးခဲ့သည်။ ထိုစာအုပ်မှာ ၁၉၈၇ ခုနှစ် KIA ဗဟိုအတိုက်ခံရခါနီး ကာလနှင့် များစွာ မကွာလှချေ။ စီစီဝမ်တာဝန် တိုက်ပွဲကြီးအပြီး၌ မြန်မာ့တပ်မတော်မှ ဗကပနှင့် KIA များအား ပြင်းထန်သော ထိုးစစ်များဖြင့် ချေမှုန်းခဲ့ရာ ဗကပနှင့် KIA များ အထိနာသွားကြ၏။

ထိုစဉ်က KIA ဗဟိုနှင့်မြန်မာ့တပ်မတော်တို့ တိုက်ပွဲဖြစ်ခါနီး အခြေအနေများကို ရေးသားထားခဲ့ရာ ယခု KIA ဗဟို တိုက်ပွဲကြီးနှင့် ဆက်စပ်ဖတ်ရှုပါက စာရှုသူများ KIA တို့၏ ထိုစဉ်က အခြေအနေကို ရိပ်စားသိရှိနိုင်ပါသဖြင့် **Bertil Lintner** ၏ **Land of Jade** စာအုပ်မှ သက်ဆိုင်ရာအပိုင်း နှစ်ပိုင်းအား သူ၏စာအုပ်မူရင်းပါ အတိုင်း ဘာသာပြန်ကာ ဖော်ပြပေးလိုက်ပါသည်ခင်ဗျား။

ထိုစာပိုဒ်များ မဖော်ပြမီ **Bertil Lintner** အကြောင်းကို အကျဉ်းမျှ ဖော်ပြပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



**Bertil Lintner ဘာတီးလ်လင့်တနာဆိုသည်မှာ**

ဘာတီလ်းလင့်တနာသည် ဆွီဒင်လူမျိုး သတင်းစာဆရာဖြစ်၏။

ဘာတီးလ်လင့်တနာသည် ယခုအခါ အသက် ၆၀ ကျော်ခန့်ရှိပြီဖြစ်သည်။ ၁၉၅၄ ခုနှစ်က မွေးသူ ဖြစ်၏။

မြန်မာနိုင်ငံတွင်းဝင်လာချိန်က သူ့အသက်မှာ ၃၅၊ ၃၆ ခန့်သာ ရှိသေး၏။ သူတစ်ဦးတည်း မဟုတ်။ သူ၏ဇနီး S.S.A မှ **Hseng Noung** ဆိုင်းနောင့်ပါ ပါလာသည်။ သူတို့သည် ယိုးဒယားနိုင်ငံတွင် တွေ့ဆုံပြီး လက်ထပ်ခဲ့ကြ





ခြင်းဖြစ်၏။

ဘာတီးလ်လင့်တနာသည် **Far Eastern Economic Review** အရှေ့ဖျားစီးပွားရေးစာစောင်တွင် ပင်တိုင်သတင်းထောက်ဖြစ်၏။ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် အရေးအခင်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံအစိုးရ ကို ဆန့်ကျင်ပုတ်ခတ် ရေးသားခဲ့သော **Outrage** ဒေါမာန်ဟုန် အမည်ရှိ စာအုပ်ကို ထုတ်ဝေခဲ့၏။ သူသည် ၁၉၇၅ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်တစ်ဦး အဖြစ် လာရောက်ခဲ့ဖူး၏။

၂၁၊ ၈၊ ၈၉ ရက်နေ့တွင် နိုင်ငံခြားသတင်းထောက် ၄၅ ဦးနှင့် မြန်မာနိုင်ငံသို့ ထပ်မံရောက်ရှိခဲ့ပြန်၏။ သူသည် ၁၉၈၄ ခုနှစ်ကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့ခြမ်း ဒေသသို့ သွားရောက်ပြီး ထိုဒေသရှိ ရခိုင်ကွန်မြူနစ် သောင်းကျန်းသူများ၊ မွတ်ဆလင်သောင်းကျန်းသူများနှင့် ပတ်သက်သည့် သတင်းများအား အရှေ့ဖျား စီးပွားရေး စာစောင်တွင် ရေးသားခဲ့သည်။ ၁၉၈၅ ခုနှစ် အောက်တိုဘာ မှ ၁၉၈၇ ခုနှစ် မတ်လအထိ သူနှင့် သူ့ဇနီးတို့သည် အိန္ဒိယနိုင်ငံ **Naga Land** ပြည်နယ်မှတစ်ဆင့် မြန်မာနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



အတွင်း ၁၈ လကြာမျှ တရားမဝင်ခိုးဝင် နေထိုင်ခဲ့သည်။ ရှေ့ဦးစွာ ကချင် KIA စခန်းများသို့ ရောက်ခဲ့ပြီး ပါကိုနားဖော့ ဒေသတွင် KIO ဥက္ကဋ္ဌ ဘရန်ဆိုင်း ၏ ဧည့်သည် အဖြစ် နေထိုင်ခဲ့၏။

ရင်းမှတစ်ဆင့် ရှမ်းပြည်နယ်သို့ ကူးဝင်ကာ ဗမာပြည် ကွန်မြူနစ်ပါတီ ကြူကုတ်ပန်ဆိုင်း ဒေသများမှတစ်ဆင့် ဗကပဗဟို ပန်ဆန်းသို့ ရောက်ရှိပြီး ဗကပဥက္ကဋ္ဌ ဘသိန်းတင်၏ ဧည့်သည်အဖြစ် ဆက်လက် နေထိုင်ခဲ့သည်။

ဘာတီးလ်လင့်တနာသည် ၁၉၈၅ ခုနှစ် မတ်လတွင် ဘန်ကောက်သို့ ပြန်လည်ရောက်ရှိခဲ့ပြီး KIA, KNU, BCP စသူများနှင့် ရင်းနှီးကျွမ်းဝင်လာခဲ့သဖြင့် ၎င်းတို့၏ အမြင်များကို ကောင်းစွာသိရှိလာခဲ့ပြီး မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်အား ပုတ်ခတ်သည့် စာများ ရေးသားခဲ့၏။

သူသည် **Outrage** ဒေါ်မာန်ဟုန်

**Land of Jade** ကျောက်စိမ်းမြေ

**The rise and fall of BPC** ဗမာပြည် ကွန်မြူနစ်ပါတီ၏ နေထွက်ချိန်နှင့် နေဝင်ချိန် စသည့် စာအုပ်များကို





ရေးထုတ်၍ ကမ္ဘာသိ ဖြန့်ချိခဲ့၏။

သူသည် နဝတ/နယက အစိုးရလက်ထက်က ထိုင်းနိုင်ငံ နယ်စပ်ရောက် မြန်မာဆန့်ကျင်ရေးအဖွဲ့ အစည်းများနှင့် ဆက်သွယ်မှုများ ရှိခဲ့၏။

ဆက်သွယ်ပုံမှာ ABSDF ခေါ် မြန်မာနိုင်ငံဒီမိုကရက်တစ် ကျောင်းသားများ တပ်ဦးနှင့် ဆက်သွယ်ရာ၌ မြန်မာနိုင်ငံရှိ သံရုံးတစ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ဘန်ကောက်ရှိ ဘာတီးလ်လင့်တနာထံ ဆက်သွယ်၍ လိုအပ်သည့် သတင်းများပေးပို့သည်။ ဆက်သွယ်နိုင်ရန် အညွှန်းများပေးသည်။ လင့်တနာက ထိုစာအရ ABSDF တို့နှင့်ဆက်သွယ်သည်။ သူ့အား ဘန်ကောက်သံရုံးမှ အတွင်းဝန်အဆင့်ရှိသူတစ်ဦးမှ အကူအညီပေးသည်။ (ဆွီဒင်သံရုံးဟု ယူဆရပါသည်။)

လင့်တနာသည် ABSDF များနှင့်သာမက KIA, KNU များနှင့်ပါ ဆက်သွယ်ခဲ့ရာ KIA ဦးစီးချုပ် ဇော်မိုင်နှင့်လည်း ဘန်ကောက်တွင် တွေ့ဆုံသိကျွမ်းခဲ့၏။ ဇော်မိုင်က KIA နယ်မြေကို လာရန် ကမ်းလှမ်းခဲ့၏။ ဤသို့ဖြင့် KIA နယ်မြေသို့ သူ ရောက်သွားခြင်းဖြစ်သည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းနောင့်နှင့်လည်း ဘန်ကောက်တွင်ပင် တွေ့ခဲ့ခြင်း ဖြစ်၏။

သူသည် ၁၉၈၉–၉၀ လောက်က မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး မဟုတ်မမှန် သတင်းများ အများဆုံး ရေးသားခဲ့၏။

ဥပမာ – **Political Phoenix** ခေါင်းစဉ်ဖြင့် ၃. ၈. ၈၉ နေ့က အာရှအရှေ့ဖျား စီးပွားရေးစာစောင်၌ တစည့်ပါတီမဝင်သည့် အလုပ်သမားများ အလုပ်ထုတ်ခံရခြင်း ဆိုသည့်သတင်း။

– **Dissent in the Ranks in Burma Army** ဟု ဗမာ့တပ်မတော်တွင်း သွေးကွဲနေပြီဆိုသော သတင်း ၁၇. ၈. ၈၉ ရက်နေ့ထုတ် **For Eesten Economic Review** ၌

– သံလျင်ရေနံချက်စက်ရုံ ဗုံးပေါက်ကွဲမှုနှင့် အဖမ်းခံထားရသူများ အပြစ် မရှိကြောင်း သတင်း စသည်ဖြင့် အမျိုးမျိုး





မရှိးရအောင် လုပ်ကြံရေးသားလျက်ရှိ၏။

ယခုအခါ **Bertil Lintner** သည် အသက် ၆၀ ခန့် ရှိပြီး ၎င်း၏ဇနီးနှင့်အတူ ဆွီဒင်နိုင်ငံတစ်လှည့် ဘန်ကောက်တစ်လှည့် နေထိုင်လျက်ရှိ၏။ KIA နယ်မြေတွင် မွေးဖွားခဲ့သော ၎င်း၏သမီးဆိုင်တိုင်းမှာလည်း အသက် ၃၀ နီးပါးရှိပြီး UN တွင် အလုပ်လုပ်ကိုင်နေ၏။

**Bertil Lintner** သည် ဒီမိုကရေစီအစိုးရ လက်ထက်တွင် မြန်မာနိုင်ငံသို့ မကြာခဏ လာရောက်လည်ပတ်ပြီး အရောင်အသွေးရှိသော မြန်မာစာရေးဆရာများနှင့် တွေ့ဆုံတတ်၏။

မည်သို့ဆိုစေ သူသည် မြန်မာနိုင်ငံမှ ရှမ်းအမျိုးသမီးကို ယူထားပြီး မြန်မာနိုင်ငံကို စိတ်ဝင်စားသူ တစ်ဦး အနေဖြင့် သူ၏ ရေးသားဖော်ပြချက်များကို စာရှုသူများ လေ့လာသင့်သည်ဟု ယူဆပါသဖြင့် ပါဂျီ နားဖော့ဒေသ၏ ၁၉၈၇ ခုနှစ်နှစ်က မြင်ကွင်းအား သူမြင်သလို ဖော်ပြခဲ့ခြင်းကို သူ့စာအုပ်မှ မူရင်းအတိုင်း ဖော်ပြလိုက်ရပါသည်ခင်ဗျား။

■



www.burmeseclassic.com

www.burmeseclassic.com



## KIA တပ်မဟာ (၁) နယ်မြေ ထြိုဝံဒေသ

ရေးသူ – **Bertil Lintner**

တပ်မဟာ (၁) ဌာနချုပ်ကား ကျယ်ဝန်း၍ သစ်ကြီးဝါးကြီးတွေ ထူထပ်သော 'လာကောင်ဘွမ်' တောင်ကျောပေါ်တွင် တည်ထားရာ တောင်ထွတ်ကြီးကမူ ကျွန်ုပ်တို့ဝါးတဲနောက်ဘက်မှ ထိုးထွက်နေသည်။ တပ်မဟာစခန်းနှင့်ဘေးပတ်ဝန်းကျင် ရွာအားလုံးကိုမိုး၍ မြင်နေရသဖြင့်အဆိုပါတောင်ထွတ်ပေါ်တွင် လေယာဉ်ပစ် လက်နက်ကြီးတွေဆင်ထားကြောင်း ဗိုလ်ချုပ်ခွန်သာဂန်းက ကျွန်ုပ်တို့ကို



KIA စတင်တည်ထောင်ခဲ့သည့် ဖော်ညီအစ်ကိုနှစ်ဦး
(ဇော်ဆိုင်းနှင့် ဇော်တူး)

www.burmeseclassic.com

www.burmeseclassic.com



ပန်ဆန်းတွင် တွေ့ဆုံနေကြသည့် ဗကပ ဥက္ကဋ္ဌ သခင်ဘသိန်းတင်နှင့်
ဘာတီးလ်လင့်တနာ



SSA စိုင်းလိတ်ကုလားနှင့် KIA ဘရမ်ဆိုင်း တွေ့ဆုံနေပုံ



အဝထးရောက် အစိုးရအဖွဲ့ ဖွဲ့စည်းပြီးစဉ်က
အလယ်မှ ညာ ဘရမ်ဆိုင်း၊ ဒေါက်တာစိန်ဝင်း၊ ဗိုလ်မြ

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌ ဘရန်ဆိုင်း



ဗိုလ်ချုပ်ကြီးဇော်မိုင်



အတွင်းရေးမှူး ဘောင်းဟာရေး



ဗဟိုကော်မတီဝင် ထူးရှိုင်



ဗဟိုကော်မတီဝင် လမာလရိန်း



ဗဟိုကော်မတီဝင် မရမ်ရျာလာ

၁၉၇၀ ခုနှစ် ပတ်ဝန်းကျင်က KIA ဗဟိုကော်မတီဝင်လူကြီးများ



ပြောသည်။

ကြိုဂ်ဒေသတွင်း ဗမာတပ်တွေ ခြေမချနိုင်ခဲ့သည်မှာ ၁၆ နှစ် ရှိပြီဖြစ်သော်လည်း အရပ်သားတွေနေသော ကျေးရွာတို့ကို ပစ်မှတ်ထား၍ လေကြောင်းမှတိုက်ခိုက်နေခဲ့သဖြင့် အရပ်သားတွေမနည်းမနော သေဆုံးခဲ့ရာ ဆိုခဲ့သလို လေယာဉ်ပစ်လက်နက်ကြီးတွေ ပြင်ဆင်ထားခြင်း ဖြစ်သည်။ သို့ရာတွင် လေတပ်တွင်လည်း မကောင်း မကာန်း တိုက်လေယာဉ်အနည်းအကျဉ်းသာ ရှိရသည့်အထဲ လက်နက်ကြီးစာမိပြီး ဆုံးရှုံးသွားမှာကို စိုးရိမ်ကြသဖြင့် လာကောင်ဘွမ်တောင်ထိပ်ပေါ်တွင် 'ဘရောင်နီ' စက်သေနတ်ကြီးတစ်လက် ရှိရုံနှင့် လေကြောင်းရန်ကို ဟန့်တားထားနိုင်ခဲ့သည်။

ကျွန်ုပ်တို့အတွက် ခရီးတစ်ထောက်နားဖို့ စီစဉ်ထားသောနေရာများကား အမြဲတစေ သက်သောင့်သက်သာ ရှိလှသည်။ ပေရေညစ်ပတ်နေသော အဝတ်တို့ကို လျှော်ဖွပ်နိုင်သလို ကျွန်ုပ်အနေနှင့်လည်း အိပ်ခန်းအပြင်ဘက် မီးလင်းဖိုဘေးတွင် စားပွဲကုလားထိုင်ခင်း၍ မှတ်စုမှတ်ရာတွေ ရေးနိုင်ချတ်နိုင်သည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အိမ်ရှေ့မြေကွက်လပ်မှ ကြည့်လျှင် စခန်းတစ်ခုလုံးကို တွေ့မြင်နိုင်ရာ တောင်အောက်တွင် စစ်ရေးပြကွင်းရှိပြီး ၎င်း၏ဘေးတွင် စစ်တန်းလျားတွေနှင့် ရုံးအဆောက်အအုံကြီးတွေကို တွေ့မြင်နေရသည်။ အဆောက်အအုံအားလုံးကို ဝါးဖြင့်လုပ်ထားကြသည်။ တန်းလျားကြီးတစ်ခုထဲတွင် အမျိုးသမီးစစ်သည်တွေက စစ်ယူနီဖောင်းဝတ်စုံတွေ ချုပ်လုပ်နေကြပြီး အခြား အဆောက်အအုံကြီးတွင်မူ ကြိုးမဲ့ ကြေးနန်းစက်ရှိပြီး ရှေ့တန်း တပ်ဖွဲ့ဝင်များနှင့်လည်းကောင်း၊ ပါကီျုနှင့်လည်း ကောင်း နေ့စဉ် ဆက်သွယ်နေကြသည်။

စခန်း၏ ဗဟိုတွင်ကား ကေအိုင်အို မြောက်ပိုင်း တိုင်း၏ အုပ်ချုပ်ရေးရာများ လုပ်ကိုင်ဆောင်ရွက်နေသော ရုံးအဆောက်အအုံကြီးတစ်ခုရှိရာ နံနက်တိုင်း လက်နှိပ်စက် ရိုက်သံတွေ တဖျောက်ဖျောက် ကြားနေရသလို အငြင်းပွားမှု တွေကို ဖြေရှင်းပေးဖို့ဖြစ်စေ၊ မကျေနပ်ချက်တွေကို တိုင်တန်းလို၍ဖြစ်စေ၊ ခေါင်းဆောင်တွေနှင့် တွေ့ဖို့ ရုံးအပြင်ဘက်တွင်တန်းစီနေသော ကချင်အရပ်သားတွေကို လည်း တွေ့နေရသည်။ ဆိုခဲ့သလို စခန်းမြေနေရာ





အနေအထားကိုသော်လည်းကောင်း၊ အမျိုးသမီးတို့ကိုသော် လည်းကောင်း၊ ဗဟိုပြုထားတတ်သည်မှာ လူမျိုးစု လူ့အဖွဲ့စည်းတို့၏ ထုံးစံတစ်ခုလို ဖြစ်နေရာ အရာရှိနှင့် ၎င်းတို့မိသားစုများကား စခန်းထဲတွင် မနေကြဘဲ၊ လာကောင်ဘွမ်မှာ နာရီဝက်မျှလမ်းလျှောက်ရသော ရွာ တစ်ရွာတွင် နေထိုင်ကြရာ မနက်ခင်းဆိုလျှင် ဖိုင်တွဲတွေ ကို ချိုင်းကြားညှပ်ပြီး စခန်းရုံးနှင့် အရာရှိတွေ ရွာကြား ကချင်စစ်သားတွေ ကူးကလန်ခတ်နေကြ ရသည်မှာ တော်တော်ကြည့်ရဆိုးသော မြင်ကွင်းတစ်ခုလို ဖြစ်နေသည်။

မြောက်ပိုင်းတစ်ပိုင်းလုံးကို ကေအိုင်အိုက ပိုင်ပိုင် နိုင်နိုင် ထိန်းချုပ်ထားနိုင်သည်မှာ ဒေသတွင်း တိုင်းရင်းသား တို့၏ စုစည်းညီညွတ်ခြင်းနှင့် ကချင်ဒေသ၏ ဗဟိုချက်မ ဖြစ်၍ပြင်ပလွှမ်းမိုးမှု နည်းပါးတာလည်း ပါသည်။ ကချင် တို့သည်လည်းနာဂတွေလို လူမျိုးစုများစွာ ကွဲပြား နေသည့်တိုင် တစ်မျိုးနှင့်တစ်မျိုး လုံးဝအခြားနားကြီး ခြားကြသည်မဟုတ်၊ ဂျိမ်းဖော၊ မားရူး၊ လားရှီ၊ အာဇီ၊ လီဆူးနှင့် ရဝမ်း စသဖြင့် ကွဲပြားနေသည်မှာ ဘာသာစကား အုပ်စုအရ ကွဲပြားနေခြင်းသာဖြစ်ပြီး လူမျိုးအနေနှင့်မူ



www.burmeseclassic.com

www.burmeseclassic.com



တစ်စုတစ်စည်းတည်းဖြစ်သည်။ စည်းရုံးမှုကို ပိုမိုကျစ်လျစ်စေသည့် နောက်ထပ် အခြင်းအရာတစ်ခုမှာ ရှုပ်ထွေးသော ဆွေမျိုးစုစနစ် ဖြစ်သည်။ ကချင် မျိုးနွယ်စုအားဖြင့် မားရစ်၊ မားရန်၊ လက်ပိုင်း၊ အင်ခွန်နှင့် လက်တော်ဟူ၍ရှိရာ ကချင်တစ်ယောက်အနေနှင့် ဆိုခဲ့သလိုဆွေမျိုးစု ၅ ခုအနက်၊ တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်သဖြင့် တစ်နည်းနည်းဖြင့် ဆွေမျိုးစုအားလုံးကား လိမ်ယှက်၍ ဆွေမျိုးတွေ တော်စပ်နေလေသည်။

ဆိုခဲ့သလို ဆွေမျိုးစု ကွန်ယက်ကြီးတစ်ခုကား မနုဿဗေဒဆရာတစ်ဦးအတွက် ခေါင်းစားစရာ အရှုပ်ထုပ်ကြီး ဖြစ်နေပါသော်လည်း လက်တွေ့တွင်မူ အဆိုပါ စနစ်ကပင် ကချင်လူ့အဖွဲ့အစည်းတစ်ခုလုံးကို တင်းတင်းကျပ်ကျပ် ရက်ဖောက်ထားခြင်း ဖြစ်ပါ၏။ ကချင်လက်နက်ကိုင် လှုပ်ရှားမှုထဲတွင်အများအားဖြင့် မပါဝင်သော ကချင်အုပ်စုတစ်ခုမှာ ရဝမ်အုပ်စု ဖြစ်သည်။ ရဝမ်တို့သည် ကချင်ပြည်နယ် မြောက်ဘက်စွန်း ပူတာအိုဒေသတွင် နေထိုင်ကြပြီး ၁၉၆၅ ခုနှစ် ဝန်းကျင်တွင် ၎င်းတို့ကို ရန်ကင်းအစိုးရက ပြည်သူ့စစ်အဖွဲ့ ဖွဲ့စည်း၍ လက်နက်





တပ်ဆင်ပေးခဲ့ရာ ကေအိုင်အေ တပ်ဖွဲ့တို့က ရဝမ်ကျေးရွာတို့ကို တိုက်ခိုက်ခဲ့သဖြင့် ရဝမ်အမြောက်အများ သေဆုံးခဲ့ရှာသည်။

ယနေ့ ကေအိုင်အေ ခေါင်းဆောင်တို့က ရဝမ်တို့ကို တိုက်ခိုက်ခဲ့သည်ကို မှားကြောင်း ဝန်ခံခဲ့ပါသော်လည်း ရဝမ်တို့၏ အနာဟောင်းက သွေးမတိတ်သေး၊ ရဝမ်အများစုက ကချင်ပြည်နယ် အစိုးရရုံးများကို ဝန်ထမ်းအဖြစ် လုပ်ကိုင်နေကြသဖြင့် ပူတာအိုဒေသတစ်ဝိုက်ကို အစိုးရတပ်တို့က လွယ်လွယ်ကူကူ ထိန်းချုပ်ထားနိုင်ရာ မြစ်ကြီးနားနှင့် အနီးအနားတစ်ဝိုက် အပါအဝင် မြစ်ကြီးနား–မန္တလေး ရထားလမ်းတစ်လျှောက်မှ အချို့မြို့များမှလွဲလျှင် ပူတာအိုကား အစိုးရတပ်များရှိရာ တစ်ခုတည်းသော ကချင်မြောက်ပိုင်းနေရာ ဖြစ်သည်။

ဌာနချုပ်တွင် ကျွန်ုပ်တို့ရောက်နေပြီးဆိုသော သတင်းကား နံဘေးမှ ရွာတွေဆီချက်ချင်းပျံ့နှံ့သွားရာ ရက်အနည်းငယ်လွန်သည်နှင့် ရွာသားတစ်သိုက် ကျွန်ုပ်တို့နှင့်တွေ့ဖို့ ဦးဆုံးရောက်လာသည်။ အသက် ၆၀ ကျော် အမျိုးသားကြီးတစ်ယောက်က ရှေ့မှဦးဆောင်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နောက်မှအမျိုးသမီးတစ်ယောက်နှင့် လူငယ် အမျိုးသား ၂ ယောက် လိုက်ပါလာသည်။ ကချင်အမျိုးသားကြီးကား အစိမ်းနှင့်အနက်ကြား ကချင်လုံချည် ဝတ်ထားပြီး ခါးတွင်ကချင်ဓားတစ်ချောင်းကို သစ်သားဓားအိမ်ဖြင့် ချိတ်ဆွဲထားသည်။ ခေါင်းတွင် ကချင်ခေါင်းပေါင်း ပေါင်းထားပြီး တည်ကြည်ခံ့ညားသော ဥပမိရှိသဖြင့် မြင်မြင်ချင်း ကျွန်ုပ် ခင်မင်သွားသည်။ အသက် ၆၀ ကျော်နေသည့်တိုင် သူကြည့်ရသည်မှာ တောင်တက်ခရီးတက်လာခဲ့ရသည်ကို မမှုလေဟန်၊ သူတို့အားလုံး ဗမာစကား မပြောတတ်သဖြင့် ဆိုင်နောင့်က ဘာသာပြန်လုပ်ပေးရသည်။

ကချင်အမျိုးသားကြီးက ကျွန်ုပ်လက်ကို မြဲမြဲမြံမြံ ဆုပ်ကိုင်လိုက်ရာ ကျွန်ုပ်ကသူတို့ကို အိမ်ထဲသို့ ဖိတ်ခေါ်ပြီး မီးလင်းဖိုဘေးက ကျွန်ုပ်စာရေးစားပွဲ လုပ်ထားသောစားပွဲနှင့် ခုံတွင် ထိုင်စေသည်။ သူက ကျွန်ုပ်အတွက် ကချင် လွယ်အိတ်တစ်လုံးနှင့် ဆိုင်နောင့်အတွက် လုံချည်တစ်ထည် ပါလာရာ ကျွန်ုပ်တို့တွေ့ဆုံခြင်းမှာ သူ့အတွက် အရေးပါကြောင်း လေးလေးနက်နက် ထုတ်ဖော်ပြလိုက်ခြင်း ဖြစ်သည်။ ပြီးနောက် မဆိုင်းမတွ ဆိုသလိုပင် သူကအမှာ





စကား ပြောကြားရာ နားထောင်နေစဉ် တစ်ခဏအကြာမှာပင် ယခုပြောမည့်စကားတို့ကို ပြီးခဲ့သည့်နေ့တွေကတည်းက လေ့ကျင့်ခဲ့သည်မှာ သိသာလှသည်။

"အန်ရောကောင်း ရွာသူရွာသားတွေကိုယ်စား ပြောချင်တာက ကျွန်တော်တို့ဒေသကို အခုလို လာလည်တဲ့အတွက် ခင်ဗျားနဲ့ ခင်ဗျားဇနီးတို့ကို လှိုက်လှဲစွာ ကြိုဆိုပါတယ် ဆိုတာပါပဲ၊ ခင်ဗျားက ဂျာနယ်လစ်တစ်ယောက်ဖြစ်ပြီး ကျွန်တော်တို့ရဲ့ ဒုက္ခ သုက္ခတွေနဲ့ ရုန်းကန်နေရတာတွေကို စာတစ်အုပ်ရေးပြီး ကမ္ဘာကြီးက သိအောင်လုပ်မယ်လို့ သိရပါတယ်။ ဒါဟာ ကောင်းပါတယ်။ ဒီလိုအခွင့်အရေးကို ကျွန်တော်တို့ စောင့်နေတာ နှစ်ပေါင်း အတော်ကြာပါပြီ။ အခုတော့ ဘုရားသခင်ကျေးဇူးတော်ကြောင့် ခင်ဗျား ရောက်လာပါပြီ"

"ကျွန်တော့်နာမည်က ချိုယောက်ကြီတင်ဂန်း ဖြစ်ပါတယ်။ အန်ရောင်ကောင်းရွာက ရွာသူကြီးပါ၊ ဒုတိယ ကမ္ဘာစစ်အခါက အမေရိကန်၊ ကချင် ရိမ်းဂျာတပ်ဖွဲ့ဝင်တွေနဲ့အတူ တိုက်ပွဲဝင်ခဲ့သူပါ။ အမေရိကန်တပ်တွေကို ဒီနေရာမှာ တပ်ချဖို့ ကူညီခဲ့ပြီး သူတို့ ဒါကိုတာ လေယာဉ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းဖို့ လေယာဉ်ပြေးလမ်းတစ်ခုကိုလည်း ဖောက်ပေးခဲ့ပါတယ်''

ဤနေရာတွင် ရေသွင်း စပါးကွင်းကြီးတစ်ခုကိုလည်း သတိထားမိသည်။ စပါးကွင်းဆိုပေမဲ့ ပုံသဏ္ဍာန်က မြင်နေကြပုံစံ မဟုတ်၊ ရှည်မျောမျောကြီးဖြစ်ပြီး သဘာဝ ပေါက်ပင်တို့ကို ခုတ်ထွင်၊ မီးရှို့၍ စိုက်ပျိုးမြေတို့ကို တစ်နေရာမှ တစ်နေရာ ရွှေ့ပြောင်းလုပ်ကိုင်သော အလေ့အထ ကျင့်သုံးသော ကချင်မြောက်ပိုင်းတွင် ယခုလို ရေသွင်း စပါးကွင်းကြီးမှာ လေယာဉ်ပြေးလမ်းဟောင်းကြီးကို လယ်ကွင်းအဖြစ် ပြောင်းလဲ၍ အကျိုးရှိရှိ အသုံးချခဲ့သည်မှာ မေဂျာခွန်သာဂန်ထံမှ သိရသည်။

''ကျွန်တော်တို့က အမေရိကန်တွေကို သဘောကျတယ်၊ သူတို့က ဗမာတွေလိုမဟုတ်ဘူး။ တန်းတူညီမျှ ဆက်ဆံတယ်၊ ဗမာတွေက မောက်မာတယ်။ တောင်တန်းဒေသက ကျွန်တော်တို့တွေကို အထင်သေးကြတယ်။ အခု ကမ္ဘာကြီးကို ကျွန်တော်ပြောချင်ပါတယ်။ မ. ဆ. လ အစိုးရက အမေရိကန်လေယာဉ်တွေ ပစ်ချခဲ့တဲ့ ဗုံးတွေနဲ့ အခု ကျွန်တော်တို့ရွာတွေပေါ်ကို ကြဲချနေကြတယ်''





ကချင်အမျိုးသားကြီးစကားများမှာ ကြိုတင်လေ့ကျင့်ထားသည်ဆိုသော်လည်း ရိုးရိုးသားသားပြောပြနေခြင်းဖြစ်ပြီး ပြောနေရင်း ထောင့်တွင်မျက်ရည်များပင် စို့တက်လာလေရာ နိုင်ငံခြားသားတစ်ယောက်နှင့် ယခုလို ထပ်တွေ့ဖို့အနေနှင့် နှစ်ပေါင်းများစွာ စောင့်ခဲ့ရပေလိမ့်မည်။ ယခုမူ ထိုအခွင့်အရေးကား ဆိုက်ရောက်လာချေပြီ။

''၁၉၈၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့က အန်ကော်ဘွမ်ရွာပေါ်မှာ မဆလ လေယာဉ်တွေ ပျံသွားတယ်၊ ဒီနေရာနဲ့ သိပ်မဝေးဘူး ခင်ဗျားကိုယ်တိုင် သွားကြည့်လို့ရတယ်။ ပြီးတော့ နာရီအနည်းငယ်ကြာတော့ လေယာဉ်တွေနဲ့ ပစ်တော့တာပဲ။ ရွာသူရွာသားတွေက ကေအိုင်အေကို အကူအညီပေးနေသော မှန်ပေမယ့် သူတို့ ဗုံးကြဲတဲ့အချိန်မှာ ကေအိုင်အေစစ်သားတွေ ရွာထဲမှာ မရှိပါဘူး။ ဗုံးလုံးလေးလုံးက အသုဘအခမ်းအနားရှိတဲ့ နေရာသွားထိပြီး လူ ၁၀ ယောက် သေသွားတယ်၊ အများဆုံးက မိန်းမတွေနဲ့ ကလေးတွေပဲ၊ သူတို့က လွတ်အောင် မပြေးနိုင်ကြဘူးလေ၊ အိမ်တွေလည်း အများကြီး ပျက်စီးသွားတယ်''



www.burmeseclassic.com

www.burmeseclassic.com



"လေယာဉ်ပိုက်လော့တွေက သူတို့သတ်နေတာ အရပ်သားတွေဆိုတာ ကောင်းကောင်း သိကြပါတယ်။ ဒီလိုအဖြစ်အပျက်တွေ ကြုံဂံဒေသမှာ အများကြီးဖြစ်နေတာ ကို ကြည့်ရင် သူတို့သိတာ သံသယမရှိပါဘူး။ ၁၉၈၅ ခုနှစ်၊ မတ် ၂၇ မှာလည်း ဒီလိုပဲ၊ ခင်းဒေါင်ယန်းနဲ့ ဘွမ်နှိုင်း ရွာ နှစ်ရွာပေါ် ဗုံးကြဲခဲ့ကြတယ်"

ဤ၌စကားကို ခဏရပ်လိုက်ပြီး ဆက်ပြောဖို့ စဉ်းစားသည်။ သူပြောပြနေသည်တို့မှာ စိတ်လှုပ်ရှားစရာ ကောင်းသော်လည်း သူ့စကားတွေထဲမှာ အနောက်နိုင်ငံသား တွေအပေါ် ခံပြင်းနာကြည်းတာမျိုးတွေ မပါသဖြင့် အံ့သြ ရသည်။ ကျွန်ုပ်ကို မဝေဖန်သလို ငြိတ်သျှနှင့် အမေရိကန် တွေကိုလည်း အပြစ်တင်စကား တစ်ခွန်းမျှကို ပင် မကြားရ၊ ကချင်အမျိုးသားကြီးက သူ့စကားစကို ပြန်ကောက်သည်။

"မဆလအစိုးရက တစ်ကမ္ဘာလုံးကို လိမ်နေတယ်၊ ကျွန်တော်တို့ဟာ ဓားပြတွေဖြစ်တယ်၊ တိုင်းရင်းသား စည်းရုံးညီညွတ်မှုကို ဖြိုခွဲနေကြတယ်လို့ သူတို့က ပြောနေ တယ်။ တိုင်းပြည်ကို ဘယ်သူတွေက တည်ဆောက်ပြီး ဘယ်သူတွေက ဖျက်ဆီးနေတယ်ဆိုတာ ခင်ဗျားကိုယ်တိုင်





မြင်ပြီမဟုတ်လား။ အမှန်အတိုင်းသိအောင် ခင်ဗျားက အမေရိကန်အစိုးရကို ပြောပေးပါ၊ သိရင် သူတို့က ကျွန်တော်တို့ကို ကူညီမှာပါ"

သူတို့အကြောင်းကို ကမ္ဘာကြီးကသိအောင် အတတ် နိုင်ဆုံး လုပ်ပေးနိုင်မည့်အကြောင်း သူ့ကို ကျွန်ုပ်က ကတိ ပေးလိုက်ပါသော်လည်း လက်နက်ကိုင် သူပုန်တွေအားလုံး မူးယစ်ဆေးဝါး ရောင်းဝယ်နေသူတွေဖြစ်၍ အစိုးရက ၎င်းတို့ကို နှိမ်နင်းနေရကြောင်း မြန်မာအစိုးရ၏ မဟုတ် တမ်းတရမ်း ဝါဒဖြန့်ချိနေတာတွေကို ဝါရှင်တန်အစိုးရက မဟုတ်ထင်နေသည်ကိုမူ ကချင်အမျိုးသားကြီးကို ကျွန်ုပ် မပြောရက်။ မဆလအစိုးရ ဝါဒ ဖြန့်နေသလို မဖြစ်နိုင် ကြောင်း အမေရိကန် အာဏာပိုင်အများစုကိုယ်တိုင် ကျွန်ုပ်ကို ဖွင့်ဟပြောပြီးပါသော်လည်း ဤကိစ္စတွင် အမေရိကန်အခွန်ထမ်းတို့၏ ပိုက်ဆံတွေသာမက ပုဂ္ဂိုလ်ရေး ဂုဏ်သိက္ခာတွေကိုပါ မြှုပ်နှံထားပြီးဖြစ် ၍ ဆုံးဖြတ်ချက် ချမှတ်သူတွေအနေနဲ့ ပြဿနာကို အမြင်သစ်နှင့် ကြည့်ဖို့ ခက်ခဲနေခြင်းဖြစ်သည်။ မည်သို့ရှိစေ၊ တစ်ခါက အရှေ့ တောင် အာရှဒေသတွင်းမှာ မဟာမိတ်တို့၏ အကျိုးစီးပွား



www.burmeseclassic.com

www.burmeseclassic.com



ကို အသက်စွန့်ကာကွယ်ခဲ့ သည့်ဟူသော အမြင်သစ်နှင့် ကြည့်ဖို့ ခက်ခဲနေခြင်း ဖြစ်သည်။ မည်သို့ရှိစေ၊ တစ်ခါက အရှေ့တောင်အာရှ ဒေသတွင်းမှ မဟာမိတ်တို့၏ အကျိုးစီးပွားကို အသက်စွန့်ကာကွယ်ခဲ့သည့်ဟူသော အချက်ကပင် အလိုလို ထင်ရှားနေသဖြင့် အမေရိကန်ပြည်သူတို့အနေဖြင့် ဗမာပြည်တွင်းမှအဖြစ်မှန်ကို သိကြပြီဆိုလျှင်ဖြင့် ကချင်တို့၏ လက်နက်ကိုင် တောင်းဆိုနေသည်တို့ကို ကရုဏာထားနိုင်ကြပါလိမ့်မည်။ ပြည်တွင်းစစ် ပဋိပက္ခထဲတွင် ပိတ်မိနေသော ပြည်သူတို့၏ ဒုက္ခ သုက္ခတို့ကို စိုးရိမ်ကြောင်း ကျွန်ုပ်အနေနှင့် ဖော်ပြရုံမှတစ်ပါးလည်း အခြားလုပ်နိုင်စရာမရှိ၊ ကချင်အမျိုးသားကြီးက ကျွန်ုပ်မျက်နှာကို တည့်တည့်ကြည့်ရင်း ဆက်ပြောသည်။

"အခု တြိဂံဒေသကို မဆလအစိုးရက ထိုးစစ်ဆင်ကြားတယ်၊ ကျွန်တော် မကြောက်ပါဘူး။ ငယ်ငယ်က ဂျပန်ကို တိုက်ခိုက်ခဲ့တယ်၊ အသက် ၆၀ အထိလည်း မဆလ တပ်တွေကို တိုက်ခဲ့တယ်၊ ၁၉၆၆ ခုနှစ်ကနေ ၁၉၇၁ ခုနှစ်အထိ မဆလတပ်တွေ သောင်းနဲ့ချီ ရောက်လာပြီး ကျွန်တော်တို့ အန်ရောကောင်းရွာကြီးမှာ



တပ်စွဲကြလို့ ကျွန်တော်တို့တွေ တောထဲပြေးရတယ်၊ ကျွန်တော်တို့မှာ ဆေးဝါး မရှိဘူး၊ အဝတ်တွေကလည်း စုတ်ပြဲကုန်တော့ သမင်ကိုသတ်ပြီး သားရေကို အဝတ်လုပ်ဝတ်ခဲ့ရတယ်။ ကေအိုင်အေက မဆလတပ်တွေကို ပြောက်ကျားနည်းနဲ့ တိုက်တော့ ကျွန်တော်တို့ ရွာသားတွေကလည်း ရရာလက်နက်နဲ့ ပြန်ချခဲ့ကြတယ်။ များသောအားဖြင့်တော့ ကျည်ထိုးသေနတ်တွေ၊ မီးကျောက်သေနတ်တွေနဲ့ ဂျပန်ခေတ်က ကျန်ခဲ့တဲ့ ရိုင်ဖယ်သေနတ်ဟောင်းတွေနဲ့ ပြန်တိုက်ခဲ့ကြရတယ်။

"၁၉၇၀ ခုနှစ်မှာ မဆလတွေ လုံးဝ ပြန်ဆုတ်သွားတော့မှ ကျွန်တော်တို့ဒေသ ငြိမ်းချမ်းတော့တယ်၊ မဆလတပ်တွေကို ကျွန်တော်တို့ လုံးဝ မချေမှုန်းနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့တွေ အားလုံး တောထဲဝင်ပြေးသွားကြတဲ့အခါ ဒီကောင်တွေ စားစရာရဖို့ အခက်တွေ့သွားတယ်။ ဒီကောင်တွေရဲ့ ရိက္ခာထောက်ပံ့ရေးလမ်းကြောင်းက ရှည်လွန်းတော့ စိတ်မချရဘူး။ ဒါကြောင့် သူတို့တွေ ပြန်ဆုတ်သွားရတာပဲ၊ ကျွန်တော်တို့ ရွာက နွားအကောင် ၁၀၀၊ ကျွဲအကောင် ၃၀၀ ခိုးစားသွားကြတယ်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ လူတွေစစ်ပွဲမှာ သေတာရှိသလို အစာရေစာ မရှိ လို့သေကြတာလည်း ရှိတယ်။ ဒီကောင်တွေ ဆုတ်သွားပြီးမှ အားလုံးကို ပြန်တည်ဆောက်ခဲ့တာ အခုဆိုရင် ကျွဲ၊ နွား နည်းနည်းပါးပါးနဲ့ အိုးအိမ်သစ်တွေ ပြန်တည်ဆောက်နိုင်ကြ ပါပြီ''

''မဆလစစ်သားတွေ ပြန်လာမယ်ဆိုရင် လာကြ စမ်းပါစေ၊ ကျွန်တော်တို့ လူတွေဒုက္ခတွေကြုံရမှာ သိပေမယ့် ဒီကောင်တွေကို ပြန်ချမယ်။ အရင်လို မသန်တော့ပေမဲ့ ကျွန်တော် မျက်စိကကောင်းသေးတယ်။ လေကြောင်းရန် ကာကွယ်ဖို့ ကျွန်တော်တို့မှာ လက်နက်ကြီးတွေ လိုနေ တယ်။ ပြီးခဲ့တဲ့ နှစ်ကလေကြောင်းက တိုက်ခိုက်ခံရတဲ့ အတွက် ကလေးတွေကိုရွာထဲက ကျောင်းမှာ တစ်စု တစ်စည်းတည်း စာမသင်နိုင်းရဲဘူး။ ကျောင်းကို ဗုံးထိရင် အားလုံးသေကုန်လိမ့်မယ်။ ဒါကြောင့် ကလေးတွေကို အစုလိုက်ခွဲပြီး တစ်နေရာဆီမှာ စာသင်နိုင်းရတယ်။ တောထဲမှာလည်း သင်ကြရတယ်''

''ဒီကောင်တွေ ဘာလုပ်ချင်သလဲဆိုတာ ကျွန်တော်တို့ သိပါတယ်။ ကေအိုင်အေတွေကို မကူညီနိုင်





အောင် ကျွန်တော်တို့ကို ဒီဒေသကမောင်းထုတ်ပြီး မြစ်ကြီး နား ဆွမ်ပရာဘွမ် မော်တော်ကားလမ်းတစ်လျှောက်က ဒီကောင်တွေ ထိန်းချုပ်ထားတဲ့နေရာမှာ နေရာပြန်ချပေးဖို့ပဲ၊ ဒါပေမဲ့ ဒီအစိုးရလက်အောက်မှာ ကျွန်တော်တို့ လုံးဝမနေ ချင်ကြဘူး။ နေရမှာထက် အသေခံတိုက်တာ ပိုကောင်း တယ်၊ ဒါကြောင့် မဆလအစိုးရကို လေယာဉ်ပျံနဲ့ ဗုံးတွေ ပေးခဲ့တဲ့ အမေရိကန်တွေကို ပြောပြလိုက်စမ်းပါ''

ကျွန်ုပ်၏ ဂျာနယ်လစ် အတွေ့အကြုံတွင် ယခု အင်တာဗျူးက ချို့ယွင်းချက် လိုအပ်ချက် တစ်ခုမှ မရှိသော အင်တာဗျူး ဖြစ်သည်။ ကချင်အမျိုးသားကြီးတစ်ယောက် တည်း ပြောနေသော အကြောင်းတို့မှာ အဖက်ဖက်က ပြည့်စုံနေသဖြင့် ကျွန်ုပ်ဘက်ကမေးစရာ မေးခွန်းပင် မရှိတော့။ အားလုံးပြီးဆုံးသွားသည့်အခါ ကချင်အမျိုးသား ကြီးက သူနှင့်လိုက်ပါလာသူတို့ကို ပြန်ချိန်တန်ပြီ ဆိုသော သဘောဖြင့် ခေါင်းတစ်ချက် 'ဆတ်' ပြလိုက်ပြီး မတ်တတ် ထလိုက်ရာ ကျွန်ုပ်တို့လည်း ထလိုက်ကြပြီး သူ့လက်ကို ကျွန်ုပ်ဆုပ်ကိုင်ထားလိုက်သည်။

''အဘိုးပြောသွားတဲ့အကြောင်းစုံကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



စာတစ်အုပ် ရေးမှာပါ၊ ဒီစာအုပ်ကို ဖတ်မိတဲ့အခါ သူတို့ ပိုပြီးသဘောပေါက်ကြပါလိမ့်မယ်''

ကချင်အမျိုးသားကြီးက ကျေနပ်ပါကြောင်း ခေါင်းညိတ်ပြီး သူ့လူတွေနှင့်အတူရွာဘက်သို့ လှည့်ပြန်သွားလေရာ လက်တစ်ဖက်က ကချင်ဓားကို ဆုပ်ထားပြီး တောင်အောက်သို့ နိမ့်လျှောက်လမ်းလေးအတိုင်း ခြေလှမ်းကျဲကြီးတွေနှင့် ဆင်းသွားပြီး တောထဲသို့ ဝင်ရောက်သွားသော ကချင်အမျိုးသားကြီးကို အိမ်တံခါးဝမှ ကျွန်ုပ်တို့ ရပ်ကြည့်နေခဲ့ကြပါ၏။

ကချင်အမျိုးသားကြီးနှင့် တွေ့ပြီး မကြာခင်မှာပင် ဘိန်းစိုက်ပျိုးရောင်းဝယ်ရေးနှင့် ပတ်သက်သော ဒေသတွင်း ပေါ်လစီကို မေဂျာခွန်သာကန်းအား ကျွန်ုပ် မေးကြည့်ရာ သူက ရှင်းရှင်းပင် ဖြေကြားသည်။

''တြိဂံဒေသမှာ ဘိန်းခင်းတစ်ခင်းတလေများ ခင်များ မြင်မိလို့လား''

အန်ပေါင်ကျက်ရွာမှ နေအိမ်တစ်အိမ်အပြင်ဘက်တွင် တွေ့ရသော ဘိန်းပင်မှလွဲ၍ စီးပွားဖြစ်လောက်သည့် ဘိန်းခင်းတို့ကို မတွေ့ပါကြောင်း ကျွန်ုပ်ကလည်း အဖြေ





ပေးခဲ့သည်။

''အဲဒါ ကျွန်တော်တို့ရဲ့ ဘိန်းပေါ်လစီပဲလေ၊ ကချင်အနောက်နဲ့ မြောက်ဘက်ဒေသမှာ ဘိန်းစိုက်ပျိုးရေးကို ဖျက်သိမ်းပစ်ဖို့ ကေအိုင်အိုက ၁၉၈၄ ခုနှစ်က ဆုံးဖြတ်ခဲ့တယ်၊ အနောက်ဘက်မှာ ကျောက်စိမ်းနဲ့ ပတ္တမြား တူးဖော်ရေး လုပ်ငန်း၊ မြောက်ဘက်မှာဆိုရင် ရွှေတူးဖော်ရေး လုပ်ငန်းတွေရှိတော့ အခြားဝင်ငွေ ရနိုင်တဲ့အတွက် ကျွန်တော်တို့ အကောင်အထည်ဖော်နိုင်ခဲ့တယ်။ ဒီနေရာက မြောက်ဘက် ဂေါင်းရှားမှာလည်း ရွှေကျင်လို့ရတဲ့ နေရာတွေ ရှိတယ်။ မြန်မာပြည်အနှံ့အပြားက လူတွေ ကျောက်စိမ်းတူးဖို့လာကြပြီး သူတို့ဆီက ကျွန်တော်တို့က အခွန်ကောက်တယ်။ ဒါပေမဲ့ ဒေသခံတွေကိုတော့ ဘိန်းစိုက်တာကို ရပ်နိုင်းနိုင်ဖို့အတွက် အခွန်ကင်းလွတ်ခွင့်ပေးခဲ့တယ်။ ဒါပေမဲ့ တပ်မဟာ (၃) နဲ့ (၄) တို့ရှိတဲ့ အရှေ့ဘက်ခြမ်းနဲ့ တောင်ဘက်ခြမ်းမှာတော့ ဘိန်းပြဿနာကို ဖြေရှင်းဖို့ အချိန်အများကြီး ယူရဦးမယ်။ အဲဒီဒေသတွေက ဆင်းရဲတော့ ဘိန်းစိုက်ပြီးတော့ပဲ ဝင်ငွေရှာနေရသေးတယ်၊ ဝင်ငွေရနိုင်မယ့် အခြားနည်းလမ်းတွေ ရှာဖို့ မလွယ်သေးဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဘိန်းစိုက်တာ ဝင်ငွေကောင်းလို့"

ကျွန်ုပ်က ရှမ်းပြည်ဘက်မှ အနေအထားတစ်ခုကို သိထား၍ မေးလိုက်ခြင်း ဖြစ်သည်။ ၎င်းဒေသမှ လက်နက်ကိုင်သူပုန်အုပ်စုတွေအနေနဲ့ ၎င်းတို့ ဒေသ အသီးသီးတွင် ဘိန်းဝယ်လာသော ကုန်သည်များမှ လည်းကောင်း၊ နယ်မြေကိုဖြတ်၍ လားများနှင့် ဘိန်း သယ်သွားသော ကုန်သည်တို့မှလည်းကောင်း ရရှိသော အခွန် အကောက်နှင့်သာ အနိုင်နိုင် ရပ်တည်နေကြရသည်။

"ကောင်းနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီလိုဝင်ငွေမျိုး ကျွန်တော်တို့ မလိုပါဘူး။ ကချင်ပြည်နယ်ဟာ သဘာဝ သယံဇာတတွေ ကြွယ်ဝပါတယ်၊ ကျွန်တော်တို့ လူတွေကို ဘိန်းစိုက်ခွင့်ပြုလိုက်မယ်ဆိုရင် ပထမဆုံး ဘိန်းစား ဖြစ်မယ့် သူတွေက ကျွန်တော်တို့စစ်တပ်အတွက် စစ်သားသစ်တွေ လိုအပ်နေတဲ့ ကလေးတွေပဲ၊ ဘိန်းစားတပ်ကြီး ဖြစ်ခွင့်မပြုနိုင်ဘူး။ ပြီးတော့ ကျွန်တော်တို့ဆီမှာ ဘိန်းစိုက်လိုက်ရင် ကုန်သည်တွေ လာဝယ်ကြမယ်၊ ကုန်သည်တွေနဲ့ အတူ အစိုးရသူလျှိုတွေ ပါလာလိမ့်မယ်၊ ဒါကြောင့် ကျွန်တော်တို့ နယ်မြေထဲကို ဒီလိုကောင်တွေကို ဝင်ခွင့်မပြုနိုင်ဘူး"





"အရင်တုန်းက ဒီမှာ ဘိန်းဘယ်လောက်အထိ စိုက်ခဲ့လဲ၊ အခုဒီကိစ္စကို ခင်ဗျားတို့ ရပ်ပစ်လိုက်ပြီလို့ ဘယ်လိုပြောနိုင်မလဲ"

"ခင်ဗျား ကြိုက်တဲ့ရွာသားတစ်ယောက်ယောက်ကို သွားမေးကြည့်ပါ၊ ပြီးခဲ့တဲ့ ၅ နှစ်က ခင်ဗျား ရောက်လာမယ်ဆိုရင် အဲဒီတောင်တွေအားလုံး ဘိန်းခင်းတွေ ဖုံးနေတာ ခင်ဗျား တွေ့ရမှာပဲ"

မေဂျာက အဝေးက တောင်တန်းပြာကြီးတွေဆီ လက်ညှိုးထိုးရင်း ပြောသည်။ သူ့စကားကို မယုံစရာ အကြောင်းတရား မရှိပါ။ ဒုတိယကမ္ဘာစစ်အတွင်းက ဤဒေသသို့ရောက်ခဲ့ကြသော မဟာမိတ်တပ်ဖွဲ့ အရာရှိတို့၏ ရေးသားချက်တွေကို ကျွန်ုပ်ဖတ်ရသည်မှာ ထိုစဉ်က ဘိန်းစိုက်ပျိုးရေးနှင့် ဘိန်းစားသုံးခြင်းမှာ ကချင်မြောက်ပိုင်း တစ်ခုလုံး အနှံ့ရှိကြောင်း သိထားခဲ့သော်လည်း ယနေ့မူ ဘိန်းခင်းကြီးကြီးတစ်ခင်းတလေသော်လည်းကောင်း၊ ဘိန်းရှူနေသူတစ်ယောက်ကိုသော်လည်းကောင်း မတွေ့ရတော့။

"အသက် ၅၀ ကျော်တဲ့ ဘိန်းစားတွေကို ချွင်းချက်



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ ကျွန်တော်တို့ ခွင့်ပြုထားတယ်။ သူတို့မှာ ဘိန်းဖြတ်ဖို့ အင်အားမရှိတော့ဘူးလေ။ အသက်ကြီးပြီ မဟုတ်လား။ ဒါကြောင့် သူတို့စားဖို့လောက် စိုက်ဖို့ ခွင့်ပြုထားတယ်။ ဒါပေမဲ့ လူငယ်တစ်ယောက် ဘိန်းရှူရင်ပဲဖြစ်ဖြစ်၊ ဘိန်းရောင်းရင်ပဲဖြစ်ဖြစ် ဖမ်းမိရင်တော့ သူတို့ကို အလုပ်ကြမ်းလုပ်နိုင်းပြီး ပြင်းပြင်းထန်ထန် အပြစ်ပေးပါတယ်''

တောင်တန်းဒေသနေ ဘဝတို့သည်ကား ခက်ရော်ကြမ်းတမ်းလှပေရာ ရှေ့ရောက်နေသော ခေတ်ကြီးအတွင်း အသက်ရှင်ကျန် တည်တန့်နိုင်ဖို့ဆိုလျှင် ကြံ့ခိုင်သန်စွမ်းရပေလိမ့်မည်။

တပ်မဟာ (၁) တွင် နေထိုင်နေသော ရက်များအတွင်း ကျွန်ုပ်၏ ရုပ်ပိုင်းဆိုင်ရာ အခြေအနေမှာ အတော်ဆိုးဝါးလာသည်။ ခြေထောက်အနာ ပျောက်သွားလို့မှ မပြီးသေး၊ အနာဟောင်းအောက်နားမှ အဖုကြီး တစ်ဖု ထွက်လာရာ၊ သူ့ဘာသာသူ ပျောက်သွားမည်ဟု ထင်ခဲ့သော်လည်း တဖြည်းဖြည်းနှင့် ကြီးလာပြီး နီရဲ၍ ရောင်ကိုင်းလာသည်။ ကျွန်ုပ်အတွက် အန်ရောကောင်းရွာဆေးရုံမှ ဒေါက်တာတစ်ယောက် စေလွှတ်သော်လည်း





ထုံဆေးမရှိသဖြင့် အနာကိုမခွဲစိတ်မီ လိုအပ်သည့်လက်တွေ့အသေးစိတ်ကိစ္စတို့ကို ဂရုတစိုက် လုပ်ရသည်။

ဦးစွာ စဉ်းနီတုန်းတစ်တုံး ခုတ်ယူပြီး ခြေထောက်ကို အရက်ပျံနှင့် သန့်စင်ပြီးနောက် ခြေထောက်ကို စဉ်းနီတုံးပေါ် တင်ရသည်။ အားကောင်းမောင်းသန် စစ်သားလေးယောက်က ကျွန်ုပ်ခြေထောက်ကို အနေအထားကျအောင် မြဲမြဲဆုပ်ကိုင်ထားသည်။ ကချင်ဒေါက်တာက ခွဲစိတ်ဓားကို ပိုးသတ်ပြီးသည်နှင့် ခွဲလိုက်ရာ ပြည်ပုပ်နှင့် သွေးရေတွေ ရှောခနဲ ထွက်လာသည်။ ဆက်လက်၍ အနာကို သန့်စင်ပြီး ဆေးထည့်လိုက်သော်လည်း တစ်ပတ်ကြာပြီးနောက်တွင်မူ ပိုးပြန်ဝင်လာသဖြင့် နောက်တစ်ကြိမ် ခွဲစိတ်ရပြန်သည်။

ကျွန်ုပ်ခြေထောက်ကို ၂ ကြိမ်ခွဲစိတ်ခဲ့ရသည့် ကြားကာလအတွင်း အနာအခြေအနေမှာလည်း အတော်သက်သာဟန်ရှိသဖြင့် အန်ရောကောင်းရွာသို့ မကြာခဏ ကျွန်ုပ်တို့ သွားလည်ခဲ့သည်။

အန်ရောကောင်းရွာကား အိမ်ခြေ ၇၀ ကျော်ရှိပြီး မြက်ခင်းစိမ်းတွေ ဖုံးလွှမ်းနေသော တောင်ကမူလေးတွေပေါ်မှာ ဝါးအိမ်လေးတွေ ဆောက်ထားကြသည်။ ဘေး



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တွင်မူ မြင့်မြင့်သွန်းသွန်း တောင်ထွတ်ကြီးတွေနှင့် တောင်တန်းကြီးများက ဝိုင်းရံထားရာ သဘာဝရှုခင်းကား ရင်သက်ရှုမောစရာအတိ။ ရွာနီးချုပ်စပ် တစ်လျှောက် သစ်ကြားပင်တွေ ဝိုင်းပတ်ထားပြီး သစ်ပင်အရိပ်အောက်မှာ ဆိတ်တွေ အုပ်လိုက်လွှတ် ကျောင်းထားသည်။ ရွာထဲတွင်မူ ကြက်တွေ၊ ဝက်တွေ ဟိုဟိုဒီဒီ သွားပြီး အစာကောက်နေကြသည်။ ရွာတွင် စာသင်ကျောင်း တစ်ကျောင်း၊ ဘုရားကျောင်းတစ်ကျောင်းနှင့် ဆေးရုံတစ်ရုံရှိပြီး ဆေးရုံဝင်းအတွင်းတွင် ကျန်းမာရေးလုပ်သားတို့ကို သင်တန်းပေးပြီး သင်တန်းပြီးသည့်အခါ ကြိုဂံဒေသ အစွန်အဖျားနေရာတို့ကို စေလွှတ်၍ အရပ်သားတို့၏ ကျန်းမာရေးကိစ္စတို့ကို စောင့်ရှောက်ကြရသည်။ သို့ပေမဲ့ ကေအိုင်အေ စစ်ဘက်အတွက်မူ သီးခြားဆေးဘက် ဆိုင်ရာဌာနတွေ ရှိသည်။

ရွာသူရွာသားတွေဘဝကား ကြမ်းတမ်း၍ ရိုးစင်းလှသည်။ မိန်းမတွေ အားလုံးတောထဲသွား ထင်းရှာကြရပြီး နေ့လယ်ပိုင်းတွင် ထင်းတွေကို ခြင်းကြီးတွေနှင့် ကျောပိုးပြီး ပြန်လာကြသည်။ ယောကျ်ားတွေက တစ်နေကုန် နီးပါး





လယ်ကွင်းတွေထဲမှာ အလုပ်လုပ်နေကြပြီး တစ်ခါတစ်ရံ အလုပ်တစ်ဖက်နှင့် အသက် ၆ နှစ်၊ ၇ နှစ် ကလေးတွေနှင့် အတူ စာသင်ကြရသည်။ အားလပ်ချိန်ရသည့်အခါများတွင်မူ ကလေးများကား သစ်သားဂျင် များနှင့်အတူ စာသင်ကြရသည်။ အားလပ်ချိန်ရသည့်အခါများတွင်မူ ကလေးများကား သစ်သားဂျင်များနှင့်ဖြစ်စေ ကုလားမ ဝါးခြေထောက်များနှင့်ဖြစ်စေ ဖုံတသောသောနှင့် ရွာလမ်းမတွေပေါ်မှာ ကစားတတ်ကြသည်။

ကလေးတွေ အများဆုံး ကစားသော ကစားစရာ တစ်ခုမှာ ဘီးလုံးလှိမ့်တာပဲ ဖြစ်သည်။ သစ်သားဘီးလုံး ၂ လုံးကို ဝါးဝင်ရိုးတစ်ခုတပ်ပြီး အလယ်ဗဟိုတွင် ဝါးလုံး တစ်နိုင်လုံးနှင့် ချိတ်၍ တအိအိနှင့် ရှေ့ကိုတွန်းသော ကစားနည်းဖြစ်သည်။ သူတို့နေထိုင်ရသည့် မြေအနေအထားအရ တောင်တန်းဒေသဖြစ်သဖြင့် ဤသည်ကိုပင် များလှည်းအမှတ်နှင့် ဆော့ကစားခြင်း ဖြစ်သည်။

ရွာမှ အသက် ၅၀ ကျော် အမျိုးသားကြီးအချို့ကား ဗြိတိသျှတပ်မှ ကချင်လဲဗီး Levies တပ်ဖွဲ့ (သို့) အမေရိကန်စစ်တပ်မှ ကချင်ရိန်းဂျားတပ်ဖွဲ့တွင် စစ်မှု



www.burmeseclassic.com

www.burmeseclassic.com



ထမ်းခဲ့ကြဟန်တူသဖြင့် သူတို့နှင့်တွေ့လျှင် ဂျပန်တွေကို သူတို့ ဘယ်လို စွန့်စွန့်စားစား တိုက်ခဲ့သည်တို့ကို ပြောပြ တတ်သည်။

ထိုစဉ်က သူတို့နှင့် လက်တွဲတိုက်ခိုက်ကြသော မဟာမိတ်စစ်သားတွေအပေါ် အတော်ပင်သံယောဇဉ် ရှိခဲ့ကြသဖြင့် ယခုနှစ်ပေါင်းများစွာ ကြာခါမှ အနောက်တိုင်း သားတစ်ယောက် သူတို့မြေပေါ် ရောက်လာသည့်အတွက် သူတို့အမှန်ပင် ပျော်ရွှင်နေကြရာ သူတို့က ကျွန်ုပ်ကို ဆာဂျင်မေဂျာဂုံးအကြောင်း၊ တပ်သား ဝဲ(လ်)ဆင် သို့တည်း မဟုတ် အမေရိကန်တပ်သား ဂျွန် ဘယ်သူဘယ်ဝါ အကြောင်း မကြာခဏ မေးတတ်ကြသည်။ ဆိုခဲ့သလို မှတ်မိလွယ်သော အင်္ဂလိပ်နာမည်တွေအပြင် တစ်ခါတစ်ခါ ကျွန်ုပ် လုံးဝနားမလည်သော အသံထွက်နှင့် အမည်တစ်လုံး နှစ်လုံးလည်း ပါလာတတ်သည်။ ၎င်းတို့ထဲက အမည် တစ်ခုမှာ ဒူးဝါးဘောက်နှင့် အခြားတစ်ခုမှာ ဒူးဝါးကျော်ဒန် ဖြစ်သည်။

ကျွန်ုပ်အနေနှင့် **Ian Fellows - Gordo** ရေးသား ခဲ့သော **The Battle for Naw Seng's Kingdom** ကို





ဖတ်ဖူးသဖြင့် သူတို့ပြောနေသော အမည်တွေထဲက ရှေ့ စာလုံး ဒူးဝါးဟူသည် ဒုတိယဗိုလ်ချုပ်ကြီးကဲ့သို့ အရာရှိကို ဆိုလိုကြောင်း အလွယ်တကူ သိနိုင်ပါသော်လည်း နောက် စာလုံးတွေကိုကား စဉ်းစားရကျပ်နေသည်။ ကချင်စကားနှင့် ကျွန်ုပ်စတင် ကြုံခဲ့ရစဉ်ကတည်းက အင်္ဂလိပ်အသံ "F" ကို ကချင်တို့က "P" သံဖြင့် ပြောနေကြသည်ကို ကျွန်ုပ်သဘောပေါက်သော်လည်း ယခု 'ကျော်ဒန်' ကမူ ရက်အတော်ကြာကြာ ကျွန်ုပ်ကို ခေါင်းစားနေခဲ့သည်။ သူတို့ပြောစကားအရ ကျော်ဒန်ဆိုသည်ကား အရပ် ရှည်ရှည်၊ ကုလားတွေလို နှုတ်ခမ်း မွေးရှည်ရှည်နှင့် တစ်ခါ တစ်ခါ ဘိန်းရှူလျှင် ဒေသခံကချင်တွေကို မျှဝေပေးတတ် သည်။ အားလုံးအပေါ် ရင်းနှီး ဖော်ရွေပြီး ဟာသဓာတ်ခံ ရှိသည်ဟု ဆိုသည်။

"သူက ကျုပ်တို့လိုပဲ ကချင်စကားကောင်းကောင်း ပြောတတ်တယ်။ ဒါပေမဲ့ အခု သူဘယ်ရောက်နေသလဲ မသိဘူး"

ကျွန်ုပ်သိသောအသိအရ ဂျပန်တွေကို တိုက်ဖို့ ကချင်တပ်ဖွဲ့ကို စတင်စုစည်းခဲ့သော ဗြိတိသျှတပ်မှူး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ထဲကတစ်ယောက်မှာ ဖို့(ဒ်) ဖြစ်သည်။ သို့ပေမဲ့ သူတို့ပြောသော ကျော်ဒန်ကို စဉ်းစားမရ။ ကျော်ဒန်ဟူသော အသံထွက်ကလည်း အင်္ဂလိပ်အသံ မဟုတ်၊ ကချင်နှင့် မိုဆင်နေသည်။ သို့နှင့်ညတစ်ည ဆန်အရက်တစ်ခွက် နှစ်ခွက် သောက်ပြီး မီးလင်းဖိုနားတွင် မီးလှုံနေခိုက် ကချင်တောင်တန်းဒေသက နောက်ဆုံးစစ်ပွဲနှင့် ပတ်သက်သော စာအုပ်တစ်အုပ်ကို လှန်လှောကြည့်နေရာက မြန်းဆို ကျွန်ုပ် သိလိုက်သည်။ ဟုတ်ပြီ၊ ကျော်ဒန်ဆိုသည်မှာ စာအုပ်ရေးသားသူ ဂေါ်ဒွန် ကိုယ်တိုင်ဖြစ်သည်။ ကျွန်ုပ် နားလျှမ်းသွားခြင်း ဖြစ်သည်။ နောက်တစ်နေ့တွင် ဆိုင်နောင့်နှင့် ကျွန်ုပ်တို့ အန်ရောကောင်းရွာသို့ လမ်းလျှောက်သွားပြီး စစ်ပြန်ကြီးတချို့နှင့်တွေ့ရာ တစ်ယောက် သောသူက စာအုပ်ထဲက စာရေးဆရာဓာတ်ပုံကို လက်ညှိုးထိုးရင်း ရှက်ချင်း အဖြေပေးလိုက်သည်။

"ဟုတ်တယ် ... ဒူးဝါးကျော်ဒန် ဆိုတာ သူပဲ"

တပ်မဟာ (၁) ဌာနချုပ်တွင် ကျွန်ုပ်တို့ရှိနေစဉ် ဖိလစ်ပိုင်တွင် အာဏာရှင်မားကိုး(စ်) ဖြုတ်ချပြီး ရွေးကောက်ပွဲကျင်းပသည်နှင့် တိုက်ဆိုင်နေရာ ဘီဘီစီ





အသံလွှင့်ဌာနမှ ဖိလစ်ပိုင်နှင့် ပတ်သက်သော သတင်း ထုတ်ပြန်ချက်တို့ကို ကချင်အမျိုးသား တော်တော်များများ က စိတ်ဝင်တစား နားထောင်လာခဲ့ရာ အာဏာရှင် မားကို့(စ်) တို့မိသားစု ဟာဝါယီသို့ လေယာဉ်ဖြင့် ထွက်ပြေးသွားသည့်သတင်း ကြားလိုက်ရသည့်နေ့တွင်မူ ဗမာပြည်မြောက်ဖျား တောင်တန်းတွေကြားက ကျွန်ုပ်တို့သည်လည်း ဖိလစ်ပိုင်ပြည်သူတွေနှင့်အတူ အောင်ပွဲခံလိုက်ကြပြီး လူတိုင်းပါးစပ်ဖျားက ယခုလို ပြောဆိုနေကြပါ၏။

"နောက်တစ်ခါ နေဝင်းအလှည့်"

"အာဏာရှင်ခေတ် ကုန်ပြီ"

"မကြာခင် ဗမာပြည်မှာ ဒီမိုကရေစီပြန်ရတော့မယ်"

"နေဝင်းကရော ဘယ်ကိုပြေးမလဲ၊ သူလိုလူကို အမေရိကားက လက်ခံမှာ မဟုတ်ဘူး"

"ဆွမ်ဇလန်ကိုလား။ အဲ့ဒီမှာ သူ့ပစ္စည်းတွေ ဝှက်ထားတယ်လေ၊ ကျောက်စိမ်းတွေ၊ ရွှေတွေ၊ ဒေါ်လာတွေ အထပ်လိုက် အဖိုးတန်ကျောက်တွေ"

"ဟုတ်တယ်၊ သူနဲ့ယှဉ်လိုက်ရင် မားကို့(စ်)က



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသွားပြီ''

သူတို့ပြောဆိုနေကြသည်တွေထဲမှာ ချဲ့ကားတာတွေလည်း ပါမည်။ ရိုးရိုးသားသား မှန်းဆတာတွေလည်း ပါသည်။ မည်သို့ရှိစေ ထိုနေ့ရက်သည်ကား လူနည်းစု တိုင်းရင်းသားတွေဘက်က အစိုးရကို ပုန်ကန်ဆန့်ကျင်ဖို့ အတွက် တွန်းအားပေးလိုက်သော နေ့တစ်နေ့ပင် ဖြစ်သည်။ ရန်ကုန်နှင့် မန္တလေးသို့ သွားဖို့ဆိုလျှင် လက်နက်ကိုင် ပြောက်ကျားနယ်မြေအတွင်း မဖြတ်ဘဲနှင့် မြန်မာပြည်သို့ တရားဝင် သွားရောက်ဖို့ မဖြစ်နိုင်၊ ဒေသခံတိုင်းရင်းသား များကား ခင်မင်စရာကောင်းပါသော်လည်း အစိုးရကို ဘာကြောင့် အောက်ကျို့လွန်းနေရသည်ကို ကျွန်ုပ် နား မလည်နိုင်။ အကျင့်ပျက် ခြစားနေသလို တိုင်းပြည်ကို အုပ်ချုပ်ဖို့ အရည်အချင်းမမီသော စစ်အစိုးရ၏ အုပ်ချုပ်ခံ နေရသောဘဝထက် ပို၍ကောင်းမွန်သော ကံကြမ္မာနှင့် ထိုက်တန်သူတွေဟု ကျွန်ုပ် ယုံကြည်သည်။

တပ်မဟာ (၁) တွင် ကျွန်ုပ်တို့ ခေတ္တနေထိုင်ရင်း နေ့ရက်တွေ ကုန်ဆုံးသွားသည်။ ကျွန်ုပ်ခြေထောက်မှာ အနာပျောက်ကင်းအောင် စောင့်နေရသည်ဆိုသော်လည်း





ကျွန်ုပ်တို့ ရှေ့ခရီးစဉ်အတွက် ညွှန်ကြားချက်တွေ ယူလာမည့် ပါဂျိုမှ တပ်မဟာတပ်မှူး ဒု-ဗိုလ်ချုပ်ကြီး ဇော်ပန်း ပြန်အလာကို အဓိကစောင့်နေခြင်း ဖြစ်သည်။ လုံခြုံရေးအရ ကျွန်ုပ်နှင့် ပတ်သက်သော ကိစ္စအရပ်ရပ်ကို တစ်နေရာမှ တစ်နေရာသို့ သတင်းပို့သည့်အခါ ကြိုးမဲ့ ကြေးနန်းကို တတ်နိုင်သမျှ အသုံးမပြုလို၍ ဖြစ်သည်။

မတ် ၁၇ တွင် သူနှင့်အတူ အဆင့်မြင့်အရာရှိ အချို့ ရောက်လာသော်လည်း အလုပ်ရှုပ်နေသဖြင့် နောက်တစ်နေ့ နေ့လယ်ပိုင်းရောက်မှသာ ကျွန်ုပ်တို့နှင့် လာတွေ့နိုင်သည်။ အရပ်ပုပုပ်ပုပ်၊ ခန္ဓာကိုယ်တုတ်ခိုင်ပြီး အသက် ၄၀ ကျော်အရွယ် ဒု-ဗိုလ်မှူးကြီးက မီးလင်းဖို ဘေးမှ ထိုင်ခုံတွင်ထိုင်ပြီး စီးကရက်ကို မီးညှိသည်။ ကျွန်ုပ်တို့ထွက်ခွာလာခဲ့သည်ကို အစိုးရဘက်က သိ၊မသိ မေးကြည့်ရာ သူက ယခုလိုတင်ပြပေးသည်။

"ခင်ဗျား ဒီမှာရောက်နေတာ သူတို့သိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အစီအစဉ်တစ်ခုခုကို သူတို့ မထောက်လှမ်းနိုင်ခင် ခင်ဗျားကို ကျွန်တော်တို့ ပါဂျိုကို ပို့ပါမယ်။ ခင်ဗျားခြေထောက် အခြေအနေ ဆိုးနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ကြားတယ်။ ခင်ဗျား လမ်းသွက်သွက် လျှောက်နိုင်ပါ့မလား''

နောက်ထပ် ကျွန်ုပ်အတွက် အရေးကြီးသောကိစ္စတစ်ခုမှာ ပါဂျိုတွင် NDF ကိုယ်စားလှယ်တွေ ရှိသေးလား၊ မရှိတော့ဘူးလား ကျွန်ုပ်သိချင်သည်။

"မရှိတော့ဘူး။ သူတို့အားလုံး ဖေဖော်ဝါရီလထဲမှာပဲ ပြန်သွားကြပြီ''

သူက စီးကရက်ကို တစ်ဖွာ ဖွာလိုက်ပြီး လက်မောင်းပေါ်ကိုက်နေသည့်ခြင်ကို မီးခိုးနှင့် မှုတ်ထုတ်လိုက်သည်။ အဲ့ဒါမှ ထကယ့်ပြဿနာ၊ ပထမ အစည်းအဝေးနှင့် လွဲခဲ့ရပြီး အခု ကိုယ်စားလှယ်တွေနှင့် လွဲရပြန်ပြီ။

"အခု သူတို့ ဘယ်မှာလဲ''

ကိုယ်စားလှယ်တွေကို တစ်နေရာရာတွင် မီနိုင်သေးသည်ဟူသော မျှော်လင့်ချက်တစ်ဝက်ဖြင့် ကျွန်ုပ် မေးလိုက်သည်။

"သူတို့တွေ ပန်ဆန်းက ဗကပဌာနချုပ်ကို သွားကြပြီ၊ အခုလောက်ဆို သူတို့ရောက်ရောပေါ့''

ကျွန်ုပ်အတွက် မျှော်လင့်ချက် ရှိသေးသည်။ အကယ်၍ ထိုင်းနယ်စပ်ဘက် ထွက်သွားသည်ဆိုလျှင်



သတင်းထူးကို ကျွန်ုပ် မရနိုင်တော့၊ အခြားသတင်းထောက်တွေ ဦးသွားပေလိမ့်မည်။ ယခု ပန်ဆန်းဘက်ထွက်သွားသည်ဆို၍ ပါဂျိုသို့ ကျွန်ုပ်တို့ တက်သုတ်ရိုက်သွားနိုင်လျှင် အစည်းအဝေး မှတ်တမ်းတွေ ရနိုင်သလိုဘရန်ဆိုင်းနှင့်လည်း အင်တာဗျူးပြီး ထိုသတင်းကိုခေါင်းဦးခေါင်းဖျား ရေးပို့နိုင်မည်။ သို့ဖြင့် ဇော်ပန်ကာသူနှင့်အတူ ယူလာသော ပလပ်စတစ်အထုပ်ကြီးတစ်ထုပ်ကို သတိရသွားပြီး ကျွန်ုပ်ကို ပေးသည်။

"ဪ ... ဒီမှာ ခင်ဗျားအတွက်''

အထုပ်ကြီးကို ကျွန်ုပ် ဖွင့်ကြည့်လိုက်ရာ တပ်မဟာ (၂) မှတစ်ဆင့် ရေဒီယိုဖြင့် ကျွန်ုပ်တို့မှာထားသော ပစ္စည်းတွေ၊ အဖြူ အမည်းနှင့် ကာလာဖလင်လိပ်တွေ၊ မှိုတက်သွားသော မုန့်ဘီလူးနေရာတွင် အစားထိုးရမည့် မုန့်ဘီလူးသစ်တွေ၊ မုန့်ဘီလူးကို သန့်စင်သည့်အရည်၊ တစ်ရှူးပေပါတွေ၊ လေမှုတ် **Brush** လည်းပါသေးသည်။ ပစ္စည်းတွေကို ကြည့်ပြီး ကျွန်ုပ်နှင့်ဆိုင်နောင့်တို့ အတော်စိတ်ချမ်းသာ သွားကြသည်၊ ကချင်တပ်မဟာဌာနချုပ်မှ ဆက်သွယ်ရေးလိုင်းတွေသာ

www.burmeseclassic.com

www.burmeseclassic.com



မကောင်းခဲ့ပါလျှင် ကျွန်ုပ်တို့ရှေ့ဆက်မည့် ခရီးစဉ်တစ်ခုလုံးကို ဓာတ်ပုံနှင့် မှတ်တမ်းမတင်နိုင်တော့။ တပ်မဟာ (၁) သို့အလာ မလိခကို ကျွန်ုပ်တို့ ဖြတ်ချိန်တွင် နောက်ဆုံးလက်ကျန် ဖလင်အားလုံး ရိုက်လိုက်ပြီဖြစ်၍ ကချင်မြောက်ပိုင်းအရောက်တွင် ဆိုင်နောင့်အနေနှင့် ဘာမျှရိုက်ကူးနိုင်တော့မည် မဟုတ်ပေ။

ယခု ဖလင်တွေ ရပြီဖြစ်၍ အလုပ်စနိုင်ပြီဖြစ်ရာ နောက်တစ်ရက်၊ နှစ်ရက် အကြာတွင် အနီးအနားမှ ဂေါင်ရှားရွှေကြောကို လေ့လာဖို့ ဆိုင်နောင့် ထွက်ခွာသွားသည်။ အဆိုပါ ရွှေကြောနေရာကား ရာပေါင်းများစွာ သောလူတို့ကိုဆွဲဆောင်နေသလို ၎င်းတို့အထဲတွင် အစိုးရသတင်းပေးသူ သူလျှိုသူကန်တို့လည်း ပါဝင်သည်ဖြစ်၍ ကျွန်ုပ်အနေနှင့် ဆိုင်နောင့်နှင့် လိုက်ပါသွားဖို့မဖြစ်နိုင်။ သို့ဖြစ်၍ ဆိုင်နောင့်တို့ သားအမိနှင့်အတူ မရွှေ၊ ခွန်နောင်းနှင့် ကေအိုင်အေ လုံခြုံရေးတပ်ဖွဲ့အချို့နှင့် ထွက်ခွာသွားကြရာစခန်းတွင် ကျွန်ုပ် တစ်ဦးတည်း ကျန်နေခဲ့သည်။ ကျွန်ုပ်တစ်ဦးတည်း နေ့ရစဉ်ရက်များအတွင်း စာရေး၍ဖြစ်စေ၊ အနီးအနားလမ်းလျှောက်၍ဖြစ်စေ အထီးကျန်နေ့ရက်တွေကို ကျော်လွှန်





ခဲ့ပြီး ညအခါများတွင်မူ ဒိုင်ယာရီရေးမှတ်၍လည်းကောင်း၊ ရေဒီယိုမှ ဘီဘီစီ အသံလှိုင်းကို နားထောင်၍လည်းကောင်း နေလာခဲ့ရသည်။

သို့ဖြင့် ရက်အနည်းငယ် ကုန်လွန်ပြီးနောက်တွင်မူ ရွှေကြောတွင် တွေ့မြင်ခဲ့ရသော စိတ်လှုပ်ရှားစရာတွေအပြည့်နှင့် ဆိုင်နောင့်တို့ ပြန်ရောက်လာသည်။

"ကျွန်မတို့နဲ့အတူ ရှင်မလိုက်နိုင်တာ စိတ်မကောင်းစရာပဲ၊ ဟိုမှာ လေ့လာစရာတွေ အများကြီးပဲ"

ဆိုင်နောင့်၏ပြောပြချက်အရ ကချင်တောင်တန်းတောကြီးသေလာထဲမှာ စွန့်စွန့်စားစား စီးပွားရှာဖွေလိုသူတွေ ၂၀၀၀ ကျော်ခန့်က အုပ်စုလိုက် လှုပ်ရှားနေကြရာ အုပ်စုတစ်စုတွင် ၁၅ ယောက်မှ အယောက် ၃၀ ခန့်ရှိပြီး သူတို့အားလုံး မလိခ မြစ်ဘေးမှ ဝါးတဲကြီးတစ်လုံးတွင် နေထိုင်ကြကာ သဲသောင်ခုံပေါ်က ရွှေကျင် ၍ရသော ရွှေမှုန်တို့ကို ခွဲဝေယူကြသည်။ ရွှေကျင်သူအများစုမှာ ဒေသခံလယ်သမားများနှင့် မြို့ခံလူတွေဖြစ်သော်လည်း ၎င်းတို့အနေနှင့် လိုအပ်သော ပစ္စည်းကိရိယာတို့ကို မဝယ်နိုင်ကြသဖြင့် မြို့ပေါ်က စီးပွားရေးသမားတွေကို မှီခိုကြရ

www.burmeseclassic.com



သည်။ စီးပွားရေးသမားတွေက လိုအပ်သော ရေစုပ်စက်၊ ဂျင်နရေတာနှင့် တတ်ဆီတို့ကို ထုတ်ပေးပြီး တစ်ရာသီအတွင်း ရလာသောရွှေတို့ကို ရွှေကျင်လုပ်သားတို့နှင့် တစ်ဝက်ဆီ ခွဲဝေယူကြသည်။ ပုံမှန်အားဖြင့် တစ်ရာသီတွင် အောက်တိုဘာမှ မေလအထိဖြစ်၍ မုတ်သုန်ဝင်လာချိန်တွင်မူ မြစ်ရေမြင့်တက် လာသဖြင့် ရွှေအပါအဝင် သတ္တုတူးဖော်ရေးလုပ်ငန်းအားလုံး သိမ်းလိုက်ကြရသည်။ ဤ၌ ရွှေကျင်သော လုပ်ငန်းများအပေါ် ကေအိုင်အေက အခွန်ကောက်ရာတွင် အသုံးပြုသော ပစ္စည်းပစ္စယတို့အပေါ် အခွန်ကောက်သလို ရလာသော ရွှေပမာဏအပေါ်တွင်လည်း အခွန်ကောက်ရာ ပြီးခဲ့သည့်ရာသီက စုစုပေါင်း ရွှေ ၃၀ ကီလိုကျော် ရရှိခဲ့သည်။ ရလာသောရွှေတို့ကို မြန်မာပြည်မြောက်ဘက်မှ ကုန်သည်တို့ကဝယ်ယူကြပြီး တချို့က ထိုင်ဝမ်နှင့် ဟောင်ကောင် ရွှေဈေးကွက်သို့ တင်ပို့ကြသည်။

အဆိုပါကာလအတွင်း ဆိုင်နော့ထံမှ ကြားသိရသော သတင်းတစ်ခုမှာ သမီးလေး 'ထိုင်' တတ်ပြီဆိုသော သတင်းဖြစ်သည်။ ဤသတင်းကိုဂုဏ်ယူဝမ်းမြောက်စွာ





ကြားသိပြီး မကြာခင်မှာပင် သမီးလေး၏ ငွားငွားစွင့်စွင့် အပြုံးတစ်ခုထဲက ဖြူဖွေးဝင်းလက်နေသော သွားလေး တစ်ချောင်း ပေါက်နေသည်ကို ကျွန်ုပ်တို့ လင်မယားနှစ်ယောက်လုံး သတိပြုမိလိုက်ကြသည်။

ဆိုင်နော့တို့ သားအမိ ခရီးစဉ်ပြီးနောက်တွင်မူ နောက်ထပ်လေ့လာရေးခရီး ၂ ခု ထွက်ကြရာ ခရီးစဉ်နှစ်ခုလုံးတွင် ကျွန်ုပ်လိုက်ပါနိုင်ခဲ့ပြီး တစ်နေ့တာလုံး ချီတက်ခဲ့ရသော လာကောင်းဘွမ် တောင်တက်ခရီးတွင် ကျွန်ုပ်ခြေထောက်အခြေအနေကို စမ်းသပ်နိုင်ခဲ့သည်။ ကျွန်ုပ်ခြေထောက်အနာကား သက်သာပျောက်ကင်းနေလေပြီ။

နောက်ထပ် တောင်တက်ခရီးကား 'ခုယောက်ကြည့်တင်ဂန်' ၏ အဆိုအရ ပုံကြွခံခဲ့ရသော ရွာတွေထဲက 'အန်ဘူဘွမ်' ရွာဖြစ်ပြီး ရွာရောက်သည့်အခါ ဗုံးမှန်၍ သေဆုံးသွားသူတို့၏ ပူဆွေးသောကရောက်နေကြသော ဆွေမျိုးညာတကာတို့က အမျိုးသမီး ၁၀ ယောက်နှင့် ကလေးသူငယ်တို့ မြှုပ်ထားရာ မြေပုံတို့ကို လိုက်ပြကြသည်။

ပါကိုျသို့ ရှေ့ဆက်ထွက်ခဲ့ကြသော ကျွန်ုပ်တို့၏



www.burmeseclassic.com

www.burmeseclassic.com



တွင် လုံခြုံရေးအတွက် တပ်ဖွဲ့ဝင် ၁၀၀ မျှ လိုက်ပါလာ
သလို လုံခြုံစိတ်ချရသော နယ်မြေများမှ ဖြတ်သန်း
လာသည်ဖြစ်၍ စိတ်ချလက်ချ ခရီးဆက်လာခဲ့ကြပြီး
ဝိုင်းမော် ချီဘွေ လမ်းတစ်လျှောက် ၂ ပတ်ကြာ လျှောက်
ခဲ့ရသော ခရီးစဉ်တစ်ခု၌သာ အခက်အခဲရှိခဲ့သည်။ အဆိုပါ
ခရီးစဉ်မှာ တရုတ်–မြန်မာနယ်ခြားမှ တောင်တန်းများဆီ
မရောက်မီ ဖြတ်သန်းရမည့်ခရီးဖြစ်သည်။ ၎င်းနေရာ
အရောက်တွင် တပ်မဟာ (၁) မှ ကျွန်ုပ်တို့ထွက်ခွာလာခဲ့
သည်ကို ဖုံးကွယ်ရန်အလို့ငှာ မေဂျာပန်းအောင်၏ ဉပါယ်
တံမျဉ်ကို ကျွန်ုပ်တို့ သိလိုက်ရတော့သည်။ ကေအိုင်အေ
ရဲဘော်တွေထဲက အရပ်အရှည်ဆုံး ရဲဘော်တစ်ယောက်ကို
ရွေးပြီး နေကာမျက်မှန်နှင့် တောခေါင်းဦးထုပ်တို့ကို
ဝတ်ခိုင်းပြီး မြင်းတစ်ကောင်စီး၍ မြစ်ကြီးနား – မန္တလေး
ရထားလမ်း မြောက်ဘက်သို့ လွှတ်လိုက်ပြီး သူနှင့်အတူ
လက်နက်အပြည့်စုံ တပ်ဆင်ထားသော တပ်စိတ်တစ်စိတ်
ကိုလည်း ဝိုင်းရံ၍ လိုက်ပါခိုင်းလိုက်သည်။

ကြိုတင်တွက်ဆထားသည့်အတိုင်းပင် ၎င်းတို့
ချီတက်သွားသော သတင်းကို အစိုးရသတင်းပေး ဒလံ





တွေကတစ်ဆင့် မြစ်ကြီးနားမှမြောက်ဘက်စစ်ဒေသသို့
ရောက်ရှိသွားရာ ဂျွန်ဟန်မီတန် ဆိုသူကား ရထားလမ်း
အတိုင်း အနီးဆုံးလမ်းမှတစ်ဆင့် ပါဂျိုသို့သွားနေသည်ဟု
ယုံကြည်သွားကြပြီး ဟူးကောင်းတောင်ကြားနှင့် ရထား
လမ်းကြား ၃ နေရာတွင် အစိုးရတပ်ဖွဲ့တို့ကို ပြန်ချ၍
ပိတ်ဆို့ထားကြရာ မေဂျာပန်းအောင်ကမူ ပထမ ပိတ်ဆို့မှု
၂ ခုကို တိုက်ခိုက်ပြီး ပြန်ဆုတ်လာခဲ့သည်။

ထိုအချိန်တွင် တကယ့် ဂျွန်ဟန်မီတန်အစစ်ကား
ကူမွန်တောင်တန်းကို ကျော်ဖြတ်၍ တြိဂံနယ်မြေမှ တစ်ဆင့်
ရှည်လျားသောလမ်းကြောင်းမှ ပါဂျိုသို့ စိတ်ချလက်ချ
ခရီးနှင်နေပြီ ဖြစ်ပါ၏။

ထိုအချိန်တွင် လေယာဉ်ပျံနှင့် ကင်းထောက်နေ
သည်ဆိုသော သတင်းကြားခဲ့ရသော်လည်း ကျွန်ုပ်တို့ကို
မည်သို့မျှ ခြေရာခံမရခဲ့ပေ။ ယခု တြိဂံနယ်မြေထဲတွင်
ကျွန်ုပ်တို့ရှိနေသည်ကို မြောက်ပိုင်းတိုင်း စစ်ဌာနက
သိနေသည့်တိုင် ရှေ့ခရီးအတွက် လမ်းတစ်လမ်းသာရှိ
တော့သဖြင့် အာရုံလွှဲသော နည်းပရိယာယ်ကို အားကိုး၍
မရတော့။ တက်သုတ်ရိုက်၍ မြန်မြန်ချီတက်ဖို့သာ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။

မတ်လ ၃၁ ရက်၊ မနက်လင်းအားကြီးတွင် တောင်တက်တောင်ကြောသို့ အမြန်တက်လာခဲ့ကြရာ ကျွန်ုပ်တို့နှင့်အတူ ဒု–ဗိုလ် လာနူး ဦးဆောင်သော တပ်စိတ် တစ်စိတ်စာ လုံခြုံရေးယူ၍ လိုက်ပါလာသည်။ ကျွန်ုပ် ခြေထောက်အနာက အရှင်းမပျောက်သေးသော်လည်း မြန်မြန်မြန် လမ်းလျှောက်နိုင်ပြီဖြစ်၍ စိတ်ရွှင်လန်းနေသလို သမီးလေး အီသင်းလည်း ခရီးဆက်လာရသည်ကို ပျော်နေပုံ ရပြီး သူ့အမေနောက်ကျော ပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

ပထမ ၃ ရက်တွင် စိတ်ချရသော နယ်မြေမှဖြတ်၍ ချီတက်ခဲ့ကြရာ အိမ်တံခါးပေါ်တွင် မျောက်ဦးခေါင်း ခွံနှင့် ကျွဲချိုတွေချိတ်ထားသော အိမ်ရှည်ကြီးတွင်ရှိသည့် ကေအိုင်အေ ထိန်းချုပ်နယ်မြေအတွင်းမှ ‘တာဝေါင်းမော့’ ရွာသို့ ရောက်လာရာ ဤတွင် ကျွန်ုပ်တို့ကိုစောင့်နေသော တပ်ဖွဲ့ဝင်တွေကို တွေ့ရသည်။ ပါဂျိုသို့ ရှေ့ခရီးကား ပိုင်းမော်–ချီဘွေ လမ်းမကို ပန်း၍ သွားရမည်ဖြစ်ရာ အန္တရာယ်များသော နယ်မြေဖြစ်၍ ကျွန်ုပ်တို့စစ်ကြောင်းကို





ဗိုလ်ကြီး လာနမ်းက ဦးဆောင်မည် ဖြစ်သည်။

သို့ရာတွင် ရာထူးအဆင့်ကို ဖျောက်ထားသည့် အနေဖြင့် ရှမ်းဘောင်းဘီနှင့် အရပ်သားလိုဝတ်ထားပြီး ခါးတွင်မူ စကားပြောစက်ကို ချိတ်ထားသည်။ ဗိုလ်ကြီး လာနမ်းကား ပရော်ဖက်ရှင်နယ် စစ်သားတစ်ယောက် ဖြစ်သည်နှင့်အညီ ပေးလိုက်သည့်တာဝန်ကို ပိုင်ပိုင်နိုင်နိုင် ပြတ်ပြတ်သားသား လုပ်ကိုင်သူဖြစ်သည်။ ဒု–ဗိုလ် လာနူး နှင့်အရာခံဗိုလ် ‘ဒင်ဂရင်းနော်ဘောက်’ တို့က ဝန်းရံ၍ လိုက်ပါလာသည်။ ဤတွင်တွေ့ရသော ဆေးတပ်သား ကား ခေးဆန်ချန်းလမ်တွင် ကျသွားသောဆေးတပ်သား မာရူးတန်ဂန်နှင့် တစ်ပုံစံတည်းဖြစ်သည်။ ကြံ့ခိုင်သူ၊ တာဝန်ကို ဦးခိုက်ထားသူ အရပ်ရှည်ပြီး လမ်းလျှောက်လျှင် ခပ်သွက်သွက်လျှောက်တတ်သူ ဖြစ်သည်။

ရွာထဲတွင် မြစ်ကြီးနားမှ ကုန်သည်များလည်း ရောက်နေရာ ဆိုင်နောင့်က သူတို့ဆီက ဘီစကွတ်မုန့်နှင့် ဆီးသီးခြောက် တချို့ဝယ်ယူခဲ့သည်။ သူတို့လို နယ်လှည့် ကုန်သည်တို့ကို တွေ့ရသည်မှာ ဥရောပတွင် ရှေးရှေး ကာလက တစ်အိမ်ဝင် တစ်အိမ်ထွက် လှည့်ရောင်းသော



www.burmeseclassic.com

www.burmeseclassic.com



ဈေးသည်တို့ကို သတိရစရာဖြစ်သော်လည်း ဗမာပြည်မှ နယ်လှည့်ကုန်သည်တို့ကား ဗမာပြည်စီးပွားရေးအခြေအနေ နှင့် လိုက်ဖက်လှသည်။ အမြွတ်အစွန်းမဖြစ်စလောက်ရ ဖို့ အရေး နို့ဆီ၊ သကြား၊ ကော်ဖီမှုန့်၊ လက်ဖက်ခြောက်၊ ဘီစကွတ်နှင့် လုံချည် ဒါမှမဟုတ် အမျိုးသမီးတွေအတွက် အလှကုန်ပစ္စည်းတို့ကို ခြင်းတောင်းကြီးတွေနှင့် နောက်ကျော လွယ်ကာ တစ်ရွာဝင် တစ်ရွာထွက် တောင်တက်၍ ရောင်းချစားသောက်နေကြရာ ဤသည်ကား ဗမာပြည်၏ ဆိုးရွားသော စီးပွားရေးအခြေအနေ၏ ပြယုဂ်တစ်ခု ဖြစ်ပါ၏။

တာရောင်းဖပ်၏ တောင်ဘက်သို့ ရောက်လာသည့် အခါ ဤနယ်မြေကား သူပုန်နှင့် အစိုးရတပ်တို့ နယ်လု နေသော နေရာဖြစ်ရာ ကျွန်ုပ်တို့ဖြတ်လာသော ရွာအချို့မှာ ကျိုးနှင့် ဖုတ်ဖုတ် လူသူကင်းမဲ့နေပြီး ဒေသခံရွာသူရွာသား များကိုမူ အစိုးရတပ်စခန်းရှိသော အင်ဂျန်းယန်ရွာအနီး အနားတွင် ပြောင်းရွှေ့၍ နေရာချပေးခဲ့သည်။

တာရောင်းဖပ်ကား မလိခအရှေ့ဘက်တွင် အစိုးရ ၏ တစ်ခုတည်းသော ခြေကုပ်တစ်နေရာဖြစ်သော်လည်း





အဆိုပါနယ်မြေဒေသတွင်မူ စပါးသီးနှံစိုက်ပျိုး၍ မဖြစ်ထွန်း သဖြင့် အဓမ္မပြောင်းရွှေ့ခံရသူ ရွာသူရွာသားအများစုကား သူတို့နေရာဟောင်းသို့ တိတိတဆိတ်ပြန်ပြေးသွားကြ၍ တောထဲတွင် ပုန်းအောင်းနေကြရပြီး အစိုးရတပ်တွေ ဝေးသွားပြီဆိုကာမှ ကိုယ့်လက် ကိုယ့်ဟာတို့ကို စိုက်ပျိုး စားကြရလေသည်။

ဆိုခဲ့သလို ပုန်းခို၍ လုပ်ကိုင်စားသောက်နေရသော အခြေအနေမှာ ကေအိုင်အေတို့ ထိန်းချုပ်ထားသော ကချင်ပြည်နယ်တွင် တွေ့တောင်တွေ့ရခဲသော်လည်း အစိုးရတပ်ဖွဲ့နှင့် သူပုန်တပ်ဖွဲ့ဝင် တစ်ဒါဇင်မျှ တိုက်ပွဲ ဖြစ်နေသော တောင်ဘက်ရှမ်းပြည်နယ်တွင်မူ ထောင်ပေါင်း များစွာသော ရွာသူရွာသားများကား မနစ်မြို့ဖွယ်ရာ အခြေအနေအောက်တွင် အသက်ရှင်နေကြရသည်။

အမှန်အားဖြင့် ပြီးခဲ့သော ဆယ်စုနှစ်များအတွင်း မြန်မာပြည်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ၁၀ ဆမျှ မြင့်တက်လာရခြင်းအကြောင်းရင်းကိုမူ ဆိုခဲ့သလို ပြည်တွင်း ဒုက္ခသည် ပြဿနာဖြင့် အတိုင်းအတာတစ်ခုအထိ သိသာ နိုင်ပါသည်။ ယခင်က ရှမ်းပြည်တွင် ဘိန်းစိုက်ပျိုးခြင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိသလောက် ဖြစ်သည်။ ရှမ်းတို့ပြည်သည် မြေဆီသြဇာကြွယ်ဝလေရာ စပါး၊ ပဲပုပ်နှင့် အခြားသီးနှံနှင့် ဟင်းသီးဟင်းရွက်အမျိုးမျိုးတို့ကိုသာ ကြိုးကြိုး ကုပ်ကုပ် စိုက်ပျိုးစားသောက်လာခဲ့သူကြသူတွေ ဖြစ်သည်။

သို့ရာတွင် အမျိုးမျိုးသော လက်နက်ကိုင် အုပ်စုတွေနှင့် အစိုးရတပ်တို့ တိုက်ပွဲတွေ မကြာမကြာ ဖြစ်ခဲ့သလို အဆိုပါတပ်ဖွဲ့ဝင်တို့ကပင် ရှမ်းရွာတွေကို အမျိုးမျိုး ဒုက္ခပေးခဲ့ကြသဖြင့် ရွာတွေကို စွန့်ခွာပြီး တောင်ကုန်းတောင်တန်းဘက်ဆီ ထွက်ပြေးလာခဲ့ကြရသည်မှာ အခြားသီးနှံပင်တို့ထက် ဘိန်းသာအဓိကဖြစ်ထွန်းသော မြေဖြစ်၍ ဘိန်းကိုသာစိုက်ပျိုးလာရခြင်း ဖြစ်သည်။ မြန်မာပြည်အတွက် ဝမ်းနည်းကြေကွဲစရာတစ်ခုကား ဆိုခဲ့ပါအချက်ကို ကုလသမဂ္ဂ အေဂျင်စီကသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရများကသော်လည်းကောင်း သဘောမပေါက် နားမလည်ခဲ့ကြသလို ဘိန်းပြဿနာကို ကိုင်တွယ်ဖို့အတွက် ပဏာမအနေနှင့် ပြည်တွင်းစစ်ကို ရပ်စဲစေဖို့လည်း မည်သည့်အဖွဲ့အစည်း၊ အစိုးရကမှ ရန်ကုန်အစိုးရကို ဖိအားမပေးဘဲ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးဟူသော





ခေါင်းစဉ်ဖြင့် အလုပ်မဖြစ်သော စီမံကိန်းကြီးတွေအတွက်သာ ဒေါ်လာသန်းပေါင်းများစွာပေးနေလေရာ၊ ဘိန်းစိုက်ပျိုးရေးကမူ မပျောက်။ ဒေါ်လာများကား မြန်မာစစ်တပ်အရာရှိကြီးတွေ အိတ်ထောင်ထဲသာ ရောက်သွားကြကုန်၏။

တောင်ကုန်းတောင်တန်းများပေါ်တွင် တစ်အောင့်တဖြုတ်သာ နားပြီး ကျွန်ုပ်တို့ခပ်သွက်သွက် ချီတက်လာပြီး ရွာစဉ်ပြတ်သွားပြီဖြစ်၍ တောထဲမှာပင် ညအိပ်ခဲ့ကြရသည်။ ၅ ရက်မြောက်နေ့တွင် တောင်ရိုးတစ်ခုပေါ်မှ တောင်ကြားလမ်းသို့ ဆိုက်ရောက်လာကြပြီး ထိုမှကြည့်လျှင် နမ့်မိုင်ခမြစ်ကို ဆီးမြင်နေပြီး တစ်ဖက်တွင်မူ ချိုင့်ဝှမ်းသွား လမ်းမကြီးရှိ၍ လမ်းဘေးတစ်နေရာတွင် တပ်စွဲထားသော မန်းဒေါင်းခေါ် အစိုးရစစ်တပ် ရှေ့တန်း စခန်းတစ်ခုကို ကျွန်ုပ်၏အဝေးကြည့်မှန်ပြောင်းမှတစ်ဆင့် လှမ်းမြင်နေရသည်။ သို့ရာတွင် ကျွန်ုပ်တို့စစ်ကြောင်း ရောက်လာသည်ကို သတိပြုမိပုံမရ၊ လှုပ်လှုပ်ရှားရှား လက္ခဏာတစ်ခုမှ မမြင်ရ။

ထိုမှ မြစ်ရှိရာ လျှိုစောက်ကြီးသို့ တောက်လျှောက်ဆင်းလာရာ ညအတော်နက်မှ ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြစ်တစ်ဖက် လမ်းမဘေးတစ်နေရာရာတွင် အစိုးရတပ်ဖွဲ့တွေ တပ်ချထားနိုင်သဖြင့် အကယ်၍တိုက်ပွဲဖြစ်လျှင် အကျအဆုံးနည်းအောင် ကျွန်ုပ်တို့စစ်ကြောင်းကို လူဖြည့်၍ ခြေသံလုံလုံနှင့် ရှေ့ဆက်လာခဲ့ရာ လိုက်နာရမည့် အမိန့်ကို တစ်ယောက်တစ်ဆင့် တီးတိုးပြော၍ ကမ်းခဲ့ကြသည်။

"မီးမထွန်းနဲ့၊

ဆေးလိပ်မသောက်နဲ့၊

စကားမပြောနဲ့၊ သစ်ရွက် သစ်ခက်တွေပေါ် မနင်းနဲ့"

ဗိုလ်ကြီး လာနမ်းပေးသော အမိန့်တွေထဲတွင် ကျွန်ုပ်တို့ မိသားစုအတွက် သီးခြားအမိန့်တစ်ခုလည်း ပါလာသည်။

"ကလေးကို လုံးဝ အသံမထွက်စေနဲ့၊ ငိုတာနဲ့ ချက်ချင်း နို့တိုက်ပါ"

သို့ပေမဲ့ ကံကောင်းထောက်မစွာပင် သမီးလေးက လုံးဝအသံမထွက်၊ တစ်လျှောက်လုံး အိပ်မောကျလိုက်လာရာ လုံခြုံစိတ်ချရပြီဟု ယူဆရသော ရွာတစ်ရွာ ရောက်လာပြီး အဆိုပါရွာမှာ ရွာသူရွာသားတွေ စွန့်ပစ်သွားကြပြီး





ဤမှာပင် ကျွန်ုပ်တို့ ညအိပ်ခဲ့ကြသည်။ ထိုညက ဒေသခံ ရွာသားတချို့ ကျွန်ုပ်တို့စတည်းချနေသော ရွာအနီးတွင် ဖြတ်သွားကြပြီး လမ်းမနှင့် နမ့်မိုင်ခမြစ်ကြားတွင် အစိုးရ တပ်တွေ ကင်းလှည့်နေကြောင်း သူတို့ထံမှ သိကြရသည်။

ကျွန်ုပ်တို့ မရောက်ခင်တစ်နေ့က ထရပ်ကား ယာဉ်တန်းတစ်တန်း ဖြတ်သွားပြီဖြစ်၍ အစိုးရကင်းတပ်ဖွဲ့ဝင်တွေဘက်က လုံခြုံရေး ကြပ်မတ်မှု လျော့သွားပုံရသည်။ သို့ရာတွင် တစ်မြန်နေ့ နေ့လယ်က မြစ်တစ်ဖက်ကမ်းတွင် ကင်းတပ်ဖွဲ့တစ်ဖွဲ့ တွေ့ခဲ့ကြောင်း ရွာသားတစ်ယောက်ထံမှ သိရ၍ ကျွန်ုပ်တို့ဘက်က ကြိုတင်ကာကွယ်သည့်အနေဖြင့် မြစ်ကမ်းနံဘေးမှ ရွာငယ်လေးတစ်ရွာတွင် နောက်တစ်နေ့ နားခဲ့ရသည်။

ကချင်ပြောက်ကျား ဇရိယာထဲ ဝင်ရောက်လာစဉ်ကတည်းက ကေအိုင်အေ ဦးထုပ်နှင့် ယူနီဖောင်းတို့ကို ကျွန်ုပ် ဝတ်လာခဲ့သည်။ သို့ပေမဲ့ လက်မောင်းတံဆိပ်မပါ၊ သို့ရာတွင် ယခုလို ရုပ်ဖျက်ထားခြင်းကပင် ကျွန်ုပ်နှင့် တွေ့ဆုံခဲ့သူတို့ကို စပ်စုချင်စရာ ဖြစ်နေပြီး ကျွန်ုပ်ကို ပြူးတူးပြတဲ ကြည့်တတ်ကြသည်။ သို့ပေမဲ့ ကျွန်ုပ်ကို ကချင်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားမဟာတ်မှန်းကို သူတို့အားလုံး ကောင်းကောင်းကြီး သိခဲ့ကြသည့်တိုင် အနီးအနားက အစိုးရတပ်စခန်းတွေဆီ တစ်လုံးတစ်ပါဒမျှ စကားမပေါက်ကြားခဲ့ကြသဖြင့် ရွာသူရွာသားတွေကို ကျွန်ုပ် ကျေးဇူးတင်ရပေသည်။

ညနေစောင်းတွင် ရှေ့ဆက်ရမည့် လမ်းကြောင်း ရှင်းလင်းကြောင်း သတင်းနှင့်အတူ ကျွန်ုပ်တို့ဆီက ကင်းထောက်တွေ ပြန်ရောက်လာကြပြီး ဧပြီလ ၅ ရက်တွင်မှ နမ့်မိုင်ခမြစ်ကို ဖြတ်လာခဲ့ကြသည်။ နမ့်မိုင်ခဟူသော အမိပွာယ်မှာ အန္တရာယ်များသောရေဖြစ်ပြီး အဆိုပါ အမိပွာယ်နှင့်အညီ အန္တရာယ်များလှသည်။ မြစ်ပြင်တစ်ခုလုံးတွင်ဖြတ်ကူးနိုင်လောက်သောနေရာ အနည်းငယ်သာရှိ၍ ဒိုက်မှော်တွေကလည်း မြစ်ကူးရာတွင် ဒုက္ခပေးတတ်သည်။ ရေစီးကလည်း သန်လှသည်။ သို့ပေမဲ့ ကျွန်ုပ်တို့ကူးရမည့် ဖောင်တွေက ကိုးရိုးကားရား တည်ဆောက်ထားသော ဝါးဖောင်တွေ၊ တစ်ကြိမ်လျှင် လူ ၅ ယောက်သာ တင်ဆောင်ပြီး ကူးတို့သမားနှစ်ယောက်က ဖောင်တစ်ဖက်တစ်ချက်မှ သစ်သားလှော်တက်တွေနှင့် လှော်ခတ်ရင်း မြစ်ကိုထောင့်ဖြတ် ဆန်တက်၍ ကူးကြရသည်။ သို့နှင့်



မြစ်လယ်သို့ ရောက်လာသည့်အခါတွင်ကား ရေစီးအားနှင့် ကျွန်ုပ်တို့ဖောင်မှာ မျောပါ၍ ချာလည်လည်နေရာ ကူးတို့သမားနှစ်ယောက်က တစ်ဖက်ကမ်းသို့ရောက်အောင် ရေစီးကို ပန်း၍ သစ်သားလှော်တက်တွေနှင့် အားကုန်ကျုံးလှော်နေကြရသည်။

ဖောင်ပေါ်တွင် လိုက်ပါလာသော ကျွန်ုပ်တို့ကား ရင်တမမနှင့်၊ သမီးလေးအီယင်း တစ်ယောက်တည်းသာ ရေပြင်ကိုကြည့်ကာ စိတ်လှုပ်ရှားနေပြီး ဖောင်က ရေမှော်တွေကို ဝင်တိုးလျှင်ဖြစ်စေ၊ ရေဝဲကတော့ထဲ တစ်ရှိန်ထိုးပြေးနေလျှင်ဖြစ်စေ သူ့လက်ကလေးကို မြှောက်ယမ်းရင်း ဒါ ... ဒါ ... ဒါနှင့် အော်နေသည်။

မြစ်တောင်ဘက်ခြမ်းတွင်မူ တောင်ကြီးတစ်တောင်ကာဆီးထားလျက် ခက်ခက်ခဲခဲတက်ခဲ့ကြပြီး တောင်ထွတ်အောက်ခြေ တောအုပ်ထဲတွင် စခန်းချခဲ့ကြရာ တပ်ဖွဲ့ဝင်တို့၏ စည်းကမ်းသေဝတ်မှုနှင့် ဆောင်ရွက်မှုများကား တိကျလှသည်။ တပ်ဖွဲ့အသီးသီးကို ဒု-အရာခံဗိုလ် ဒင်ဂရင်းက တာဝန်ခွဲဝေပေးနေသည့်အသံကို ကျွန်ုပ်တို့ ယာယီနားနေသောနေရာက ကြားနေရပြီး နာရီဝက်အတွင်း

www.burmeseclassic.com



မှာပင် ယာယီတဲတွေ ထိုးပြီးသွားသည်။ မီးညွှန့်ကို မမြင်စေအောင် ကျောက်တုံးတွေကြားမှာ ချက်ပြုတ်ဖို့ မီးမွှေးပြီးပြီ စခန်းနှင့် အနီးတစ်ဝိုက် တောထဲမှာ ကင်းတွေချပြီးသွားပြီ။

နောက်တစ်နေ့ ဝေလီဝေလင်း ကျွန်ုပ်တို့အိပ်ရာထပြီးချိန်တွင် မိုးရွာနေပြီး မန်းဝိုင်းရွာမရောက်မီ နောက်ဆုံးတောင်ကို တက်လာသည်အထိ မိုးတဖွဲဖွဲ ရွာနေရာ မန်းဝိုင်းရွာမှ တစ်ဆင့် ချီဘွေသွားကားလမ်းကို ဖြတ်ကူးဖို့ ကျွန်ုပ်တို့ ရှေ့ရှုသွားရမည့် တောအုပ်ဆောင်းထားသော တောင်တန်းတွေကို တွေ့နေရပြီး ထိုနေရာ ရောက်လျှင်တော့ နောက်တစ်ကြိမ် စိတ်ချနိုင်ပါ၏။

တောင်ရိုးမှ အဆင်းခရီးကား မရှည်ဝေးသော်လည်း ရှေ့ဆက်ရမည့် ခရီးအတွက် ကင်းထောက်နေရသဖြင့် အချိန်စောင့်နေရပြီး အရပ်ဝတ်နှင့် လွှတ်လိုက်သော ကင်းထောက်စစ်သားတွေ ပြန်ရောက်လာသောအခါ ပါလာသောသတင်းကား ဗိုလ်ကြီးလာနမ်းအတွက် စိတ်ပူစရာ ဖြစ်ရပြန်သည်။

"ထရပ်ကားနဲ့ အပြည့် မဆလစစ်သားတွေ ရွာထဲမှာ ရောက်နေတယ်"

မြရတနာစာပေ



ဗိုလ်ကြီးက ဆိုင်နောင့်ကို ဗမာလိုပြောပြီး စစ်ကြောင်းတစ်ကြောင်းလုံးကို ရပ်၍သေနတ်နှင့် ကျည်ကာတ်တွေကို တပ်ဖွဲ့ဝင်အသီးသီးက စစ်ဆေးလိုက်ကြသည်။

"ဒီကောင်တွေ ဘာကြောင့် ရောက်နေလဲဆိုတာ မရှင်းဘူး၊ ကျုပ်တို့လာနေတာ သူတို့သိတာတော့ မဖြစ်နိုင်ဘူး၊ တောထဲမှာ ကင်းလှည့်ပြီး ပြန်လာတဲ့ လမ်းစောင့်ကင်းတပ်ဖွဲ့ ဖြစ်နိုင်တယ်"

နောက်ထပ်အခြေအနေကို သိဖို့ သစ်ပင်တွေအောက်မှာ ကျွန်ုပ်တို့ ထိုင်နေလိုက်ကြသည်။ ကျွန်ုပ်တို့အတွက် အခြားလမ်းမရှိ၊ သူတို့တွေ မြန်မြန် ထွက်သွားကာမှ ထိပ်တိုက်ရင်ဆိုင်စရာ မလိုဘဲ ကျွန်ုပ်တို့ရှေ့ဆက်နိုင်စရာရှိသည်။ သို့ပေမဲ့ သူတို့ကမသွားသေး၊ ရွာသားတွေအဆိုအရ မိုးစိုလာသော သူတို့ယူနီဖောင်းတွေကို အိမ်တွေထဲကမီးဖိုတွေမှာ ခြောက်သွားအောင် မီးကင်နေကြပြီး တောထဲမှာ ကင်းလှည့်ရာမှ ပြန်လာသောအဖွဲ့ ဖြစ်နိုင်ကြောင်း ကြားသိရသည်။ လူအင်အားမှာ ၁၅ ယောက်သာရှိပြီး ကျွန်ုပ်တို့စစ်ကြောင်းမှ အင်အား ၁၀၀ နှင့်ယှဉ်လျှင် မလှန်သာအောင် နည်းနေသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ဘက်က ကြောက်စရာ ဘာမှမရှိပါဘူး။ ဒါပေမဲ့ ရွာနားမှာတိုက်ပွဲ မဖြစ်အောင် အတတ်နိုင်ဆုံး ရှောင်ဖို့လိုတယ်၊ မဟုတ်ရင် တပ်ဖွဲ့ (၂) ဖွဲ့ကြားမှာ ရွာသားတွေ ညပ်သွားလိမ့်မယ်။ ပြီးတော့ သေနတ်သံတွေကြောင့် ဆိုင်းလွယ်က အစိုးရတပ်ဖွဲ့တွေကို တပ်လှန့်သလို ဖြစ်သွားလိမ့်မယ်"

မန်းဝိုင်းကား ချီဘွေသွား လမ်းမကြီးနှင့် အခြား လမ်းမငယ်လေးဆုံရာ ခွဆုံတွင်တည်ရှိပြီး အဆိုပါ လမ်းမငယ်လေးကမှ ဆိုင်းလွယ်မြို့လေးသို့ လမ်းခွဲသွားကြသည်။ ဆိုင်းလွယ်တွင် အစိုးရမြို့စောင့်တပ်ရှိပြီး တပ်ဖွဲ့တစ်ဖွဲ့လုံးကို လက်နက်ကြီးတွေ အပြည့်နှင့် ပံ့ပိုးပေးထားသည်။ သို့ဖြစ်၍ ဆိုခဲ့သလို လမ်းနှစ်လမ်းလုံး ကို ဖြတ်ကျော်ဖို့ရာအတွက်ရွာကို ပန်း၍ တောင်ပေါ်လျှောခါးထစ် စပါးကွင်းတချို့ပေါ်မှဖြတ်ကာ ရှည်လျားစွာ ကျွန်ုပ်တို့ ခရီးနှင်လာခဲ့ကြရသည်။ သို့ပေမဲ့ မိုးတတ်၍ နေထွက်လာလေပြီ။

ချီဘွေ လမ်းအရောက်တွင်စစ်သားတွေက လမ်းတစ်လျှောက် နေရာအသင့်ယူထားလိုက်ကြပြီး ကျွန်ုပ်တို့ ဖြတ်ကူးမည့်နေရာနှင့် မန်းဝိုင်းကြားတွင်





အင်အားအများဆုံး ချထားလိုက်သည်။ ဘဇူကာ လက်နက်ကြီးတွေ၊ အလတ်စား စက်သေနတ်တွေအားလုံး ရွာဘက်သို့ ချိန်ထားခိုက် လမ်းတစ်ဖက်သို့ အပြေးကလေး ကျွန်ုပ်ဖြတ်ကူးလိုက်ပြီး ဆိုင်နောင့်က ဓာတ်ပုံရိုက်ဖို့ ရပ်နေခဲ့သည်။ သို့နှင့် တအောင့်အကြာတွင် ကင်းလှည့် ကားတစ်စီးနှင့် စစ်သားသုံးယောက် ပေါက်ချလာပါသော်လည်း လမ်းမကြီးပေါ်က အခြေအနေ အရပ်ရပ်ကို တွေ့မြင်သွားပြီး သကာလ မန်းဝိုင်းရွာတွင်းသို့ ပြန်ဆုတ်သွားလေတော့သည်။

"ကျွန်တော်တို့ ပစ်လိုက်ရတော့မလား"

တပ်စုမှူးက ဗိုလ်ကြီးလာနမ်းကို အော်မေးသည်။

"မပစ်နဲ့၊ သူတို့ကပစ်မှ ပစ်"

သို့ရာတွင် တစ်ဖက်နှင့်တစ်ဖက် အပစ်အခတ်လုံးဝမရှိဘဲ လမ်းကို ဖြတ်ကူးခဲ့ကြပြီး တောထဲသို့ ကျွန်ုပ်တို့ ခရီးဆက်လာကြရာ လိုက်စရာ လမ်းစွပ်ကြောင်း မတွေ့ရတော့သဖြင့် တဖြည်းဖြည်းချင်း ရှေ့တိုးလာကြရာ ၂ နာရီကြာပြီးခါမှ ဒုတိယလမ်းမတစ်ခုဆီ ရောက်လာခဲ့ကြသည်။ ဤတွင်လည်း အန္တရာယ်ရှိနေသည်။ အစိုးရ တပ်ဖွဲ့တွေက ဤနေရာတွင် ဝပ်၍ စောင့်နေသည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အတွက် အန္တရာယ်ကြီးသည်။ လမ်းနှစ်လမ်းကြားတွင် ကျွန်ုပ်တို့ ညပ်သွားနိုင်သည်။ သူတို့အင်အားက ကျွန်ုပ်တို့ထက် နည်းသည်ဆိုသော်လည်း ဆိုင်းလွယ်မှ တပ်ကူတွေ ရောက်သည်အထိ ကျွန်ုပ်တို့ကို သူတို့အားနှင့် ပိတ်ဆို့ထားနိုင်သည်။

သို့ဖြစ်၍ ဦးစွာ တောထဲမှ တပ်စုတစ်စုထွက်၍ မိချောင်းသွားသွားပြီး သစ်ပင်အခြေတွေမှာ နေရာယူထားကြသည်။ မလှုပ်မယှက်၊ ဒူးထောက်၍ ရိုင်ဖယ်သေနတ်တွေကို အသင့်ချိန်ထားကြပြီး နားကို စွင့်ထားကြသည်။ အစိုးရတပ်ဖွဲ့တွေ လုံးဝမရှိ၊ ရှင်းသည်။ သို့ပေမဲ့ ဤမှာပင် ရုတ်တရက် မြင်လိုက်ရသည်ကား အမျိုးသမီးနှစ်ယောက်၊ ဘေးဘီကိုသတိမမူဘဲ ကားဘီးရာတွေ အထပ်ထပ်မွှနေသော ဖုန်လမ်းလေးအတိုင်း လျှောက်လာနေကြပြီး တစ်နေရာအရောက်တွင်မူ ကေအိုင်အေ စစ်သားတွေကို ရုတ်တရက် တွေ့လိုက်မှသာ လန့်ဖျပ်အော်လိုက်ပြီး သူတို့မျက်နှာတွေကို လက်ဝါးနှင့် အုပ်ထားလိုက်ကြသည်။ ပြဿနာက ဗိုလ်ကြီးလာနမ်း အတွက် အကျပ်ရိုက်သွားသည်။ သူတို့ကို လွှတ်ပေးလိုက်လျှင် အစိုးရစစ်သားတွေ





သူတို့လို ကျွန်ုပ်တို့လှုပ်ရှားမှုနှင့် ပတ်သက်ပြီး မေးကြမြန်းကြမှာ သေချာသည်။ အခန့်မသင့်လျှင် ရိုက်နှက်၍ပင် စစ်ဆေးခံရပေလိမ့်မည်။ တစ်ဖက်ကလည်း ကျွန်ုပ်တို့ ဘယ်ဘက်ကို ချီတက်သွားသလဲ ဆိုသည့်သတင်းကို ဒီမိန်းမတွေ မပြောနိုင်ပါဘူးဟူ၍ ယုံလိုက်လျှင်လည်း မိုက်မဲရာ ကျပေလိမ့်မည်။ ဘာလုပ်မလဲ ဒီမိန်းမကြီးတွေကို ကျွန်ုပ်တို့နှင့်အတူ စိတ်ချလောက် မည့်နေရာအထိ ခေါ်သွားရုံမှတစ်ပါး ရွေးချယ်စရာ မရှိ။

သူတို့အဝတ်အစားတွေကို ကြည့်ရုံနှင့် ရှမ်းအမျိုးသမီးကြီးတွေဖြစ်ကြောင်း သိနိုင်ပြီး နှစ်ယောက်လုံး တုန်တုန်ယင်ယင် ဖြစ်နေကြပြီး တစ်ယောက်က တအီးအီးနှင့် ငိုတော့သည်။

ကေအိုင်အေ ယူနီဖောင်းနှင့် နေကာမျက်မှန် အမည်း တပ်ထားသော ကျွန်ုပ်အနားတွင် လက်နက်တွင် ကိုယ်စီကိုင်ဆောင်ထားသော စစ်သားတွေ ဝိုင်းရံနေသည်ကို ကြည့်ပြီး ကျွန်ုပ်ကို စစ်ကြောင်းမှူး ထင်သွားပုံရသည်။

ခွန် ...ခွန်မှာ ရှမ်းဘာသာဖြင့် အာထာရှိသူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို တရိုတသေ ပြောသောအသုံးအနှုန်းဖြစ်ပြီး ကျွန်ုပ်ကို ရည်ညွှန်း ပြောနေခြင်းဖြစ်သည်။ သို့ပေမဲ့ ကျွန်ုပ်အနေနှင့် ဘာမျှမတတ်နိုင်၊ ရှင်းပြဖို့ အချိန်လည်းမရှိ၊ မြင်ရ ကြားရသည်မှာ စိတ်မသက်မသာနှင့် နှုတ်ပိတ်လို့သာ နေလိုက်ရတော့သည်။ သို့နှင့် လမ်းကူး၍ ခရီးဆက်လာရာ နာရီဝက်အကြာတွင် မန်းဝိုင်းတောင်ဘက်မှ စပါးကွင်းတွေဆီ ရောက်လာရာ ရွာနှင့် အလွန်နီးကပ်လာပြီဖြစ်၍ ခွေးဟောင်သံနှင့် ကြက်သွန်သံတွေ ကြားနေရသည်။ ဤနေရာအထိ ကျွန်ုပ်တို့ဘက်က တိုက်လိမ့်မည်ဟု ကျွန်ုပ်ထင်ခဲ့သော်လည်း ရွာထဲတွင်လှုပ်ရှားမှု လုံးဝမတွေ့ရ။ သို့နှင့် လယ်ကွင်းတွေကို လွတ်လွတ်ကျွတ်ကျွတ် ဖြတ်၍ တောင်ဘက်စွန်းတောအုပ်ဆီသို့ ခရီးပေါက်ခဲ့ကြပါ၏။

ထို့နောက် စစ်ကြောင်းတစ်ဝက်ခန့်က တောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်နှင့် မော်တော် အမြောက်တစ်ချက်ပေါက်ကွဲသွားပြီ မျက်ကလဲဆန်ပျာဖြစ်နေသော အမျိုးသမီးကြီးနှစ်ယောက်အနက် တစ်ယောက်သောသူက အော်ငိုလေရာ ဗိုလ်ကြီးလာနမ်းက လှည့်ကြည့်ပြီး ရယ်တော့သည်။





“ငါတို့ကဖြင့် သူတို့ကို ကျော်လာခဲ့ပြီ အခုမှ သတ္တိတွေ ပြနေကြတယ်ပေါ့”

မိနစ်အနည်းငယ်အကြာမှာ ဒုတိယမော်တာဆံတစ်လုံးပေါက်ကွဲပြီးနောက် တတိယတစ်လုံး သို့ပေမဲ့ ဗုံးဆန်ကြသည့်နေရာကို ကျွန်ုပ် လှည့်ပတ်ရှာကြည့်သည့်အခါ ကျွန်ုပ်တို့ ရှိရာဘက်သို့ ပစ်နေခြင်းမဟုတ်၊ အမှန်အားဖြင့် ကျွန်ုပ်တို့ကို အမြောက်သံနှင့်အတူ ယခုလိုသတင်းပို့လိုက်ခြင်း ဖြစ်သည်။

“မင်းတို့တွေ ဒီနေရာက မြန်မြန်သွားကြ၊ မင်းတို့ကို ငါတို့မကြည့်ချင်ဘူး၊ တိုက်လည်း မတိုက်ချင်ဘူး” ဟူ၏။

အစိုးရတပ်ဖွဲ့ဝင်တွေဘက်က ယခုလိုပြုမူလိုသည့်အတွက် သူတို့ကို အပြစ်တင်လို့ မရ၊ ရန်ကုန်မှ သတင်းထုတ်ပြန်ချက်တို့က မိုးတစ်လုံး လေတစ်လုံးနှင့် ဘာတွေပဲဆိုဆို လက်နက်ကိုင် သူပုန်အမျိုးမျိုးကို စစ်တပ်က နှစ်ပေါင်းများစွာ တိုက်ခိုက်နေမည်ဖြစ်၍ အလုပ်မရှိသဖြင့် စစ်သားလုပ်နေကြရသော နယ်မှ လူငယ်အချို့အနေနှင့် ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် အသေခံမည်နည်း။ သို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချလုံခြုံစွာ စခန်းချနိုင်မည့်နေရာ ရောက်သည်၌ ကျွန်ုပ်တို့ နောက်သို့အစိုးရတပ်တွေ နောက်ယောင်ခံလိုက်လာမည် ဆိုလျှင် မိုးရွာလိုက်သည့်အတွက် ကျွန်ုပ်တို့ ခြေရာတွေ တွေ့တော့မည် မဟုတ်ပေ။

ညတွင် မီးဖိုလေးတစ်ခုကို ဝှက်၍ ဖိုပြီး ညစာ ချက်ပြုတ်ကြရာ ရှမ်းအမျိုးသမီးကြီးနှစ်ယောက်အတွက် ကျွန်ုပ်တို့ စိတ်မကောင်းဖြစ်ရသည်။ သူတို့ ကချင်လိုလည်း မတတ်၊ ဘာဖြစ်လို့ ဖြစ်မှန်းလဲ မသိကြ၊ ဆိုင်နော့က သူတို့တဲဆီသွားပြီး ရှမ်းဘာသာနှင့် သူတို့ကို အားပေးစကား ပြောသည်။

"အမေကြီးတို့ ... မကြောက်ကြပါနဲ့၊ ဘာမှ မလုပ်ပါဘူး။ အကြာကြီးလည်း ခေါ်မထားပါဘူး။ အမေကြီးတို့က ကျွန်မတို့စစ်ကြောင်းနဲ့ အစိုးရတပ်ကြားမှာ ညပ်သွားလို့ပါ။ မနက်ဖြန်ဆိုရင် အမေကြီးတို့ ပြန်နိုင်ပါပြီ။ အမေကြီးတို့ကို သူပုန်တွေက 'ပြန်ပေးဆွဲသွားတယ်လို့ပဲ ဗမာစစ်သားတွေကို ပြောလိုက်ပါ"

ဤမှာပင် ရှမ်းအမျိုးသမီးကြီးနှစ်ဦး စိတ်ချမ်းသာသွားကြသော်လည်း သူတို့အကြောင်းကို သိလိုက်ရသဖြင့်





ကျွန်ုပ်တို့ ပိုပြီး စိတ်မကောင်းဖြစ်ရပြန်သည်။ ဖြစ်ပုံက ဒီလို၊ ရှမ်းအမျိုးသမီးကြီးတစ်ယောက်၏ ယောက်ျားမှာ ပြီးခဲ့သည့်ရက်က ကွယ်လွန်သွားသဖြင့် ရှမ်းတို့ထုံးစံအတိုင်း အသုဘအခမ်းအနားကို စက္ကူတွေနှင့် ပြင်ဆင်ဖို့ အဖော်တစ်ယောက်ခေါ်ပြီး တစ်ဖက်ရွာသို့ စက္ကူဝယ်ထွက်လာခဲ့ကြရာမှ ကျွန်ုပ်တို့နှင့် ထိပ်တိုက်တိုးခဲ့တာပဲ ဖြစ်သည်။ ထိုနေ့က အသုဘချမည့်နေ့လည်း ဖြစ်သည်။ အဖြစ်မှန်ကို ကြားသိရသဖြင့် ကျွန်ုပ်တို့ ကိုယ်ကို အပြစ်တစ်ခု ကျူးလွန်မိသလို ခံစားလိုက်ကြရပြီး ဤသည်ကို ကုစားဖို့ အားထုတ်သည့်အနေနှင့် နာဂရှောစောင်တွေကို တစ်ညတာခြုံဖို့ ခေတ္တပေးလိုက်ပြီး အသုဘအတွက် ငွေ ၅၀ ကျပ်ကိုလည်း လှူလိုက်သေးသည်။ နောက်တစ်နေ့ မနက်အရုဏ်မကျင်းမီ ကျွန်ုပ်တို့ အားလုံးအိပ်ရာထလာကြရာ တစ်ညလုံး မိုးတစိမ့်စိမ့် ရွာထား သဖြင့် ချမ်းစိမ့်နေသည်။ ဆိုင်နော့က ရှမ်းအမျိုးသမီးကြီးနှစ်ဦးကို နှုတ်ဆက်လိုက်ရာ တစ်ဦးက

"သမီးပြောခိုင်းသလို ဗမာတွေကို ပြောလိုက်ပါ့မယ်။ အမေတို့ကို သူတို့ကဖမ်းခေါ်သွားတယ်၊ သူတို့က အရမ်းကြောက်စရာ ကောင်းတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုရင်း ရှမ်းအမျိုးသမီးကြီးတစ်ဦးက တခစ်ခစ်ရယ်ကာ လာရာလမ်းကို သူတို့နှစ်ဦးပြန်လှည့်၍ ထွက်ခွာသွားလေတော့သည်။ ယခုမူ ကျွန်ုပ်တို့နောက်သို့ အစိုးရတပ်တွေ လိုက်လာနိုင်ခြေ နည်းသွားသော်လည်း ကျွန်ုပ်တို့ရှေ့တွင်ကား လာလမ်းဟောင်းတစ်ခု ခံနေသည်။ အဆိုပါလမ်းကြောင်းမှာ အစိုးရမြို့စောင့်တပ်ရှိရာ ဝါရှောင်မှ ဆိုင်းလွယ် ထိုမှတစ်ဆင့် တရုတ်ပြည်နယ်စပ်နားမှ သူပုန်တို့ထိန်းချုပ်ထားသော နယ်မြေအထိဆက် သွားသည်။ ၎င်းလာလမ်းကို ကိုလိုနီခေတ်က ဖော်လုပ်ခဲ့ပြီး ကမ်ပိုက်တီးတောင်ကြားလမ်းအနီးတွင် ဗို့(ဒ်)ဟာ ရစ်ဆန်ခေါ် တပ်စခန်းတစ်ခုကို တည်ဆောက်ခဲ့သည်။ ယခုမူ လာလမ်းကို လုံးဝအသုံးမပြုကြတော့သလို ကမ်ပိုက်တီးသည်လည်း ကချင်အရှေ့ခြမ်းတွင် ခြေကုပ်တစ်နေရာရထားသော ဗကပက ထိန်းချုပ်ထားရာ ယခု ကျွန်ုပ်တို့ ပြဿနာကား ဆိုင်းလွယ် (သို့) ဝါရှောင်မှ အစိုးရတပ်တွေကို လာလမ်းဟောင်း လမ်းကြောင်းအတိုင်း လွှတ်၍ ကျွန်ုပ်တို့စစ်ကြောင်းကို ပိတ်ဆို့နိုင်သည်ဆိုသော အချက်ဖြစ်သည်။ လာလမ်းဟောင်းကလည်း တောင်ရိုး တစ်ခုပေါ်တက်သွား

မြရတနာစာပေ



သဖြင့် ချုံခိုတိုက်ဖို့ အကောင်းဆုံး အနေအထား ဖြစ်နေသည်။ သို့ဖြစ်၍ ရှေ့မှ ကင်းထောက် တပ်ဖွဲ့က နယ်မြေအနေအထားကို စုံစမ်းလေ့လာနေစဉ်မှာပင် ကျွန်ုပ်တို့က ဖြည်းဖြည်းချင်းတောင်ပေါ် တက်လာခဲ့ကြရာ နေ့မွန်းလွဲခါမှ တောင်ရိုးပေါ် ရောက်လာကြသည်။ တောင်ပေါ်တွင် အစိုးရစစ်သားတွေ မရှိ။ လမ်းကြောင်းလည်း ရှင်းသဖြင့် လာလမ်းအတိုင်း ကီလိုမီတာ အနည်းငယ်မျှ ဆက်လိုက်လာရာ သစ်ပင်ကြီးတွေ ပြိုလဲနေသဖြင့် သစ်ကိုင်းနှင့် အမြစ်ဆုံတွေကို ကျော်လာခဲ့ရသည်။ လားလမ်းကို နှစ်ပေါင်းများစွာ အသုံးမပြုခဲ့သည့် တိုင် ဗြိတိသျှတို့က ကျွန်းနှင့် ကျောက်တုံးတွေကို တမံတုတ်၍ လားလမ်းကို တည်ဆောက်ခဲ့ကြသည်။

ကျွန်ုပ်တို့ တက်လာသော တောင်ရိုးကား တရုတ်နယ်ခြားတစ်လျှောက်မှ ကေအိုင်အေတို့၏ အရှေ့ခြမ်းအမာခံဒေသနှင့် ချီဘွေလမ်းတစ်လျှောက် အစိုးရထိန်းချုပ်ထားရာ နယ်မြေတို့ကြားမှ အမှတ်သားလည်းဖြစ်၍ လာနမ်းအဆိုအရ အစိုးရတပ်တွေတောင်ရိုးကို ဖြတ်ကျော်လာနိုင်ခြေ လုံးဝမရှိကြောင်း သိရသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီမျှကြာသော် လားလမ်းဟောင်းမှ ဖည်ကာ တောင်ရိုးအောက်ဘက်မှ လျှိုစောက်ကြီးရှိရာ တောင်ဘက်သို့ ဆက်လာခဲ့ရာ ဤ၌ လုံခြုံစိတ်ချရပြီဆိုသော်လည်း အန္တရာယ်နယ်မြေနှင့် အဝေးဆုံးရောက်အောင် တက်သုတ်ရိုက်လာခဲ့ပြီး ညနေစောင်းကာနီးချိန်ရောက်မှသာ ညစာချက်ဖို့ ရပ်နားလိုက်ကြသည်။ ညစာ စားနေစဉ် အရှေ့ဘက်မှ လက်နက်ကြီး ပစ်သံတွေ ရှတ်တရက်ကြားလိုက်ပြီး နာရီဝက်ခန့်မျှ ပစ်ခတ်သံတွေကြားရပြီး ငြိမ်ကျသွားရာ ဘာရယ်မှန်းမသိ မသေချာသည့်တိုင် ကေအိုင်အေနယ်မြေအတွင်းက အနီးဆုံးရွာဆီ ကျွန်ုပ်တို့ အပြေးအလွှားချီတက်လာခဲ့သည်။

ရွာကား တဲအိမ်အနည်းငယ်သာရှိပြီး ရှေ့ခရီးမဆက်မီ ဤမှာပင် ခေတ္တနားဖို့ ရပ်လိုက်ကြသည်။ ရှေ့ခရီးအဖို့တွင်မူ တောင်တက်–တောင်ဆင်း ပြီးလျှင် တောင်တက်–တောင်ဆင်း နှင်ရပေဦးမည်။ အနောက်ဘက်တွင်မူ နေလုံးကြီးက မြစ်ကြီးနားဟိုမှာဘက်သို့ လျောကျနေပြီး ပန်းနုရောင်မှ ကြက်သွေးရောင် တဖြည်းဖြည်း ပြောင်းသွားသော ဆည်းဆာ အလင်းနောက်ခံတွင် မြို့ဝန်းကျင်မှ





တောင်ကုန်း တောင်တန်းတို့၏ အရိပ်တွေက ကြွနေသည်။ မြစ်ကြီးနားတွင် ချိုးကွေ့သွားသော ရောဝတီကို လှမ်းမြင်နေရပြီး နေညိုချိန်တွင် မြစ်ရေတို့က ဘော်ငွေရောင် လင်းလက်နေသည်။ ဤနေရာအရောက်တွင် ကျွန်ုပ်တို့ကို ပထမဆုံးအကြိမ် လက်နှိပ်ဓာတ်မီး သုံးခွင့်ပြုပြီး စစ်ကြောင်းကို ပုလဲလုံးသဏ္ဍာန် ပြောင်းလဲဖွဲ့စည်း၍ ချိုင့်ဝှမ်းအတွင်းသို့ ကွေ့ကွေ့ကောက်ကောက် ချီတက်လာခဲ့ကြပြီး ဂျန်ယန်းရွာတွင် ညအိပ်နားခဲ့ကြသည်။

ရွာကား စည်ကားပြီး စာသင်ကျောင်းတစ်ကျောင်းနှင့် ဈေးဆိုင်အချို့ရှိပြီး အိမ်ထဲတွင်ချိတ်ထားသော ကေအိုင်အေ ပြက္ခဒိန်တို့ကို အဝင်တံခါးမကြီးတွေက တဆင့်တွေ့နေရသည်။ အန္တရာယ်နယ်မြေကား ကျွန်ုပ်တို့နောက်တွင် ကျန်ခဲ့ပြီဆိုသော သင်္ကေတ။

အရှဏ်မကျင်းပမီက ထွက်လာခဲ့သော ကျွန်ုပ်တို့ခရီးမှာ ဤနေရာအထိ ကီလိုမီတာ ၄၀ ကျော်ရှိပြီး ခရီးတစ်လျှောက်လုံးလိုလိုတွင် သမီးလေးက အိပ်လိုက်လာပြီး နို့ဆာကာမှ ငို၍ အသံပေးတတ်သည်။ ယခုမူ ရွာထဲက ဝါးအိမ်တစ်လုံးတွင် ကျွန်ုပ်တို့ မိသားစုတည်းခိုနေပြီး



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးက မြက်ဖျာပေါ်တွင် အိပ်နေသည်။ အနွေးရာသီ တွေကြားက လွတ်မြောက်လာပြီဖြစ်၍ ခွန်နောင်းလည်း ပျော်မြူးနေသည်။

"ဗျို့ ... အစ်ကို အရက်လေးဘာလေး မသောက်ချင်ဘူးလား"

ပြုံးပြုံးကြီးလုပ်ပြီး သူကပြောသည်။ ကျွန်ုပ်အနေနှင့် နည်းနည်းတော့ သောက်ချင်သည်။ သူထွက်သွားပြီး မိနစ်အနည်းငယ်ကြာပြီးနောက် တောအရက်တစ်လုံး ဆွဲပြီး ရွာသားတစ်အုပ်နှင့်အတူ ပြန်လာသည်။ ရွာသားတွေက ကျွန်ုပ်တို့အတွက် ထမင်းနှင့် ဝက်သားကြော်တွေ ယူလာကြရာ ကျွန်ုပ်တို့ အားလုံးပျော်ပျော်ပါးပါးနှင့် စားသောက်ကြသည်။ ကျွန်ုပ်တို့နှင့် စကားစမြည်ပြောချင်ကြ၍ ကျေးရွာကော်မတီဝင်တွေလည်း ထပ်ရောက် လာကြရာ သူတို့ရွာသို့ ၁၉၅၂ ခုနှစ်ကတည်းက အစိုးရတပ်တွေ ဝင်ရောက်လာခြင်း မရှိတော့။ သို့ပေမဲ့ ဝါရှောင်မှ မြို့စောင့်တပ်နှင့် ကီလိုမီတာ ၂၀ သာ လှမ်းသဖြင့် ဒေသခံပြည်သူတွေဘက်က အမြဲသတိနှင့် နေထိုင်ကြပြီး ဗမာစစ်တပ်မှ ကင်းလှည့် မော်တော်ယာဉ်တွေ ရောက်လာလို ရောက်လာငြား





ကျေးရွာပြည်သူစစ်တပ်ဖွဲ့ဝင်တို့က ညစဉ် ကင်းလှည့်ကြောင်း သူတို့ဆီက ကြားသိခဲ့ရသည်။

နောက်နေ့နံနက် ၈ နာရီ ၃၀ တွင် ကျွန်ုပ်တို့ စစ်ကြောင်း ထွက်သည်။ ပြောက်ကျားနည်းပရိယာယ်အရ နေမြင့်မှ ခရီးစကြသော်လည်း မနေ့ကတစ်နေ့လုံး ပင်ပန်းခဲ့ကြသဖြင့် လင်းအားကြီးအထိ အိပ်ကြရသဖြင့် နောက်ကျထွက်ရသည်ကို အားလုံးဝမ်းသာ နေကြသည်။ ဂျုန်ယန်းရွာမှ လမ်းကား တရုတ်ပြည်နယ်ခြားအထိ တောင်တက်ခရီးဖြစ်ပြီး ထိုမှ ယူနန်နှင့် ကချင်ပြည်နယ် ကြားမှ ရေဝေကုန်းတန်းအထိ ဖြစ်သည်။ မွန်းတည့် ချိန်တွင် အူးဘူး ခေါ် ရွာကြီးသို့ ရောက်လာရာ ခွန်နောင်းက ဈေးဆိုင်တစ်ဆိုင်မှ တရုတ်ဘီယာ ၂ လုံး ဝယ်ယူပြီး ဆိုင်ရှေ့သစ်သားစားပွဲတစ်လုံးတွင်ထိုင်၍ ကျွန်ုပ်တို့ သောက်ကြသည်။ ဤ၌ပင် အိန္ဒိယမှမြန်မာပြည် မြောက်ပိုင်းကို ဖြတ်၍ တရုတ်နယ်စပ်အထိ ကျွန်ုပ်တို့ မိသားစုအောင်မြင်စွာ ဖြတ်ကျော်လာသော အထိမ်းအမှတ် အဖြစ် ကျွန်ုပ်တို့ မိသားစု အောင်မြင်စွာ ဖြတ်ကျော်လာ သော အထိမ်းအမှတ်အဖြစ် ကျွန်ုပ်နှင့် ခွန်နောင်တို့



www.burmeseclassic.com

www.burmeseclassic.com



ဘီယာပုလင်းတွေကို မြှောက်၍ သောက်လိုက်ကြပါ၏။

နေ့မွန်းလွဲပိုင်းတွင် ရွာမှ ထွက်ခွာ၍ လမ်းကျယ်ကြီး တစ်လမ်းမျှ ကျယ်၍ ကျကျနနဖောက်လုပ်ထားသော လမ်းအတိုင်း ကျွန်ုပ်တို့လျှောက်လာခဲ့ကြသည်။ ဤလမ်းကား ကေအိုင်အေနယ်မြေတွင် အကောင်းဆုံးလမ်းဖြစ်ပြီး စစ်မဟာဌာနချုပ် ၃ အထိ ၁၂ ကီလိုမီတာ ရှည်လျားသည်။ သို့ပေမဲ့ နိုင်ငံခြားသား ဂျာနယ်လစ် စုံတွဲတစ်တွဲ လာနေသည်ကို သိထားကြသော်လည်း ဘယ်အချိန် ဘယ်အခါရောက်မည်ကို မသိကြသဖြင့် တာဝန်ရှိ ဒေသခံ အရာရှိတွေ ညကြီးမင်းကြီး ရောက်လာသဖြင့် ကျွန်ုပ်တို့ အံ့အားသင့်ကြ ရသည်။

စခန်းတွင် ဝါးတန်းလျားကြီးတွေ တစ်ဒါဇင်ခန့်ရှိပြီး တောဖုံးထားသော တောင်ကုန်းဆင်ခြင်လျှော ပတ်လည်တွင် ဆောက်လုပ်ထားသည်။ ကျွန်ုပ်တို့ကို သက်သောင့်သက်သာရှိစေရန် ကုလားထိုင်တွင် ထိုင်စေပြီး လက်ဖက်ရည်နှင့် ဧည့်ခံ၍ စကားစမြည်ပြောကြသည်တွင် တစ်ညနေကကြားခဲ့ရသော လက်နက်ကြီး ပစ်ခတ်သံတွေနှင့် ပတ်သက်ပြီး ဒေသခံ အရာရှိတစ်ယောက်ကို ကျွန်ုပ်က





မေးကြည့်ရာ အရာရှိတစ်ယောက် ဖြေသည်။

"အဲဒါ တဘက်ယန်ကပါ။ မြစ်ကြီးနား ဗန်းမော် ကားလမ်းပေါ်မှာ ရှိတယ်။ မဆလတပ်တွေက ရွာနား အထိလာပြီး ရွာကို မော်တာနဲ့ထုနေတာ နာရီဝက်လောက်ကြာတယ်။ အိမ်လေးအိမ် ပျက်စီးသွားပြီး လူအချို့ ဒဏ်ရာရသွားကြတယ်"

သူက ဆေးပေါလိပ်ကို တစ်ချက်ဖွာလိုက်သည်။ သူ့အသံက ပကာတိငြိမ်သက်လျက်၊ ပူဆွေးဝမ်းနည်းခြင်း ဒေါသဖြစ်ခြင်း အရှင်းမရှိ။ သူတို့ဘဝ တစ်လျှောက်လုံး စစ်ပွဲတွေနှင့် ကြုံနေရသဖြင့် ယခုလို အဖြစ်အပျက်တွေက ထမင်းစား ရေသောက် ဖြစ်နေသည်ဆိုသော်လည်း ကျွန်ုပ်တို့အနေနှင့် တိုက်ပွဲဖြစ်နေရာ ဒေသနှင့် နီးကပ်စွာ နေထိုင်နေရပါသော အရပ်သားတို့၏ ဒုက္ခ သုက္ခတွေကို အတွင်းကျကျ သိလိုက်ရခြင်း ဖြစ်သည်။ ၁၉၇၀ ကျော်နှစ်များကပင် မြစ်ကြီးနား– ဗန်းမော် ကားလမ်းမပေါ်က တံတားတစ်စင်းကို ကေအိုင်အေက ချိုး၍ ဖျက် လိုက်ပြီး လမ်းမအရှည် ၁၇၃ ကီလိုမီတာနှင့် ၇၅ ကီလိုမီတာ ကျယ်သောဧရိယာကို သူပုန်တို့က ထိန်းချုပ်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တဘက်ယန်ရွာကား လမ်းဆုံမြောက်ဘက်ခြမ်းတွင် တည်ထားသဖြင့် သူပုန်တွေအုပ်ချုပ်တဲ့နေရာမှာ နေရင် အခုလိုပဲ ဒုက္ခရောက်မယ်ဆိုသည့်သဘောနှင့် အစိုးရ တပ်တွေက မော်တော်နှင့် လာထုခြင်း ဖြစ်သည်။ ယခု မြစ်ကြီးနားမှ မြို့စောင့်တပ်ဆီ တပ်ပြန်ခေါက်သွားပြီဖြစ်၍ ကျွန်ုပ်တို့အတွက် လမ်းပွင့်သွားပြီ။ တပ်မဟာ (၃) မှ ပါကျောင်သို့ လမ်းကြောင်း ၂ ကြောင်းရှိသည့်အနက် တစ်ကြောင်းမှာ နယ်ခြားတောင်တန်းတွေပေါ်မှ သွားရသော ၂ ရက်ခရီးဖြစ်၍ လမ်းတိုသည်။ သို့ပေမဲ့ ကျွန်ုပ်တို့က တောင်ခြေမြေပြန့်မှ ဖြတ်ရသော လမ်းရှည်ကို ရွေးချယ်လိုက်သည်။ ဤလမ်းက အိန္ဒိယနှင့် တရုတ်သွား 'လီဒို' လမ်းမ ကြီး ဆက်ထားသော မြစ်ကြီးနား–ဗန်းမော် လမ်းမကြီးကို တွေ့နိုင်သည်။

နောက်တစ်နေ့နံနက် မနက်စာ စားသောက်အပြီး တောင်ကုန်းပေါ်မှ ဆင်းလျှောက်လာကြရာ ၅ နာရီမျှ လျှောက်ပြီးနောက် ချိုင့်ဝှမ်းမြေပြန့်ထဲက ဒါဘက် မြစ် ကမ်းနဖူးသို့ ရောက်လာသည်။ ဤတွင် လွန်ခဲ့သော ၁၀ နှစ်က ကချင်သူပုန်တွေ ချိုးဖျက်ခဲ့သော သံဘောလီ





တံတားကိုတွေ့ရပြီး လူတစ်ရာနီးပါးရှိသော ကျွန်ုပ်တို့ စစ်ကြောင်းတစ်ခုလုံးကို မော်တော်ကြီးတွေနှင့် တစ်ဖက် ကမ်းသို့ ပို့ကြသည်။

မြစ်တစ်ဖက်ကမ်းတွင်ရှိသော ဒါဘက်ယံနီးရွာ ကြီးကား ကချင်ပြည်နယ်တွင် တွေ့ခဲ့ရသော ရွာတွေအနက် အကြီးဆုံးဖြစ်ပြီး မြစ်ကြီးနား–ဗန်းမော် ကားလမ်းမကြီးက ရွာကို ထုတ်ချင်းခတ်သွားသည်။ ရွာတွင် တရုတ် ကုန် ပစ္စည်းတွေရောင်းချနေသော ဈေးဆိုင်တွေ၊ စတိုးဆိုင်တွေ အစီအရီတွေ့ရပြီး ထိုမှတစ်ဆင့် အဆိုပါ လူသုံးကုန် ပစ္စည်းတို့သည်ကား ချုတ်ခြုံကျနေသော မြန်မာ့ဆိုရှယ်လစ် မှောင်ခိုဈေးကွက်တွေဆီ စီးဆင်းသွားလေသည်။

ညအိပ်ဖို့ ဆုံးဖြတ်ထားသော ရွာ၏ တောင်ဘက် မြစ်ဘေးမှ ကေအိုင်အေစခန်းလေးရှိရာသို့ ကျွန်ုပ်တို့ ထွက်လာခဲ့သည်။ မြောက်ပိုင်းမှ ခရီးရှည်ချီတက်လာပြီး နောက် ကျွန်ုပ်တို့အားလုံး ရေမိုးသန့်စင်ဖို့ လိုအပ်သဖြင့် မြစ်ဘက်သို့ သွားကြသည်။ မြစ်ရေကား တရုတ်ပြည်နယ် ခြားတစ်လျှောက် တောင်များမှ စီးဆင်းလာသဖြင့် အေးစိမ့်နေရာ ကျွန်ုပ်တို့အားလုံး မြစ်ထဲဆင်းချိုး လိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ခရီးပန်းခဲ့သမျှ လွင့်စင်သွားပြီး ချက်ချင်းလန်းဆန်းသွားကြသည်။ သမီးလေး အီယင်းကိုမူ စခန်းတွင် ဒန်ဇလုံလေးထဲ ထည့်၍ ရေချိုးပေးပြီးနောက် မကြာမီ အိပ်ပျော်သွားသည်။ ထိုနေ့ညနေတွင် ဒါဘယ်ယန်းရွာထဲမှာ ရှမ်းအမျိုးသမီးကြီးတစ်ယောက် နေအိမ်တွင် ညစာ စားဖို့ ခွန်နောင်းက စီစဉ်ထားရာ ကျွန်ုပ်တို့ကို စားသောက်ဆိုင်လေး တစ်ဆိုင်လို တည်ခင်းကျွေးမွေးခဲ့သည်။ အိမ်ရှင်ရှမ်းအမျိုးသမီးကြီးကား အရပ်ပုပု၊ ဝဝဖိုင့်ဖိုင့်နှင့် ကျန်းမာ၍ ရှမ်းအမျိုးသမီးကြီးတွေတွင် တွေ့ရတတ်သော မျက်နှာပေါက်မျိုး ရှိသည်။ ဆိုင်နောင့်လည်း ရှမ်းအမျိုးသမီး ဖြစ်ကြောင်း သိသဖြင့် ဝမ်းသာနေပြီး အစားအသောက်တွေ တစ်မျိုးပြီးတစ်မျိုး ချက်ပြုတ်၍ တည်ခင်းညှော်ခံနေတော့သည်။

အစားအစာတွေကလည်း အရသာရှိလှသည်။ ဝက်သားကို နုပ်နုပ်စင်းပြီး ကြက်ဥနှင့် ပေါင်းထားသည်။ ဟင်းခတ်အမွှေးကြိုင် အမျိုးမျိုး အစာသွပ်ထားသော ကြက်၊ ပဲပြားစွပ်ပြုတ်နှင့် အာလူး၊ ပန်းဂေါ်ဖီသုပ်တို့နှင့် တွဲဖက်၍ ရှမ်းအရက်နှင့် တရုတ်ဘီယာတွေပဲ ဖြစ်သည်။ ကျွန်ုပ်တို့





စားသောက်ရသော ညစာကား ခမ်းနား လှသည်။ ရှမ်းအမျိုးသမီးကြီးက တစ်ချက်တစ်ချက် ဆိုင်နောင့်ကို မီးဖိုချောင်ထဲခေါ်ခေါ်ပြီး စပါယ်ရှယ် ဟင်းလျာတွေကို ဘယ်လိုချက်ပြုတ်သည်ကို ပြောပြတတ်သည်။ ကျွန်ုပ်က အရက်ခွက်ကိုမြှောက်ပြီး ခွန်နောင်းကို စတင်လိုက်သည်။

"ခင်ဗျားတို့ ကချင်တွေဟာ ဗမာပြည်မှာ အကောင်းဆုံး ဖိုက်တာတွေဆိုတာ ကျွန်တော် သံသယမရှိပါဘူး။ ဒါပေမဲ့ ဟင်းချက်တဲ့နေရာမှာတော့ ရှမ်းတွေကို ခင်ဗျားတို့ မကျော်နိုင်ပါဘူး"

ကျွန်ုပ် စကားကြားရသည့်အခါ ရှမ်းအမျိုးသမီးကြီးက တခစ်ခစ် ရယ်နေပြီး ကျွန်ုပ်ကလည်း ဗိုက်ကား သွားအောင်စားနေရာ အကယ်၍ အပြင်တွင်စောင့်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အားမနာဘဲ လောဘတကြီးနှင့်သာ စားရမည်ဆိုလျှင် မိုးစင်စင်လင်းသွားနိုင်သည်။ လုံခြုံရေးတာဝန်ကို အရာခံဗိုလ် 'ဒင်ရင်းနော်ဘောက်' ကယူရပြီး သူ့တွင် လုံချည်နှင့် ရှပ်အင်္ကျီအဖြူ ပြောင်းဝတ်ထားသည်ကို ကျွန်ုပ် သတိပြုမိသည်။ ၎င်းဝတ်စုံကား ယူနီဖောင်း ၂ စုံအပြင် တစ်စုံတည်းရှိသော အဝတ်ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ကချင်စစ်သားကြီး၏ ရိုးစင်းသောဘဝနေထိုင်ပုံနှင့် တာဝန်အပေါ် နှစ်မြှုပ်ထားသည်တို့ကို ကျွန်ုပ် မလေးစားပဲ မနေနိုင်။ သို့ပေမဲ့ ညဥ့်အတော်နက်မှသာ ညစာ စားပွဲကို အဆုံးသတ်ခဲ့ကြ၍ ရွာထဲတွင်ဖြတ်ပြီး စခန်းသို့ ပြန်လာကြရာ ဤအချိန်တွင် ဈေးမကွဲသေး။ အောက်လင်း ဓာတ်မီးကြီးတွေ တရှိုးရှိုးနှင့် စားသောက်ဆိုင်တွေမှာ စားနေသောက်နေသူ တွေ အချို့က တစ်ခုတည်းသော လမ်းမပေါ်မှာ အုပ်စုလိုက် စက်ဘီးတွေနှင့်ရပ်ပြီး စကားပြောနေကြဆဲ။ ဒါဘက် ယန်းတွင် မော်တော်ကား အသွားအလာမရှိသော်လည်း အိန္ဒိယတွင်စက်ဘီးကို နောက်ဆုံးတွေ့ခဲ့ရပြီး ယခု ဤတွင် ပထမဆုံးအကြိမ် တွေ့လိုက်ရသဖြင့် အံ့အားသင့်ခဲ့ရသေး သည်။ လူဦးရေအနေနှင့် ရှမ်းအများဆုံးရှိနိုင်သော်လည်း ကချင်၊ တရုတ်၊ ဗမာ အနည်းငယ်နှင့် အိန္ဒိယကုန်သည် တွေ ရောပြွမ်းနေလေရာ တြိဂံတောင်တန်းဒေသအတွင်းက ရွာတွေနှင့် ဝေးလံသောအရပ်က ကမ္ဘာလေးတစ်ခုနှင့် တူနေတော့သည်။

တောင်အထပ်ထပ်ကို ကီလိုမီတာ ၁၀၀ မျှ ကျော်ဖြတ်ပြီးနောက် မြစ်ကြီးနား–ဗန်းမော် ကားလမ်းသို့





အဆင်း ခရီးကား ပျော်စရာကောင်းလှသည်။ ဒု–ဗိုလ် လာနူးက ဆိုင်နောင်၊ ခွန်နောင်းနှင့် ကျွန်ုပ်တို့အတွက် စက်ဘီးတွေ ငှားပေးပြီး မရှေကသမီးကိုကျောပိုးပြီး စစ်သားတွေနှင့်အတူ လမ်းတစ်လျှောက်ချီတက်လာကြ သည်။ မြေပြင်အနေအထားက အဝှမ်းအကောတွေနှင့် နိမ့်ချည်မြင့်ချည်။ ကျွန်ုပ်တို့ စက်ဘီးတွေကို တောင်ကုန်း တွေပေါ်က ထိုးဆင်းလိုက်၊ ပြန်တက်သွားလိုက်၊ ပြန်နင်း တက်သွားလိုက်နှင့် အေးစိမ့်နေသောလေက တရွှမ်းရွှမ်းနှင့် မျက်နှာတွေကို လာရိုက်နေသည်။

ကျေးလက်သဘာဝ တောအလှက သာမောဖွယ်၊ တောလမ်းဘေး စပါးခင်းတွေထဲက ဝင်းမှည့်နေသော စပါးပင်တွေက လေပြည်ထဲတွင် လှိုင်းထ၍ လှုပ်ရှားလျက် မြစ်တွေ ချောင်းတွေထဲမှာ ရေကျင်နေသူတွေ၊ ရောင်းရေး ဝယ်တာ လုပ်ငန်းတွေစည်ကားနေသော ရွာတွေ၊ ရွာတွေ ကြားမှာ ကေအိုင်အေစခန်းနှင့် စစ်ဆေးရေး ဂိတ်တွေ ရှိနေပြီး ယာဥ်အသွားအလာတွေကို စစ်ဆေးနေသလို ဝင်လာသော ကုန်သည်တွေနှင့် တရုတ်ပြည်ဘက် ဖြတ်သွား သော ကုန်သည်တို့ကို အခွန်ကောက်နေကြသည်။ အဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



ဒေသကို အစိုးရတပ်တွေက ပြန်သိမ်း ယူနိုင်သော အနေ အထား အရပ်ရပ်ကိုဟန့်တားသည့်အနေဖြင့် အဝိက တံတားအားလုံးကို ကေအိုင်အေက ချိုးဖျက်ထားသော်လည်း လမ်းခရီးကား မယုံနိုင်လောက်စရာ ချောမွတ်ပြီး ဒုတိယ ကမ္ဘာစစ်သုံး ဘေလီတံတားတွေ နေရာမှာ ခရီးခရိုင် ဝါးတံတားတွေနှင့် အစားထိုးထားသည်ဖြစ်၍ မြစ်ကို ဖြတ်ကူးသည့်အခါတိုင်း ဘေလီ တံတားဟောင်း အကြွင်း အကျန်တွေကို တွေ့နေရသည်။ ဤနေရာတွင် စက်တပ် မော်တော်ယာဉ်တို့ကို အသုံးမပြု နိုင်သော်လည်း နွားလှည်း၊ စက်ဘီး၊ လားလှည်းတို့ဖြင့် သွားလာနေကြသည်။

၁၉၈၄ ခုနှစ် အတွင်းက ပါဂျိုနားအထိ အစိုးရ တပ်ဖွဲ့တစ်ဖွဲ့ ထိုးဖောက်လာကြရာ ကေအိုင်အေတို့က ချုံခိုတိုက်ခိုက်ခဲ့သဖြင့် ပြန်ဆုတ်သွားကြကြောင်း၊ သို့ရာတွင် မြစ်ကြီးနားသို့ ၎င်းတို့ ဆုတ်ခွာသည့်အခါ တပ်သား ၁၃ ယောက်ပါ တစ်စိတ်တစ်စိတ်ကို ကချင်မှဆိုးကြီးတွေက တောထဲတွင်နောက်ယောင်ခံမိခဲ့ကြပြီး ကွပ်လက်တစ်နေရာ၌ အဆိုပါစစ်သားတို့ ခေတ္တရပ်နားနေခိုက် မှဆိုးကြီးများက တစ်တောင့်ထိုး ရိုင်ဖယ်သေနတ် တွေနှင့် ဝိုင်းပိတ်





လိုက်ကြပြီး အနားသို့ မကျောင်းသွား သွားကာ ၎င်းတို့ကို သေနတ်တွေနှင့် ချိန်၍ အားလုံးကို လက်ရ ဖမ်းဆီး နိုင်ခဲ့ကြသည်။

ထို့နောက် ကချင်လုံချည်နှင့် ခေါင်းပေါင်းထားသော ကချင်မုဆိုးကြီးတို့က ယူနီဖောင်းဝတ်အစိုးရစစ်သားတွေကို သေနတ်နှင့်ထောက်၍ အနီးဆုံး ကေအိုင်အေစခန်းသို့ လက်နက်တွေအပါအဝင် အကျဉ်းသားအားလုံးကို အောင်မြင်စွာ လွှဲအပ်ခဲ့ကြသည်။ သို့ရာတွင် ဤသည်ကို လက်စားချေသည့်အနေဖြင့် နောက် ၂ လ အကြာတွင်မှ အစိုးရတိုက်လေယာဉ်တို့က ပါဂျိုရွာကို ဗုံးကြဲတိုက်ခိုက် လိုက်ကြကြောင်း ကြားသိခဲ့ရသည်။

နေ့မွန်းတည့်ချိန်တွင် 'ကန့်တော်ယန်' ရွာကြီး တစ်ရွာသို့ ရောက်လာကြပြီး သွားရေစာ စားသောက်ဖို့ ရပ်နားနေကြရာ လမ်းဘေးစားသောက်ဆိုင်တစ်ဆိုင် ဘေးတွင် ကျွန်ုပ်နှင့် ခွန်နောင်းတို့ထိုင်နေခိုက်၊ ကွင်းလယ် မှ စာသင်ကျောင်းတစ်ကျောင်းအနီးသို့ နွားလှည်းတစ်အုပ် ဆိုက်ရောက်လာသည်ကို သတိပြုမိလိုက်သည်။ နွားလှည်း တွေပေါ်မှာ အိတ်ကြီးတွေတင်လာပြီး ၎င်းတို့ကို ကေအိုင်အေ



www.burmeseclassic.com

www.burmeseclassic.com



ယူနီဖောင်းဝတ် အရာရှိတွေက လက်ခံယူနေကြသည်။

"သူတို့က ဘယ်သူတွေလဲ"

အစိုးရထိန်းချုပ်နယ်မြေက ရှမ်းဆန်ကုန်သည်တွေဖြစ်ကြောင်း ခွန်နောင်းကပြောသဖြင့် သူတို့နှင့်စကားပြောဖို့ ဖြည်းဖြည်းချင်း ကျွန်ုပ် လျှောက်သွားသည်။ ဥပဒေအရဆိုလျှင် သူတို့လယ်ထွက် စပါးအားလုံးကို တစ်တင်းလျှင် ၁၀ ကျပ်နှုန်းဖြင့် အစိုးရထံရောင်းချရမည်ဖြစ်သော်လည်း စပါးအချို့ကို လယ်သမားတွေက ဖွက်ထားကာ သူပုန်နယ်မြေထဲ မှောင်ခိုသွင်းလာပြီး ရောင်းချကြရာ ကေအိုင်အေက အစိုးရဈေးထက် ဆယ်ဆ ပေး၍ဝယ်ယူနေကြသဖြင့် နေဝင်း၏ မြန်မာ့ဆိုရှယ်လစ်ဝါဒဆိုသည်ကား အခြားမဟုတ်၊ ရယ်စရာ စီးပွားရေးတွေနှင့်ချမ်းသာနေခြင်းဖြစ်သည်။

နောက်ထပ်နာရီအနည်းငယ်မျှ ကျွန်ုပ်တို့ ခရီးဆက်လာရာ ခလားယန် ခေါ် ရွာကြီးတစ်ရွာသို့ ရောက်လာသည်။ ခလားယန်ကား ဒါဘက်ယန်းနှင့် ကန်တော်ယန်တို့လို မြေပုံပေါ်တွင်ရှိသော ရွာမဟုတ်၊ မျှားမကြာမီကမှပေါ်လာပြီး အစိုးရထိန်းချုပ်ဒေသမှ ရွှေပြောင်းလာသူတွေ





အများဆုံးနေထိုင်ကြသည်။ ရွာမှ စာသင်ကျောင်းအုပ်ဆရာကြီးအိမ်တွင် ကျွန်ုပ်တို့ ညအိပ်ကြရာ ကျောင်းဆရာကြီးက သူတို့ရွာကို ဒုက္ခသည်စခန်းကြီးအဖြစ် အရှန်းဖောက်၍ ပုံနှိုင်းခဲ့သော်လည်း ထူးထူးခြားခြား ဖွံ့ဖြိုးမှုရှိသည်။ အိမ်တိုင်းလိုလို မီးစက်တွေရှိပြီး ဈေးဆိုင်တန်းတွေနှင့် ဗီဒီယိုရုံတစ်ရုံပင် ရှိသေးရာ ယခုညပြသမည့်ဇာတ်ထုပ်မှာ " **The Last American Virgin**" ဖြစ်ကြောင်း ရုံရှေ့တွင် ဘလက်ဘုတ်ကြီးဖြင့် ကြေညာထားလိုက်သေးသည်။

ခလားယန်တွင် ကျွန်ုပ်တို့ နောက်တစ်ရက် ဆက်နေရင်း လာနမ်းက ကျွန်ုပ်တို့ ရောက်လာပြီဖြစ်ကြောင်း သူပုန်အာဏာပိုင် ဗဟိုကို အဆက်အသွယ်လုပ်ရာ ဤအခါမှာပင် ဌာနချုပ်နှစ်ခုရှိကြောင်း သူပုန်အာဏာပိုင် ဗဟိုကို အဆက်အသွယ်လုပ်ရာ ဤအခါမှာပင် ဌာနချုပ်နှစ်ခု ရှိကြောင်းသိရသည်။ ဌာနချုပ်တစ်ခုမှာ ခလားယန်၏ အရှေ့ဘက် ၅ နာရီမျှ သွားရသော 'နားဖော့'မှ ကေအိုင်အေဌာနချုပ်ဖြစ်ပြီး ဤတွင်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဇော်မိုင် ရုံးထိုင်သည်။ နောက်တစ်ခုမှာ အရှေ့မြောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ပါဂိုဖြစ်ပြီး ကေအိုင်အို ဥက္ကဋ္ဌ၏ နိုင်ငံရေးဆိုင်ရာ ဌာနချုပ် ဖြစ်သည်။

မြို့ ၃ ရက်တွင် နားဖော့သို့ ရောက်လာကြပြီး စခန်းအတွင်းသို့ ကျွန်ုပ်တို့လမ်းလျှောက် ဝင်လာသည့်အခါ ကြိုဆိုရေးကော်မတီအဖွဲ့က စောင့်ကြို၍ ကျွန်ုပ်တို့ကို လက်ဆွဲနှုတ်ဆက်ကြသည်။ ဗိုလ်ချုပ်ဇော်မိုင်ကား သူ့လက်ကို ကျွန်ုပ် လက်ဆွဲနှုတ်ဆက်သည်မှာ ယခု ပထမအကြိမ် မဟုတ်။ ၁၉၈၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံ ချင်းမိုင်သို့ လျှို့ဝှက်ရောက်လာစဉ်အခါက သူနှင့် ကျွန်ုပ် ပထမဆုံး တွေ့ဆုံခဲ့ပြီး ဤမှာပင် အိန္ဒိယနှင့် နာဂတောင်တန်းသို့ ကျွန်ုပ်တို့ ယူလာသော မိတ်ဆက်စာကို သူကိုယ်တိုင်ရေး ပေးပြီး ကချင်ဒေသသို့ ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်သည်။ ဇော်မိုင်နှင့် တခြားအရာရှိတို့က ကျွန်ုပ်တို့ကို သစ်သားအဆောက်အအုံ ကြီးအတွင်းသို့ ခေါ်ပြီး ဤ၌ပင် နားနားနေနေ ထိုင်လိုက်ကြ သည်။

"လအတော်ကြာကတည်းက ကျွန်တော်တို့ ခင်ဗျားကို မျှော်နေကြတာ"

မျက်နှာရိုပ်၊ မျက်နှာခြည် ခပ်တင်းတင်းနေတတ်





သော သူ့မျက်နှာပေါ်မှာ အားရပါးရ အပြုံးကြီးတစ်ခု ပွင့်ထွက်လာပြီး သူကပြောရာ ကျွန်ုပ်ကလည်း အိန္ဒိယနှင့် နာဂဒေသမှာ ကြုံတွေ့ခဲ့ရသော အခက်အခဲတွေကို အကျဉ်းချုံး ရှင်းပြလိုက်သည်။

"အခုတော့ ဖြစ်ခဲ့တာတွေ အားလုံးကို ကျွန်တော် တို့ သိပြီးပါပြီ"

စီးကရက်တစ်လိပ်ကို မီးညှိရင်း သူက ဆက်ပြော သည်။

"ကျွန်တော့်လူတချို့လွှတ်ပြီး စုံစမ်းခဲ့တယ်၊ ခင်ဗျား မှတ်မိမလား မသိဘူး။ NSCN ဌာနချုပ်ကို ရောက်လာတဲ့ 'ဆီးမား' အမျိုးသားကြီးနစ်ယောက်၊ NSCN နဲ့ အိန္ဒိယအစိုးရတို့ ငြိမ်းချမ်းရေးဆွေးနွေးရာမှာ သူတို့က ကြားဝင်ပေးမယ်လို့ ပြောခဲ့တယ်"

ကောင်းကောင်းကြီး မှတ်မိပါသည်။ သူတို့၏ စပ်စုမှုကြောင့် ကျွန်ုပ် သံသယဖြစ်ခဲ့သူနှစ်ယောက်။

"အဲဒီလူတွေက အိန္ဒိယထောက်လှမ်းရေးတွေ၊ ကိုဟီးမားကို သူတို့ပြန်ရောက်တာနဲ့ အာဏာပိုင်တွေဆီ ချက်ချင်းသတင်းပို့ခဲ့တယ်၊ ပထမတော့သူတို့ဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



ခင်များပြန်ဝင်လာမယ်ထင်နေကြတာ၊ ဒါပေမဲ့ ခင်များက ပြန်ရောက်မလာတော့ သူတို့ကတစ်ဆင့် မဆလကို သတင်းပေးလိုက်ကြတာ၊ ဒါကြောင့် မဆလတပ်က NSCN ကို လာတိုက်တာပဲလေ''

ချိဘွေလမ်းမကို ကျွန်ုပ်တို့ ဖြတ်လာပြီး တွေ့ကြုံခဲ့ရသည်တို့ကိုလည်း ဗိုလ်ချုပ်က သိနှင့်နေသည်။ မန်းပိုင်းတွင် ကျွန်ုပ်တို့နှင့် ရင်ဆိုင်တွေ့ခဲ့သော တပ်စုတစ်စုက ရန်သူနှင့်တွေ့၍ ပစ်ခတ်မှုဖြစ်ခဲ့ကြောင်း၊ ရန်သူ လွတ်မြောက်သွားကြောင်း ရေဒီယိုဖြင့် မြစ်ကြီးနားသို့ သတင်းပို့ခဲ့သဖြင့် ရက်အနည်းငယ်အကြာတွင် ကျွန်ုပ်တို့နောက်လိုက်ဖို့ အစိုးရတပ်ဖွဲ့နှစ်ဖွဲ့ စေလွှတ်လိုက်ခြင်းဖြစ်သည်။ ထိုအချိန်တွင် ကျွန်ုပ်တို့စစ်ကြောင်းက အဝေးကြီးရောက်သွားပြီဖြစ်၍ အရှေ့ဘက်တောင်တန်းတွေဆီ ၎င်းတို့တပ်ဖွဲ့တွေ ရောက်သွားသည့်အခါ ဘာမျှမတွေ့ရတော့ဘဲ ဆာပွိုင်းနှင့် အူးသောင်းရွာမှ အိမ်အချို့ကို မီးရှို့ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။ ဆာပွိုင်းရွာတွင် ကျွန်ုပ်တို့ ဝင်ရောက်တည်းခိုခဲ့ခြင်းမရှိသော်လည်း အူးသောင်းတွင်မူ ရပ်နား၍ ဘိယာသောက်ခဲ့ကြပြီး ယူနန်ဘက်မှ တောင်တန်း

မြရတနာစာပေ



ကြီးတွေကို ငေးမောခဲ့ကြသည်။ သို့ရာတွင် တပ်မဟာ (၃) မှ ကေအိုင်အေတပ်ဖွဲ့တစ်ဖွဲ့က ကင်းလှည့်တပ်ဖွဲ့ကို တိုက်ခိုက်ခဲ့ရာ ဟိုပစ်ဒီပစ်နှင့် တစ်ခဏပစ်ခတ်ကြပြီးနောက် ကင်းလှည့်တပ်ဖွဲ့ဝင်တွေ ပြန်ဆုတ်သွားကြသည်။

သို့ဖြစ်၍ အားလုံးကိုခြုံ၍ နိဂုံးချုပ်လိုက်လျှင် သူပုန်ထိန်းချုပ်ဒေသတွင် နေထိုင်နေကြသော အရပ်သားတို့ကို လက်နက်နှင့် ခြိမ်းခြောက်ခြင်းသည် အစိုးရစစ်တပ်၏ စစ်ဆင်ရေးလုပ်ထုံးလုပ်နည်းတစ်ခုသာဖြစ်ပြီး အဆိုပါ အပြုအမူကို အခြားသော ဆင်ခြင်စဉ်းစားနည်းဖြင့် ရှင်းပြရန် အကြောင်းမရှိချေ။

နားဖော့သို့ ကျွန်ုပ်တို့ ရောက်ချိန်တွင် သကြန်ကျချိန်နှင့် တိုက်ဆိုင်နေရာ အတီးအမှုတ်၊ အကအခုန်တို့ဖြင့် သကြန်ပွဲကို ဆင်နွှဲခဲ့ကြသည်။ နားဖော့ရွာ ခန်းမကြီးတွင် စက္ကူတံခွန်၊ ကုက္ကား၊ ပန်းများနှင့် အလှဆင်ထားပြီး ညဘက်တွင်မူ ကေအိုင်အေမှ ဖြေဖျော်ရေးအဖွဲ့တစ်ဖွဲ့က တီးမှုတ်ကြသည်။ လင်းကွင်းသံ၊ မောင်းသံ၊ ဗုံသံ တစ်ညလုံး သောသောညံနေပြီး လပြည့်ညအလင်းရောင် အောက်တွင် စစ်သားတွေ ကခုန်နေကြရာ ကိုးသိုက်ကို

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တွန့်လိမ်ကလိုက်တိုင်း သူတို့ကိုယ်ပေါ်လွယ်ထားသော ရိုင်ဖယ်သေနတ်တွေနှင့် ခါးပတ်ပေါ်က ကျည်ကတ်တို့ ရိုက်ခတ်သံတွေကလည်း ခပ်ကြမ်းကြမ်းစည်းချက်ကို အာဖြည့်ပေးနေသလို ကချင်အများစုမှာ ခရစ်ယာန်ဘာသာဝင်တွေ ဖြစ်သော်လည်း NDF မဟာမိတ်မှ ရှမ်းနှင့် ပလောင်အချို့မှာ ဗုဒ္ဓဘာသာဝင်တွေဖြစ်ကြပြီး ပရိတ်သတ်ထဲတွင် ဘင်္ဂလားဒေ့(ရှ်)နယ်စပ်မှ ရခိုင်သူပုန်အနည်းငယ်နှင့် အစိုးရတပ်ဖွဲ့မှ ထွက်ပြေးလာသော ဗမာပြည်ပြေးအချို့ပင် ပါဝင်သည်။ နားဖော့တွင် ရက်အနည်းငယ်နားနေပြီး ဧပြီ ၁၆ တွင် ပါကျိုသို့ ခရီးဆက် ခဲ့ကြရာ ထိုနေ့ကား ဆိုင်နောင့် ၂၅ နှစ်မြောက်မွေးနေ့ဖြစ်သလို အိန္ဒိယလောင်ဗာမှ ကီလိုမီတာ ၉၀၀ ရှည်လျားသော ခရီးကြမ်း၏ နောက်ဆုံးအပိုင်းလည်း ဖြစ်သည်။ နယူးဒေလီကော်ဖီဆိုင် တစ်ဆိုင်တွင် ဗယ်မယ့်ဆူနှင့် တွေ့ဆုံခဲ့ပြီး နာဂတွေနှင့် အဆက်အသွယ်ရခဲ့သည့်အချိန်မှ စတင်ရေတွက်သော် ယခု တစ်နှစ်တင်းတင်း ပြည့်ခဲ့လေပြီ။

ကိုင်ပွန်းမြက်ပင်တွေ ဖုံးလွှမ်းနေသော တောင်ပေါ် မြေပြန့်ကို ၇ နာရီမျှ ဖြတ်လာခဲ့ရာ ပါကျောင်မရောက်မီ





ချိုင့်ဝှမ်းကျဉ်းလေးအတွင်း စမ်းချောင်းနံဘေးမှ ဈေးခင်းကြီး တစ်ခုဆီ ဆင်းသွားသောလမ်းအတိုင်း ဖြောင့်တန်းစွာ လိုက်လာခဲ့ရာ အုတ်ကြွပ်မိုးနှင့် သစ်သားအဆောက်အအုံ တစ်ခုရှေ့တွင် ကျွန်ုပ်တို့ ရပ်လိုက်ကြသည်။ ဤတွင် ရှေ့ဆက်သွားဖို့ ကျွန်ုပ်တို့ကို ပန်ကြားပြီး ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ကို ရှေ့ကသွားဖို့ ပြောသည်။ မရွှေက သမီး ကို ကျောပိုးပြီး နောက်ကပါလာသည်။

ဈေးနောက်မှ တောင်ကုန်းပေါ်တက်လာပြီး လမ်းတစ်ဝက်တွင်မူ လူတွေ ရာနှင့်ချီ၍ လမ်းတစ်လျှောက် တန်းစီနေကြပြီး အဘိုးကြီးတစ်ယောက်က ရှေ့ထွက်လာပြီး ကျွန်ုပ်တို့ကို နှုတ်ဆက်သည်။ ထိုသူကား မေဂျာ အနုချို ယောတန်၊ ၁၉၈၂ ခုနှစ်အတွင်း ထိုင်းနယ်စပ်တွင် ကျွန်ုပ်နှင့် ပထမဆုံးတွေ့ခဲ့သူ ကချင်အရာရှိကြီးတစ်ယောက် ဒုတိယ ကမ္ဘာစစ်အတွင်း ဗြိတိသျှစစ်တပ်တွင် အမှုထမ်းခဲ့သူဖြစ်၍ အင်္ဂလိပ်စကားကို ကောင်းစွာ ပြောနိုင်သူ။

"ကျုပ်ကို မှတ်မိရဲ့လား"

သူ့လက်ကို ကမ်းရင်း မေးလိုက်သည်ကို ကျွန်ုပ်က လှိုက်လှိုက်လှဲလှဲ လက်ဆွဲနှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိတာပေါ့ မေဂျာ၊ ဒီတစ်ကြိမ်ပြန်တွေ့ရတာ ဝမ်းသာပါတယ်"

ကချင်အမျိုးသမီးတချို့က ကျွန်ုပ်တို့ကို ပန်းစည်းတွေ လက်ဆောင်လာပေးကြရာ ၎င်းတို့ကို ဘယ်ဘက်ချိုင်းကြားတွင် ညှပ်၍ ကမ်းလာသော လက်တွေကို လှုပ်ယမ်းနှုတ်ဆက်ရင်း ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ လူတန်းရှည်ကြီးတစ်လျှောက် ဖြည်းဖြည်းချင်းလျှောက်လာကြရာ ကချင်ဗီဒီယိုကင်မရာသမားကလည်း ရိုက်ကူး၍ မှတ်တမ်းတင်နေသဖြင့် ကျွန်ုပ်သည်ကား မသက်မသာနှင့် အမေရိကန် သမ္မတလောင်း ခရီးထွက်လာသည်နှင့်ပင် တူနေသေးတော့သည်။

လူတန်းကြီးဆုံးသည်နှင့် လမ်းကသစ်သားအိမ်ကြီးနှစ်လုံးကြားမှ မြေကွက်လပ်သို့ ဦးတည်သွားပြီး ၎င်းတွင် ကြိုဆိုရေးကော်မတီဝင်များဖြစ်ကြသော ရှမ်းအမျိုးသားတစ်ယောက်၊ ဗကပမှ တစ်ယောက်နှင့် ကချင်အရာရှိသုံးယောက်တို့ အသင့်စောင့်နေကြရာ ယင်းတို့ထဲက အရပ်ပုပု၊ တုတ်ခိုင်သော ခန္ဓာကိုယ်နှင့် အညိုရောင်ဝတ်စုံ၊ အဖြူရောင်ရှပ်အင်္ကျီ၊ နက်ကတိုင်အပြာနှင့် ပြောင်လက်နေ





သော အညိုရောင်ရှူးဖိနပ်တို့ ဝတ်ဆင်ထားသော ပုဂ္ဂိုလ်သည်ကား ဘရန်ဆိုင်း။ ၎င်းတွင် ကျွန်ုပ်၏ တောဆောင်းဦးထုပ်ကိုချွတ်လိုက်ပြီး သူ့လက်ကိုဆွဲ၍ နှုတ်ဆက်လိုက်သည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်အလွတ်မှတ်ထားသော ကချင်စကားကို ပြောလိုက်သည်။

"နင်ဘော ကဘာ ဂါဂျောင်း အိုင်"

(နေကောင်းပါရဲ့လား လေးစားရပါသော ဆရာ)

သူက ရယ်လျက် အင်္ဂလိပ်လိုပီပီသသ ပြန်ပြောသည်။

"ခင်ဗျားကို ဘယ်သူသင်ပေးတာလဲ"

ဘယ်ဘက်မှ အိမ်ထဲ ကျွန်ုပ်တို့ ဝင်လာကြရာ ၎င်းတွင်လည်း ကချင်အမျိုးသမီးကြီးတချို့က ကျွန်ုပ်တို့ကို ဆန်အရက်၊ ကောက်ညှင်းနှင့် ကြက်သားတို့ဖြင့် ညှော်ခံ့ဖို့ စောင့်နေကြပြန်သည်။ ကျွန်ုပ်တို့ ခရီးစဉ်အကြောင်းကို လှတိုင်းမေးကြပြီး အိမ်ယင်းကိုမှ အားလုံးကချစ်ကြသဖြင့် ဝိုင်းချီကြ၊ ပိုးကြနှင့် လက်က မချကြ။ အိယင်းကလည်း အားလုံးကို ပြုံးရယ်ပြီး မပီကလာ ပီကလာပြောသည်။ သမီးလေးကား ခရီးကြမ်းတစ်လျှောက်လုံး အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



ချောမွေ့စေဖို့ ဖန်တီးရာတွင် အဖိုးမဖြတ်နိုင်သော သမီးရတနာလေး ဖြစ်သည်။ နေရာသစ်တွင် ကျွန်ုပ်တို့ မိသားစု နားနားနေနေ နေကြစေဖို့ တခဏအကြာတွင် နှုတ်ဆက်ကြိုဆိုကြသူတွေ ထွက်ခွာသွားကြလေရာ ကျွန်ုပ်တို့ကား အမှန်ပင် ပင်ပန်းနေကြပါသော်လည်း အတိုင်းမသိ ဝမ်းသာနေကြပါ၏။ အခက်အခဲ ဒုက္ခအဖုံဖုံကို ကျော်လွှား၍ နောက်ဆုံးတွင်မှ ခရီးဆုံးသို့ ကျွန်ုပ်တို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ကြလေပြီ။

■





## KIO တို့ ပါဂျို

ရေးသူ – **Bertil Lintner**

မြန်မာပြည်မြောက်ပိုင်းကို (၆) လနီးပါးခန့်ကြာမှ ဖြတ်ကျော်လာရာတွင် လမ်းခရီးတစ်လျှောက် တစ်အိုးတစ်အောင့် အချိန်အနည်းငယ်ရပ်နားခဲ့ပြီးနောက် ပါဂျိုသို့ ဆိုက်ရောက်လာခဲ့ကြရာ ယခုအချိန်မှစ၍ တစ်ပတ်၊ တစ်ရက် မဟုတ်တော့ဘဲ လနှင့်ချီ၍ ကောင်းမွန်စွာ အခြေတကျ နေကြရမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပါဂျိုကား ဈေးကို ဗဟိုပြုဝိုင်းရံထားသော တောင်ကုန်းလေးတွေပေါ်တွင် ဖြန့်ကျက်တည်ထားပြီး ချိုင့်ဝှမ်းမြေပြန့်တွင် ချောင်းငယ်လေးတစ်ခုကလည်း ဈေးအနီးမှဖြတ်၍ စီးဆင်းနေသည်။ အဆောက်အအုံအများစုမှာ သစ်သားပျဉ်ထောင်နှင့် အုတ်ကြွပ်မိုးဖြစ်၍တောင်ကုန်းတစ်ခုပေါ်တွင် ဘုရားကျောင်းတစ်ကျောင်း ရှိသည်။ ဘုရားကျောင်းကို စနေ၊ တနင်္ဂနွေမှလွဲ၍ ကျန်နေ့ရက်တို့တွင် ကလေးမူကြို စာသင်ကျောင်းအဖြစ်သာ သုံးသည်။ ၎င်းအပြင် စာသင်ကျောင်းကြီးတစ်ကျောင်းလည်းရှိ၍ တယ်လီဖုန်းအိတ်ချိန်းရုံး ရှိသည်။ ချိုင့်ဝှမ်းအတွင်း ဈေးအနီးတွင် ဗီဒီယိုပြသော ခန်းမကြီးတစ်ခုနှင့် အခြားရုံးအဆောက်အအုံတို့ကိုလည်း နေရာအနှံ့အပြား တွေ့နေရသည်။

အမြင့်ဆုံးတောင်ကုန်းတစ်ခုပေါ်တွင် ကချင်ပြည်နယ်အတွင်း သူပုန်တို့၏ အရပ်ဘက် အထွေထွေ အုပ်ချုပ်ရေးရုံး ဖွင့်လှစ်ထားပြီး ရုံးရှေ့တွင်မူ အပေါ်ခြမ်းအနီရောင်တွင်အောက်ခြမ်း အစိမ်းရောင်နှင့် အဖြူခံပေါ်တွင် ကချင်ဓားနှစ်လက် ကြက်ခြေခတ်ထားသော ကချင်အလံတော် လွှင့်တင်ထားသည်။ ညနေ (၈) နာရီမှ (၁၀)





ယခု KIO ဗဟိုနာယကဗိုလ်ချုပ်ကြီး အင်ဘန်လ
(ယခင်က ရင်း ၂၅၃ ရင်းမှူးဖြစ်သည်)



ယခု KIA ဦးစီးချုပ် ဒုဗိုလ်ချုပ်ကြီး ဂမ်ရှောင်

www.burmeseclassic.com

www.burmeseclassic.com



လိုင်ဇာ အဝမှ စာရေးသူနှင့် ဗိုလ်ကြီး မြည့်မြိုးအောင်




ဟိုတုန်းက လိုင်ဇာ





၁၉၈၅-၈၆ ခုနှစ် မ.ဒ.တ အစည်းအဝေး ပါဂျိုတွင် ကျင်းပစဉ်က KIAက
ပွဲပါသမီးပျိုလေးများဖြင့် မ.ဒ.တ ဗဟိုကော်မတီဝင်များကို ပြုစုဧည့်ခံခဲ့သည် ဆို

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းသူ KIA စစ်သမီးများ



သင်တန်းသူ KIAစစ်သမီးတစ်ဦး



နာရီအထိ ဓာတ်ဆီ ဂျင်နရေတာဖြင့် စခန်းတစ်ခုလုံးကို လျှပ်စစ်မီး ပေးလျက်ရှိရာ ပင်လယ် ရေမျက်နှာပြင်အထက် (၂၀၀၀) နီးပါးတွင် တည်ရှိပါသော ပါဂျိုမြို့လေးသည်ကား ဆွစ်ဇာလန်နိုင်ငံ အဲလ့်(ပ်) တောင်တန်းက အပန်းဖြေ စခန်းတစ်ခုနှင့် တစ်ထေရာတည်းဖြစ်ပြီး သစ်လုံးအိမ်မှ မီးခိုးခေါင်းတိုင်တွေဆီက မီးခိုးတွေ တလူလူ လွင့်တက်နေသည့်အခါမျိုးဆိုလျှင်တော့ ဆိုဖွယ်မရှိချေ။

တောင်စောင်းတစ်ဖက်ကို ညှိထားသော ပြင်ညီမြေကွက်ပေါ်မှ ပျဉ်ထောင်အိမ်ကြီးပေါ်တွင် ကျွန်ုပ်တို့ကို နေရာချပေးထားပြီး အတွင်း၌ သံမီးလင်းဖိုကြီးတစ်ခု ပါရှိလေရာ အအေးဒီဂရီ 'သုည'နီးပါးကျသွားသော ညမျိုးတွင် မီးလင်းဖိုကြီးကား အတော်ပင်အလုပ်ဖြစ်သည်။ အိန္ဒိယမှ ထွက်ခွာစဉ်ကပင် ကျကျနန မအိပ်ခဲ့ရသော ကျွန်ုပ်တို့အတွက် ယခုအိပ်ခန်းကား မွေ့ရာ၊ အိပ်ရာခင်း၊ စောင်ထူထူကြီးတွေနှင့် တကယ့်အိပ်ခန်း ဖြစ်သည်။ မရှေနှင့် 'မက်တမ်'တို့အတွက်လည်း သီးခြားအိပ်ခန်းတွေ ပေးထားသည်။ 'အက်တမ်'ကား မိန်းကလေးစစ်သည် တစ်ယောက်ဖြစ်ပြီး အီယင်းကိုထိန်းဖို့အတွက် ကျွန်ုပ်တို့နှင့် 'နားဇော့'

www.burmeseclassic.com

www.burmeseclassic.com



မှ လိုက်လာသူ ဖြစ်သည်။ ကျွန်ုပ် စာရေး၊ စာကြည့်ရန်အတွက် သီးသန့်အခန်းနှင့် စားပွဲကြီးတစ်လုံး၊ လက်နှိပ်စက်၊ ဘာအုပ်တွေနှင့် ဘရန်ဆိုင်းက ကျွန်ုပ် ဖတ်ဖို့ပေးထားသော နိုင်ငံတကာမဂ္ဂဇင်း တစ်ထပ်ကြီးလည်း ရှိလေရာ ဤနေရာကား အိုယင်းမွေးဖွားပြီးနောက် ကျွန်ုပ်တို့၏ ပထမဆုံး 'သီရိဂေဟာ' အိမ်လေးတစ်အိမ် ဖြစ်တော့သည်။

ပါကိုျသို့ ကျွန်ုပ် ရောက်လာပြီး ပထမတစ်ပတ်အထိ မြို့တော်ခန်းမတွင် အတီးအမှုတ်၊ အကအခုန် အမျိုးမျိုး နေ့စဉ်ရက်ဆက် ကျင်းပ၍ ကချင်ဌာနချုပ်မှ ရှစ်ပြည်နယ် စစ်တပ်ကိုယ်စားလှယ်တို့က မဂ်လာအခမ်းအနားတို့ကို တာဝန်ယူဆောင်ရွက်ခဲ့ပြီး ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို SSA ရုံးသို့ ရှမ်းရိုးရာ တူရိယာ ဝိုင်းတစ်ဝိုင်း အပါအဝင် အခမ်းအနားဖြင့် ပင့်ဆောင်၍ သကြ္န်အခါတော်ကို အဆုံးသတ် လိုက်ကြသည်။ အုံးအုံး ကျွတ်ကျွတ် တီးသံမှုတ်သံတွေ စဲသည့်အခါ စခန်းကိုလှည့်ပတ်ကြည့်ရှုကြရာ ကျွန်ုပ်တို့ လပေါင်းများစွာ မတွေ့မမြင်ခဲ့ရသော လူသုံးကုန်ပစ္စည်းနှင့် စားစရာ သောက်စရာတွေ 'ဂက်ယန်း' ခေါ် ပါကိုျဈေးကြီး ထဲမှာ ဖောခြင်းသောခြင်း တွေ့လိုက်ရသဖြင့်





ကျွန်ုပ်တို့ ပျော်သွားသည်။ သမီးလေးအတွက် လိုအပ်သော ဆေးဝါးနှင့် ကလေးပေါင်ဒါတွေ၊ ကလေးအဝတ်တွေ၊ တရုတ်နို့မှုန့်ထုပ်တွေ၊ စည်သွတ်အသားဗူးနှင့် အသီးဘူးတွေ၊ မန္တလေးမှ ရွှေကျောင်း ကော်ဖီနှင့် ထိုင်းနိုင်ငံမှ မှောင်ခိုသွင်းလာသော ယိုဘူးတွေ အောတိုက်နေသလို နယူးဇီလန်မှ ထောက်ပတ်သံဘူးနှင့် ဩစတေးလျမှ ဒိန်ခဲဘူးတို့ပင် ရနိုင်ပါသေးသည်။ သို့ပေမဲ့ ပေါင်မုန့်နှင့်တူတာဆို၍ မုန့်ကြွပ်သာရှိသဖြင့် ကော်ဖီကို နို့မှုန့်နှင့်ဖျော် ထောပတ်၊ ဒိန်ခဲ၊ ယိုနှင့် ကြက်ဥ ကြော်တို့ကို အင်္ဂလိပ်နံနက်စာနှင့် တူတူ တန်တန် စားသောက်နိုင်လေရာ ကာ(လ်)ကတ္တားက 'ဖဲယားလွန်း' ဟိုတယ်တွင် စားခဲ့ သောက်ခဲ့သည်တို့ကို သတိရ လိုက်ပါ သေးသည်။

သို့ပေမဲ့ ယခုပြင်ပကမ္ဘာကြီးကား အခြားကိစ္စရပ်တွေနှင့် ပို၍ နီးစပ်လာသည်။ တောင်ဘက် ကီလိုမီတာ (၆၀၀) ကျော် ထိုင်းနိုင်ငံ နယ်စပ်တွင်ရှိသော ကေအိုင်အေစခန်းနှင့် ဘရန်ဆိုင်း၏ ဌာနချုပ်တို့ နေ့စဉ် အဆက်အသွယ်ရှိသည်ဖြစ်၍ ကျွန်ုပ်တို့ရောက်ပြီး ချက်ချင်းဆိုသလိုပင် ကြေးနန်းပို့လိုက်သည်။ အဆိုပါစခန်းမှ တစ်ဆင့် ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



၏ ကချင်အဆက်အသွယ်တစ်ဦးက ဘန်ကောက်မှ **Far Eastern Economic Review** မဂ္ဂဇင်းဗျူရိုနှင့်ဆက်သွယ်ပြီး ကျွန်ုပ်တို့ ကောင်းမွန်စွာ နေထိုင်လျက်ရှိကြောင်း ကျွန်ုပ်တို့ လုပ်ဖော်ကိုင်ဘက်တွေကို ပြောပေးဖို့ ဖြစ်သည်။ ထို့နောက် (၃) ရက်ကြာပြီး နောက်တွင်မူ ယူနီဖောင်းနှင့် ရေဒီယိုအော်ပရေတာ ရဲဘော် တစ်ယောက် အိမ်တံခါးဝ ရောက်လာပြီး ကျွန်ုပ်ကို သတိဆွဲ အလေးပြုပြီး ကြေးနန်း တစ်စောင် ပေးသွားသည်။ ကြေးနန်းကား တိုတိုနှင့် ယခုလို ရေးထားသည်။

"မင်းတို့အကြောင်း ကြားရလို့ ဝမ်းသာတယ်၊ ဟောင်ကောင်က သတင်းပို့တယ်၊ မင်းရေးပို့တဲ့စာ အားလုံးရတယ်၊ တောင့်ထားကိုယ့်လူ။"

လေးစားလျက်
ဂျွန်

ဘန်ကောက်ဗျူရိုမှ အရာရှိချုပ် ဂျွန်မက်ဘက် ပေးပို့လိုက်သော ကြေးနန်းစာဖြစ်၍ ကျွန်ုပ်နှင့် ဆိုင်းနောင့်တို့ ဝမ်းသာသွားသည်။ စစ်မဟာဌာနချုပ် (၂) မှ ကျွန်ုပ်





ရေးပေးခဲ့သော စာတွေလည်း ရသည်ဆိုတော့ ကျွန်ုပ်တို့ဆီ ရောက်လာသော ဖလင်လိပ်တွေကလည်း သူ့ထံမှဖြစ်ကြောင်း မှန်းဆနိုင်သလို နောက်ထပ်မှာထားသော ဖလင်လိပ်တွေလည်း ရောက်လာတော့မည်ဖြစ်၍ မကြာခင် ကျွန်ုပ်တို့ အလုပ်စ နိုင်တော့မည်။

သို့ပေမဲ့ ယခုခရီး၏ အဓိကရည်ရွယ်ချက်မှာ **NDF** အစည်းအဝေးကို သတင်းယူဖို့ဖြစ်ရာ ယခု လွဲချော်သွားပြီဖြစ်၍ စိတ်ပျက်လက်ပျက်ဖြစ်မိသော်လည်း တစ်နေ့ ဘရန်ဆိုင်းက သူ့အိမ်သို့ ကျွန်ုပ်တို့ကိုခေါ်၍ ပြီးခဲ့သည့် ဖန်နဝါရီလက ကျင်းပခဲ့သော ပါဂျို့ ကွန်ဖရင့်ကို ရိုက်ကူးထားသော ဗီဒီယိုအခွေကို ပြသည်။ ဘရန်ဆိုင်း၏ ညွှန်ခန်းမှာ အတော်ကျယ်ဝန်းပြီး ကချင်ထိပ်ပိုင်း ခေါင်းဆောင်တွေ အစည်းအဝေးကျင်းပသည့် နေရာလည်းဖြစ်ရာ သစ်သားစားပွဲရှည်ကြီးတစ်လုံးနှင့် ခုံတန်းရှည်တွေခင်းထားပြီး ရှေ့ဘက်နံရံပေါ်တွင်မူ ချိုနှစ်ချောင်းနှင့် ကျွဲဦးခေါင်းခွံ၊ ၎င်းအထက်တွင် သခင်ယေရှုခရစ်တော်၏ ရုပ်ပုံပန်းချီကား တစ်ချပ် ချိတ်ထားသည်။ ညတွင် ပါဂျို့မှ လူတွေ ရောက်လာပြီး ခုံတန်းရှည်ပေါ်ထိုင်၍ ဗီဒီယိုလာကြည့်တတ်ကြ



www.burmeseclassic.com

သည်။ ဘရန်ဆိုင်းက ဗီဒီယိုစက်ကို 'ပလပ်' တပ်ရင်း ပြုံး၍ ပြောသည်။

"တပ်မဟာ (၂) ဌာနချုပ်ကို ခင်ဗျားရောက်တုန်းက ကျွန်တော်တို့ ဒီမှာ ကွန်ဖရင့်ကျင်းပခဲ့ကြတယ်၊ အဲဒီမှာ သူတို့ကို ကျွန်တော်က လင့်တနာကို ဖနီးမောင်နဲ့ အခု ဟူးကောင်းချိုင့်ဝှမ်း ရောက်နေပြီလို့ ပြောလိုက်တော့ ဘယ်လိုရောက်လာတာလဲလို့ သူတို့က မေးတယ်။ သူတို့ မျက်နှာတွေကို ခင်ဗျားမြင်စေချင်တယ်၊ ဒါနဲ့ ကျွန်တော်က သူတို့ကို အင်မတန် ထူးခြားဆန်းကြယ်တဲ့လမ်းက လာတာလို့ ပြောလိုက်တယ်"

ဘရန်ဆိုင်းက သူ့စကားကို သူသဘောကျပြီး ဟက်ဟက်ပက်ပက် ရယ်လေသည်။ အိန္ဒိယမှာ အရမ်းကြာသွားတာ စိတ်မကောင်းပါဘူး"

မှတ်တမ်းတင် ဗီဒီယိုအဖွင့်တွင် ကချင်၊ ရှမ်းနှင့် ပလောင် လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ခြံရံလျက် **NDF** ကိုယ်စားလှယ်အဖွဲ့ကို ဦးစိုးအောင်က ခေါင်းဆောင်၍ ကချင်ပြည်နယ် စိမ်းစိုကျယ်ပြောသော ချိုင့်ဝှမ်းတစ်လျှောက် ချီတက်လာကြသည်။ ဦးစိုးအောင်မှာ ကရင်အမျိုးသား



ခေါင်းဆောင်ဖြစ်ပြီး အသက် ၆၀ ကျော်လေပြီ။ ကေအိုင်အေ ပထမစခန်းသို့ ဆိုက်ရောက်လာကြသည့်အခါ အရပ်သားတွေနှင့် စစ်သားတွေက ကိုယ်စားလှယ်တော် တို့ကို ပန်းကုံးတွေ စွပ်ကြပြီး ကချင်အမျိုးသားကြီး ၂ ယောက်က စကောအိတ်ပလွေကြီးတွေ မှုတ်လိုက်ကြသည်။ ၎င်းပလွေကြီးတို့သည်ကား ကိုလိုနီခေတ်က အိန္ဒိယစစ်တပ်တွင် ဂေါ်ရခါး စစ်သားတွေနှင့်အတူ ၎င်းတို့စစ်မှု ထမ်းခဲ့စဉ် ကာလများက ရလာခဲ့သော အမွေအနှစ်ပစ္စည်းတွေပဲ ဖြစ်သည်။

အစည်းအဝေးပွဲကို ပါဂျိုပြည်သူ့ခန်းမတွင် ကျင်းပရာ ကချင်ကိုယ်စားလှယ်တော်ကြီးများက မြန်မာပြည်လူနည်းစု တိုင်းရင်းသားတို့၏ ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ယခင်က တောင်းဆိုခဲ့သော ခွဲထွက်ရေးမူဝါဒတို့ကို လုံးဝ စွန့်လွှတ်ကြောင်း တင်သွင်းကြသည်ကို ဤကိုယ်စားလှယ်တော်ကြီးတို့က ထောက်ခံဆွေးနွေးကြသည်။ သို့ရာတွင် ဗကပနှင့်ညွန့်ပေါင်းစစ်တပ်ဖွဲ့ ကိစ္စတွင်မူ သဘောထားကွဲလွဲကြလေရာ အငြင်းပွားနေကြပြီးနောက် တပ်ပေါင်းစုကိစ္စကို ဆက်လက်ဆွေးနွေးဖို့

www.burmeseclassic.com



*ကိုယ်စားလှယ်များ ပန်ဆန်းသို့ ထွက်ခွာသွားကြသည်တွင်* ဗီဒီယိုမှတ်တမ်းခွေလည်း ဤသို့ဖြင့် ပြီးဆုံးသွားသည်။

"ကျွန်တော်လည်း ပန်ဆန်းက ပြန်ရောက်လာတာ မကြာသေးဘူး"

ဘရန်ဆိုင်းက ဗီဒီယိုစက်ကိုပိတ်လိုက်ပြီး ကျွန်ုပ်တို့နှင့်အတူ လာထိုင်ရင်း ပြောသည်။

"ကျွန်တော်တို့ ကိုယ်စားလှယ်အားလုံး မတ် (၂၄) ရက်နေ့မှာ ဗကပနဲ့ တပ်ပေါင်းစုဖွဲ့ဖို့ ကာကွယ်ရေး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြတယ်"

လုံးဝ မျှော်လင့်မထားသော သတင်းကြားလိုက်ခြင်းပင်။ ယခုတစ်ကြိမ်တွင် မြန်မာပြည်တွင် ပထမဆုံးအကြိမ် လက်နက်ကိုင် တော်လှန်ရေးအဖွဲ့တွေကြား နိုင်ငံရေးခံယူချက် (သို့) လူမျိုးရေးကို ဘေးဖယ်ထားပြီး ပထမဆုံးအကြိမ် စည်းလုံးညီညွတ်မှု ရယူနိုင်ခြင်း ဖြစ်သည်။ အမှန်အားဖြင့် ဆယ်စုနှစ်ပေါင်းများစွာကတည်းက ၎င်းတို့ကြား သဘောထားအမျိုးမျိုး ကွဲနေကြ၍လည်း ရန်ကုန်အစိုးရက လက်နက်ကိုင်ဆန့်ကျင်မှုတို့ကို အနိုင်ယူလာခဲ့သည်လည်း ဖြစ်သည်။





*ယခု ကိုယ်စားလှယ်အဖွဲ့ ဘယ်ရောက်နေကြောင်း* ကျွန်ုပ်က မေးကြည့်ရာ ပန်ဆန်းမှ ထိုင်းနယ်စပ်သို့ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။ ဆိုခဲ့သလို ဖြစ်ပေါ်တိုးတက်မှု သတင်းတို့ကို ချက်ချင်းရေးသား၍ ရေဒီယိုမှ တစ်ဆင့် သတင်းပေးပို့ချင်ပါသော်လည်း ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လုံး ထိုင်းနယ်စပ်သို့ မရောက်မီ သတင်းပို့လိုက်မည်စိုး၍ လမ်းခုလတ်တွင်သာ ရှိနေသေးသော ၎င်းတို့အတွက် အန္တရာယ်ရှိနိုင်ရာ နယ်စပ်သို့ရောက်ပြီးခါမှ သတင်းပို့ဖို့ ဘရန်ဆိုင်းက ကျွန်ုပ်ကို တိုက်တွန်းသဖြင့် စောင့်နေလိုက်ရသည်။

သို့ပေမဲ့ ယခုသတင်းကို အခြားသတင်းထောက်တွေ လက်ဦးသွားမှာလည်း စိုးရိမ်နေရသည်။ ယခု သတင်းရဖို့ ဤနေရာသို့ တစ်နှစ်လုံးလုံး ခရီးဆက်လာပြီးခါမှ လက်လွှတ်လိုက်ရသည်ဆိုရင်တော့ဖြင့် သေပြီ။

သို့ရာတွင် တစ်ရက်နှစ်ရက်အတွင်းမှာပင် ပန်ဆန်းတွင် မတ် (၂၄) ရက်နေ့က လက်မှတ်ရေးထိုးခဲ့သော အကြောင်းအရာတစ်ခုလုံးကို ကွန်မြူနစ်ပါတီ အသံလွှင့်ဌာနက ထုတ်လွှင့်လိုက်သဖြင့် သတင်းပေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



လေရာ ကျွန်ုပ်တို့ လက်နှိပ်စက် တဖြောင်းဖြောင်းနှင့် သတင်းကို တက်သုတ်ရိုက် ရေးရလေသည်။ ထိုနေ့က ဘရန်ဆိုင်း၏သမားတော် ဟိန်းဝမ်း၏ မင်္ဂလာပွဲ ကျင်းပနေရာ၊ မင်္ဂလာပွဲအစပိုင်း မမီတော့သဖြင့် တောင်းပန်ရတော့မည်။ သတင်းပေးပို့ချက်ကို လက်စသတ်ပြီးနောက် ဘုရားကျောင်းထဲသို့ ခြေဖော့၍ ကျွန်ုပ် ဝင်လာခဲ့ရာ ခရစ်ယာန် ဘုန်းတော်ကြီးက သမ္မာကျမ်းကို ဖတ်ကြားနေပြီး သတို့သမီးနှင့် သတို့သားတို့က အဝတ်အစားသစ်တွေနှင့် ရှေ့ဆုံးမှာ ထိုင်နေကြသည်။ ဟိန်းဝမ်းက မီးခိုးရောင် အနောက်တိုင်းဝတ်စုံကို ဝတ်ထားသော်လည်း ကချင်ဓားနှင့် ကချင်လွယ်အိတ်တို့ကိုလည်း လွယ်ထားလိုက်သေးသည်။ သတို့သမီးကမူ သူနာပြုဆရာမတစ်ယောက်ဖြစ်ပြီး ဘော်ခြယ်တို့ဖြင့် အလှဆင်ထားသော ရိုးရာကချင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ဤသို့ ဘုရားကျောင်းထဲက ခုံတန်းရှည်တစ်ခုတွင် ထိုင်နေသော ဘရန်ဆိုင်းဆီ ကျွန်ုပ် တိုးကြိတ်သွားပြီး သူဘေးနားတွင် ထိုင်လိုက်သည်။ ထို့နောက် ယခုရေးသားယူလာသော သတင်းကို ထိုင်းနယ်စပ်စခန်းကို ကြေးနန်းဖြင့် ပို့၍ ထိုမှတစ်ဆင့်





ဘန်ကောက်ရှိ မဂ္ဂဇင်းတိုက်သို့ ပို့လိုကြောင်း လေသံဖြင့် ကျွန်ုပ်က ဘရန်ဆိုင်းကိုပြောလိုက်ရာ သတင်းကို ဖတ်ပင်မကြည့်တော့ဘဲ ကော်ပီတစ်စုံကို ယူ၍ တာဝန်ကျဝန်ထမ်းတစ်ယောက်ကို ခေါ်ပေးပြီး ဘုရားကျောင်းတစ်ဖက်တွင်ရှိသော ကြေးနန်းရုံးသို့ လွှတ်လိုက်သည်။ ဓမ္မတေးသီချင်းတွေ သီဆို၍ သတို့သမီး၊ သတို့သားတို့ကို ဆုတောင်းပတ္ထနာတို့ ပို့သပြီးနောက် မင်္ဂလာအခမ်းအနားကို ပြည်သူ့ခန်းမတွင် ဆက်လက် ကျင်းပခဲ့ကြရာ ဧည့်ပရိတ်သတ်တစ်ယောက် ပြီးတစ်ယောက်က ချက်မြှောက်၍ ဆုတောင်းကြသည်ကို သတို့သမီးနှင့် သတို့သားတို့က ပြုံးရွှင်စွာဖြင့် ဧည့်ခံနေသည်။ ဧည့်ပရိတ်သတ်ထဲတွင် ဗကပကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် သူ၏လက်ထောက် ကျော်ညွန့်တို့လည်း ရောက်နေကြသည်။ ဦးဇော်ဝင်းမှာ အသက်ကြီးပိုင်းထဲက ဖြစ်သည်။ ကျော်ညွန့်ကမူ ရန်ကုန်တက္ကသိုလ်ဘွဲ့ရ တစ်ယောက်ဖြစ်၍ အင်္ဂလိပ်စကားအပြောကောင်းသည်ဟု သိရသည်။ သူတို့နှစ်ဦးစလုံး အစိမ်းရောင် ယူနီဖောင်း ပွကြီးတွေနှင့် ပလပ်စတစ်ကြယ်တံဆိပ်နှင့် တရုတ်တပ်နီ ဦးထုပ်တွေ ဆောင်းထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူတို့ရှိရာ စားပွဲသို့ ကျွန်ုပ်သွားပြီး စကားပြောဖြစ်ခဲ့သည်။

ကျော်ညွန့်ကား ပျော်ပျော်နေတတ်သလိုဟာသလည်း ရှိသည်။ ၁၉၇၈ ဝန်းကျင် ကာလများအတွင်း ကျောင်းသားလှုပ်ရှားမှုတွေထဲ ပါဝင်ခဲ့ပြီး သူနှင့် ရဲဘော်အတော်များများ အဖမ်းခံရသည်တွင် ရှမ်းအရှေ့မြောက်ဒေသ တရုတ်ပြည်နယ်စပ်တစ်လျှောက်တွင် ခြေကုပ်ယူထားသော ဗမာပြည်ကွန်မြူနစ်ပါတီသို့ ထွက်ပြေးလာခဲ့သူ ဖြစ်သည်။

ဦးဇော်ဝင်းကား ဝါရင့် ပါတီဝင်တစ်ဦးဖြစ်ပြီး ၁၉၅၀ကျော် ကာလအစောပိုင်း လက်နက်ကိုင်တိုက်ပွဲတွေမှာ ပါဝင်ခဲ့သူ၊ ၁၉၆၈ ခုနှစ် ဗမာပြည် တရုတ်နယ်စပ်တွင် ကွန်မြူနစ်ပါတီ အထိုင်မချမီအထိ နှစ်အတော်ကြာကြာနေခဲ့သူလည်း ဖြစ်သည်။

ဤသို့ ကျွန်ုပ်က ကွန်မြူနစ်ပါတီဌာနချုပ်သို့လာချင်ကြောင်း၊ အထူးသဖြင့် ပြီးခဲ့သည့် မတ်လက ချုပ်ဆိုခဲ့သော စာချုပ်နှင့် စပ်လျဉ်းကြောင်း ကျော်ညွန့်မှတစ်ဆင့် ဦးဇော်ဝင်းကိုပြောရာ ကျော်ညွန့်က စကားပြန်

မြရတနာစာပေ



လုပ်ပေးသည်။

"ခင်ဗျားကို ကျွန်တော်တို့ ပါတီက ဖိတ်ခေါ်ချင်ပါတယ်၊ ဒါပေမဲ့ အရင်ဆုံးခေါင်းဆောင်တွေနဲ့ ဆက်သွယ်ပြီး သူတို့ ဘာပြောမယ်ဆိုတာ စောင့်ကြည့်ရဦးမယ်"

ကျော်ညွန့်ကား စကားပြောပြီးတိုင်း တခစ်ခစ်ရယ်နေသဖြင့် တော်တော်အာရုံ နှောက်ရသည်။

ယခု ကျွန်ုပ်ပန်ကြားချက်ကို ရေဒီယိုနှင့် ပေးပို့၍ရနိုင်မလား မေးကြည့်သည်။

"ရပါတယ်၊ ပန်ဆန်းက ကျွန်တော်တို့ခေါင်းဆောင်တွေလည်း အရှေ့ဖျား စီးပွားရေးမဂ္ဂဇင်းကို အမြဲ ဖတ်တာဆိုတော့ ခင်ဗျားနာမည်ကို သိနေကြပါတယ်။ ပြဿနာ မရှိပါဘူး။ တစ်ရက်နှစ်ရက်အတွင်း အဖြေရနိုင်ပါတယ်"

အလားအလာက စိတ်လှုပ်ရှားစရာ၊ မြန်မာပြည်လွတ်လပ်ရေးရပြီး မကြာမီပင် ဗမာပြည်ကွန်မြူနစ်ပါတီလက်နက်ကိုင် တောခိုခဲ့ရာ ၁၉၄၈ ခုနှစ်မှစ၍ ကွန်မြူနစ်ထိန်းချုပ်နယ်မြေအတွင်း နိုင်ငံခြားဂျာနယ်လစ်တစ်ယောက်မျှ ခြေချခဲ့သည် မရှိ။ လက်နက်ကိုင်အုပ်စု အတော်များများ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူတို့အပေါ် သဘောပေါက် နားလည်မည့် မီဒီယာကိုအလိုရှိကြသဖြင့် ပန်ဆန်းမှ ဗကပဌာနချုပ်သို့ သွားရမည်ဆိုလျှင်မူ နည်းနည်းနောနော ကုသိုလ်ကံ မဟုတ်။ ပါတီဥက္ကဋ္ဌကြီး သခင်ဗသိန်းတင်နှင့် အင်တာဗျူး ကိုသာ ရေးသားဖော်ပြလိုက်ရလျှင်မူ ဂျာနယ်လစ် တစ်ယောက်အတွက် သတင်းထူးကြီးတစ်ခုပင်ဖြစ်သည်။

ပန်ဆန်းဟူသော အမည်ကား ကျွန်ုပ်အတွက် ပြန်ပြောင်းတွေးတောစရာတွေ အများကြီး ဖြစ်လာသည်။ မြန်မာပြည်ကွန်မြူနစ်ပါတီသည် လက်ကျန် မော်ဝါဒီသူပုန်တို့ အနက် အထင်ရှားဆုံးဖြစ်၍ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ လက်နက်ကိုင် ကွန်မြူနစ်လှုပ်ရှားမှုတွေ ကျဆုံးသွားပါသော်လည်း ဗကပကား တစ်ဦးတည်း ကြိုတ်နေဆဲ၊ ၁၉၈၀ ကျော်ကာလများကတည်းကပင် ကမ္ဘာကြီးနှင့် အံချော်နေပြီဖြစ်သော နိုင်ငံရေးအိုင်ဒီယာ တစ်ခုကို အကောင်အထည်ဖော်ဖို့ တိုက်ပွဲဝင်နေဆဲ။ သို့ပေမဲ့ အချိန်ကာလသည်ကား အထီးကျန်နေသော မြန်မာပြည်ကို ရှောင်ကွင်းသွားသလား ထင်ရသည်။ ဆိုခဲ့သလို ခေတ်နှင့် အံချော်နေသော နိုင်ငံရေး အိုင်ဒီယာ သည်ကား သူပုန်





ထိန်းချုပ် နယ်မြေအတွင်း မှန်နေသေးသလို အစိုးရဒေသတို့တွင်လည်း မှန်တုန်းမှန်ဆဲ။

ပန်ဆန်းနှင့် ပတ်သက်သော သတင်းအတော်များများကိုမူ ကျွန်ုပ်၏ SSA အဆက်အသွယ်ဟောင်းတွေဆီ ကြားခဲ့မှုရာ ထိုသူတို့ကား ရှမ်းလက်နက်ကိုင်တပ်ဖွဲ့များနှင့် ဗကပတပ်ဖွဲ့တို့ စစ်ရေးဆိုင်ရာ မဟာမိတ်စာချုပ် ချုပ်ဆိုခဲ့သော ၁၉၇၀ ကျော် နှစ်များအတွင်း ပန်ဆန်းသို့ ရောက်ခဲ့သူတွေဖြစ်သည်။ နိုင်ငံရေး ယုံကြည်မှုအရ အံချော်နေပြီဆိုသော်လည်း ဗကပကား ဗမာပြည် လက်နက်ကိုင် အင်အားစုများအနက် အင်အားအကြီးမားဆုံး အဖွဲ့ဖြစ်၍ ဗမာပြည်လက်နက်ကိုင်ဆန့်ကျင်မှုများ သမိုင်းကိုအပြည့် သဘောပေါက်နားလည်ဖို့ဆိုလျှင် ပန်ဆန်းသို့ မဖြစ်မနေ သွားရပေလိမ့်မည်။

တစ်ပတ်မျှအကြာတွင် သမီးကို မရွှေ၊ အက်တမ်တို့နှင့် ထားခဲ့ပြီး ကျွန်ုပ်နှင့် ဆိုင်းနောင့်တို့ ဗကပ ကိုယ်စားလှယ်ရုံးသို့ ပါကို့ ဆင်ခြင်ဖုံးတွေရှိပြီး ကွန်မြူနစ် စစ်သားလေးနှစ်ယောက် သုံးယောက်က လုံခြုံရေး တာဝန်ယူထားသည်။ သူတို့အားလုံး ‘ဝ’လူမျိုးတွေဖြစ်ပြီး ‘ဝ’တို့သည်



www.burmeseclassic.com

www.burmeseclassic.com



လည်း နာဂတွေလို ခေါင်းဖြတ်မုဆိုးတွေ ဖြစ်ပြီး ၁၉၇၀ ကျော် အစောပိုင်းကာလရောက်မှသာ ၎င်းတို့နေထိုင်ကျက်စားရာ တောရိုင်းတောင်တန်း ဒေသတွင်းသို့ လက်နက်ကိုင်အဖွဲ့တွေဝင်လာပြီးနောက် ခေါင်းဖြတ်ဓလေ့ ပျောက်ကွယ် သွားသည်။ ယခုမူ တပ်ဖွဲ့ဝင် (၁၀၀၀၀) ရှိသော ဗကပစစ်တပ်တွင် 'ဝ' စစ်သားတွေက အများဆုံး ဖြစ်သည်။

ကျွန်ုပ်တို့ကို တွေ့သည်နှင့် ဦးဇော်ဝင်းက ပြုံး၍ နှုတ်ဆက်သည်။ သူကိုယ်တိုင် အင်္ဂလိပ်စကား မပြောတတ်သဖြင့် 'ဝ'ရဲဘော်လေးတစ်ယောက်ကိုလွှတ်၍ ကျော်ညွန့်ကို အခေါ်ခိုင်းလိုက်ရာ တအောင့်အကြာတွင် စာရွက် တစ်ရွက်ကို လက်ကကိုင်ရင်း ကျော်ညွန့် ရောက်လာသည်။

"ဟေး ... ခင်ဗျား ဒီနေ့ရောက်လာတာ ဟန်ကျတယ်၊ အခုပဲ ပန်ဆင်းက ရေဒီယို မက်ဆေ့(ဂျ်) ရတယ်"

မြေကြီးထဲတွင် ဖိုထားသော မီးလင်းဖိုဘေးတွင် ကျော်ညွန့်ထိုင်လိုက်ပြီး လက်ထဲကစာရွက်ကို ကျွန်ုပ်ဆီ ကမ်းပေးသည်။ ဦးဇော်ဝင်း၏ ဖနီးတရုတ်မကြီးက လက်ဖက်ရည်နှင့် ဧည့်ခံသည်။ မက်ဆေ့(ဂျ်)မှာ သခင်





ဗသိန်းတင် ဆီမှဖြစ်၍ ဗကပဒေသသို့ ကျွန်ုပ်တို့ကို ဖိတ်ကြားပါကြောင်း။ ပန်ဆန်းမှ ကွန်မြူနစ်ခေါင်းဆောင်တွေက ကြိုဆိုနေ မည့်အကြောင်းတို့ ဖြစ်သည်။

မင်္ဂလာသတင်းပဲ။

ကျော်ညွန့်မှတစ်ဆင့် ဦးဇော်ဝင်းကို ကျွန်ုပ် ပြောလိုက်သည်။

"ဒါပေမဲ့ မိုးကုန်တဲ့အထိ ဒီမှာနေရဦးမယ် ထင်တယ်၊ စက်တင်ဘာ ဒါမှမဟုတ် အောက်တိုဘာကျမှ ကျွန်တော်တို့ ဒီက ထွက်နိုင်မယ်ထင်တယ်"

သူတို့နှစ်ယောက်လည်း ကျွန်ုပ်အဆိုကို လက်ခံကြသည်။ ယခု မေလရောက်နေပြီဖြစ်၍ မုတ်သုန်မိုးနှင့် ခရီးသွားဖို့ မလွယ်။ ပါကျွတ်တွင် မိုးရွာနေစဉ် လေး ငါးလအတွင်း ကချင်လက်နက်ကိုင် လှုပ်ရှားမှုနှင့် ပတ်သက်၍ လေ့လာစရာအားလုံးအပြီးသတ် လေ့လာရမည်။ သမီးလေး အနေနှင့်လည်း မွေးကတည်းက ယခုအထိ ခရီးကြမ်းတွေ ဆက်ပြဲဆက်နေရသည့်အတွက် အနားယူဖို့ လိုအပ်ကြောင်း ကျွန်ုပ်တို့ လင်မယားနှစ်ယောက်လုံး သဘော ပေါက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်လက်ဖက်ရည်တစ်ခွက်၊ နှစ်ခွက် ညှော်ဝတ် ကျေသောက်ပြီးနောက် ကျွန်ုပ်တို့ အိမ်ပြန်လာရာ ရှေ့ဆက်ရမည့် ခရီးစဉ်သစ်ကို တွေးလာရင်း ဗမာပြည်ထဲက ကျွန်ုပ်တို့ မိသားစု ဘယ်လိုပြန်ထွက်မယ် ဆိုသောကိစ္စ မြုန်းဆို ခေါင်းထဲ ပထမဆုံးအကြိမ် ရောက်လာသည်။ အိန္ဒိယထဲ ပြန်ဝင်ဖို့ဆိုသည်မှာ လုံးဝမဖြစ်နိုင်သလို ထိုင်းနယ်စပ်က ထွက်ဖို့ဆိုသည်ကလည်း ခရီးရှည်လျားလွန်းပြီး အန္တရာယ်များသည်။ ခရီးထွက်မလာမီက ကျွန်ုပ်တို့ စဉ်းစားခဲ့သော အဖြစ်နိုင်ဆုံးလမ်းကြောင်းမှာ တရုတ်ပြည်မှ ဟောင်ကောင်သို့ ဖြစ်သည်။ ယခုမူ လက်တွေ့ ဘယ်လိုပြန်ထွက်မလဲ၊ စဉ်းစားရတော့မည်။ အကယ်၍ တရုတ်အာဏာပိုင်တို့ကို တရားဝင်ချဉ်းကပ်မည်ဆိုလျှင် သူတို့က ခါးခါးသီးသီး ပုတ်ထုတ်မှာ သေချာသည်။ သို့ဖြစ်၍ ရွေးချယ်ရမည့် တစ်ခုတည်းသောလမ်းမှာ ခွင့်ပြုပါမစ် မယူဘဲ တရုတ်ကို ဖြတ်ရမည်။ တရားမဝင်ဖြတ်သန်းမှုနှင့် အဖမ်းခံပြီးနောက် နေရပ်ထိ ပြန်ပို့ခြင်းသာ ဖြစ်သည်။ ဤအစီစဉ်အားလုံးတွင် သမီးအီယင်းကား ဒေါင်းဖဲတစ်ချပ် ဖြစ်သည်။ လူသားချင်း စာနာထောက်ထားသော



အကူအညီတောင်းလျှင် တရုတ်အာဏာပိုင်တွေဆီက ရနိုင်သည်။ ယခု ပန်ဆန်းသို့သွားဖို့ ရည်ရွယ်ထားပြီးဖြစ်၍ ပြဿနာ မရှိတော့။ အခွင့်ကောင်းစောင့်၍ ပါဂျိုတွင် ပျော်ပျော်နေရုံသာ ရှိတော့သည်။

ကျွန်ုပ်တို့ရောက်ပြီး မကြာခင်ပင် SSA အဖွဲ့ ကိုယ်စားလှယ်တွေနှင့်လည်း တွေ့ဆုံခဲ့ရာ သူတို့လည်း အိမ်တစ်လုံးတွင် နေထိုင်နေကြပြီး ခေါင်းဆောင် ကတ်ပတိန်နိုင်းတူးမှာ ကျွန်ုပ်တို့၏ မိတ်ဆွေဟောင်းတစ်ယောက် ဖြစ်သည်။ ရှမ်းစစ်သားလေးတွေက သူ့ကို ကူညီလုပ်ကိုင်ပေးကြပြီး အထူးသဖြင့် ရေဒီယိုအော်ပရေတာ 'ဖူးပါ' ကား ကျွန်ုပ်တို့နှင့် ရင်းနှီးလာသည်။ အသက် (၂၁) နှစ်ရှိ၍ တက်ကြွဖျတ်လတ်ပြီး အသားမည်းသည်။ ရှမ်းပြည်နယ် အလယ်ပိုင်း၊ 'မုံးစု' ရွာအနီး သူတို့ကျေးရွာမှာ အချိန်အတော်ကြာကတည်းက သူပုန်အမာခံ နေရာတစ်ခုဖြစ်၍ သူ့အသက် (၁၅) နှစ်တွင် အိမ်ကထွက်ပြေးပြီး ရှမ်းလက်နက်ကိုင်အဖွဲ့ထဲ ဝင်လာခဲ့ကြောင်း သိရသည်။

အမှန်အားဖြင့် ဖူးပါ၏ ဘဝဇာတ်လမ်းကပင် မြန်မာပြည်အချို့ဒေသတို့တွင် သူပုန်ဖြစ်လာကြသည့်

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို ပြောပြနေပါသည်။ ဖူးပါငယ်စဉ်က သူတို့ရွာ ဘုန်းကြီးကျောင်းတွင် ကိုရင်ဝတ်နှင့်နေစဉ် ရှမ်းသူပုန်တပ်တွေ ဖြတ်သွားသည့်အခါတိုင်း ဘုရားဘေးနားမှ ညောင်ပင်ကြီးတစ်ပင်အောက်တွင် ခေတ္တအနားယူလေ့ရှိကြရာ ရွာသူရွာသားတွေက သူပုန်တွေကို ရေတိုက်ကြ၊ စကားစမြည်ပြောနေကြသည်ကို ကိုရင်လေး ဖူးပါက အဝေးမှ တွေ့မြင်နေပြီး ပုံသွင်းလွယ်သော ကလေးငယ်တစ်ယောက် စိတ်ထဲတွင် သူပုန်တွေက သူ့ရဲကောင်ဒတွေ ဖြစ်လာကြသည်။

"အဲဒီတုန်းက သူတို့ကိုကြည့်ရတာ ကျွန်တော့်စိတ်ထဲမှာ အရမ်းလှုပ်ရှားနေပြီး သူတို့လို ဖြစ်ချင်လာတယ်။ သူတို့အားလုံး ရိုင်ဖယ်သေနတ်တွေ လွယ်ထားပြီး တချို့က ခါးမှာ အဝါရောင် ကြက်ဥကြီးလိုဟာမျိုးတွေ ချိတ်ထားကြတယ်။ အဲ့ဒီအရွယ်က ကျွန်တော် မသိခဲ့ဘူး။ အခုတော့ အဲ့ဒီအလုံးကြီးတွေဟာ **M-79** လက်ပစ်ဗုံးတွေ ဆိုတာ သိလာတယ်"

ထိုစဉ်ကပင် သူ့ရည်ရွယ်ချက်မှာ စစ်သား တစ်ယောက် ဖြစ်ချင်ကြောင်း ပြောပြသည်။ သို့ပေမဲ့ ရှမ်း





တစ်ယောက်ဖြစ်သဖြင့် အစိုးရစစ်တပ်ထဲဝင်ဖို့ လုံးဝ မစဉ်းစားခဲ့၊ တစ်နည်းအားဖြင့် ရှမ်းသူပုန်တို့၏ နိုင်ငံရေးအရ ပါဝင်ပတ်သက်နေသည်တို့ကို သတိပြုမိနေရာက တဖြည်းဖြည်း သဘောပေါက် နားလည်လာခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဖူးပါကို ကျွန်ုပ်တို့ နှစ်ယောက်လုံးက တလေးတစား ရှိကြသည်။ သူ့တွင် ကိုရင်ဘဝဖြင့် နှစ်အနည်းငယ် နေခဲ့သည်ကလွဲ၍ ပညာမသင်ခဲ့ရသဖြင့် ဗမာစကားကို အပတ်လည်အောင် မပြောတတ်၊ ပြောရလျှင် သူ၏ မိခင်ဘာသာစကားဖြစ်သော ရှမ်းစာကိုပင် သူပုန်အဖွဲ့ထဲရောက်ကာမှ သင်ခဲ့ရသည်။ ယခု အတွေ့အကြုံရှိသော ရေဒီယိုအော်ပရေတာ တစ်ယောက်ဖြစ်လာပြီး စကားဝှက်ရေးသော စာရေးတစ်ယောက်ဖြစ်ဖို့ လေ့လာနေသလို မြန်မာစာကျွမ်းကျင်လာအောင်လည်း မနက်တိုင်း လေ့ကျင့်နေလေသည်။

ဗိုလ်ကြီး စိုင်းတူးသည်လည်း အခြားရှမ်းအများစုလို ဗုဒ္ဓဘာသာကို အထူးသက်ဝင် ယုံကြည်သူတစ်ဦး ဖြစ်သည့်အလျောက် ဘုရားရှိခိုးနှင့် ပရိတ်အတော်များများကို အလွတ်ရွတ်ဆိုနိုင်သလို နေ့စဉ်တရားထိုင်လေ့ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဆီ ကျွန်ုပ်တို့ အလည်တစ်ခေါက်ရောက်သွားစဉ်အခါက ကျွန်ုပ်တို့ သမီးလေးကို ရှမ်းအမည်လည်း ပေးသင့်ကြောင်း အကြံပြုသည်။

"သူ့အမေက ရှမ်းဆိုတော့ သူလည်း ရှမ်းပဲ မဟုတ်လား"

ရှမ်းထုံးစံနှင့်အညီ အမည်ပေးဖို့ရာအတွက် သမီး မွေးနေ့နှင့် မွေးဖွားချိန်အတိအကျကို ပေးရသည်။ သမီး၏ မွေးနေ့မှာ သောကြာနေ့ဖြစ်ပြီး စိုင်းတူး၏ တွက်ချက်မှုအရ သောကြာနေ့၊ မေလ (၉) ရက်၊ မနက် (၁၁) နာရီ မိနစ် (၃၀) သည် မင်္ဂလာအခါတော် အချိန်ဖြစ်၍ ထိုနေ့တွင် ကျွန်ုပ်တို့အိမ်သို့ သူရောက်လာသည်။ SSA ယူနီဖောင်း ဝတ်ထားပြီး လက်ထဲမှာလည်း ဘုရားစာအုပ်တစ်အုပ် ကိုင်လာသည်။

ယခု သမီးလေးကို ဒုတိယအကြိမ်မြောက် နာမည် ပေး ကင်ပွန်းတပ်ရာတွင် ပထမတစ်ကြိမ် တနိုင်းယန်းတွင် ကျင်းပခဲ့စဉ်ကလို ရွာလုံးကျွတ် ပါဝင်သော အခမ်း အနားမျိုးလိုတော့ မဟုတ်။ ကျွန်ုပ်တို့ မိသားစုနှင့် စိုင်းတူးတို့သာရှိပြီး စိုင်းတူးက ရွတ်ဖတ် သရဇ္ဈာယ်ပြီး





နောက် သမီးလေးအမည်ကို ဆိုင်တိုင်း (ရှမ်းရတနာ) ဟု ပေးသည်။ လှပသော နာမည်ဖြစ်၍ မိဘတွေအနေနှင့် ကျွန်ုပ်တို့ ဝမ်းသာကြည်နူးကြရသည်။ သို့ပေမဲ့ ပြဿနာ တစ်ခုက သမီးလေးကို ဂျာရန်းလို့ ခေါ်မှာလား၊ ဆိုင်တိုင်း လို ခေါ်မှာလား၊ ဆွီဒင်ရောက်သည့်အခါ အမည်နှစ်မျိုးလုံး ကို တရားဝင်မှတ်ပုံတင်ဖို့ ကျွန်ုပ်တို့ ဆုံးဖြတ်ခဲ့ပြီး လောလောဆယ်တွင်မူ သမီးကို ထိန်းကျောင်း နေကြသော မရွှေနှင့် အက်တမ်တို့က အီယင်း (ကောင်မလေး) ဟုသာ နှုတ်ကျိုးနေပါ၏။

သို့ဖြင့် သမီးအမည်နှင့် အသေးစိတ် အချက် အလက်တို့ကို ဆွီဒင်အာဏာပိုင်တွေဆီ သတင်းပို့ဖို့ ကျွန်ုပ် ရေးသားထားသော စာတစ်စောင်ကို စာအိတ်ထဲထည့်၍ အဆိုပါစာကို ကချင်အရာရှိတစ်ယောက်၏ အကူအညီ ဖြင့် တရုတ်ပြည်မှတစ်ဆင့် ပေးပို့ခဲ့သဖြင့် ယခုလောက်ဆို "ဆိုင်တိုင်းဂျာရန်းလင့်တနာ" ကား ကျွန်ုပ်နှင့် ဆိုင်နောင့် တို့ မှတ်ပုံတင်ထားသော ဆွီဒင်နိုင်ငံမြောက်ပိုင်း 'အယ်ဒါ လင်' ကျေးလက်ဒေသ မှတ်ပုံတင်ရုံးတွင် တရားဝင် အမည်ပေါက်နေရော့မည်။ ထိုနေ့ညနေတွင် ပါဂျာမှ



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတို့ကိုဖိတ်ကြားပြီး ကင်ပွန်းတပ် မင်္ဂလာအခမ်းအနား ကျင်းပသည့်အနေဖြင့် ညစာစားကြသည်။ တစ်ဖက်ကလည်း သမီးလေးကို အမည်နှစ်မျိုး ပေးလိုက်ခြင်းသည် ရှမ်းကချင်စည်းလုံးခြင်းအတွက် သင်္ကေတတစ်ခုအဖြစ် ကေအိုင်အေနှင့် အက်(စ်) အက်(စ်) အေတို့က ယူဆစေလို၍ ဖြစ်သည်။

အတိတ်ကဆိုလျှင် အဆိုပါ အဖွဲ့နှစ်ဖွဲ့သည်ကား တောင်တန်းနှင့် ချိုင့်ဝှမ်း နေထိုင်သူတွေကြား အမြဲရှိနေသော ပဋိပက္ခတို့ကြောင့် ရှားစောင်းစေးနှင့် မျက်ချေး တည့်သည်ဟူ၍ မရှိ။ သို့ဖြစ်၍ တစ်ချိန်က ပဋိပက္ခအတွင်း ဆောင်နေသော မြန်မာပြည်မှ တိုင်းရင်းသားတို့ တစ်စုနှင့်တစ်စု တစ်နေ့တွင် ယခုလို ရင်းနှီး ချစ်ကြည်မှုမျိုး ဖြစ်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ရပါ၏။ နာမည်ပေး ကင်ပွန်းတပ် မင်္ဂလာပွဲအပြီး တစ်ပတ်ခန့် အကြာ ဟာရီကိန်း မီးအိမ်ဖြင့် စားပွဲတွင် ထိုင်၍ ကျွန်ုပ်စာရေးနေခိုက် တံခါးခေါက်သံ ကြားလိုက်ရပြီး ကျွန်ုပ်တို့ကို နှုတ်ဆက်ကြိုဆိုခဲ့သူ ဗိုလ်မှူးဟောင်း အန်ချယော အိမ်ထဲဝင်လာပြီး သူ့လက်ထဲတွင် ထရန်စစ်စတာ





ရေဒီယိုလေးတစ်လုံး ကိုင်လာသည်။

"အခုပဲ ကျုပ် ဘီဘီစီ နားထောင်နေတာ၊ ပါဂျိုမှာ ကျင်းပခဲ့တဲ့ NDF ကွန်ဖရင့်နဲ့ ဗကပနဲ့ သဘောတူခဲ့တဲ့ စာချုပ်နဲ့ပတ်သက်ပြီး အရှေ့ဖျားစီးပွားရေး ရီဗျူးမှာ ခင်ဗျားရေးပို့လိုက်တဲ့သတင်းကို ကိုးကားပြီး ဘီဘီစီက သတင်းလွှင့်သွားတယ်"

၎င်းစကား ကြားလိုက်ရတော့ ကျွန်ုပ် ဝမ်းသာသွားသည်။ ဟိန်းဝမ်း မင်္ဂလာဆောင်သည့်နေ့က ကျွန်ုပ် ရေးပို့လိုက်သောသတင်း ဘန်ကောက်ရောက်သွားပြီး ပုံနှိပ်ဖော်ပြလိုက်လေပြီ။ သို့ရာတွင် အဆိုပါသတင်း ကြောင့် ပင် ယခု ကျွန်ုပ်ဘယ်သူဘယ်ဝါနှင့် ဘယ်နေရာမှာရှိနေသည်ကို ရန်ကုန်က စစ်အာဏာပိုင်တွေ သိနေလောက်ပြီ။ ယခု ကျွန်ုပ်တို့အနေနှင့် ဌာနချုပ်ဧရိယာအတွင်း လုံခြုံစိတ်ချရသည်ဆိုသော်လည်း မိုးလွန်၍ ပန်ဆန်းသို့ ထွက်ခွာသည့်အခါ ကြိုတင်ကာကွယ်မှုတွေ သေသေချာချာ လုပ်ရပေလိမ့်မည်။

ဘီဘီစီမှာ သတင်းထုတ်ပြန်ပြီး နောက်တစ်နေ့တွင် အဆိုပါသတင်းကို အခြားအသံလွှင့်ဌာနများနှင့် သတင်းစာ



www.burmeseclassic.com

www.burmeseclassic.com



တွေက ထပ်မံထုတ်လွှင့် ရေးသားဖော်ပြကြပြန်ရာ ကျွန်ုပ်ရေးသားခဲ့သော သတင်းကို အထူးအာရုံ စိုက်ကြသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပြန်သည်။

ပါဂိုတွင် လူတိုင်း ဆိုင်းဘုတ်တစ်ခုတော့ ရှိသည်။ သူတို့ရုံးစိုက်ရာ အဆောက်အအုံရှေ့တွင် ဆိုင်းဘုတ်ကြီးတွေ စိုက်ထူထားရာ ကျွန်ုပ်ကလည်း အပြာရောင်ဖြင့် "အရှေ့ဖျား စီးပွားရေးရီဗျူး" (ပါဂိုရုံးခွဲ) ဟု ဆိုင်းဘုတ်ရေးပြီး အိမ်တံခါးအပြင်ဘက်တွင် သံနှင့်ရိုက်ထားလိုက်ပြီး ဆိုင်နောင့်ကို ခေါ်ပြလိုက်သည်။ ကျွန်ုပ်တို့ နှင့် အိမ်နီးနားချင်းတွေကလည်း ဆိုင်းဘုတ်ကို ကြည့်ပြီး ရယ်ကြသည်။ သို့ပေမဲ့ ကျွန်ုပ်အဖို့မူ ဆိုင်းဘုတ်က ကြားနေခြင်းကို ဖော်ပြနေသည်။ တစ်နည်းအားဖြင့် ကျွန်ုပ်တို့သည် ပါဂိုမှ လက်နက်ကိုင်အုပ်စုများ၏ အစိတ်အပိုင်း တစ်ခုမဟုတ်ဘဲ ဂျာနယ်လစ်များအနေနှင့် ရောက်ရှိနေသည်ကို ဖော်ပြလိုခြင်း ဖြစ်သည်။

နေ့ရက်တို့ ကျော်လွန်သည်နှင့်အမျှ မိုးကလည်း သည်းထန်လာရာ အိမ်တွင်း၌သာ ကျွန်ုပ်တို့ အနေများလာသည်။ ဆိုင်နောင့်သည်လည်း ဘန်ကောက်က ပေးပို့မည့်





ဖလင်ကို စောင့်နေရသည်ဖြစ်၍ လက်ကျန်ဖလင်လိပ်အနည်းငယ်ကို ချွေတာသုံးနေရသည်။ ထိုရက်အတွင်း ဘန်ကောက်ရီဗျူးဗျူရိုက ကချင်တောင်တန်းတွေကြားက ရုံးခန်းလေးကို ကူညီသည့်အနေနှင့် သတင်းတွေအတွက် ကြိုတင်ငွေအဖြစ် ဘတ်ငွေ တစ်သောင်းကို ကျွန်ုပ်တို့၏ ကချင်အဆက်သွယ်ထံ ပေးလိုက်သဖြင့် ထိုသူက ပါဂိုသို့ ရေဒီယိုဖြင့်အကြောင်းကြားခဲ့ရာ တစ်နေ့တွင် စာရင်းကိုင်အရာရှိတစ်ယောက် ကျွန်ုပ်တို့အိမ် ရောက်လာပြီး ဘတ်ငွေ တစ်သောင်းနှင့် ညီမျှငွေ ကျပ်ငွေတွေ ပေးသွားသည်။ နမ့်ဘူတွင် ကျွန်ုပ်တို့ချေးယူလာသော ငွေလည်းပြတ်သွားပြီး ပြန်ဆပ်ရဦးမည်ဖြစ်၍ ကျွန်ုပ်တို့ ငွေလိုနေချိန်တွင် ရီဗျူးဗျူရိုက အကောင်းဆုံး လုပ်ပေးလိုက်ခြင်း ဖြစ်သည်။ ကျွန်ုတို့ခရီးစဉ်မှာ တရားဝင်မဟုတ် သဖြင့် တိုက်ရိုက်မထောက်ပံ့နိုင်ဘဲ ယခုလို ကြိုတင်ငွေပေးလိုက်ခြင်းလည်း ဖြစ်သည်။

ဘရန်ဆိုင်းနှင့် ကျွန်ုပ် မကြာခဏတွေ့ကြသော်လည်း အင်တာဗျူးဖို့ သူ့အနေနှင့် အချိန်ပေးဖို့ပင် အတော်ခက်ကြောင်း မကြာခင် ကျွန်ုပ် သိခဲ့ရသည်။ ကျွန်ုပ်သိ



www.burmeseclassic.com

www.burmeseclassic.com



နေ့တိုင်းလိုလို လာတတ်သော NSCN ခေါင်းဆောင်တွေကိုမဟုတ်၊ ဩချရလောက်အောင် အလုပ်ရှုပ်နေလေရာ သူ့ဆီလာသော ဧည့်သည်တွေကလည်း သူပုန် ထိန်းချုပ်ဒေသတွင်းသာမဟုတ်၊ နေရာဒေသမျိုးစုံက ရောက်လာသူတွေ။ သူနေသော ပျဉ်ထောင်အိမ်ကြီးမှာ ကျွန်ုပ်တို့အိမ်အထက် တောင်ကုန်းပေါ်တွင်ရှိသဖြင့် ကိုယ်စားလှယ်အဖွဲ့တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာနေသည်ကို ကျွန်ုပ်တို့တွေ့နေရသည်။

အချို့ကိုယ်စားလှယ်များမှာ ဘက်ပတစ် ဘုရားကျောင်းမှဖြစ်ပြီး ကိစ္စအမျိုးမျိုးအတွက် အကြံဉာဏ် တောင်းဖို့အတွက် မြို့ရွာ ကျေးလက်ဒေသတွေက ရောက်လာသောသာမန်အရပ်သားတွေလည်း ပါသည်။ အထူးသတိထားရမည့် အကြောင်းအရာတို့ကို ကျွန်ုပ်အနေနှင့် မေးမြန်းစုံစမ်းခြင်း မရှိသော်လည်း အချို့ဧည့်သည် များကားမြစ်ကြီးနားမှ အစိုးရအရာရှိတွေဖြစ်ပြီး သူပုန်နှင့် လျှို့ဝှက်ဆက်သွယ်နေသူတွေဖြစ်ရာ ဘရန်ဆိုင်းကို ကျွန်ုပ်လေးစားသွားသည်။ ဘရန်ဆိုင်းကား ကျွန်ုပ် တွေ့ခဲ့ဖူးသောတိုင်းရင်းသားသူပုန်ခေါင်းဆောင်တွေနှင့် လုံးဝမတူ။





ပညာတတ်တစ်ယောက်ဖြစ်ပြီး အင်္ဂလိပ်စကားကိုကောင်းစွာ ပြောနိုင်သူ။ နိုင်ငံရေးကိစ္စဖြစ်စေ၊ ဒေသတွင်းကိစ္စဖြစ်စေ၊ ဝေးလံ၍ ကုန်းတွင်းပိတ် ကချင်ပြည်နယ်တွင် ကျွန်ုပ်ကိုယ်တိုင် မျှော်လင့်မထားသော ကိစ္စရပ်နှင့် ပတ်သက်လာလျှင် ကျယ်ကျယ်ပြန့်ပြန့် သိထားသူ။ သူ့ဖခင်မှာစာမတတ်၊ အရောင်းအဝယ်လုပ်ငန်း လေးတစ်ခု လုပ်ကိုင်သည်။ သူ့ကို ဖားကန့်အနီး ရွာလေးတစ်ရွာမှာ မွေးပြီးမောင်နှမသားချင်း (၇) ယောက် ရှိသည်။ သူတို့ဖခင်ကသူတို့မောင်နှမအားလုံးကို အိမ်မှာပဲနေပြီး မိသားစုအလုပ်ကိုဝိုင်းကူညီစေချင်သော်လည်း ဘရန်ဆိုင်း၏ ဉာဏ်ရည်ဉာဏ်သွေးကို သဘောပေါက်သော ဦးလေးတော်သူကသူ့ကိုစာသင်ကျောင်းလွှတ်၍ စာသင်စေသည်။ သို့ရာတွင် ၁၉၄၂ ခုနှစ် ဂျပန်တွေ ကျူးကျော်လာသဖြင့်စာသင်ကြားမှုကို ရပ်လိုက်ရပြီး တခြားကချင်တွေနည်းတူတြိဂံဒေသမှ တောထဲတွင် ရှောင်ပုန်းနေခဲ့ရပြီးနောက်စစ်ကြီးပြီးခါမှ ပညာရေး ပြီးဆုံးသွားသည်။ ထို့နောက်မြန်မာပြည် ဝိုင်အမ်စီအေ၏ ကိုယ်စားလှယ်အဖွဲ့ဝင်အနေနှင့် စင်္ကာပူသို့ လအနည်းငယ် သွားရောက်နေထိုင်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်တွင်မှ ကချင်ပြည်နယ်သို့ ပြန်လာကာ မြစ်ကြီးနားမြို့ ကချင် ဘက်ပတစ် အထက်တန်းကျောင်းအုပ်ဆရာကြီး အဖြစ် လုပ်ကိုင်ခဲ့သည်။

"ခင်ဗျားလည်း သိပါတယ်။ ကျွန်တော်တို့ ကချင်လူမျိုးတွေက ၁၉၆၁ ခုနှစ်အထိ ရန်ကုန်အစိုးရကို လက်နက်ကိုင် မဆန့်ကျင်ခဲ့ဘူး။ ဗမာပြည်လူနည်းစုတွေထဲမှာ ကျွန်တော်တို့ဟာ နောက်ဆုံးမှ လက်နက်ကိုင် တိုက်ခိုက်ခဲ့ကြတာပါ။ ၁၉၄၉ ခုနှစ်မှာ ကရင်လက်နက်ကိုင် ပုန်ကန်မှုတွေ စပြီး မွန်နဲ့ကရင်နီတွေ လက်နက် ကိုင်ခဲ့တာလည်း လက်နက်ကိုင် တော်လှန်ရေး မလုပ်ဘဲနဲ့ ကချင်လူမျိုးတွေရဲ့ အခြေအနေတွေ တိုးတက်အောင် လုပ်နိုင်မယ်လို့ စဉ်းစားခဲ့ကြတယ်။ ဒါပေမဲ့ စိတ်ပျက်စရာတွေ တစ်ခုပြီးတစ်ခု ဖြစ်လာတယ်။ ဒုတိယကမ္ဘာစစ် အတွင်းမှာ ကချင်တွေ အသေအလဲ တိုက်ခိုက်ခဲ့ရပေမယ့် ဂျပန်က စစ်လျော်ကြေးပေးတဲ့အခါ ကချင်ပြည်နယ် ကို ရောက်မလာဘူး။ ဂျပန်ဂျစ်ကားတွေဆိုရင် ဗမာအစိုးရအရာရှိတွေ ဆီမှာပဲ။ ပြည်သူတွေအတွက် ဘာမှ မရှိဘူး။ ကချင်ပြည်နယ်တိုးတက်ဖို့ ဘာတစ်ခုမှ လုပ်မပေးဘူး။ ဒါကြောင့်





ကချင်ကျောင်းသားတွေဟာ ရန်ကုန်မှာ လျှို့ဝှက်ဖွဲ့စည်းထားပြီး ကျောင်းသားခေါင်းက ကျွန်တော့်အခန်းမှာ မကြာခဏ တွေ့ဆုံဆွေးနွေးခဲ့ကြ တယ်"

သို့ဖြင့် ဆိုခဲ့သလို မကျေချမ်းမှုတွေ တငွေ့ငွေ့ လိုက်စားလာခဲ့ရာမှ ၁၉၆၁ ခုနှစ်တွင် ကချင်လက်နက်ကိုင် အုံကြွမှုကြီး ပေါက်ကွဲလာရာ ထိုနှစ်အတွင်းမှာပင် ဦးနုအစိုးရက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြေညာလိုက်သည်ဖြစ်၍ ခရစ်ယာန်ဘာသာဝင် အများဆုံး ပါဝင်သော ကချင်တို့က ဆိုခဲ့ပါ ကြေညာချက်ကို ပေါ်ပေါ်ထင်ထင် ရန်စမှုအဖြစ် မှတ်ယူခဲ့ကြသည်။

ကချင်အမျိုးသားဝါဒီ လူငယ်တို့၏ ပထမဆုံး ရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြေညာခြင်းသည် ဗမာလူမျိုးကြီးဝါဒမှ ရိုက်ခတ်ခြင်းဖြစ်၍ နိုင်ငံတော်ဘာသာ ကြေညာခြင်းကို ဆန့်ကျင်ဖို့ ဖြစ်သည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် တရုတ်–မြန်မာ နယ်ခြားပြဿနာတစ်ခုကို ဖြေရှင်းရာတွင် **Nanwan Assigned Tract** ဟု ထင်ရှားသော နမ့်ခမ်းအနီးဒေသတွင် မြန်မာတို့၏ အချုပ်အခြာ ပိုင်ဆိုင်ဖို့အတွက် အပြန်အလှန်အားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကချင်ကျေးရွာတချို့ကို တရုတ်သို့ ပေးလိုက်သည်။ နမ့်ခမ်းမှာ ၁၉ ရာစုအတွင်း ဗြိတိသျှ တို့က တရုတ်ပြည်မှ အဆိုပါ စာချုပ်ဖြင့် ငှားယူခဲ့ခြင်းဖြစ်သည်။

တရုတ်–မြန်မာ နယ်ခြားပြဿနာကို ဆိုခဲ့သလို အပေးအယူဖြင့် ဖြေရှင်းခြင်းမှာ နိုင်ငံတကာ စံချိန်စံညွှန်းအရ မှားတမှုရှိသော်လည်း ကချင်ပြည်နယ်အတွင်းက လမ်းမကြီးတွေကို တရုတ်သို့ လွှဲပေးလိုက်ပြီဟူ၍ ကောလာဟလတွေ ပြန့်ကားသွားလေရာ ယနေ့တိုင် ကချင်အများစုက ထိုစဉ်က တရုတ်–မြန်မာ နယ်ခြား ဆွေးနွေးမှုတွင် ပါဝင်ခြင်းမရှိသော နယ်စပ်နေရာတချို့ကို လက်ညှိုးထိုးပြပြီး ရန်ကုန်အစိုးရက တရုတ်ကို ပေးလိုက်သော နယ်မြေတွေ ဖြစ်ပါသည်ဟု ပြောဆိုနေကြဆဲပင်။ မည်သို့ရှိစေ၊ ဆိုခဲ့သလို နားလည်မှု လွဲမှားခဲ့ရခြင်း၏ အဓိကအကြောင်းရင်းမှာ နယ်ခြားပြဿနာနှင့် သဘောတူညီမှုတို့ မည်သို့မည်ပုံ ရရှိလာခဲ့သည်တို့ကို ကချင်လူထုသို့ သေသေချာချာ ရှင်းလင်းပြောဆိုခြင်း မလုပ်ခဲ့သဖြင့် အထွေထွေ မကျေနပ်မှုတို့ကို အကြောင်းပြု၍ ကချင်လူငယ် ရာပေါင်းများစွာ လက်နက်ကိုင်၍ တိုက်ပွဲဝင်ခဲ့ကြလေသည်။





ကချင်လက်နက်ကိုင် ပုန်ကန်မှုကို ဇော်ဆိုင်း ဇော်တူးနှင့် ဇော်ဒန် ညီအစ်ကို သုံးဦးက စတင်ဦးဆောင်ခဲ့ပြီး ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း ကချင်လူမျိုးအများစု နေထိုင်ရာ နယ်မြေတွင် ပထမဆုံး ခြေကုပ်ယူခဲ့ရာ ယခုအဆိုပါနယ်မြေကို ကေအိုင်အေ တပ်မဟာ (၄) က ထိန်းချုပ်ထားသည်။ ပထမဆုံး ကေအိုင်အေအဖွဲ့တွင် လူအယောက် ၃၀ ပါဝင်ပြီး ဒုတိယကမ္ဘာစစ်သုံး ရိုင်ဖယ် သေနတ်တို့ကို အသုံးပြုခဲ့ကြသည်။ လက်နက် ကိုင်အဖွဲ့အတွက် ရန်ပုံငွေရှာရာတွင် ဇော်တူးနှင့်အဖွဲ့က လားရှိုးဘဏ်တိုက်ကို ဓားပြတိုက်၍ ကျပ်ငွေ ၉၀,၀၀၀ ယူသွားသည်။

သို့ဖြင့် ကချင်လက်နက်ကိုင် ပုန်ကန်မှုတို့သည်ကား ကချင်ပြည်နယ် တောင်ဘက်သို့ ပျံ့နှံ့သွားပြီး တြိဂံဒေသတွင် ပြောက်ကျားတပ်များ အခိုင်အမာတပ်စွဲထားရာမှ အဓိက မြို့ကြီးများနှင့် လမ်းမကြီးများမှအပ ယနေ့တွေ့မြင်နေရသလို ကချင်ပြည်နယ် တစ်နယ်လုံးနီးနီးကို ကေအိုင်အေက ထိန်းချုပ်နိုင်ခဲ့ပါ၏။

သို့ရာတွင် လက်နက်ပိုင် ပုန်ကန်မှုများ အချင်



www.burmeseclassic.com

www.burmeseclassic.com



အမြန် ကြီးထွားလာခဲ့သော်လည်း ကေအိုင်အေအနေ နှင့် ပြင်ပထောက်ပံ့ကူညီမှုတို့ကို လုံးဝ မှီခိုခြင်းမရှိ၍ အရှေ့တောင် အာရှများတွင်မှ ထူးခြားသော လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့လည်း ဖြစ်သည်။ ပထမဆုံး ကချင်လက်နက်ကိုင် သူပုန်တပ်ကို ဖွဲ့စည်းဖို့ အချိန်စောစောကပင် အားထုတ်ခဲ့သော်လည်း လက်တွေ့ အထမမြောက်ခဲ့ပေ။ ဒုတိယကမ္ဘာစစ်ကာလအတွင်းကပင် ကချင်ပြည်အဖြစ် ခွဲထွက်ဖို့ အားထုတ်ခဲ့သူတစ်ဦးမှာ နော်ဆိုင်း ဖြစ်သည်။ နော်ဆိုင်းကား ဗြိတိသျှတို့ ဖွဲ့စည်းပေး ထားသော ကချင် **Levies** တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး တိုက်ရည်ခိုက်ရည် ထက်မြက်သော ရဲဘော်တစ်ဦး ဖြစ်သည်။ ဂေါ်ဒွန်နှင့် သိကျွမ်းပြီး ၎င်း၏ အဆိုအရ လူငယ်ဖိုက်တာ နော်ဆိုင်းတွင် ထိုစဉ်ကတည်းက ကချင်ဒေသကို နီပေါနိုင်ငံကဲ့သို့ လွတ်လပ်သော နိုင်ငံအဖြစ် ခွဲထွက်ဖို့ စိတ်ကူးရှိခဲ့သလို နီပေါလိုပင် ဖိုက်တာတပ်ဖွဲ့ဝင်တွေ ငှားရမ်း၍ ရရင့်သော နိုင်ငံတစ်နိုင်ငံအနေနှင့် ပိုက်ဆံရှာဖို့လည်း စိတ်ကူးခဲ့သည်။ ကမ္ဘာစစ်ပြီးနောက် ဂျပန်တို့ကို ရေကုန်ရေခန်း တိုက်ခိုက်ခဲ့သည့်အတွက် နော်ဆိုင်းကို ဗြိတိသျှအာဏာပိုင်တို့က သူရဲကောင်း





ဘွဲ့ တံဆိပ် ပေးအပ်ခဲ့ပြီး ကချင် **Levies** တပ်ဖွဲ့သည်လည်း စစ်ပြီးသည်နှင့် ပြန်လည်ဖွဲ့စည်းသော ဗမာ့တပ်မတော်တွင် ကချင်ရိုင်ဖယ်တပ်ဖွဲ့အနေနှင့် ပါဝင်လာခဲ့ရာ ပထမဆုံး ကချင်တပ်ရင်းတွင် နော်ဆိုင်းကို တပ်ရင်းမှူး အဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၄၈ ခုနှစ် မြန်မာပြည် လွတ်လပ်ရေးရပြီး မကြာမီ ကွန်မြူနစ်တို့ တောခိုသွားကြရာ နော်ဆိုင်း၏ ကချင်ရိုင်ဖယ်တပ်က ကွန်မြူနစ် သောင်းကျန်းသူတို့ကို အစိုးရဘက်မှ လိုလိုလားလား တိုက်ခိုက်ခဲ့ပါသော်လည်း ကရင်သူပုန်တို့ကို တိုက်ခိုက်ဖို့ အမိန့်ပေးသည့်အခါတွင်မူ နာခံခြင်းမရှိတော့ဘဲ ကရင်တို့နှင့် လက်တွဲ၍ မြန်မာပြည်မြောက်ပိုင်းမှ အစိုးရတပ်ဖွဲ့တို့ကို အလုံးအရင်းနှင့် ပြန်လည်တိုက်ခိုက်ခဲ့ လေသည်။

၁၉၄၉ ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် မိမိတို့ ကချင်အမျိုးသားတို့ကို စည်းရုံးစုစည်းဖို့ ရည်ရွယ်ချက် နှင့် ကချင်ပြည်နယ် မြောက်ဘက်စွန်းသို့ နော်ဆိုင်းနှင့်အဖွဲ့ ချီတက်သွားကြရာ ရှမ်းပြည်အရှေ့မြောက်ဘက် ကချင်အမျိုးသားတို့ နေထိုင်ရာ တောင်တန်းများကြားတွင် အစိုးရတပ်တွေနှင့် ပိတ်မိနေသဖြင့် နောက်ဆုံး ရွေးစရာလမ်း



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့သဖြင့် ဆုတ်ခွာလာခဲ့ပြီး ၁၉၅၀ ခုနှစ် ဧပြီလတွင် 'မုံးကိုး' ခေါ် နယ်ခြားရွာလေး တစ်ရွာမှတစ်ဆင့် တရုတ်ပြည်ထဲ ရောက်ရှိသွားသည်။ သို့ဖြင့် နော်ဆိုင်းနှင့် ကချင် ရိုင်ဖယ်တပ်ဖွဲ့တို့ကား ဒုတိယ နီပေါနိုင်ငံ ထူထောင်သူတွေ ဖြစ်မလာတော့ဘဲ တရုတ်ပြည် ကွမ်းကျိုးပြည်နယ် လယ်ထွန်စက် စက်ရုံနှင့် စပေါင်းလယ်ယာတို့တွင် အလုပ်သမားတွေအဖြစ် လုပ်ကိုင်စားသောက်ခဲ့ကြရာ ၎င်းတို့အကြောင်း မေ့ပျောက်သွားသည်မှာ ၁၉၆၈ ခုနှစ်အထိ ဖြစ်သည်။ ထိုနှစ်တွင် တရုတ်ကို ကျောမှီရပ်နေရသော ဗကပသည် တရုတ်ပြည်မှ ရှမ်းပြည်အရှေ့မြောက်ဘက်တွင် ခြေကုပ်ယူဖို့ ပြန်ဝင်လာရာ မြန်မာပြည်ထဲသို့ ပထမဆုံး ဝင်လာသော ကွန်မြူနစ်တပ်တွင် တပ်မှူးအနေနှင့် နော်ဆိုင်းကို ပြန်တွေ့လိုက်ကြရသည်။ ဤ၌ တိုက်တိုက်ဆိုင်ဆိုင် မြန်မာပြည်သို့ နော်ဆိုင်း ပြန်ဝင်လာသော နေရာမှာ သူ ထွက်သွားသော 'မုံးကိုး' ရွာပင် ဖြစ်သည်။

နော်ဆိုင်းနှင့်အဖွဲ့ တရုတ်ပြည် မဲဇာတွင် သောင်တင်နေစဉ်မှာပင် ကချင်လက်နက်ကိုင်တပ်ဖွဲ့ ကေအိုင်အေကို ဖွဲ့စည်းခဲ့ပြီး ဗကပခြေကုပ်ယူဖို့ ဝင်လာ





သော နယ်မြေတို့တွင် ကောင်းစွာအထိုင်ချပြီးဖြစ်ရာ ဤမှာပင် ဗကပနှင့် ကေအိုင်အေတို့ နယ်လုကြပြီး မီးကုန်မယမ်းကုန် တိုက်ကြခိုက်ကြလေရာ ထိုကာလတစ်ဝိုက် ၁၉၇၂ ခုနှစ်မှာပင် လုံးလုံးလျားလျား ကျေနပ်လောက်အောင် ရှင်းမပြနိုင်သော အခြေအနေအောက်တွင် နော်ဆိုင်းတစ်ယောက် ရေတိမ်နစ်ခဲ့ရရှာသည်။ ဗကပမှ တာဝန်ရှိသူတို့၏ အပြောအရ ဝ,တောင်တန်းများတွင် အမဲလိုက်နေစဉ် ချောက်ကမ်းပါးတစ်ခုပေါ်က ပြုတ်ကျသေဆုံးခဲ့ရသည်ဆိုသော်လည်း ကချင်တို့က မယုံ၊ မိမိ ညီနောင်သားချင်းများဖြစ်သော ကေအိုင်အေကို တိုက်ဖို့ ငြင်းသည့်အတွက် တပ်မှူး နော်ဆိုင်းကို ဗကပက ရှင်းပစ်လိုက်သည်လို့ပဲ စိတ်စွဲနေခဲ့ကြပါ၏။

နော်ဆိုင်း သေဆုံးခြင်းနှင့် ပတ်သက်၍ အဖြစ်မှန်ကား မည်သို့ရှိစေ ဘရန်ဆိုင်း ကေအိုင်အို ဥက္ကဋ္ဌ ဖြစ်လာသော ၁၉၇၆ ခုနှစ်လွင်မှ သူပုန်အဖွဲ့နှစ်ဖွဲ့ကြားမှ အမြောက်သံ၊ စိန်ပြောင်းသံတွေ တိတ်ဆိတ်သွားသည်။ ဗကပနှင့် အပစ်ရပ်ခဲ့သည်ဖြစ်၍ အနိမ့်ဆုံး စစ်မျက်နှာတစ်ဖက် ငြိမ်းချမ်းသွားလို မြန်မာ ကွန်မြူနစ်တွေက



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့် တရုတ်စစ်လက်နက်တို့ကို ဝယ်ယူ၍ အားဖြည့်လာခဲ့ရာ ၁၉၈၀ ဝန်းကျင်နှစ်များတွင်မူ အစိုးရတပ်ဖွဲ့တွေကို အလုံးအရင်းနှင့် တိုက်ခဲ့၍ ထိုကာလမှာပင် မြစ်ကြီးနား-ဗန်းမော် မော်တော်ကားလမ်းမှ နယ်မြေအတော်များများကို ကေအိုင်အေက ချုပ်ကိုင်ခဲ့ပြီး ဌာနချုပ်ကိုလည်း တြိဂံဒေသမှ ပါဂျာသို့ ပြောင်းရွှေ့လာခဲ့ရာ ထိုအချိန်မှစ၍ တရုတ်နှင့် ဆက်ဆံရေး အဆင်ပြေလာခဲ့သည်။

ကျွန်ုပ်အပါအဝင် ပြင်ပမှ လေ့လာသူတွေအနေနှင့် ၁၉၇၆ ခုနှစ်တွင် ဗကပနှင့် စစ်ဖက်ဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခဲ့ခြင်းသည် ကချင်တွေ ကွန်မြူနစ်ဝါဒ လွှမ်းမိုးခံလိုက်ရပြီဟု ယူဆခဲ့ကြသော်လည်း ယခု ကေအိုင်အေ ထိန်းချုပ်ထားသော နယ်မြေတွင် လအတော်ကြာ နေလာခဲ့ရာမှ ဆိုခဲ့သလို ထင်မြင်ယူဆချက်ကို ပြန်လည် သုံးသပ်မိခဲ့သည်။ ကွန်မြူနစ်ဝါဒ ဖြန့်ချိရေးအဖွဲ့တွေ ကပြဖြေဖျော်ခဲ့သော အကပုံစံကဲ့သို့ အပေါ်ယံ ကိစ္စများမှလွဲ၍ ကွန်မြူနစ်လွှမ်းမိုးမှု လုံးဝမတွေ့ရသဖြင့် တရုတ်နှင့် ကေအိုင်အေတို့၏ ကိစ္စများမှ လွဲ၍ ကွန်မြူနစ်လွှမ်းမိုးမှု လုံးဝမတွေ့ရသဖြင့် တရုတ်နှင့် ကေအိုင်အေတို့၏





ဆက်ဆံရေးအခြေအနေနှင့် ပတ်သက် ၍ ဘရန်ဆိုင်းကို ကျွန်ုပ် မေးကြည့်သည်။

"၁၉၆၇ ခုနှစ်က တရုတ်ပြည်ကို ကျွန်တော်တို့ ပထမဆုံးအကြိမ် သွားခဲ့ကြတယ်။ ပန်းဝါတောင်ကြားလမ်းက ခြေလျင်ဖြတ်ပြီး တရုတ်စစ်တပ်စခန်း အပြင်ဘက် အနီးဆုံးနေရာမှာ စခန်းချခဲ့ကြတယ်။ ကျွန်တော် တို့က သူတို့အကူအညီ လိုတယ်ပြောတော့ သူတို့က ကျွန်တော်တို့ကို ကွန်မြူနစ်တွေလားလို့ မေးတယ်။ ကျွန်တော်တို့က ခရစ်ယာန်တွေ၊ သူတို့နဲ့ ဆက်ဆံရေးကောင်းမွန်စေချင်တယ်လို့ ပြန်ပြောလိုက်တယ်။ အချို့ ကိစ္စတွေကို အခြေတင်ပြောဆို ဆွေးနွေးပြီးတဲ့အခါ ကျွန်တော်တို့ကို စစ်ကားတစ်စီးနဲ့ 'ဘိုးရှမ်း'က အနီးဆုံး လေဆိပ်ကို ခေါ်သွားတယ်။ ပြီးတော့ ကူမင်းကတစ်ဆင့် ဘေဂျင်းကို လေယာဉ်ပျံနဲ့ ခေါ်သွားပြီး 'ချူအင်လိုင်း' နဲ့ တွေ့ခဲ့ရတယ်။ ကျွန်တော်ဟာ ခရစ်ယာန်တစ်ယောက်ဖြစ်ပြီး ကွန်မြူနစ်မဟုတ်ဘူး ဆိုတဲ့အချက်ကို ဘယ်တော့မှ ဖုံးကွယ်မထားဘူး။ ချူအင်လိုင်းက ဒါကို နားလည်ပုံရတယ်"

စင်စစ် ပန်းဝါတောင်ကြားမှ ဘေဂျင်းမြို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ဘုံ ငြိမ်းချမ်းရေးဂိတ်တံခါးအထိ ရှည်လျားသော ခရီးစဉ်ကား ကချင်တို့အတွက် ဖြစ်ရိုးဖြစ်စဉ်မဟုတ်။ လှေ့လှာသင်ယူခဲ့ရသော ခရီးဖြစ်သည်။ ကချင်တို့အနေနှင့် အချိန်အတော်ကြာသည်အထိ ကွန်မြူနစ်တရုတ်တွေကို ဝေးဝေးက ရှောင်လာခဲ့သော်လည်း နာဂအဖွဲ့တွေ ကိုတော့ တရုတ်ပြည်ရောက်အောင် မကြာ မကြာ ပို့ပေးနေရသည်။ နာဂတွေတောင် နယ်ခြားကျော်ပြီး တရုတ် ကွန်မြူနစ်ဆီက အကူအညီတွေ ယူနေသေးလျှင် မိမိတို့ ကချင်တွေရော ဘာကြောင့် မရနိုင်ရမှာလဲဆိုသော အတွေး ခေါင်းထဲ ဝင်လာခဲ့ကြသည်။

နာဂပြဿနာက တရုတ်အတွက် နိုင်ငံရေးအယူဝါဒနှင့်မဆိုင်၊ အိန္ဒိယကို တရုတ်က အချိန်အတော်ကြာကပင် ရန်လိုနေခဲ့သလို နယ်ခြားပြဿနာနှင့်လည်း အငြင်းပွားနေချိန်၊ တစ်ချိန်တည်းမှာပင် အရှေ့မြောက်ဒေသမှာ နာဂကဲ့သို့ ခွဲထွက်ခွင့် တောင်းဆိုနေသော အုပ်စုတွေနှင့် မငြိမ်မသက် ဖြစ်နေရာ အဆိုပါဒေသတွင်း တည်ငြိမ်မှု ပျက်သွားအောင် နာဂသူပုန်တွေကို တရုတ်တွေက စစ်လက်နက်တွေ အကူအညီပေးနေပြီး တစ်ဖက်





ကလည်း ဟိမဝန္တာဒေသ အပစ်ရပ်လိုင်းတစ်လျှောက်တွင် ချထားသော အိန္ဒိယတပ်တို့ကို ဆုတ်သွားအောင် ဖိအားပေးနေခြင်း ဖြစ်သည်။

ယခု ကချင်ကိစ္စသည်လည်း တရုတ်တို့အတွက် အလားတူပြဿနာ ဖြစ်သည်။ ၁၉၆၇ ခုနှစ်တွင် တရုတ်-မြန်မာ လူမျိုးရေးအဓိကရုဏ်း ဖြစ်သည်။ အဓိက အကြောင်းရင်းမှာ ဆန်ရှားပါးမှုဖြစ်သော်လည်း ပြည်သူတို့၏ ဒေါသကို စစ်အာဏာပိုင်တို့က တရုတ်ဆန့်ကျင်ရေးဘက် ဦးလှည့်ပေးလိုက်ခြင်း ဖြစ်ရာ ပီကင်းရေဒီယို က နေဝင်းအစိုးရကို ဖက်ဆစ်အစိုးရအဖြစ် ဝေဖန်လိုက်ပြီး သွေးကို သွေးနှင့် လက်စားချေဖို့ တရုတ်လူထုကို လှုံ့ဆော်ပေးခဲ့ရာ နေ့စဉ်လိုလို ဘေဂျင်းမှ မြန်မာသံရုံးအပြင်ဘက်တွင် စုရုံး၍ တပ်နီရဲဘော်တွေက လော်စပီကာတွေ တကားကားနှင့် အသံကုန်ဟစ်ခဲ့ကြသည်။ ထိုအချိန်တွင် တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်မှာ အစိုးရ ထောက်ခံသူ ကချင်အမျိုးသား ဆင်ဝါးနော် ဖြစ်သည်။ တရုတ်က ထောက်ခံမှုပေးနေရသော အခြားအကြောင်း များလည်း ရှိသေး၏၊ ထိုအချိန်က ယဉ်ကျေးမှု တော်လှန်ရေးကာလဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ဗကပကို တရုတ်က အစွမ်းကုန် အထောက်အပံ့ပေးဖို့ ဆုံးဖြတ်ထားသည်။ မုံးကိုးမှ မြောက်ပိုင်းသို့ ဗကပ တိုးဝင်လာဖို့ အစီအစဉ်မှာ နောက်ဆုံး အဆင့်သို့ ရောက်လာသည့်အခါ ဗကပအနေနှင့် ဒေသခံ အရန်တပ်တွေ လိုလာသည်။ သို့ဖြစ်၍ အဆိုပါကိစ္စ ကို အကောင်အထည်ဖော်ရာတွင် ကေအိုင်အေသည် ၎င်းတို့အတွက် အသုံးဝင်လိမ့်မည်ဟု ဗကပရော၊ တရုတ် ကွန်မြူနစ်တွေရော ယူဆခဲ့ကြသဖြင့် ဘေဂျင်းတွင် ကေအိုင်အေနှင့် စီပီဘီတို့ ဆွေးနွေးကြသည့်အခါ နိုင်ငံရေး ဦးဆောင်မှုတွင် ကေအိုင်အေက ကွန်မြူနစ်တို့၏ အခန်းကဏ္ဍကို လက်ခံရမည်ဟု စီပီဘီက တောင်းဆိုခဲ့သည်။

"ဒီကိစ္စကိုတော့ ကျွန်တော်တို့ လုံးဝ လက်မခံနိုင်ပါဘူး" ဘရန်ဆိုင်းက ဆက်ပြောသည်။

"ဘုံရန်သူကို ဗကပနဲ့ပအတူ ကျွန်တော်တို့ တိုက်မှာပါ။ ဒါပေမဲ့ သူတို့က နိုင်ငံရေး ဦးဆောင်မယ် ဆိုတာကိုတော့ လုံးဝ လက်မခံနိုင်ပါဘူး။ အဲဒီနောက် သိပ်မကြာလိုက်ပါဘူး။ ဗကပနဲ့ ကျွန်တော်တို့ တိုက်ကြပြီး ဗကပက မုံးကိုးဒေသထဲ ဝင်လာတယ်။ သူတို့နဲ့





၁၉၈၆ ခုနှစ်အထိ ၈ နှစ်ကြာ တိုက်ပွဲဖြစ်ခဲ့ပြီး နောက်ဆုံးမှသာ ညီတူညီမျှ ရေးဆွဲထားတဲ့ စစ်ရေးစာချုပ်ကို ဗကပက လက်ခံခဲ့တာပဲ"

ဗကပနှင့် မဟာမိတ်ဖွဲ့ခြင်း၊ တရုတ်နှင့် ပုံမှန်ဆက်ဆံရေး ထူထောင်ခြင်း စသည့် ပေါ်လစီတို့သည် ကား ၁၉၈၀ ပြည့်နှစ်ဝန်းကျင်ကာလများအတွင်း ဘရန်ဆိုင်း ကိုယ်တိုင် ပြောင်းလဲတည်ဆောက်ခဲ့သော ပေါ်လစီတွေထဲက အပ်အဝင် ဖြစ်သည်။ ကချင်လက်နက်ကိုင် လမ်းစဉ်တစ်ခုလုံး၏ ရည်ရွယ်ချက်ကိုလည်း တစ်ခါက လက်ခံအားပေးခဲ့သော ခွဲထွက်ရေးလမ်းစဉ်မှ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းမှာပင် ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရရေးသို့ လမ်းကြောင်းပြောင်းယူလာခဲ့သည်။ မျိုးဆက်သစ်ခေါင်းဆောင်တို့ကလည်း အယူအဆ အတွေးအခေါ် သစ်တို့ကို အတိုင်းအတာတစ်ခုအထိ ခွင့်ပြုခဲ့သည်။

ကေအိုင်အေကို စတင်တည်ထောင်သူ ညီအစ်ကို ၃ ဦးအနက် ဇော်ဒန်က ၁၉၇၄ ခုနှစ် ဗကပနှင့် ဖြစ်သော တိုက်ပွဲတွင် ကျဆုံးခဲ့ပြီး ဇော်ဆိုင်းနှင့် ဇော်တူးတို့ကမူ ထိုင်းနယ်စပ်အနီးမှ ကချင် ဆက်သွယ်ရေး စခန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၅ ခုနှစ်အတွင်း လုပ်ကြံခံလိုက်ရသည်။

လုပ်ကြံသူမှာ ကေအိုင်အေတပ်မှ ဗိုလ်လေးတစ်ယောက်ဖြစ်၍ ခေါင်းဆောင်ဟောင်းတွေနှင့် သဘောထားဆန့်ကျင်ပြီး ကေအိုင်အေကို ပြုပြင်ပြောင်းလဲလိုသူ လူငယ်တစ်ဦး ဖြစ်သည်။ သို့ရာတွင် ယခုလို လုပ်ကြံခြင်းဖြင့် သူ့ကို ရာထူးတိုးပေးလိမ့်မည်ဟု တွက်ချက်ထားသော်လည်း ရာထူးကား မဆို၊ ဆုလာဘ်အဖြစ် အကွပ်မျက်ခံလိုက်ရပါ၏။

ယနေ့တွင်မူ ညီအစ်ကို ၃ ယောက်ကို ကချင်သူပုန်စစ်တပ်ကို စတင်တည်ထောင်သူတွေအဖြစ် အသိအမှတ်ပြု၍ ပါဂျိုတွင် ရုပ်တု ထု၍ ဂုဏ်ပြုခဲ့ကြပါသော်လည်း ရဲဘော်အများစု၏ ရင်ထဲတွင်ကား နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ အပိတ်လမ်းသို့ တွန်းပို့ခဲ့သော သူတို့ခေါင်းဆောင်တွေ ဆုံးရှုံးသွားသည့်အတွက် နှမြောတသ ရှိကြပုံမရပေ။

ပြီးခဲ့သည့်ကာလက ပါဂျိုတွင် ကျင်းပခဲ့သော NDF အစည်းအဝေးတွင် ခွဲထွက်ခွင့် အယူအဆကို စွန့်လွှတ်ခြင်းနှင့် ဗကပနှင့် စစ်ရေးအရ ပူးပေါင်းဆောင်





ရွက်ခြင်း ပေါ်လစီသစ်တို့ကို NDF ကိုယ်စားလှယ် တို့၏ ထောက်ပံ့မှုရအောင် ဘရန်ဆိုင်းအနေနှင့် ဆောင်ရွက်ခဲ့သည်။ ဘရန်ဆိုင်း၏ နောက်ထပ်အစီအစဉ် တစ်ခုမှာ NDF အဖွဲ့ဝင်တို့ကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေဖို့ ဖြစ်သည်။ အစည်းအဝေးတွင် တပ်ဦးဖွဲ့စည်းရေးနှင့်ပတ်သက်၍ လှုပ်ရှားမှုတို့ကို ပူးပေါင်းဆောင်ရွက်မည့် ဒေသဆိုင်ရာ စစ်တိုင်း သုံးတိုင်း ခွဲလိုက်သည်။ မြောက်ပိုင်းတိုင်းတွင် KIA, SSA နှင့် ရှမ်းမြောက်ဘက် တောင်တန်းနေလူမျိုးစုတစ်စုဖြစ်သော ပလောင်သူပုန်တပ်လေးတစ်တပ်တို့ ပါဝင်၍ အလယ်ပိုင်းတိုင်းတွင် ဝ၊ ပအိုဝ်းနှင့် ကရင်နီတပ်များ ရှိ၍ တောင် ဘက် စစ်တိုင်းတွင်မူ ကရင်၊ မွန်နှင့် ရခိုင်တို့ ပါဝင်သည်။ သို့ရာတွင် အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် တပ်ဦးဖွဲ့ဖို့ရာအတွက် ယခုအထိ ပူးပေါင်းဆောင်ရွက်မှု မရသေး။ သို့ပေမဲ့ မြောက်ပိုင်းတွင်မူ တပ်ဖွဲ့ ၃ ဖွဲ့မှ တစ်ခုစီ စုပေါင်းထားသော ပူးတွဲတပ်ရင်းတစ်ရင်းကို ဖွဲ့စည်းဖို့ ဆုံးဖြတ်ခဲ့ရာ ဘရန်ဆိုင်း၊ နမ့်ပေါ်မှ မေဂျာဂျင်နရယ် ဇော်မိုင်းနှင့် အခြားကချင်ခေါင်းဆောင်တို့ ပါဝင်သောအဖွဲ့က ရှမ်းအရှေ့မြောက်သို့ ထွက်ခွာ၍



www.burmeseclassic.com

www.burmeseclassic.com



တပ်မဟာ (၄) ဌာနချုပ်တွင် ရှမ်း၊ ကချင်၊ ပလောင်၊ **NDF** တပ်ရင်းတစ်ရင်းကို တရားဝင် ဖွဲ့စည်းမည်ဖြစ်ရာ အခမ်းအနားသို့ လိုက်၍ ဓာတ်ပုံရိုက်ဖို့ ဆိုင်နောင့်ကို ဖိတ်ကြားသော်လည်း တရုတ်ပြည်တွင်းမှ ဖြတ်သွားရမည်ဖြစ်၍ ကျွန်ုပ်ကမူ ပါကျို၌သာ နေရစ်ခဲ့ဖို့ ဖြစ်လာသည်။

မေလကုန်တွင် နမ့်ပေါ်မှ ဇော်မိုင်းနှင့် သူ့လူတွေ မြင်းနှင့် ရောက်လာကြရာ ခွန်နောင်းကို တွေ့ရသဖြင့် ကျွန်ုပ်တို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်။ ယခု ခွန်နောင်းကား ဗိုလ်ချုပ်ဇော်မိုင်း၏ ကိုယ်ရေးလက်ထောက် ဖြစ်နေလေပြီ။ ပါကျိုဈေးထဲတွင် အကောင်းဆုံးအရက်ဆို၍ တရုတ်ဘရန်ဒီတွေသာ ရသဖြင့် ထိုညက ခွန်နောင်းကို ဖိတ်၍ ဘရန်ဒီနှင့် ညှော်ခံဖို့ ဖိတ်ခေါ်ခဲ့သည်။ ခွန်နောင်းက ပြုံးဖြဲဖြဲနှင့်ဝင်လာပြီး လွယ်လာသော 'ဘာရက်တာ မရှင်းဂန်း' ကို ထိုင်ခုံတစ်လုံးပေါ် တင်ထားလိုက်သည်။ သူ့အတွက် လက်ဆောင်ပေးစရာ ရှိသည်။

"ခွန်နောင်း ... ဒီမှာ အဝေးကြည့်မှန်ပြောင်း။ ငါတို့ခရီးမထွက်မီ **ယောင်**ကောင်က ဝယ်လာတာ။ နာဂဌာနချုပ်မှာ **ယောထောင်**နဲ့တွေ့ပြီးနောက်မှာ သူ့ကို





အမှတ်တရပေးဖို့ ငါတို့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ သူ ကျဆုံးသွားပြီးနောက်မှာ သူ့နေရာ မင်း ရောက်လာတယ်။ ဒါကြောင့် မှန်ပြောင်းကို မင်းကိုပေးဖို့ ငါတို့ ဆုံးဖြတ်လိုက်တယ်။ ငါတို့ကို ကာကွယ်ရင်း ကျဆုံးသွားတဲ့ ယောထောင်ကို ငါတို့ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး"

ကျွန်ုပ်တို့အားလုံးရင်ထဲမှာ မကောင်းကြ။ ခွန်နောင်းလည်း စိတ်ထိခိုက်နေပုံ ရသည်။ မှန်ပြောင်းကို ကောက်ယူလိုက်ပြီး သူ့ခါးက ခါးပတ်မှာ ချိတ်လိုက်သည်။

"ခင်ဗျားလည်း မှန်ပြောင်းကို ကျွန်တော်တို့ ကချင်ပြည်နယ်အထိ ဒီလိုချိတ်လာခဲ့တာပဲ မဟုတ်လား"

အတတ်နိုင်ဆုံး သူ ပြုံးပြလိုက်သော်လည်း သူ့အပြုံးက အသက်မဝင်။ သူနှင့် အရင်းချာဆုံး ယောထောင်ကား သူ့ရင်ထဲမှာ ရှိနေဆဲ။ နောက်တစ်နေ့တွင် ဆိုင်နောင့်၊ ဆိုင်တိုင်းနှင့် မရွှေတို့ အပါအဝင် တစ်အုပ်စုလုံး မြင်းတွေနှင့် ပါကျို၏ တောင်ဘက် မြက်ခင်းစိမ်းတောင်ကုန်းတွေပေါ်က တရုတ်ပြည်နယ်စပ်သို့ ထွက်ခွာသွားကြရာ အိမ်တွင် ထမင်းချက်ဖို့ အက်တမ်နှင့် ကျွန်ုပ်တို့သာ ကျန်ရစ်ခဲ့လေသည်။ တစ်ယောက်တည်း ရှိ နေရင်း



www.burmeseclassic.com

www.burmeseclassic.com



နေ့တိုင်းလိုလို စာရေးစာဖတ်၍သာ ကျွန်ုပ် အချိန်တွေ ကုန်သွားသည်။ ဗိုလ်မှူးဟောင်း အန်ချယော တန်က ကချင်လက်နက်ကိုင် လှုပ်ရှားမှုသမိုင်းနှင့် ပတ်သက်၍ သူမှတ်သားထားသော မှတ်စုတို့ကို ကျွန်ုပ်ကို ခေတ္တပေး ထားရာ ညစဉ် စာရေးစားပွဲတွင် ထိုင်၍ ကျွန်ုပ်၏မှတ်စု စာအုပ်ထဲသို့ ပြန်၍ ကူးထည့်နေရချော်လည်း ဟာရီကိန်း အောက်လင်း မီးအိမ်အလင်းဖြင့် တစ်ယောက်တည်း ထိုင်၍ အလုပ်လုပ်ရသည်မှာ စိတ်ချမ်းသာ စရာ ကောင်းသည်။ ပြတင်းပေါက်မှ ကြည့်လိုက်လျှင် ရောမ ညအခင်း အောက်တွင် အေး၍ မည်းမည်းနှင့် မှောင်လျက်။ သို့ပေမဲ့ မိုးဝင်လာသည်နှင့်အမျှ တဖြည်းဖြည်း နွေးလာနေသည်။

နေ့ဘက်တွင်မူ ကေအိုင်အို၏ အထွေထွေအတွင်းရေးမှူး 'ဇောင်းဟာရား'အိမ်သို့ ဖြည်းဖြင်းချင်း လျှောက်၍သွားလည်တတ်သည်။ သူ့အိမ်ဝိုင်းထဲတွင် ပန်းပင်နှင့် ဟင်းသီးဟင်းရွက် အခင်းတွေ သေသေသပ်သပ် စိုက်ထားပြီး အိမ်တွင်းမှ နံရံတစ်ခုပေါ်တွင်မူ ဆောင်ပုဒ်တစ်ခုကို အနားကွပ်ထားသော ပိတ်စတစ်ခုပေါ်တွင် ရေး၍ ချိတ်ထားသည်။ ဆောင်ပုဒ်မှာ ဤသို့ဖြစ်သည်။





"ပျော်ရွှင်ခြင်းသည် ခရစ်စမတ်၏ ဝိညာဉ်ဖြစ်သည်"

ဇောင်းရာ၏ အိမ်ဝိုင်းထဲမှ မြေကွက်လပ်သည် ပါဂျိုမှ ကြက်တောင်ရိုက်ဝါသနာအိုးတို့ စုဝေးရာလည်း ဖြစ်သည်။ ကျွန်ုပ်အနေနှင့် ကိုယ်တိုင်မပါဝင်သော်လည်း ပရိသတ်အဖြစ် ဘေးမှ ထိုင်ကြည့်တတ်ရာ ပါဂျိုကား ကျွန်ုပ်၏နေရပ်လို ခံစားမိလာသည်။ ကိုယ်ကာယလေ့ကျင့်ခန်း မလုပ်ဖြစ်သော်လည်း စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းကိုကား အားထုတ်ဖြစ်ခဲ့သည်။ ကိုဟီးမားမှ ခုတင်လေး တစ်လုံးအောက်တွင် ကျွန်ုပ် စတင် လေ့လာခဲ့သော မြန်မာစာဖြစ်သည်။ ကျွန်ုပ်ကို သင်ပေးမည့် ဆရာ တစ်ယောက်ကိုလည်း ပါဂျိုတွင် ရှာတွေ့ခဲ့ရာ သူ့ အမည်မှာ ခမ်းပခဖြစ်၍ ဇောင်းဟာရား ကိုယ်ရေးလက်ထောက် ဖြစ်သည်။ ယခင်က ကျောင်းဆရာလုပ်ခဲ့သော်လည်း ပြောက်ကျားစစ်သားဘဝနှင့် အနှစ် ၂၀ ကျော် ဖြတ်သန်းခဲ့သူလည်း ဖြစ်သည်။ သို့ပေမဲ့ ပြီးခဲ့သည့် နှစ် အနည်းငယ်ခန့်က မိန်းမက သူ့ကို ပစ်သွားသဖြင့် ယခု သူသည် 'အသစ်ပြန်လည်မွေးဖွားလာသော လူပျို တစ်ယောက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း’ တွေ့တွေ့သမျှ လူအားလုံး အထူးသဖြင့် အပျိုမိန်းကလေးတို့ကို ကြေညာ မောင်းခတ်တတ်သည်။ တစ်ခါတစ်ခါ သူဟာသမှာ ကြောင်စီစီနိုင်သော်လည်း စိတ်ကောင်းရှိသူတစ်ယောက် ဖြစ်ပြီး သူနှင့်စကားပြောရင်း မြန်မာစာ သင်ယူခဲ့သည်။

တပ်မဟာ (၄) တွင် ၁၀ ရက်ကြာပြီးနောက် ဆိုင်နောင့်တို့ ပြန်ရောက်လာရာ အခမ်းအနားကို မိန့်ခွန်း တွေပြောပြီး အတီးအမှုတ်တွေနှင့် ဖြေဖျော်၍ ရှမ်း၊ ကချင်၊ ပလောင် ပူးတွဲတပ်ရင်းကို တရားဝင်ဖွဲ့စည်းခဲ့ ကြသည်။ လုံးဝကွဲပြားနေသော လူမျိုးတို့ကို စုစည်း၍ ထိရောက်သော တိုက်ခိုက်ရေးတပ်တစ်တပ် ဖွဲ့စည်း ရသည်မှာ လွယ်ကူ သောအလုပ် မဟုတ်။ သို့ပေမဲ့ အားလုံး စိတ်ဓာတ်တက်ကြွ နေကြသည်ဟု ဆိုသည်။ လက်တွေ့ အောင်မြင်သွားလျှင် အခြား NDF အဖွဲ့ဝင်တွေအနေနှင့်လည်း ယခုလို လုပ်ကိုင်လာကြလိမ့်မည်ဟု ဘရန်ဆိုင်း နှင့် အခြား ခေါင်းဆောင်တို့က မျှော်လင့်နေခဲ့ကြသည်။

ဤ၌ SSA တပ်မှူး စိုင်းလိတ်လည်း သူ့တပ်နှင့် အတူ ပြန်လာပြီး ပါကိုသို့ ခေတ္တဝင်လာသည်။ သူနှင့်





ကျွန်ုပ် ထိုင်းနယ်စပ်အနီးစခန်းတစ်ခုတွင် ၁၉၈၁ ခုနှစ်က တစ်ကြိမ် ဆုံဖူးခဲ့သဖြင့် ယခု ပြန်လည်တွေ့ဆုံခွင့် ကြုံ၍ ဝမ်းမြောက်ရသည်။ ပြီးခဲ့သော နှစ်အနည်းငယ်ခန့်က ရှမ်းလက်နက်ကိုင်တပ်ကို သူ ဦးဆောင်၍ တစ်တပ် လုံးကို အသစ်ပြန်လည် ဖွဲ့စည်းနိုင်ခဲ့သည်။ အသက် ၄၅ ဝန်းကျင်ရှိပြီး ရှမ်းနှင့် အိန္ဒိယ မွတ်စလင် ကပြား ဖြစ် သော်လည်း ဗုဒ္ဓဘာသာသို့ ပြောင်းလာသူဖြစ်၍ အခြား သူပုန်ခေါင်းဆောင်တွေလို ပူးတွဲတပ်ရင်း ဖွဲ့စည်းဖို့ နှင့် ထိုမှ NDF ၏ ညီညွတ်ရေးသစ်အတွက် တက်ကြွနေသည်။

သူနှင့်အတူ အသက် ၂၀ ဝန်းကျင် ရှမ်းစစ်သား အချို့လည်း လိုက်ပါလာခဲ့ရာ တစ်ယောက်သော ရှမ်း စစ်သားလေးဘဝကမှ ကျွန်ုပ်ကို အံ့သြတုန်လှုပ်စေခဲ့သည်။ သူ့အမည်မှာ သန်းအောင်ဖြစ်၍ တောခိုလာသော သူ၏ အကြောင်းတရားက ဖူးပါလို စိတ်ကူးယဉ် မဆန်၊ လုံးဝ ခြားနားသည်။ သူ့အဖြစ်က ဒီလို။ တစ်နေ့ ဗမာတပ်ဖွဲ့ တစ်ဖွဲ့ သူတို့ရွာသို့ ရောက်လာသည်။ သူတို့ရွာမှာ ရှမ်းပြည်မြောက်ပိုင်း သီပေါနယ်တွင် ရှိပြီး ရှမ်းသူပုန်တို့၏ အမာခံနယ်မြေလည်း ဖြစ်သည်။ ရောက်လာသော ဗမာ



www.burmeseclassic.com

www.burmeseclassic.com



စစ်တပ်က သူ့ဖခင်ကို သူပုန်တွေကို ကူညီသည်ဆိုသော စွဲချက်ဖြင့် ဖမ်းသည်။ လူကို စောက်ထိုးဆွဲ၍ ခြေထောက်ကို ကြိုးချည်ထားပြီး သူ့မိသားစုရှေ့မှာ သေသည်အထိ ရိုက်နှက်၍ သတ်ပစ်ခဲ့သည်။

"ဒါကို ကျွန်တော် ဘယ်တော့မှ မမေ့ဘူး။ အိမ်က ထွက်လာပြီး SSA အဖွဲ့ထဲ ဝင်လာတယ်။ ဗမာ စစ်သားတွေကို ရသလောက်သတ်ပြီး ကျွန်တော် လက်စားချေမယ်"

သန်းအောင်က သူ့ခံစားချက်ကို ရိုးရိုးပင် ပြောသွားသည်။ အဆိုပါ အဖြစ်သနစ်သည် သူ ၁၀ နှစ်သား အရွယ် လွန်ခဲ့သော ၁၀ နှစ်ကျော်က ဖြစ်ခဲ့သည်ဆိုသော်လည်း သူ့ဘဝအတွေ့အကြုံက ဗမာပြည်လူနည်းစု တိုင်းရင်းသားတို့ နေထိုင်ရာဒေသ အတော်များများတွင် ရင်ဆိုင်ကြုံတွေ့နေရသော ခါးသီးနာကြည်းမှုတစ်ခု ပင် ဖြစ်သည်။ တိုင်းရင်းသားကျေးရွာတွေဆီ ရောက်လာသော ဗမာအများစုမှာ အစိုးရစစ်သားတွေသာ ဖြစ်ပြီး ဒေသခံရွာသူရွာသားတွေအပေါ် သူတို့၏ ယုတ်မာရိုင်းစိုင်းမှုများက ထင်ရှားကျော်ဇောသတင်းက ကြီးမားလေရာ တိုင်းရင်းသား





တွေ ရင်ထဲမှာ လူမျိုးရေး မုန်းတီးမှုတွေ ရောင်ကိုင်းကြီးထွားလာနေ၍ ခွဲထွက်ရေး စိတ်ဓာတ်တွေ ပြင်းထန်လာသည်မှာ တကယ်တော့ အံ့ဩစရာမဟုတ်ပေ။ ဤသို့ ဤနယ် တိုင်းရင်းသားတို့ ရင်ထဲတွင် အချိန်ကြာမြင့်စွာ စွဲကပ်လာနေသော လူမျိုးရေး ရန်လိုမုန်းတီးမှုတို့မှ ဖြေလျှော့ပေးနိုင်ပါသော တစ်ကြောင်းတည်းသော နည်းလမ်းမှာ အမြော်အမြင်ရှိသော လက်နက်ကိုင် သူပုန်ခေါင်းဆောင်များအနေနှင့် မကျေမချမ်း ဖြစ်နေသောည တိုင်းရင်းသားတို့၏ စိတ်ခံစားချက်တို့ကို ဗမာပြည်မှ ခွဲထွက်ဖို့ဆိုသော လက်တွေ့ မကျသည့် တောင်းဆိုမှုမှ လက်တွေ့ကျသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဖက်ဒရယ်မှုလမ်းကြောင်းသို့ လမ်းလွှဲ ပေးဖို့သာ ဖြစ်ပါ၏။

ဆိုခဲ့သလို ဗမာပြည်မှ မထိတ်သာ မလန့်သာ ဘဝဇာတ်လမ်းတွေအနက် နှစ်အတော်ကြာကပင် ကျွန်ုပ်ကြားခဲ့ရပြီး ရင်ထဲစွဲနေသော ဇာတ်လမ်းတစ်ပုဒ်လည်း ရှိသေးသည်။ သီပေါအနီးက 'ဘမ်းလိုင်း' ရှမ်းကျေးရွာ တွင် ၁၉၈၄ ခုနှစ်က ဖြစ်ခဲ့သော အဖြစ်အပျက်ဖြစ်သည်။ အစိုးရစစ်တပ်မှ ကင်းလှည့်မော်တော်ယာဥ်တစ်စီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စစ်သားတွေက တွေ့သမျှ အမျိုးသမီး ကြီးကြီးငယ်ငယ် အရွယ်အားလုံး ကားပေါ်တင်ခေါ်လာပြီး ဘုန်းကြီး ကျောင်း အပြင်ဘက် မြေကွက်လပ်တစ်နေရာတွင် စု၍ အမျိုးသမီး တွေကို သေနတ်နှင့် ထောက်ပြီး သူတို့ ကိုယ်ပေါ်က အဝတ်အားလုံး ချွတ်ခိုင်းသည်။ ပြီးတော့ စုတ်စုတ်ပဲ့ပဲ့ မဖွယ်မရာ အမူအရာအမျိုးမျိုးလုပ်ကိုင်ပြီး စစ်သားတွေက ထိုင်ဟားကြသည်။ ရိုင်ဖယ်သေနတ်ပြောင်းဝနှင့် ထိုးပြီး နောက်ပြောင်ကြသည်။ အချိန် အတော်ကြာ စစ်သားတွေ ရယ်လို့ ဟားလို့ ဝါကာမှ ရွာက ပြန်ထွက်သွားကြရာ မခံမရပ်နိုင် ကျန်ရစ်ခဲ့သော အမျိုးသမီး တွေက SSA ပြောက်ကျားတွေကို သွားပြောကြသဖြင့် နောက်မှ အပြင်း လိုက်၍ ချုံခိုတိုက်ခိုက်ခဲ့ကြရာ အစိုးရ စစ်သား အတော် များများကို သတ်နိုင်လိုက်သည့်အတွက် စောစောက ဘမ်းလိုင်းရွာက ရှမ်းအမျိုးသမီးတွေ စိတ်ချမ်းသာသွားသည် ဟု ဆို၏။

ဤသို့ လူနည်းစုတိုင်းရင်းသားတို့၏ စိတ်ခံစားချက် တို့ကို အစိုးရက သဘောပေါက် နားလည်အောင် မကြိုးစားဘဲ လုံးဝလျစ်လျူရှုထားခြင်းသည် ပဋိပက္ခတို့၏





အကြောင်းရင်းတစ်ခုဖြစ်သည်။ ပို၍ ဆိုးဝါးသည်မှာ ဆိုခဲ့သလို အစိုးရကို မကျေမချမ်း၊ နာကြည်းမုန်းတီးနေ သော ပြည်သူတို့ကို စစ်အာဏာနှင့် အတင်းအဓမ္မ လုပ်အား ပေးခိုင်းသည်များ၊ ချေးတပ်ဆွဲသည်များကြောင့် လူမျိုးရေး ပဋိပက္ခတွေ ပို၍ ပြင်းထန်လာကာ ပြည်တွင်း စစ်မီးတွေ နှစ်ပေါင်းများစွာ တောက်လောင်လာခဲ့ပါ၏။

စိုင်းလိတ်တို့၏ SSA တပ်ဖွဲ့တွေ လှုပ်ရှားနေသော ရှမ်းမြောက်ဒေသတွင်မူ အစိုးရအပေါ် မကျေမချမ်း မုန်းတီးမှုတွေကို ထင်ထင်ရှားရှား တွေ့ရသည်။ ရှမ်း ကျောင်းသူ၊ ကျောင်းသားလေးများက ရှမ်းသူပုန်တွေဆီ နေ့တိုင်းလိုလို သွားနေသဖြင့် မူဆယ်နှင့် နမ့်ခမ်းမြို့ အထက်တန်းကျောင်းတွေမှာ စာသင်မည့်သူ မရှိတော့ ဟူ၏။

ရှမ်းစစ်သားတွေနှင့် ဆွေးနွေးပြောဆိုရသည့်အခါ ကေအိုင်အေတပ်ဖွဲ့ဝင်တွေနှင့် ကွာခြားတာတွေ တွေ့လာ ရသည်။ ရှမ်းတိုင်းရင်းသားတွေ အားလုံးနီးပါး ဗမာအစိုးရကို ရွံ့မုန်းနေပုံရသလို သူပုန်တပ်ထဲ ဝင်ရာတွင်လည်း အစိုးရတပ်တွေကို သူတို့ဆန္ဒအလျောက် တိုက်ခိုက်လို၍



www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြတာပဲ ဖြစ်သည်။ သို့ရာတွင် မြေခဲမြေညဲဇာ ကြွယ်ဝ၍ သာတောင့်သာယာရှိလှသော ချိုင့်ဝှမ်းလွင်ပြင်ဒေသကို စွန့်၍ တောထဲတွင် အသက် ရှင်ရသည်မှာ လွယ်လွယ် မဖြစ်။ တောထဲရောက်ပြီး မကြာခင်မှာပင် တစ်ခါက သူတို့ နေခဲ့သော ရွာ၊ သူတို့ စားခဲ့သော အစားအသောက်၊ သူတို့ ဖူးမြော်ခဲ့သော ဘုရားပုထိုး၊ သူတို့ပျော်ခဲ့သော ပွဲတော်တို့ကို ရှမ်းလူငယ် စစ်သားတွေ ပြန်လွမ်းတတ်ကြသည်။ သို့ရာတွင် သူတို့၏ ပြင်းပြသော အမျိုးသားရေးစိတ်ဖြင့် သူတို့ဇာတိ ပဝတ္တိတို့ကို စွန့်ခွာလာကြရာမှ မြန်မာပြည် လက်နက်ကိုင်သူပုန်အုပ်စုတို့အနက် SSA ကား တပ်ဖွဲ့ဝင် အများဆုံး ရှိလာခဲ့ပါ၏။

သို့ရာတွင် ကေအိုင်အေတို့ လူစုနည်းကာ SSA နှင့် တစ်ဘာသာစီ။ စစ်မှုမထမ်းမနေရ ဥပဒေဖြင့် စစ်သားအများဆုံးကို စုစည်းထားသည်ဆိုသော်လည်း အနောက်တိုင်း စံချိန်စံညွှန်းအရဆိုလျှင် သူတို့စစ်သား စုဆောင်းနည်းက ချွေးတပ်ဆွဲသည်နှင့် တူသည်။ သို့ပေမဲ့ အံ့ဩစရာကောင်းသည်က အဓမ္မနည်းနှင့် စစ်သား စုဆောင်းနေသော်လည်း အဆိုပါနည်းက ကချင်လူ့အဖွဲ့





အစည်းအတွက် ဘာမျှ ထိခိုက်မှု မရှိ။ ဒီလိုလုပ်လို့ ကေအိုင်အေကိုလည်း အကြည်အညို မပျက်၊ စစ်ဖက်ဆိုင်ရာ ကျင့်ဝတ်တို့ကိုလည်း ချိုးဖောက်တာမျိုးတွေ မရှိ။ တပ်ပြေး စစ်ပြေး အရေအတွက်တွင် အခြားသူပုန်တပ်တွေနှင့် ယှဉ်လျှင် သူကပင် နည်းနေသလို အတင်းအကျပ်နည်းဖြင့် ကေအိုင်အေလုပ်ခဲ့ရသည့်တိုင် ကချင်စစ်သား အများစုကမူ သူတို့ စစ်မှုထမ်းသက် ဘယ်နှနှစ်ရှိပြီ ဟူ၍ ဂုဏ်များပင် ယူနေသေးတော့သည်။

ရှမ်းစစ်သားနှင့် နောက်ထပ် မတူသောအချက်မှာ ရှမ်းတို့သည် တစ်ကိုယ်တော် သဘောဆောင်၍ ကချင်တို့က မူ အုပ်စုသဘောဆောင်သည်။ ကချင်လူငယ်တစ်ယောက် တပ်သားသစ်အဖြစ် ကေအိုင်အေထဲ ရောက်လာပြီဆိုလျှင် ကချင်တို့၏ ရှုပ်ထွေးပွေလီ၊ များပြောင်လှသော မိသားစုနှင့် ဆွေမျိုးစု ဖွဲ့စည်းပုံစနစ် ပေါ်တွင် အခြေခံ၍ ရဲဘော်တွေနှင့်ဖြစ်စေ၊ အရာရှိတွေနှင့်ဖြစ်စေ တစ်သားတည်း ပေါင်းဖက်သွားကြသည်။ အများစုမှာ ကချင်တို့၏ စစ်သွေး စစ်မာန်ရှိသော အစဉ်အလာကို ဂုဏ်ယူတတ်သလို ကေအိုင်အေတွင် စစ်မှုထမ်းခြင်းသည် သူတို့ အဘိုးအဘေး



www.burmeseclassic.com

www.burmeseclassic.com



တို့ ခြေရာအတိုင်း လိုက်သည်ဟု ယူဆကြသည်။ ရှမ်းအမျိုးသားတို့နှင့် နောက်ထပ် လုံးဝကွာခြားသော အခြေအနေတစ်ခုမှာ တောင်တန်းတွေပေါ်က ကချင်တစ်ဦး၏ ဘဝကား ခက်ရော်ကြမ်းတမ်းလှလေရာ ကချင်လူငယ်တို့အတွက် ကေအိုင်အေကား ကျယ်ပြောသော အသိပညာမိုးကုပ် စက်ဝိုင်းကြီးနှင့် ရုပ်ဝတ္ထုအကျိုးအမြတ်တို့ကို ပေးသော အရာဌာနတစ်ခု ဖြစ်ပါ၏။

သို့ပေမဲ့ နောက်ထပ် အခြေအနေတစ်ခုမှာမူ လုံးဝပြောင်းပြန်ဖြစ်သွားပြန်သည်။ မြေဆီဩဇာ ကောင်းသော၊ မြေပြန့်ချိုင့်ဝှမ်းဒေသဖြစ်၍ ကောက်ပဲသီးနှံ ဆန်စပါးတို့ကို SSA အတွက် အလုံအလောက် ရနိုင်ပါသော်လည်း ကချင်တွေလို စစ်လက်နက်နှင့် ခဲယမ်း၊ ဆေးဝါးနှင့် ယူနီဖောင်းတို့ ဝယ်ဖို့ရာအတွက် ကျောက်စိမ်းနှင့် အခြားကျောက်မျက်ရတနာ တွင်းထွက်တွေက ဘဏ္ဍာငွေ ရှာမရ။ ဘိန်းထွက်သည်ဆိုသော်လည်း အများ ထင်သလို SSA အနေနှင့် ဘိန်းရောင်းဝယ်ရေးလုပ်ငန်းဖြင့် အကျိုးအမြတ် လုံးဝမရှာခဲ့ကြ။ အမှန်အားဖြင့် ဘိန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ အစကတည်းက တရုတ်စီးပွားရေးသမားတွေ လုပ်ကိုင်လာ





ခဲ့ပြီး ဗမာပြည် တွင်းနှင့်ရော၊ အရှေ့တောင်အာရှနှင့်ပါ အချိတ်အဆက် ရှိခဲ့သည်။

မူးယစ်ဆေးဝါး ရောင်းဝယ်နေသောအဖွဲ့များ၏ မူလအစမှာ တရုတ်ပြည်တွင် ၁၉၄၉ ခုနှစ် ကွန်မြူနစ်တို့ အာဏာရပြီးနောက် ရှမ်းအရှေ့မြောက်သို့ ထွက်ပြေးလာသော ကူမင်တန်တရုတ်တွေ ဖြစ်သည်။ အဆိုပါ ဘိန်းတရုတ်အဖွဲ့များက ရှမ်းလက်နက်ကိုင် သူပုန်အဖွဲ့ ဟန်ဆောင်ပြီး မူးယစ်ဆေးဝါး ရောင်းဝယ်နေကြသည့် အခါ နိုင်ငံခြားသားတွေအတွက် ဝေဝေဝါး ဖြစ်ခဲ့ရသော်လည်း ဗမာပြည်အတွင်းတွင်မူ ဘယ်သူက ရှမ်းသူပုန်၊ ဘယ်ဟာက ဘိန်းတရုတ် ဖြစ်သည်ကို လယ်သမားတစ်ယောက်သည်ပင် အလွယ်တကူ ခွဲခြားသိနိုင်ပါ၏။

သို့ရာတွင် ကချင်သူပုန်တို့ကလည်း ၎င်းတို့ အဆင်ပြေရေးအတွက် ဘိန်းကုန်သည်တွေနှင့် ဘိန်းတရုတ်တို့၏ ခါးပိုက်ဆောင်တပ်ဖွဲ့တို့ကို အရမ်းတင်းကြပ်စွာ ထိန်းချုပ်လေ့မရှိသဖြင့် ဘိန်းသမားတွေအတွက် ပို၍ အခွင့်သာနေသည်။

ကချင်ခေါင်းဆောင်တွေ ရင်ဆိုင်ခဲ့ရသော ကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com



မားမား ပြဿနာတစ်ခုမှာ လက်ထပ်ထိမ်းမြားခြင်း အစဉ်အလာမှ ဖြစ်ပေါ်လာသော အခြေအနေဖြစ်ပြီး ၎င်းကို ကချင်ခေါင်းဆောင်တို့က စည်းကမ်းတစ်ခုဖြင့် ထိန်းချုပ်နိုင်ခဲ့သည်။ အစဉ်အလာအရ ကချင်လူမျိုးတစ်ယောက် အနေနှင့် လက်မထပ်မီ ကာမဆက်ဆံခြင်းကို ပေါ့ပေါ့ပါးပါး၊ လွတ်လွတ်လပ်လပ် လက်ခံလာခဲ့ကြသည်။ အရွယ်ရောက်ပြီးသော ကချင်ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်သည် ညဘက် မီးပုံဘေးတွင် တွေ့ကြမည်၊ သီချင်းတွေဆိုကြမည်၊ ကစားကြမည်။ ပြီးလျှင် ချုံထဲသို့ မသိမသာ တိုးဝင်သွားပြီး ဟိုကိစ္စသည်ကိစ္စလုပ်ကြမည်။ ထိုသောအခါ မိဘတွေကလည်း ကလေးတွေ စိတ်အနှောင့်အယှက် မဖြစ်အောင် အသာလေး လစ်ထွက်သွားကြမည်။ ဤကိစ္စမှာ အစဉ်အလာအရ ကချင်တို့အတွက် ပြဿနာမရှိ။ သို့ရာတွင် ခရစ်ယာန်သာသနာပြုတွေနှင့် ကချင်သူပုန် ခေါင်းဆောင်တို့အနေဖြင့်မူ အဆိုပါကိစ္စကို အပြစ်ရှိသည်ဟု လက်ခံထားသဖြင့် အကောင်းဆုံးနည်းဖြင့် ပိတ်ပင် ခဲ့သော်လည်း အောင်မြင်မှု အပြည့်အဝ မရှိခဲ့ကြောင်းကို ကျွန်ုပ်တို့ တွေ့ခဲ့ရသည်။





ကချင်ပြည်နယ်အတွင်းက သူပုန်စခန်းတစ်ခုသို့ ကျွန်ုပ်တို့ ပထမဆုံး ရောက်လာချိန်တွင် ခေါင်းတုံး ပြောင်အောင် ရိတ်ထားသော ကချင်ကောင်မလေးနှင့် ကောင်လေးတွေ တော်တော်များများ ထင်းခွဲနေကြသည်ကို တွေ့ရသည့်အခါ ကျွန်ုပ်စိတ်ထဲ သို့လော သို့လော ဖြစ်သွားသည်။ သူတို့တွေက ဖမ်းမိလာတဲ့ အစိုးရသတင်းပေးတွေလား။ ဒါမှမဟုတ် တပ်ပြေးတွေလား။ လုံးဝမဟုတ်ပါ။ လက်မထပ်ဘဲ ဟိုဒင်းဟိုဟာ ပြုကြရာက ဗိုက်ထွက်လာကာမှ အမှုပေါ်သွားသဖြင့် အပြစ်ဒဏ်အနေနှင့် ခေါင်းတုံးရိတ်၍ ထင်းပေါက်ခိုင်းထားခြင်း ဖြစ်ပါ၏။

NDF ကိုယ်စားလှယ်အဖွဲ့၏ လုံခြုံရေးတပ်ဖွဲ့တွင် လိုက်ပါလာကြသော ရှမ်းစစ်သားလေးများကား ကချင်တွေလို မဟုတ်။ လိင်ဆက်ဆံရေးနှင့် ပတ်သက်၍ တင်းကြပ်သော ဓလေ့ထုံးစံဖြင့် ကြီးပြင်းခဲ့ကြသူတွေ ဖြစ်သည်။ သို့ပေမဲ့ ကချင်ပြည်နယ် ပါဂျိုရောက်လာသည့်အခါ ဆိုခဲ့သလို ကချင်မလေးတို့၏ ဆွဲဆောင်မှုတို့ကို သူတို့တွေ တောင့်မခံနိုင်ကြ။ လူမျိုးချင်း သွေးစည်းညီညွတ်



www.burmeseclassic.com

www.burmeseclassic.com



မှုကို တစ်ဦးချင်းအနေနှင့် လွတ်လပ်စွာ အကောင်အထည် ဖော်တော့မည့်ဆဲဆဲမှာပင် စိုင်းလိတ်နှင့် တင်းကြပ်သော စစ်စည်းကမ်းတို့ကြောင့် တစ်ခန်း ရပ်သွားခဲ့ပါ၏။

စိုင်းလိတ်နှင့် ရှမ်းရဲဘော်တို့ ရက်အနည်းငယ် နေပြီးနောက် ပြန်လည်ထွက်ခွာသွားကြရာ ကျွန်ုပ်တို့ လည်း ပုံမှန်လုပ်နေကြအလုပ်တွေကို ပြန်ကောက်ကြသည်။ မိုး သည်းထန်သော နေ့များတွင်မူ အိမ်ထဲမှာပင် နေ၍ သမီး ဆိုင်တိုင်းနှင့် ကစားနေတတ်သည်။ ဆိုင်တိုင်းကား စကားပြောဖို့ ကြိုးစားနေပြီဖြစ်သော်လည်း တစ် တာ,တာက လွဲလို့ ဘာမျှမတတ်သေး။ သို့ပေမဲ့ သူ့တစ်တာတာက အားလုံးကို ပျော်ရွှင်စေသည်။ အစာ အဖတ်တို့ကိုလည်း စကျွေးနေပြီဖြစ်၍ မရွှေက သမီးအတွက် အသား (သို့) ငါးနှင့် ထမင်းချက်ပေးသည်။ သမီး ကြည့်ရသည်မှာ ထူးနိုးကို ကြိုက်ပုံရသဖြင့် ကျွန်ုပ်တို့ ဝမ်းသာသွားသည်။ ထူးနိုးမှာ ပဲပုပ်ဖြင့် လုပ်ထားသော ရှမ်းမုန့်တစ်မျိုးဖြစ်ပြီး ကိုဟီးမားတွင် ဆိုင်နောင့် မီးဖွားချိန်တွင် သူကိုယ်တိုင် လုပ်စားခဲ့သောမုန့် ဖြစ်သည်။

ကျွန်ုပ်တို့ စိတ်လိုလက်ရရှိသည့်အခါများတွင်မူ





မီးဖိုချောင်ထဲ သွား၍ မိန်းကလေးတွေ အကူအညီဖြင့် ပါဂျိုးဈေးက ရနိုင်သော ချက်ပြုတ်စရာတို့ဖြင့် အနောက် တိုင်း အစားအသောကအချို့ ချက်ပြုတ်စားတတ်ကြရာ အားလုံး ကြိုက်နှစ်သက်သော ဟင်းတစ်မျိုးမှာ ဆွီဒင် ပက်တီ ပန်နား ဟင်းဖြစ်သည်။ အာလူးကို အတုံး လေးတွေ တုံး၊ ကြက်သွန်နီနှင့် အသားတို့ကို စဉ်း၍ ကြက်ဥနှင့် ရောကြော်ထားသော ဟင်းတစ်ခွက်ဖြစ်သည်။ သို့ပေမဲ့ ကချင်တွေကလည်း အရှေ့တောင်အာရှက လူတွေလိုပင် ဟင်းချည်းသက်သက်နှင့် မပြီး။ ထမင်းကို အားပြု စားတတ်ကြသည်။

အကယ်၍ ချက်ပြုတ်မစားချင်တော့ဘူးဆိုလျှင် ပါဂျိုးဈေးထဲက စားသောက်ဆိုင်လေး သွားပြီး စားနိုင် သည်။ ဆိုင်ရှင်မှာ ရှမ်းတရုတ်ကပြား 'ပီဆိုင်းလောင်' ဖြစ်ပြီး၊ သူ့ဆိုင်က အသားဟင်းနှင့် ခေါက်ဆွဲက တော်တော်အရသာရှိပြီး ကချင်ပြည်နယ်တွင် တစ်ကြိမ်သာ စားလိုက်ရသော ခေါက်ဆွဲလည်း ဖြစ်သည်။ ပါဂျို ဈေးထဲကို သွားလျှင် ကုန်သည်တွေ၊ မြို့က ဧည့်သည်တွေနှင့် စကား စမြည်ပြော၍ရသဖြင့် ကျွန်ုပ် အင်တာဗျူးထားသော



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်တွေ စကားနှင့် ကိုက်,မကိုက်၊ ချိန်ထိုးကြည့်နိုင်သည်။ ပါကျိုကား အတင်းအဖျင်းတို့ ဖြင့် လှုပ်ရှနေသလို အစိုးရသိမ်းထားသော မြို့တွေမှာ ပွင့်ပွင့်လင်းလင်း မပြောရဲသောသတင်းတွေ တစ်ယောက်နဲ့တစ်ယောက် ဖလှယ်ရာ ဌာနချုပ်လည်း ဖြစ်သည်။

သို့ပေမဲ့ ပါကျိုဈေးမှာ ၅ ရက်တစ်ဈေးဖြစ်၍ ဈေးနေ့ဆိုလျှင် ဘေးနားရွာတွေက ဈေးရောင်းဝယ်သူတွေနှင့် ကုန်သည်တွေ အုန်းအုန်းထနေတတ်သည်။ ဈေးနေ့တွင် တရုတ်နှင့် မြန်မာနှစ်ဖက်လုံးမှ ကုန်သည်တွေ ရောက်လာကြပြီး ဟင်းသီးဟင်းရွက်၊ လူသုံးကုန်ပစ္စည်းနှင့် အထူးသဖြင့် ကျောက်စိမ်းတို့ကို ရောင်းကြ၊ ဝယ်ကြသည်။ ဖားကန့်ကျောက်တွင်းမှ ကျောက်တုံးကြီးတွေကို ဆင်တွေ၊ လားတွေ၊ လူတွေနှင့် ပါကျိုတောင်ပေါ်အထိ သယ်ယူလာကြပြီး ဤတွင် တရုတ်ကုန်သည်တွေက ဝယ်ကြခြမ်းကြသည်။ အစဉ်အလာအားဖြင့် ကျောက်စိမ်းလက်ဝတ်ပစ္စည်းတို့ကို တရုတ်တို့က အလွန်တန်ဖိုးထားခဲ့ကြသော်လည်း ကွန်မြူနစ်တို့က ကျောက်စိမ်းလက်ဝတ်ရတနာကို အရင်းရှင်တို့၏ စာရိတ္တဖောက်ပြန်





သော လုပ်ရပ်ဟုဆိုကာ ကျောက်စိမ်း အရောင်းအဝယ်လုပ်ငန်းကို ပိတ်ထားခဲ့ရာမှ တိန့်ရှောင်ဖိန်၏ တရုတ်ပြည်စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ စတင်ခဲ့သော ၇၀ စုလွန်ကာလများ ရောက်ကာမှ ကျောက်စိမ်းအရောင်းအဝယ်ပွင့်လင်းလာခဲ့ရာ ကန်တုံ၊ ရှန်ဟိုင်းနှင့် ဘေဂျင်းတို့မှ ဝယ်လက်တွေ ကချင်ပြည်နယ်စပ်အထိ ဆင်းဝယ်ခဲ့ကြသဖြင့် ထိုမှရလာသော အမြတ်ခွန်တို့သည်ကား ကေအိုင်အေကို ဗမာပြည်တွင် အချမ်းသာဆုံး သူပုန်အဖွဲ့တစ်ဖွဲ့ ဖြစ်လာစေခဲ့ပါ၏။

သို့ရာတွင် ဘိန်းကား အနည်းအကျဉ်း ရှိသည်။ ကချင်အရှေ့တောင်တန်းဒေသမှာ ဧဝိုင်ဒေသနည်းတူ ရွှေလည်းထွက်၊ တပ်မဟာ (၂) ဒေသလို ကျောက်စိမ်း၊ ပတ္တမြားနှင့် နီလာတို့လည်း မထွက်။ လောလော ဆယ် ဘိန်းစိုက်ပျိုးခြင်းကို အစားထိုးနိုင်မည့် နည်းလမ်း မရှိသေးသဖြင့် ပါကျိုနားဗော့ဒေသတစ်ဝိုက်တွင် တရုတ်နှင့် လီဆူးလူမျိုးတို့က အနည်းငယ် စိုက်ပျိုးနေကြသည်ကို ကေအိုင်အိုက သည်းခံနေရပါသော်လည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်မှုကိုမူ လုံးဝ ခွင့်မပြုပါပေ။



www.burmeseclassic.com

www.burmeseclassic.com



ပါဂိုတွင် ကချင်သူပုန်အရာရှိများနှင့် ရဲဘော်တို့က ဂေါ်ဖီထုပ်၊ မုန့်ညင်း၊ ပြောင်းဖူး စသဖြင့် မြေ အမြင့်ပိုင်း ကြိုက် ဟင်းသီးဟင်းရွက်တို့ကို လက်တွေ့စိုက်ပျိုးပြီး ဘိန်း မစိုက်ဘဲ အသက်ရှင် ရပ်တည်နိုင်ကြောင်း လက်တွေ့ပြသ ခဲ့ကြပါသော်လည်း အကျင့်ဟောင်းဆိုသည်ကား ပျောက် နိုင်ခဲလှသည်ဖြစ်၍ ဘိန်းစိုက်ပျိုးရေးကို အစားထိုးဖို့ဆိုလျှင် ပညာရေးနှင့် အခြေခံအဆောက်အဦတို့ကို ဖွံ့ဖြိုးစေဖို့နှင့် ဝင်ငွေကောင်းသော အစားထိုး သီးနှံပင်တို့ကို စမ်းသပ် ဆိုက်ပျိုးဖို့ရာအတွက် နှစ်အတော်ကြာ အချိန်ယူရဦးမည် ဖြစ်သည်။ သို့ဖြစ်၍ ကေအိုင်အိုက ဆိုခဲ့သလို ရည်ရွယ် ချက်ကို ပထမခြေလှမ်းအဖြစ် အကောင်အထည် ဖော် သည့်အနေဖြင့် ၎င်းတို့ ဒေသ တစ်ပိုက်တွင် လမ်းဖောက် လုပ်ရေး စီမံကိန်းအတော်များများကို စတင်အကောင် အထည်ဖော်နေပြီ ဖြစ်ပါသည်။

ရာသီဥတု ကောင်းမွန်သောနေ့တစ်နေ့၊ ပြည်သူ့ ဗီဒီယိုခန်းမ မန်နေဂျာထံမှ ဗီဒီယိုကင်မရာငှားပြီး ဈေးနှင့် စခန်းပတ်ဝန်းကျင်သွား၍ ဗီဒီယို ရိုက်ကြသည်။ ဗီဒီယို ရိုက်ကူးခြင်းသည် ဆိုင်နောင့်အတွက် ပထမ ဆုံးအကြိမ်





ဖြစ်ပြီး နောက်ပိုင်းတွင် ရိုက်ကူးလာသော အခွေကို ဘရန် ဆိုင်းအိမ်တွင် ကြည့်ကြရာ အမှတ်ရစရာ မြင်ကွင်းတစ်ခုမှာ ဒေသမှူကြို့ကျောင်း ဖြစ်သည်။ မှုကြို့ကျောင်းတွင် တူညီဝတ်စုံနှင့် ကလေးတစ်သိုက်က **We Shall Overcome** သီချင်းကို အင်္ဂလိပ်လို တီတီတျာတျာနှင့်ဆိုရင်း သရုပ်ဖော်နေကြရာ အဆိုပါ တေးသီချင်းသည်ကား ကချင် အမျိုးသားဝါဒ အငွေ့အသက်တို့ ထုံမွမ်းနေသော စစ်သွေး ကြွ ခရစ်ယာန်အယူအဆကို သူတို့နည်း သူတို့ဟန်ဖြင့် ပွဲတင်လိုက်ခြင်းဖြစ်ပါ၏။

မှုကြို့ကျောင်းအဆောက်အအုံမှာ တနင်္ဂနွေ နံနက်တွင် ဘုရားကျောင်းအဖြစ် အသုံးပြုပြီး နေ့လယ်ပိုင်း တွင် ဘုရားကျောင်းတွင် စုရုံး၍ ဝတ်ပြုပြီဆိုလျှင် ကချင် ခေါင်းဆောင်တွေက ကွန်မြူနစ်ကိုယ်စားလှယ်တွေကို ညွှန်သည်အဖြစ် ဖိတ်ကြားကြလေရာ ကွန်မြူနစ်ကိုယ်စား လှယ်တွေခမျာ မကောင်းတတ်လို့သာ ရောက်လာ ခဲ့ရပါ သော်လည်း ဝတ်ပြုဆုတောင်းသူတွေကြားမှာ ပလပ်စတစ် ကြယ်နီတံဆိပ် တပ်ထားသော တရုတ်ဦးထုပ် ကို ချွတ်ပြီး ငုတ်တုတ်ထိုင်လျက် ကြောင်တောင်တောင် ငေးနေကြ



www.burmeseclassic.com

www.burmeseclassic.com



ရပါ၏။

သို့ပေမဲ့ ကွန်မြူနစ်တွေကို ယခုလို ဘုရားကျောင်းဖိတ်ခေါ်ခြင်းမှာ သက်သက်နှိပ်စက်ခြင်း မဟုတ်ပါ။ ဤသို့ ဖိတ်ခေါ်ခြင်းသည် ကချင်တို့၏ ယဉ်ကျေးမှုတို့၏ ပြည့်ဝတ်ကျေပွန်သော အပြုအမူတစ်ခုသာမက မိမိတို့၏ နိုင်ငံရေး လွတ်လပ်မှုကို သိမ်သိမ်မွေ့မွေ့ ထုတ်ဖော်ပြလိုက်ခြင်းလည်း ဖြစ်သည်။

ဇူလိုင်လဆန်းတွင် ကံကောင်းစွာပင် ကူမင်းကျောက်ကုန်သည်တွေ အကူအညီဖြင့် 'ကိုဒတ်' ဓာတ်ပုံဖလင်လိပ် ၁၀ လိပ်ကို ဝယ်ယူနိုင်ခဲ့သည်။ ပြီးခဲ့သည့်အပတ်ကတည်းက လက်ကျန်ဖလင်တွေ ကုန်သွားပြီ ဖြစ်သဖြင့် ယခုရလိုက်သည့် ဖလင်များကား ဆိုင်နောင့်အတွက် ဘုရားမတာပဲဖြစ်သည်။ အလုပ်လုပ်နိုင်စရာ ဖလင်လိပ်တွေ ရပြီဖြစ်၍ ပါဂျိုမှ တစ်ရက် ခြေလျင်ခရီးသွားရမည့် 'ဆီမာကောင်း' ရွာသို့ လေ့လာရေးခရီး ထွက်ဖို့ စီစဉ်လိုက်သည်။ ဆီမာကောင်းတွင် ဗြိတိသျှတို့ 'ဖို့(တ်)မော်တွန်' ခေါ်နယ်စပ်ခံတပ် တည်ရှိခဲ့ပြီး ယခုအထိ ခံတပ်အဆောက်အအုံအကျိုးအပျက်တို့ ရှိနေသေးသည်။ သမီးလေးကို ကူညီချိုးဖို့အတွက် မချွေ နှင့် အက်တမ်တို့လည်း ပါလာပြီး





သမီးလေးက ကျွန်ုပ်တို့နှင့်အတူခရီးထွက်ဖို့ ပျော်မြူးနေသည်။ ကျွန်ုပ်တို့ လုံခြုံရေးကို ကေအိုင်အေတပ်စုတစ်စုက တာဝန်ယူရသည်။

နံနက်စာ စားပြီး ပါဂျိုမှ ထွက်လာချိန်တွင် ရာသီဥတု သာယာနေသော်လည်း တစ်နာရီမျှ လမ်းလျှောက်သွားပြီးနောက်တွင်မူ ကောင်းကင်တွင် မိုးတိမ်တွေ အုံ့အုံ့ဆိုင်းသွားပြီး မိုးတွေ ရွာချတော့ရာ ခေါင်းစွပ်မိုးကာအင်္ကျီတွေ ပါသွားပါသော်လည်း မိုးက သည်းသည်းထန်ထန်ရွာနေသဖြင့် ဘာမျှမထူးတော့။ မွန်းလွဲပိုင်းတွင် ဆီမာကောင်းသို့ ရောက်သွားသည့်အခါတွင် ကျွန်ုပ်တို့တစ်တွေမှာ ရွှဲရွှဲစိုနေလေပြီ။ ရွာထဲက အိမ်တစ်အိမ် ဝင်ပြီး မီးလှုံ့ကြရာ ကိုယ်ပေါ်က အဝတ်တွေ အတော်ခြောက်သွားပြီး ရာသီဥတု ကြည်လင်ကာလာမှ ထွက် လျှောက်လာကြပြန်သည်။ ဤနေရာ ဤဒေသသို့ ဆယ်စုနှစ်များစွာအတွင်း ပထမဆုံး ရောက်လာသော ကမ္ဘာလှည့်ခရီးသည်တွေလို ကျွန်ုပ်တို့ကိုယ်ကို ခံစားနေရသည်။ ဤသို့သော အဓိပ္ပာယ်နှင့်အညီ ရွာမှ အဘိုး ကြီးတစ်ယောက်က ကျွန်ုပ်တို့ကို လမ်းပြခေါ်လာသို့ ဆိုင်နောင့်က ကင်မရာကို ကိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသွားသည်။ ဆီမာကောင်းကြီးကား တောင်ရိုး တစ်ခုပေါ်တွင် တည်ထားပြီး မိုးတိမ်တွေ တောင်ထွတ်ပေါ်က လွင့်မျောလာသည့်အခါ ဟိုးအဝေးမှ မြစ်ကြီးနားမြို့ကို တောင်ရိုးပေါ်မှ မြင်နေရပြီး လတ်ဆတ်အေးမြသော လေက တောင်တန်း ပေါ်မှာ တဖြူးဖြူး တိုက်ခတ်နေသည်။ ခံတပ်ဟောင်း အပျက်အစီးများရှိရာသို့ ကျွန်ုပ်တို့ လမ်းလျှောက်တက်သွားသည်။ အုတ်ရိုးတံတိုင်းမှ ကျောက်တုံးကြီးတွေနှင့် မှန်ဝလမ်းမတစ်ခု၊ ကျောက်တုံးတွေနှင့် ဆောက်ထားသော အိမ်ကြီး သုံး၊ လေးလုံး။ သို့ပေမဲ့ ခေါင်မိုးတွေ မရှိတော့။ ဤအရာတွေပဲ ကျန်တော့သည်။ သို့ပေမဲ့ အိန္ဒိယ၊ မစ်ဖိုရီတွင် ကျွန်ုပ်တို့ တွေ့ခဲ့ဖူးသော အိမ်တွေနှင့် ယခုခံတပ်ဟောင်းကအိမ်တွေ တစ်ပုံစံတည်း ဖြစ် ကြသည်ကို ကောင်းစွာ မှန်းဆနိုင်ကြသည်။ ခံတပ်ကို ကျောက်တုံးခင်းထားသော လမ်းလေးတစ်လမ်းက ပတ်ထားပြီး ကျောက်ခင်းလမ်းပေါ်တွင် ရေညှိတွေ တက်၍ ချောနေရာ ဂရုတစိုက်လျှောက်လာကြပြီး ခံတပ်တွင်းမှ စစ်တန်းလျားအဟောင်းအပျက်တွေ၊ အကျဉ်းထောင်၊ ခံတပ်စာတိုက်နှင့် ခံတပ်အပြင်ဘက်မှ တစ်ခါက ဘောလုံး





ကွင်းနှင့် စစ်ရေးပြကွင်းအဖြစ် အသုံးပြုသော ကွင်းကြီးကို လေ့လာကြသည်။ ခံတပ်တည်ရာ တောင်ရိုးပေါ်မှ တရုတ်–မြန်မာ နယ်စပ်ကို မိုး၍ မြင်နေရပြီး အရှေ့ဘက်တွင်မူ ထိုးထိုးထောင်ထောင်နှင့် ယူနန်တောင်တန်းကြီးတွေ ရှိသည်။

ခံတပ်ကို ၁၈၉၂ ခုနှစ်တွင် တည်ဆောက်ပြီး ထိုအချိန်တွင် ဗြိတိသျှ ကိုလိုနီတို့ကို ကချင်တိုင်းရင်းသားတို့က ခုခံတော်လှန်နေချိန်ဖြစ်၍ ခံတပ် တည်ဆောက်မပြီးခင်မှာပင် ဒေသခံ ကချင်တို့က ဗြိတိသျှတို့ကို အုံနှင့် ကျင်းနှင့် ဝင်တိုက်ကြရာ ကချင်ဓားနှင့် ပြောင်းချောသေနတ်တွေ ကိုင်ဆောင်ထားသော ကချင်စစ်သူရဲ တို့က ခံတပ်ကို ဝိုင်း၍ ရှေ့တန်းမှ ခုခံနေသော ဗြိတိသျှအရာရှိ ကပ္ပတိန် ဘွိုက်(စ)–မော်တွန်ကို သတ်ပစ်လိုက် သည်။ ထိုမှ ကချင်သူပုန်တို့ကို ကိုလိုနီအာဏာပိုင်တို့က အပြီးတိုင် ချေမှုန်းခဲ့ပြီး ခံတပ်ကိုလည်း ကျဆုံးသွား သော ကပ္ပတိန် မော်တွန် အမည်ပေး၍ ဂုဏ်ပြုခဲ့သည်ဆိုသော်လည်း ကချင်တို့၏ တိုက်ခိုက်ရေးစွမ်းရည်ကို အသိအမှတ်ပြုကာ ကချင်တို့ကို ဗြိတိသျှစစ်ပုလိပ်နှင့် စစ်တပ်တို့တွင် အမှု



www.burmeseclassic.com

www.burmeseclassic.com



ထမ်းစေခဲ့သည်။

သို့ရာတွင် မြန်မာပြည် လွတ်လပ်ရေးမရမီက မော်တွန်ခံတပ်တွင် ကချင်တပ်ဖွဲ့ဝင်တွေ စခန်းချခဲ့ခြင်း မရှိ။ အရာရှိများမှာ ဗြိတိသျှတွေဖြစ်ပြီး အကြပ်တပ်သား အများစုမှာ ဂေါ်ရခါးတွေ ဖြစ်သည်။ သို့ပေမဲ့ ကျွန်ုပ်တို့ကို လမ်းပြက ခေါင်းပေါင်းနှင့် မုတ်ဆိတ်မွေးကို ခြေဟန် လက်ဟန်နှင့် လုပ်ပြသဖြင့် ဂေါ်ရခါးတပ်ဖွဲ့တွင် ဆစ်(ခ်) လူမျိုး ဒေါက်တာတို့ကိုလည်း တွဲထားကြောင်း သိရသည်။

အမှန်အားဖြင့် မော်တွန်ခံတပ်မှာ တရုတ်နယ်စပ် တစ်လျှောက်တွင် ဆောက်ခဲ့သော ဗြိတိသျှတို့၏ ပထမ ဆုံး ခံတပ်တော့ မဟုတ်။ နပေါ်ကို လှမ်းမြင်နေရသော တောင်ကမူတစ်ခုပေါ်တွင်လည်း ခံတပ်အပျက်အစီး တွေ တွေ့ရပြီး ၎င်းခံတပ်ကိုလည်း နယ်စပ်မှ အခြားခံတပ်တွေနှင့် တစ်ချိန်တည်းလောက်တွင် ဆောက်ခဲ့ကြ သော်လည်း ဆီမာကောင်းမှ မော်တွန်ခံတပ်ကမူ အားလုံးထဲမှာ ဆွဲဆောင်မှုအရှိဆုံးဖြစ်သည်။

နောက်တစ်နေ့တွင် ဆိုင်နောင်၊ ဆိုင်တိုင်းနှင့် မိန်းကလေးနှစ်ယောက်တို့က ရွာထဲမှာနေခဲ့ပြီး ကျွန်ုပ်နှင့်





ကေအိုင်အေစစ်သား ၄ ယောက်က ဒါဘက်ခမြစ်တွင် ကံစမ်း၍ ငါးများဖို့နှင့် မော်တွန်ခံတပ်မှ မြစ်ကြီးနား သွား လားလှည်းလမ်းဟောင်းပေါ်မှ ဗြိတိသျှတို့ တည်ခဲ့သော ဘောလီတံတားဟောင်းကိုကြည့်ဖို့ တောင်ပေါ်မှ ဆင်းလာ ခဲ့ကြသည်။ သို့ပေမဲ့ မကြာပါချေ။ မိုးတွေ သည်းကြီးမဲကြီး ရွာလာရာ မိုးရာသီ တောထဲတွင် မျှော့ကြီးတွေ ပေါ်ကြောင်း သတိပေးသည်။ အဆင်းခရီးက မတ်စောက်၍ ချောနေပြီး လမ်းတစ်လျှောက် မြက်ဖုတ်တွေထဲမှာ ထောင်နှင့်ချီသော မျှော့တွေ လူကိုတွယ်ဖို့ တလန်းလန်းဖြစ်နေကြရာ ကျွန်ုပ် က မီတာတစ်ရာ နှစ်ရာ ကျော်လိုက် ရပ်လိုက်၊ ခြေထောက် မှာ တွယ်လာသော မျှော့တွေအပေါ် ဆားပက်လိုက် လုပ်လာရသည်။ ဆား ပက်လိုက်လျှင် မျှော့တွေ ပြုတ်ကျ သွားကြောင်း ဟူးကောင်းတောင်ကြားတွင် မျှော့တွယ်ခံရ၍ အနာဖြစ်ပြီး နောက်မှ ကျွန်ုပ် သိခဲ့ရသောနည်းလမ်း ဖြစ်သည်။ ယခု ဆားပက်လိုက်သဖြင့် မျှော့တွေ ကွာကျ သွားပြီး ခြေထောက်မှ သွေးတွေ ယိုစီးလာသော်လည်း ရောဂါပိုးမဝင်အောင် ဆုတောင်းနေရသည်။ ၂ နာရီကြာပြီး နောက် ဒါဘက်ခသို့ ရောက်လာရာ မြစ်ပြင်တစ်ပြင်လုံး



www.burmeseclassic.com

www.burmeseclassic.com



မိုးရေတွေနှင့် ပြည့်ကားနေပြီး ကျောက်ဆောင်တွေ ကြားမှ တဟဲဟဲ စီးဆင်းနေသဖြင့် ငါးမျှားဖို့ စဉ်းစား၍ မရတော့။ မြစ်တစ်ဖက်တစ်ချက်တွင် ကျောက်တုံးကြီးတွေနှင့် အဝင်လမ်း တည်ဆောက်ပြီး စတီးကြိုးတွေနှင့် ဆိုင်းထားသော ဘေလီတံတားကိုသာ ဓာတ်ပုံ သုံးလေး ပုံ ရိုက်ယူလိုက်သည်။

ကချင်ပြည်နယ်ရောက်ပြီးနောက် လမ်းတံတား စသဖြင့် တိုးတက်သောလက္ခဏာ တစ်ခုခုကို တွေ့လေတိုင်း ...

"အဲဒါ ... ဗြိတိသျှတွေ လုပ်သွားတာလား။ ကချင်သူပုန်တွေ လုပ်တာလား" ဟူသောမေးခွန်းကို မေးကျင့်ဖြစ်လာရာမှ မြန်မာပြည်မြောက်ပိုင်းတွင် လပေါင်းများစွာ ကြာ၍ ကီလိုမီတာ ရာပေါင်းများစွာကို ဖြတ်သန်းလာပြီးနောက်တွင်မူ တိုင်းရင်းသားဒေသတို့ကို အစိုးရက လျစ်လျူရှုထားသည်ဆိုသော လက်နက်ကိုင် အဖွဲ့တို့၏ စွပ်စွဲချက်များမှာ ဝါဒဖြန့်ရုံသက်သက် မဟုတ်ကြောင်း ထင်ရှားလာခဲ့ပါ၏။

မိုးက ဆက်ရွာနေသဖြင့် ကမ်းနားမှ သစ်ပင်ကြီး





တစ်ပင်အောက်တွင် ကျွန်ုပ်တို့ ထိုင်နေကြရာ နေ့လယ်ပိုင်းတွင် ကောင်းကင်မှာ ပြန်ကြည်လာသဖြင့် နောက်တစ်ကြိမ် မိုးကြီးမရွာမီ ဆီမာကောင်းသို့ ပြန်နိုင်မည် မျှော်လင့်ထားပါသော်လည်း ဆုတောင်း မပြည့်ခဲ့။ လမ်းခုလတ်မှာပင် မိုးကြီးမဲမဲ ရွာချလိုက်လေရာ ခြေထောက်က မျှော့တွေကွာကျသွားအောင် ဆားပက်ဖို့ပင် မလိုတော့။ သို့ဖြင့် တောင်တက်လမ်းအတိုင်း ခက်ခက်ခဲခဲ တက်လာပြီး ဆိုင်နော်နှင့် သမီးလေးတို့ စောင့်နေသော ဝါးတဲရောက်လာသည့်အခါ ကျွန်ုပ်တစ်ကိုယ်လုံး ရွှဲနစ်နေသည်။ မီးဖိုဘေးတွင် ထိုင်ချလိုက်ပြီး ရှူးဖိနပ်တွေ၊ ခြေအိတ်တွေကို ချွတ်၍ မျှော့ဒဏ်ရာနှင့် ခြေထောက် မှ သွေးတွေကို ရေနွေးနှင့် ဆေးလိုက်သည်။ ပြီးနောက် ဆိုင်နော် ဖျော်ပေးသော ကော်ဖီပူပူလေးတစ်ခွက်ကို သောက်လိုက်ပြီး ဝါးကြမ်းခင်းပေါ်တွင် နာဂလွမ်းစောင်တွေ ခြုံ၍ ကျွန်ုပ်တို့ အိပ်ရာဝင်ခဲ့ကြသည်။ ယနေ့ခရီးကား ဒုက္ခသုက္ခများလှသော်လည်း ခံတပ်ဟောင်း၊ ဒါဘက်ခ မြစ်နှင့် ကြိုးတံတားဟောင်းတို့ကို တွေ့မြင်ခဲ့ရသဖြင့် ဒုက္ခခံသွားရကျိုးနပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက် ပါဂျိုသို့ ကျွန်ုပ်တို့ ပြန်လာချိန်တွင် မိုးစဲသွားသော်လည်း သစ်ပင်တွေပေါ်က မိုးပေါက်တွေ တဖြောက်ဖြောက်ကျနေပြီး တစ်တောလုံး မြူတွေဆိုင်းနေသည်။ အိမ်ပြန်ရောက်၍ သံမီးဖိုဘေးတွင် ကျွန်ုပ်တို့ ထိုင်ကြသည့်အခါ မိုးမကုန်မချင်း နောက်တစ်ခါ ခရီးမထွက်တော့ဟု ဆုံးဖြတ်လိုက်ကြသည်။ သို့ပေမဲ့ သမီးလေး ဆိုင်တိုင်းကို ကြည့်ရသည်မှာ ဘာမှမဖြစ်၊ ဘယ်လို အခြေအနေ၌ပင်ဖြစ်စေ တောထဲတွင် ခရီးသွားနေသည်ပင် သူ့ဘဝ နေမှုထိုင်မှုပုံစံတစ်ခုလို ဖြစ်နေသည်။

သို့ဖြင့် ကျွန်ုပ်တို့လည်း နေ့စဉ် အလုပ်တွေနှင့် ရှုပ်နေသလို ဖူလိုင်၊ ဩဂုတ်လတို့သည်လည်း အလျင်အမြန် ကုန်ဆုံးသွားကြသည်။ ဆိုင်နောင့်က သမီးကိစ္စတွေနှင့် ဂျင်ဂျင်လည်နေစဉ်မှာ ကျွန်ုပ်က အင်တာဗျူးစရာရှိသူတွေကို ဗျူးရပြီး ရေးစရာရှိတာတွေ ရေးနေချတ်နေရသည်။ သို့ပေမဲ့ တစ်ခါတစ်ခါ မိုးကြီးလေကြီးသဖြင့် အပြင်ထွက် အလုပ်လုပ်မရ။ မုတ်သုန်မိုးကား တောင်ကုန်းတောင်တန်းတွေကြားမှာ သည်းကြီးမည်းကြီးနှင့်။ ပါဂျိုသည်လည်း မနှစ်မိုးတွင်း ကျွန်ုပ်တို့နေခဲ့သော





ကိုဟိမားနှင့် ဒါဂျိုလင်တို့နှင့် တော်တော်ဆင်တူ လာသည်။ စိမ်းညို့ညို့ တောင်တွေပေါ်မှာ မိုးတိမ်တွေ ရစ်ဆိုင်း၍ မိုးက သုံးလေးရက် သည်းသည်းထန်ထန် ရွာနေတတ်သည်။ ထိုအခါမျိုးတွင် ပျဉ်ထောင်အိမ်နှင့် သံမီးဖိုကြီးကို ကျေးဇူးတင်ရသည်။ သမီးလေး အိပ်ပျော် သွားပြီး ကျွန်ုပ်တို့ အလုပ်နားဖို့ လိုအပ်သည့်အခါ မီးဖိုဘေးတွင်ထိုင်၍ အိန္ဒိယမှ ကျွန်ုပ်တို့နှင့်အတူပါလာသော ကတ်ထူပြား လက်ဖြစ်ကြယ်သီးတို့ဖြင့် ဘက်ဂါမွန် ကစားကြသည်။ အခြားနေ့များတွင်မူ SSA တို့အိမ်သို့ သွားလည်ကြရာ 'ဖူးပါ'က အလုပ်တာဝန်မရှိသည့်အခါ အင်္ဂလိပ်စာ လေ့လာလိုသည်ဆိုသဖြင့် ပညာလိုလားသော ဖူးပါကို ကျွန်ုပ်တို့ နှစ်ယောက်စလုံးက လေးစားကြသဖြင့် သူ့ကို အတတ်နိုင်ဆုံး ကျွန်ုပ်တို့ အကူအညီ ပေးခဲ့ကြသည်။ အမှန်အားဖြင့် ဖူးပါလို လူငယ်လေးများမှာ လက်နက်ကိုင်အဖွဲ့အစည်း၌သာမက ဗမာပြည်တွင် အများကြီးရှိပါသည်။ အကယ်၍ ပြည်တွင်းစစ်ကြီးကို နိုင်ငံရေးအရ ဖြေရှင်းနိုင်ပြီဆိုပါလျှင် သူတို့လို လူငယ်လူရွယ်လေးတို့၏ အနာဂတ်သည်ကား ထွန်းတောက်လာမှာ သေချာပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သပွတ်အူလိုက်နေသော ပဋိပက္ခအတွက် အဖြေထုတ်နိုင်မည့်အလားအလာကား ဩဂုတ်လတွင် အဆိုးဘက်သို့ ရှုတ်တရက်ဦးလှည့်သွားသည်။ ဗကပနှင့် NDF တို့ ပူးတွဲ၍ တပ်ပေါင်းစုဖွဲ့စည်းရေးဆိုသည်မှာ လက်တွေ့တွင် ဖြစ်ကောင်းမှ ဖြစ်နိုင်ပါလိမ့်မည်။ သို့ရာတွင် ဤသို့ ဖွဲ့စည်းလိုက်ခြင်းသည်ပင် အစိုးရနှင့်လက်နက်ကိုင်အုပ်စုတွေကြား ရန်ငါစည်းကို ပြတ်ပြတ်သားသား ခြားလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် ဤအချက်ကို NDF ၏ ဒုတိယအင်အားအကြီးဆုံးဖြစ်သော KNU တို့က သဘောအပေါက်။ သို့ဖြင့် ဩဂုတ် လတွင် ပန်ဆန်းသဘောတူညီချက်ကို ရှုတ်ချကြောင်း ကြေညာချက်ထုတ်ပြန်ပြီး ပါဂျိုသို့ ရေဒီယိုဖြင့် ပို့လိုက် သဖြင့် ကျွန်ုပ်တို့အပြေးအလွှား ဖတ်ကြည့်ရာ ဗကပနှင့်တပ်ပေါင်းစုဖွဲ့စည်းရေးအတွက် သဘောမတူနိုင်သော အချက်မှာကရင်တို့၏အဆိုအရ ဗကပ၏ ရည်ရွယ်ချက်နှင့် NDF တို့၏ ရည်ရွယ်ချက်တို့ လုံးဝခြားနားနေခြင်း ကြောင့် ဟူ၏။ ဤ၌ ဆိုင်နောင့်နှင့် ကျွန်ုပ်တို့ ကြောင်စီစီနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ဘယ်သူကရော





အုပ်စုနှစ်စု၏ ပေါ်လစီတွေ တူပါတယ်ဟု ပြောခဲ့ပါသလဲ။ ဆိုခဲ့ပါ စာချုပ်မှာ လက်နက် ကိုင်အုပ်စုတွေကြားမှာ တူရာ၊ မတူရာ ပြဿနာတို့ကို ဖြေရှင်းဖို့ရာအတွက် ပထမခြေလှမ်းသာဖြစ်၍ အဆိုပါ ခြေလှမ်းက ပြည်တွင်းစစ်ကို နိုင်ငံရေးအရ ဖြေရှင်းရာတွင် လက်နက်ကိုင်အုပ်စုတွေအတွက်အထောက်အကူ ဖြစ်စေမည် မဟုတ်ပါလား။

ထိုနေ့မနက် ဘရန်ဆိုင်းထံသို့ ကျွန်ုပ်တို့ ရောက်သွားသည့်အခါ မျှော်လင့်မထားသော အချိုးအကွေ့ ကြောင့် စိတ်ရှုပ်ထွေးနေသည်။

"ဒီမှာ ကျွန်တော်တို့ရဲ့ NDF ကိုယ်စားလှယ်တွေအတော်များများ ရှိနေခိုက်မှာ ထိုင်းနယ်စပ်ကို ကျွန်တော်လိုက်သွားပြီး အဲဒီကလူတွေနဲ့ ဆွေးနွေးဖို့ ကိုယ်စားလှယ်တွေက တိုက်တွန်းခဲ့ကြတယ်။ သူတို့က ကျွန်တော်တို့ရဲ့အကျယ်အဝန်း ပမာဏကိုလည်း မြင်ဖူးကြတာ မဟုတ်ဘူး။ ဗကပနဲ့ ဘယ်လိုလက်တွဲမယ် ဆိုတဲ့ ကျွန်တော်ရဲ့ပေါ်လစီကိုလည်း နားလည်ကြသူတွေ မဟုတ်ဘူးလို့ ပြောခဲ့ကြတယ်။ ဒါဟာ အရေးကြီး တဲ့ ကိစ္စပဲ။ ကချင်ပြည်နယ်ကလူမျိုးစုခေါင်းဆောင်တွေနဲ့ ဘုရားကျောင်းက



www.burmeseclassic.com

www.burmeseclassic.com



လူတွေကလည်း ဒီကိစ္စကို ကျွန်တော် ရှိနေတဲ့အချိန်မှာ အပြီးအပြတ် ဆောင်ရွက်သွားဖို့ ပြောကြပါတယ်။ ကျွန်တော်တို့တွေ နောက်ထပ် အနှစ် ၂ဝ၊ ၃ဝ ဆက်ပြီး မတိုက်ချင်တော့ဘူး။ ဆက်တိုက်နေရင် တိုင်းပြည်တစ်ပြည်လုံး ပျက်စီးသွားလိမ့်မယ်''

ဂရုတစိုက် ကျွန်ုပ် နားထောင်နေပါသည်။ ကျွန်ုပ်အနေနှင့် အပြင်ဘက်က လေ့လာသူတစ်ယောက် ဖြစ်သော်လည်း ဘရန်ဆိုင်း၏ အသေးစိတ် လေ့လာသုံးသပ်မှုကို သဘောတူဖို့ ဝန်မလေးပါ။ သို့ပေမဲ့ နောက်ထပ် **NDF** အနေနှင့်ရော ခိုင်မာတောင့်တင်းနိုင်ပါ့မလား သံသယဖြစ်မိသည်။ တောင်ဘက်ခြမ်း ထိုင်းနယ်စပ်တစ်လျှောက်ကို စုစည်း၍ မရဘူးဆိုလျှင် မြောက်ပိုင်းမှ တိုးတက်မှုတို့သည်လည်း ဆိုးဆိုးရွားရွား ရိုက်ခတ်လာမည် မှာ သေချာသည်။

ဤ၌ အိန္ဒိယအရှေ့မြောက်တွင်မူ မြန်မာပြည်အခြေအနေနှင့် လုံးဝမတူ။ လူမျိုးစုလက်နက်ကိုင် ပုန်ကန်မှုများမှာ လုံးဝခြားနားသော အခြေအနေသို့ ကူးပြောင်းသွားသည်။ တစ်ည ဘီဘီစီသတင်းနားထောင်နေခိုက် နယူးဒေလီအစိုးရနှင့် မီဇိုသူပုန်ခေါင်းဆောင်တို့ လက်မှတ်





ရေးထိုးလိုက်ကြကြောင်း ကြားသိခဲ့ရသည်။ မီဇိုအဖွဲ့ မှာ ၁၉၅ဝ လွန်ကာလများကတည်းက အိန္ဒိယဗဟိုအစိုးရကို တိုက်ခိုက်နေခဲ့ရာ ယခု သဘောတူညီမှုအရ ၎င်းတို့က ခွဲထွက်ခွင့်ကို စွန့်လွှတ်၍ လက်နက်ချမည်ဆိုလျှင် လာဒန်ဂါ၏ သူပုန်လှုပ်ရှားမှုတို့ကို တရားဝင် အသိအမှတ်ပြု၍ လွတ်လပ်သော ရွေးကောက်ပွဲသို့ ပါဝင်ခွင့်ရလာမည် ဖြစ်သည်။

အဆိုပါသတင်းကား အိန္ဒိယ မီဇိုလူမျိုးတို့အတွက် သတင်းကောင်းဖြစ်သလို လူမျိုးစု လက်နက်ကိုင် ပဋိပက္ခတို့ကို ခေါင်းမာမာနှင့် တရားသေနည်းဖြင့် အဖြေရှာနေသော ရန်ကုန်အစိုးရ၏ ချဉ်းကပ်ပုံနှင့် လုံးဝ ကွာခြားမှုကို လက်တွေ့သရုပ်ဖော်ပြလိုက်ခြင်း ဖြစ်သည်။ ဤကိစ္စကြားသိရပြီးနောက် စက်တင်ဘာလ ရောက်လာရာ ၁၃ ရက်နေ့မှာ သမီးဆိုင်တိုင်း၏မွေးနေ့ဖြစ်၍ တစ်နှစ်မြောက်မွေးနေ့ကို SSA တို့အိမ်တွင် ကျင်းပဖို့ စိတ်ကူးထားကြရာ ပါဂိုျတွင် နမ့်ခမ်းမှ ရှမ်းကုလား ကပြားကုန်သည်တစ်ဦးလည်း ရောက်နေသဖြင့် ကိတ်မုန့် ဖုတ်ရာတွင် သူ့အနေနှင့် ကျွန်ုပ်တို့ကို ကူညီနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ ကိတ်မုန့်ဖုတ်ဖို့ ဂျုံမှုန့်၊ ကြက်ဥနှင့် နို့တို့ကို ပါဂျို ဈေးထဲတွင် ရနိုင်ပါသော်လည်း ယိ(စ်) သို့မဟုတ် မုန့်ဖုတ် ပေါင်ဒါ ရှာမရသဖြင့် နောက်ဆုံးတွင် အိုးလေးကိတ်မုန့် (နွားနို့ ဂျုံမှုန့်နှင့် ကြက်ဥတို့ကို ရောသမ၍ ဆီနည်းနည်းနှင့် အိုးကင်း ပူတိုက်ထားသောနည်း)တွေကိုသာ ကြော်ပြီး တစ်ချပ်ချင်း ဆင့်၍ မွေးနေ့ကိတ်မုန့် လုပ်လိုက်ရတော့ သည်။ အိုးလေးကိတ်မုန့် တစ်ချပ်နှင့်တစ်ချပ်ကြားတွင် ကျွန်ုပ်တို့ လက်ဖြစ်သစ်တော်သီးယိုကို ထည့်သွင်းထားပြီး ကြက်ဥအကာနှင့် သကြားကို ဖျော်၍ ကိတ်မုန့်ချပ်တွေပေါ် က ဖြန်းကာ အပေါ်ဆုံးချပ်တွင် ဖယောင်းတိုင် သေးသေး လေးတွေ စိုက်ထွန်းထားလိုက်သည်။ မွေးနေ့ကိတ်မုန့်ကို မျှဝေစားကြမည့် ဧည့်သည် တစ်ဒါဇင်ခန့် ရှိပြီး ကြုံရာနှင့် ဖြစ်အောင် လုပ်လိုက်ရသော ကျွန်ုပ်တို့ မွေးနေ့ကိတ်မုန့်ကို အားလုံးက သဘောကျကြသည်။ မွေးနေ့ကိတ်ကို ဓားနှင့် မပိုင်းမီ ဆိုင်တိုင်းက ကိတ်မုန့်အနားတွင် ဟန်ပါပါနှင့် ဂိုက်ပေး၍ ဓာတ်ပုံအရိုက်ခံသည်။

ဆိုင်တိုင်း၏ မွေးနေ့ပါတီပွဲ ကျင်းပပြီး သုံးလေး ပတ်အကြာတွင် ခရစ္စမတ်အကြို လက်ဆောင်ပစ္စည်းတွေ





ရောက်လာသည်။ ပြီးခဲ့သည့်ရက်များကတည်းက ကူမင်းသို့ ဘရန်ဆိုင်း ထွက်သွားသဖြင့် သူပြန်အလာကို တရုတ် နယ်စပ်တွင် ကြိုဖို့အတွက် နယ်စပ်မှ ကေအိုင်အေ ဆက်သွယ်ရေးစခန်းသို့ တက်သွားဖို့ ကျွန်ုပ် ဆုံးဖြတ်လိုက် သည်။ ဆိုင်နောင့်နှင့် ဆိုင်တိုင်းတို့ အိမ်မှာ ကျန်ရစ်ခဲ့ပြီး ကေအိုင်အေ လုံခြုံရေးတပ်ဖွဲ့တစ်ဖွဲ့နှင့် အတူ နံနက် စောစော ထွက်လာခဲ့သည်။ မိုးထဲလေထဲ သွားခဲ့ကြသော 'ဆီမာကောင်း' ခရီးပြီးနောက်ပိုင်း ဤခရီး ကား ပါဂျိုမှ ကျွန်ုပ်၏ ပထမဆုံးခရီးလည်း ဖြစ်သည်။

ပါဂျိုတွင် ၅ လကျော်နေခဲ့ပြီး ယခုလို တစ်ခါပြန်၍ ခရီးထွက်လာရသဖြင့် စိတ်လဲ လန်းဆန်းတက်ကြွ နေသော တောင်ကုန်းတွေကို ဖြတ်၍ တရုတ်နယ်စပ်သို့ နာရီအနည်း ငယ်မျှ ခပ်သွက်သွက် လျှောက်လာကြ ပြီးနောက် ကေအိုင်အေ ဆက်သွယ်ရေးစခန်းသို့ ရောက်လာသည်။ စခန်းတွင် ပျဉ်ထောင်အိမ်ကြီးတွေ လေး ငါးလုံးရှိပြီး သံမိုးဖိုကြီးတွေနှင့် မီးလှုံကြသဖြင့် မီးခိုးခေါင်းတိုင်တွေက မီးခိုးတွေ အူတက်နေပြီး မြက်ခင်းစိမ်းနှင့် တောင်တန်း ကုန်းမြင့်ပေါ် လွင့်မျောသွားကြသည်။ ဟိုးအဝေးတွင်မှ



www.burmeseclassic.com

www.burmeseclassic.com



တရှုတ်ပြည်မှ ဆီမာပါ ချိုင့်ဝှမ်းစိမ်း ကြီးကို တပြန့်တပြူး မြင်နေရသည်။ နေမွန်းလွဲချိန်လောက်တွင် မြင်းကိုယ်စီ စီးလာနေသော ဘရန်ဆိုင်းတို့ အဖွဲ့ကို ဟိုးအဝေးတွင် လှမ်းတွေ့နေရပြီး စခန်းရောက်လာသည်အထိ အတော်ကြာအောင် စောင့်နေရသေးသည်။ ဘရန်ဆိုင်းက ရွှန်လန်းနေပြီး ကူမင်းမှတစ်ဆင့် ဘန်ကောက်မှ ပေးပို့လိုက်သော ပါဆယ်ထုပ်ကြီးတစ်ထုပ် ကျွန်ုပ်ကို ပေးသည်။

ထိုနေ့ညနေ ပါဂျိုပြန်ရောက်ပြီးနောက် ကျွန်ုပ်နှင့် ဆိုင်နော့င်တို့ ပါဆယ်ထုပ်ကြီးကို ဖွင့်ကြရာ မမြင်မတွေ့ရသည်မှာ တစ်နှစ်ကျော်ပြီဖြစ်သော အကောင်းစားပစ္စည်းတွေ၊ သမီးအတွက် ဘောဘီပေါင်ဒါ၊ ဘောဘီ ဆပ်ပြာ၊ အကောင်းစား ကလေးခါးတောင်းကြိုက် ပိတ်စတွေနှင့် လမ်းလျှောက်လျှင် တပီပီမြည်သည့် ဖိနပ်လေး တစ်ရံ၊ ဆိုင်နော့င်အတွက် ဖလင်လိပ်ဘူးတစ်ဘူး၊ ကျွန်ုပ်အတွက်ကား ဆေးတံတစ်ချောင်း၊ ဆေးရွက်ကြီး ၂ ထုပ်နှင့် ဆေးတံသန့်စင်သော ကလင်နာတစ်ခုတို့ ဖြစ်ပါ၏။

ကျွန်ုပ်က ဆေးတံကို ဆေးတစ်အိုးသိပ်ထည့်ပြီး မီးညှိ၍ ကောက်ဖွာလိုက်ပြီး ပြီးခဲ့သည့် တစ်နှစ်ကျော်





လောက်အတွင်း ကျွန်ုပ်ထံ ပို့လိုက်သော စာတွေ ထည့်ထားသည့် ဘူးလေးတစ်ဘူးကို ဖွင့်ကြည့်လိုက်သည်။ စာတွေက တစ်နှစ်ကျော် ကျွန်ုပ် သတင်းမကြားရတော့ဘဲ ယခု ကျွန်ုပ်တို့ အသက်ရှင်လျက် ကောင်းမွန်စွာ ရှိနေကြောင်း ကြားသိကြပါသဖြင့် ဝမ်းသာအံ့သြစွာနှင့် တစ်ကမ္ဘာလုံးက ပို့လိုက်သော စာတွေ။

"ဘယ်ရောက်နေလဲ။ နေထိုင်ကောင်းကြရဲ့လား"

သူငယ်ချင်းတစ်ယောက်ကလည်း စိတ်ဆိုးဆိုးနှင့် ယခုလို ရေးထားသည်ကို ဖတ်ရပြီး ကျွန်ုပ်တို့ ရယ် ကြရသေးသည်။

"ငါတို့ဆီ မင်း စာမရေးတာ တစ်နှစ်ကျော်ပြီ။ ဘန်ကောက်မှာ မင်းအလုပ်တွေ အရမ်းရှုပ်နေမှာပေါ့"

၁၉၈၅ ခုနှစ် မတ်လအတွင်း ဘန်ကောက်မှ ကျွန်ုပ်တို့ ထွက်ခွာလာသည်အထိ ကျွန်ုပ်တို့ အစီအစဉ်ကို လူလေးငါးယောက်သာ သိထားသည်။ စာအိတ်တစ်အိတ်တွင် ဘန်ကောက်ဘဏ်တစ်ခုမှ ကျွန်ုပ်၏ ငွေစာရင်းဖြတ်ပိုင်းတို့ကို တွေ့ရာ အိန္ဒိယနှင့် ပါဂျိုမှ ကျွန်ုပ် ပေးပို့ခဲ့သော ဆောင်းပါးတို့အတွက် စာမူခတို့ကို ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



ဘဏ်စာရင်းထဲ ထည့်ထားကြောင်း သိရသဖြင့် ဝမ်းသာကြရသည်။ သို့ဖြစ်၍ အပြန်ခရီးအတွက် စိတ်ပူစရာမလိုတော့။ ပါရီတွင် နေထိုင်နေစဉ်ကာလအတွင်း စားရေးသောက်ရေးအတွက် ပြဿနာမရှိ။ ဆိုင်တိုင်း မွေးနေ့ပွဲအတွက် ဝယ်ရခြမ်းရတာမျိုး။ တစ်ခါတစ်ရံ ထောပတ် (သို့) ဒိန်ခဲတစ်ဘူးနှစ်ဘူး ဝယ်စားတာမျိုးမှ လွဲ၍ အခြား ဘာအတွက်မျှကုန်စရာမရှိ။ ပါရီစခန်းတွင် နေထိုင်သူအားလုံးအတွက် အေအိုင်ဝိုက တစ်ပတ် တစ်ကြိမ် ရိက္ခာပေးသည်။ အဝတ်အစားအတွက်ဆိုလျှင်လည်း ကုန်စရာမရှိ။ ခရီးကြမ်းသော်လည်း ကျွန်ုပ်တို့ ယူလာသော အဝတ်အထည်တွေအားလုံး ယခုအထိ အကြမ်းပတမ်းခံနိုင်သေးသလို ကျွန်ုပ်၏ ဝါးကင်းရှူးဖိနပ် မှာ စုတ်ပြတ်နေသည့်တိုင် စီး၍ရနေသေးသည်။

ပါရီတွင် ကျွန်ုပ်တို့ ခေတ္တနေထိုင်နေခိုက် ရန်ကုန်အစိုးရက ငွေစက္ကူသစ်တွေ စတင်ထုတ်ဝေလိုက်ရာ ပထမတွင် ရယ်စရာလုပ်ပြောနေသည်ဟု ထင်ခဲ့သည်။ ကျွန်ုပ်တို့ ခေးဆန်ချန်းလမ်တွင် သောင်တင်နေသော ၁၉၈၅ ခုနှစ် ဒီဇင်ဘာလက ကျပ် ၁၀၀ တန်တွေကို ဖျက်သိမ်းပြီး





၇၅ ကျပ်တန်နှင့် အစားထိုးခဲ့သည်ကို ကျွန်ုပ်တို့ သိထားပြီးဖြစ်သည်။ သို့ပေမဲ့ ယခု ၁၅ ကျပ်တန်နှင့် ၃၅ ကျပ်တန်တွေကို ရန်ကုန် ဗဟိုဘဏ်ကြီး က ထုတ်လိုက်ပြီဆိုသောသတင်းကို ကုန်သည်တွေဆီက ကြားသိလိုက်ရသည့်အခါတွင်မူ သူတို့ နောက်များ နေသလား အောက်မေ့ခဲ့သည်။ သို့ပေမဲ့ မကြာပါချေ။ ပါရီဈေးထဲသို့ ဆိုခဲ့သည့် ကိုးရိုးကားယား ပိုက်ဆံတွေ ရောက်လာပါတော့သည်။

“ဒီကိစ္စကို ကမ္ဘာ့ဘဏ်က ဘယ်လိုပြောမလဲဆိုတာ ကျွန်တော် သိချင်လိုက်တာ”

ဘရန်ဆိုင်းက အငေါ်တူးတူးနှင့် ပြောသည်။ သို့ရာတွင် ဤကိစ္စသည် ဗရွတ်ရွတ ရယ်စရာကောင်းသော ဟာသတစ်ခုဆိုသော်လည်း တစ်ရာကျပ်တန်ဖျက်သိမ်းလိုက်သည့်အတွက် ပြည်သူအတော်များများ ဒုက္ခပင်လယ်ဝေခဲ့ကြရသည်။ ရိုးသားစွာ ရှာဖွေထားသော ပိုက်ဆံဖြစ်ကြောင်း သက်သေပြနိုင်မည်ဆိုလျှင် ဖျက်သိမ်းခံလိုက်ရသော တစ်ရာတန်အစား လျော်ကြေးပြန်ပေးမည်ဖြစ်ကြောင်း အစိုးရက သတင်းထုတ်ပြန်ခဲ့ ပါသော်လည်း တစ်တိုင်းတစ်ပြည်လုံး မှောင်ခိုစီးပွားရေးဖြင့် လည်ပတ်နေ

www.burmeseclassic.com



သော မြန်မာပြည်တွင်မှ ဆိုခဲ့သလို သက်သေပြဖို့ဆိုသည်မှာ မဖြစ်နိုင်ပါသဖြင့် ကုန်သည် အတော်များများ အရင်းအနှီးတွေ ဆုံးသွားကြသည်။ တချို့ဆိုလျှင် သတ်သေသွားကြသည်။ တစ်ချိန်တည်းမှာပင် လူသုံးကုန်ပစ္စည်းတွေ ရှားပါးလာကြောင်း ကြားသိရသည်တွင် ဗမာပြည်စီးပွားရေးကြီးတစ်ခုလုံး ဖရိုဖရဲဖြစ်နေသည်မှာ ထင်ရှားလှပါ၏။

ပါဂိုျဈေးနေ့တွင် ဈေးသို့ ကျွန်ုပ် ရောက်သွားရာ ပီဆိုင်းလောင် ခေါက်ဆွဲဆိုင်တွင် ရန်ကုန်အစိုးရကို မကျေမချမ်းဖြစ်နေသူတို့က ပွင့်ပွင့်လင်းလင်း ဆဲဆို၍ ကျိန်ဆဲနေကြပါသော်လည်း ဗမာတစ်ပြည်လုံး စီးပွားရေးကသောင်းကနင်းဖြစ်နေချိန်၌ပင် ပါဂိုျကမူ ပန်းပန်မပျက် ရောင်းပန်းဝယ်ပန်း စည်ကားလျက်ရှိရာ လမ်း တံတားတွေ ဆောက်လုပ်နေပြီး တရုတ်နှင့် ကုန်သွယ်ရေး သွက်လက်လာသည်။ ကျောက်စိမ်းတွေ ယူနန်သို့ ထွက်သွားပြီး လူသုံးကုန်ပစ္စည်းတွေ ပြန်ရောက်လာနေသည်။ ပျဉ်ထောင်အိမ်ကြီးတွေ တစ်လုံးပြီးတစ်လုံး တိုးလာနေသည်။ ညစဉ်ဈေးနားက ဗီဒီယိုရုံမှာ စစ်သားတွေ၊ ကုန်သည်တွေနှင့်





ဒေသခံရွာသားတွေ ပြည့်ကျပ် နေသည်။ ယခု ကျွန်ုပ်၏ ရေးစရာ ချွတ်စရာ မှတ်တမ်းတင်ရသော ကိစ္စတွေ အားလုံးမှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်၍ တစ်ခါတစ်ခါ ညဘက် ဗီဒီယိုရုံထဲ ကျွန်ုပ်တို့ သွားတိုးကြည့်ကြရာ တရုတ်ကွန်ဖူးကားနှင့် ဗမာပြဇာတ်တို့ကို ကြည့်ချင်ပါသော်လည်း စူပါမင်း၊ ရန်ဘို၊ ဂန္ဒီနှင့် နဲဗာရွန်းက အမြောက်ကြီးများ စသည့် ဇာတ်ထုပ်တွေ ပြနေလေရာ ကမ္ဘာ့ယဉ်ကျေးမှုကား ဤနေရာသို့ အပြိုးတကြီးနှင့် ရောက်လာခဲ့လေပြီ။

ဗီဒီယိုရုံသို့ သွားရောက်လည်ပတ် ကြည့်ရှုခြင်းသည် လူမှုရေးကိစ္စတစ်ခုဖြစ်သလို မိတ်ဆွေတွေနှင့် လည်းတွေ့နိုင်သည်။ သို့ပေမဲ့ ပိုလ်မှူးဟောင်း အန်ချယောတန်ကား ဗီဒီယိုရုံသို့ ဘယ်တော့မှ မလာ။ တစ်ညနေလုံး ရေဒီယိုတစ်လုံးဖြင့် ဒေသတွင်း သတင်းဌာနအားလုံးက ထုတ်လွှင့်သော သတင်းအားလုံးကို တကုတ်ကုပ်နှင့် ဖမ်း၍ နားထောင်နေတတ်သည်။

အောက်တိုဘာလဆန်းပိုင်းတွင် မီးခိုးရောင် ဘောင်းဘီ၊ ရှပ်အင်္ကျီအဖြူတို့နှင့် တောက်တောက်ပြောင်ပြောင် ယူနီဖောင်းတွေ ဝတ်ထားသော ရဲသည်



www.burmeseclassic.com


www.burmeseclassic.com



တစ်စု ပါဂျီသို့ ရောက်လာကြရာ ပန်ဆန်းမှ ဗကပ အရာရှိတွေဖြစ်ကြောင်း မကြာမီ ကျွန်ုပ်တို့ သိရသည်။ ပန်ဆန်းမှာ ကွန်မြူနစ်တို့ ထိန်းချုပ်ထားသော မြို့တစ်မြို့ ဖြစ်ပြီး တရုတ်ပြည်နယ်စပ်နှင့် ဘာမားလမ်းမကြီး ထိစပ်သည့် နေရာတွင် တည်ထားသည်။ ညနေတွင်မူ ဗကပအဖွဲ့ထဲက လူငယ်တစ်ယောက် ကျွန်ုပ်တို့အိမ်ရောက်လာရာ အသက် ၃၀ ဝန်းကျင်ရှိ၍ ခန္ဓာကိုယ် တောင့်တင်း ခိုင်မာသည်။ တရုတ်ပြည်တွင် မွေးသော်လည်း ၁၉၆၈ ခုနှစ်က တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေး အမြင့် ဆုံးရောက်နေချိန်တွင် ဗကပထဲသို့ သူသဘောနှင့်သူ ဝင်လာခဲ့သူ ဖြစ်သည်။ အမည်ရင်းမှာ ကျန်စီမြင့် ဖြစ်ပြီး မြန်မာအမည် ကြည်မြင့် ဖြစ်သည်။ မြန်မာပြည်တွင် နှစ်အတော်ကြာနေလာသဖြင့် မြန်မာစကား၊ ရှမ်းစကားနှင့် ကချင်စကားတို့ကို သွက်သွက်ချာချာ ပြောနိုင်သည်။ သူ့တွင် ခင်မင်စရာ ကောင်းသော ရုပ်လက္ခဏာ ရှိသဖြင့် တွေ့လျှင်တွေ့ချင်း သူနှင့် ကျွန်ုပ်တို့ ခင်မင်ရင်းနှီးသွားကြသည်။


"ကျွန်တော်တို့ဌာနချုပ် ပန်ဆန်းကို အလည်လာဖို့ ခင်ဗျားကို ဖိတ်ထားတယ်လို့ ကြားတယ်"







www.burmeseclassic.com

www.burmeseclassic.com





၁၉၈၇ - ၈၈ အတွင်း မြောက်ပိုင်းတိုင်းနယ်မြေ တိုက်ပွဲပြမြေပုံ




၁၉၈၅ ခုနှစ်က ဘာတီးလ်လင့်တနာ ဝင်ရောက်ရာလမ်းကြောင်းပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com




ပုံ(၁) - ၈၄ တပ်ရင်းမြစ်ကြီးနားနယ်တွင်း KIA တပ်စခန်းများပြမြေပုံ



သူက မီးဖိုဘေးတွင် ထိုင်ရင်း ပြောသည်။

"အဲဒါ သတင်းကောင်းပဲ။ ဂျာနယ်လစ်တွေ ကျွန်တော်တို့ဆီ လာဖို့လိုတယ်။ ရောက်လာရင် ကျွန်တော် တို့ဒေသအခြေအနေကို ခင်ဗျားကိုယ်တိုင် တွေ့မှာပါ။ ကျွန်တော်တို့နဲ့ပတ်သက်ပြီး ရေးနေ၊ ပြောနေကြတာ တွေအားလုံး တလွဲတွေချည်းပဲ"

၎င်းအချက်ကို ကျွန်ုပ် သဘောတူသည်။ မြန်မာ ရေးရာ လေ့လာမှုကိစ္စများတွင် ဗကပနှင့် ပတ်သက်၍ သေသေချာချာ လေ့လာစမ်းဆန်းစစ်မှုတွေ မလုပ်ခဲ့သည်မှာ ကြာပြီ။ ယုံကြည်လောက်သော သတင်း အချက်အလက် တွေ ကင်းမဲ့နေသဖြင့် ဗကပနှင့် ပတ်သက်သော သတင်း ရေးသားချက်တွေက တစ်ခါလာလည်း "မော်ဝါဒီတွေ ဘိန်းမှောင်ခိုသမားတွေ ဖြစ်သွားပြီ" ဆိုတာတွေနှင့်ပဲ သံသရာလည်နေသည်။ အမှန်အားဖြင့် ဘိန်းစိုက်ပျိုး ထုတ်လုပ်မှု အများဆုံးမှာ ဗကပ ထိန်းချုပ်နယ်မြေတွင် စတင်ခဲ့သည်ဖြစ်၍ ဤသို့ အငြင်းပွား စရာ ဖြစ်နေခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ပါတီ၏ မောင်းနှင်အားတစ်ခု အနေနှင့် အယူဝါဒနေရာ တွင် ကူးသန်းရောင်းဝယ်ရေးကို



www.burmeseclassic.com

www.burmeseclassic.com



အစားထိုးလိုက်ခြင်း ဖြစ်သည်။ သို့ဖြစ်၍ တောင်ပိုင်းသို့ ကိုယ်တိုင်သွားရောက် ၍ ယနေ့ ဗကပနှင့် ပတ်သက်သော အဖြစ်မှန်အချက်အလက်တို့ကို ကျွန်ုပ်ကိုယ်တိုင် သွားရောက်လေ့လာဖို့ စိတ်ထက်သန်နေသည်။

ညအခင်းများ ခြောက်သွေ့လာပြီဖြစ်၍ မိုးရာသီကုန်တော့မည့်လက္ခဏာ ပြနေသည်။ ကျွန်ုပ်နှင့် ဘရန်ဆိုင်းတို့ နှစ်ကြိမ်၊ သုံးကြိမ် ငါးများထွက်ခဲ့ကြရာ ချောင်းရေနိမ့်ဆင်းသွားသည်ကို သတိပြုမိလိုက်သည်။ ရေစီးတို့က တောထဲမှဖြတ်၍ သိမ်မွေ့စွာ စီးဆင်းနေပြီဖြစ်၍ ရှေ့ခရီးဆက်ဖို့ အချိန်ကျလေပြီ။

■

ဤမှာပင် **Bertil Lintner** ၏ ဖော်ပြချက် ပြီးဆုံးပါပြီ။ ရှေ့တွင် ကျွန်တော်ရေးခဲ့သည်များနှင့် ဆက်စပ်သုံးသပ်ကြည့်ကြရန် ဖြစ်ပါသည်ခင်ဗျာ။

ဆက်လက်၍ **KIA** များနှင့်ပတ်သက်ပြီး စာရေးအလွန်ကောင်းသော ရဲကျော်သူရ၏ ဝတ္ထုတိုတစ်ပုဒ်ကို နောက်ဆက်တွဲ ဖော်ပြအပ်ပါသည်။

❖ ❖ ❖





## ပိတောက်လည်းမပွင့် ထူးပို့လည်း မဆို

ရေးသူ – ရဲကျော်သူရ

၁၉၈၈ ခုနှစ် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်နဲ့ မိုင်းလွေကြားမှာ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး သန်းထွန်း ကျသွားတော့ တပ်ရင်းမှူးအသစ် ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းရောက်လာတယ်။ တပ်မတော်မှာ စစ်မှုထမ်းသက် ၉ နှစ်သာ တာဝန်ထမ်းဆောင်ခဲ့ရပေမဲ့ ခမရ (၁၉) မှာ တပ်ရင်းမှူး သုံးဆက်မီခဲ့တယ်။ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဝင်း၊ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း၊ ဒုတိယဗိုလ်မှူး



www.burmeseclassic.com

www.burmeseclassic.com



ကြီး ကျော်ဝင်းပါ။ ၁၉၈၉ ခုနှစ်မှာ ကျွန်တော်တို့တပ်ရင်း ရှမ်းပြည်နယ်မြောက်ပိုင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရဲ့ စစ်ဆင်ရေးနယ်မြေကို စဝင်ရပါတယ်။

တပ်ရင်းမှူးစစ်ကြောင်းက နမ့်ခမ်းမှာထိုင်ပြီး ကျွန်တော်တို့တပ်ခွဲက နမ့်ခင်းမှုဆယ်ကာလမ်း အနောက်ဘက်က တောင်ကြောပေါ်မှာရှိတဲ့ ပလောင်ရွာကြီးတစ်ရွာမှာ အခြေပြုထားသည်။ လစာ ၂၁၀ ကျပ်မှာ ရှေ့တန်းကို ရောက်လာတဲ့လစာက ဆုကြေးဖြတ်တာရော ကိုယ်ကြိုပြီး ဆွဲသုံးထားတာတွေရော နှုတ်လိုက်ရင် တစ်လမှ ၄၅ ကျပ်ဝန်းကျင်လောက်ပဲရှိတဲ့အပြင် တစ်ရက်ရိက္ခာငွေ ငါးမတ်(တစ်ကျပ်နှစ်ဆယ့်ငါးပြား) ကလည်း ဟင်းသီး ဟင်းရွက် ဖိုးလောက်သာရှိတာမို့ **Infantry** က စစ်သား အမှုထမ်းဟာ အဲဒီလို ထိုင်နေရတာကို သိပ်မကြိုက်ကြဘူး။

ဘာပဲဖြစ်ဖြစ် လှုပ်ရှားထွက်ရရင် တောကောင်လေး ဘာလေး ပစ်ခတ်စားသောက်လို့ရတာမို့ ထိုင်နေတာနဲ့စာရင် တော်သေးတယ် ဆိုရမယ်။ လက်ထဲမှာ ငွေယား... ဘာလေးကလည်း မရှိတော့ ပလောင်ရွာမှာ တစ်လလော... ထိုင်လိုက်တာ ရွာထဲမှာ ညောင်ချဉ်ဖူးအပင် နှစ်ပင်...





ပြောင်သွားတယ်။ မနက်/ည ညောင်ချဉ်ဖူး ထည့်လဲစားနေရတော့ အဲဒီအပင်နှစ်ပင်ကိုကြည့်တောင် မကြည့်ချင်တော့ဘူး။

တစ်ရက် ကျွန်တော်တို့ တပ်ခွဲလှုပ်ရှားထွက်ရမယ်ဆိုတဲ့ ကြေးနန်းဝင်လာတော့ ပျော်လိုက်တာ။ ဒါနဲ့ ခွဲရုံးနဲ့ ၂ စု တပ်ရင်းမှူး စစ်ကြောင်းရှိတဲ့ နမ့်ခမ်းကိုသတင်းပို့ရတယ်။

ကွက်ခိုင်ဘက်ကဝင်လာတဲ့ **KIA** နဲ့ **PSLA** ပူးပေါင်းစစ်ကြောင်း တစ်ကြောင်းဟာ နမ့်မတူမြို့အဝင်က ခလရ (၄၁) စခန်းကို ဝင်တိုက်ပြီးမြို့ကို သိမ်းဖို့လုပ်လာလို့ နမ့်ဟိုင်းရောက်နေတဲ့ ခလရ (၉၅) စစ်ကြောင်း (၂) က စစ်ကူလိုက်၊ ခလရ (၄၁) ကပြန်တိုက်နဲ့ ခဏကျသွားတဲ့ အဲဒီ ကာကင်းတပ်စုစခန်းလေးကို ပြန်သိမ်းလိုက် နိုင်တယ်လို့သိရတယ်။

အဲဒီရန်သူ ပူးပေါင်းအင်အားဟာ ကွတ်ခိုင်ဘက်ကို ...ဖြတ်သွားပြီ နားတီး၊ နန့်စလပ်ကို ထွက်သွား ပြီလို့ ...ဌာနက သတင်းချပြန်လာတယ်။ တကယ်က ...ထွက်တာမဟုတ်ဘဲ စစ်ကူတပ်တွေ အလုပ်ရှုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝေဝါးသွားအောင် ယောင်ပြဆုတ်ခွာတဲ့အဖွဲ့နဲ့ လမ်းလွဲပေးခဲ့တာလို့ ဆိုတယ်။ တကယ့် ပင်မအဖွဲ့ ကြီးက တပ်ဖျောက်ပြီး ခလရ (၉၅) ခွင်ထဲမှာ ကျန်ခဲ့ပါတယ်။

တစ်ရက်နှစ်ရက်အတွင်းမှာပဲ လွယ်ကျက်တောဆိုတဲ့ အဲဒီပတ်ဝန်းကျင်မှာ အမြင့်ဆုံး၊ လူသူအရောက်အပေါက် အနည်းဆုံး၊ မြတ်စွာဘုရားရဲ့ ခြေတော်ရာရှိပေမယ့် တော်ရုံတန်ရုံ ဘယ်သူမှမရောက်နိုင်တဲ့ လျှိုမြောင်ချောက်ကမ်းပါးတွေ ပေါတဲ့ဒေသမှာ ရန်သူ အုပ်စုတစ်စုရောက်နေကြောင်း ခလရ (၉၅) ကသတင်းရလိုက်တယ်။

ပလောင်အဖွဲ့လို့ဆို့တဲ့အတွက် ခလရ (၉၅) ချယ်ခေါင်စခန်းထိုင်ခွဲရုံး ၂ စုနဲ့ မန်တုံချယ်ခေါင် လှူပ်ရှားခွဲရုံး ၂ စုကို အဲဒီခွင်ထဲဝင် ရောက်ရှင်းလင်းဖို့ ထိုးသွင်းလိုက်တယ်။

တစ်ရက်ခရီးဝင်ပြီး လွယ်ကျက်တောမရောက်ခင်ပါပဲ ရန်သူအင်အားကြီးမားကြောင်း **KIA** ပါ ပါကြောင်း သိရတဲ့အတွက် ခလရ (၉၅) စစ်ကြောင်း (၁) အရန် ခွဲရုံး ၂ စုကို ထပ်လွှတ်ခဲ့တယ်လို့ သိရတယ်။ လွယ်ကျက် တောတောင်ခြေရောက်တာနဲ့ ထိတွေ့မှုစတင် ဖြစ်ပွားခဲ့ပြီး

မြရတနာစာပေ



ရန်သူက အသေအချာခံစစ်ပြင်ထားတာတွေ့ရပါတယ်။ ခလရ (၉၅) နဲ့ ချနေတုန်းမှာ မြင်းစီးတဲ့ခေါင်းဆောင် ၂ ယောက်၊ ပွိုင့် ၅ လေယာဉ်စက်သေနတ်ကြီး ၂ လက်၊ တခြားလက်နတ်ကြီးတွေပါတဲ့ အဲဒီရန်သူ ပူးပေါင်းစစ်ကြောင်းဟာ လေကြောင်းပစ်ကူလာနိုင်ပြီး အတွင်းပိုင်းနေရာဖြစ်တဲ့အတွက် ဗိုင်းပတ်ပိတ်ဆို့ ချေမှုန်းခံရနိုင်တာကြောင့် ခွာစစ်ဆင်ပါတော့တယ်။

ရန်သူဟာ ခလရ (၉၅) စစ်ကြောင်းကို နောက်ချန်အဖွဲ့နဲ့ ထိန်းထားပြီး ပင်မအဖွဲ့က ထားချက်ရွာပျက်ဘုရားဘက်ကို ဆုတ်သွားပါတယ်။ အဲဒီအဖွဲ့ကို ပိတ်ဆို့ချေမှုန်းဖို့ ကျွန်တော်တို့တပ်ရင်း ခမရ (၁၉) စစ်ကြောင်း ၂ အဖွဲ့ထားချက်ရွာပျက်ဘက်ကို ထွက်ရမှာပါ။

၁၉၈၉ ခုနှစ် ဧပြီလ ၁၀ ရက်နေ့ညနေပိုင်းမှာ ဗိုလ်မှူးမြင့်အောင်ဦးစီးစစ်ကြောင်း (၂) နဲ့ တပ်ခွဲနှစ်ခွဲက ထုတ်နုတ်တပ်စု ၄ စု အင်အား ၈၀ ဝန်းကျင်ခန့်ဟာ **KIA** တပ်မဟာ (၄) ခွင်ထဲကိုဝင်ဖို့ ထော်လာဂျီတွေနဲ့ နမ့်ခမ်းမြို့ကလေးရဲ့ အရှေ့မြောက်ဘက်ယွန်းယွန်းကို ထွက်လာကြတယ်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဧပြီလ ၁၁ ရက်နေ့မှာ ထော်လာကိုတွေပြန်လွှတ်လိုက်ပြီး ခြေကျင်ခရီးစပါတယ်။ ဧပြီလ ၁၁ ရက်နေ့ ညနေမှာ တောထဲမှာညအိပ်ရပ် နားပြီး ဧပြီ ၁၂ ရက်နေ့မှာ ရည်မှန်းချက်ဖြစ်တဲ့ ထားချက်ရွာပျက်ကို ဆက်ထွက်ပါတယ်။ ကျွန်တော်က ပွိုင့်တပ်ခွဲ ဆက်သွယ်ရေးစက်ကိုင် စစ်သည်ပါ။ တွဲဘက်ရေဒီယိုအော်ပရေတာ မပါတော့ စက်ကိုကျောပိုးပြီး လက်လည့်ဂျင်နေရတာကို လွယ်အိတ်လွယ်သလို ရှေ့ဘက်မှာ တွဲလောင်းချဆွဲထားပါတယ်။

တစ်လမ်းလုံး သတိဝီရိယထားပြီး ရှင်းလင်းချီတက်ခဲ့ကြသလို ရည်မှန်းချက်နဲ့နီးလာတော့ ပိုဂရုစိုက်ပြီး ရှင်းလာပါသည်။ ခန့်မှန်း မြေပုံညွှန်း ရွာပျက်ရောက်ခါနီး ကိုက် ၅၀၀ ကျော်ကျော်လောက်မှာ ရှေ့က ပွိုင့်သွားနေတဲ့တပ်စုရုတ်တရက် ရပ်သွားပြီး “ရှေ့မှာတပ်ရှိလား . . .” ဆိုတဲ့ လက်ဆင့်ကမ်း မေးခွန်း ရောက်လာပါတယ်။ မေးခွန်းစစ်ကြောင်းရုံးအဖွဲ့ဆီရောက်သွားပြီး “မရှိဘူး” ဆိုတဲ့ အဖြေပြန်လာပါတယ်။

ကျွန်တော့်နောက်က စစ်သည်ဆီက မရှိဘူးဆိုတဲ့ အဖြေကို ကျွန်တော်ကတစ်ဆင့် ကျွန်တော့်ရှေ့က စစ်သည်





ကို လက်ဆင့်ကမ်း ပြောနေရုံပဲရှိသေးတယ် ပွိုင့်တပ်စုက သေနတ်သံတွေ ထွက်လာပါပြီ။ တိုက်ပွဲစ ဖြစ်နေပါပြီ။ နာရီကိုကြည့်လိုက်တော့ ဧပြီ ၁၂ ရက် မွန်းလွဲ ၁၃း၀၅ တိတိ။

ကျွန်တော်တို့ခွဲရုံးလည်း ရောက်လာတဲ့နေရာမှာပဲ နေရာယူလိုက်ကြတယ်။ ကျွန်တော်တို့ရောက်နေတဲ့ မြေအနေအထားက သိပ်မကောင်းပါဘူး။ တောင်စောင်းတစ်ခုရဲ့ ခါးပန်းလိုနေရာမျိုးမှာ ရောက်နေတာပါ။ ညာဘက်မှာ လေးကိုင်းတစ်ခြမ်းလို ညွတ်သွားတဲ့ ခပ်မတ်မတ်တောင်ကြောရှိပြီး ဘယ်ဘက်မှာတော့ ချုံတွေ ပိန်းပိတ်အောင် ဖုံးလွှမ်းထားတဲ့ လျှိုရှိပါတယ်။ ပြီးတော့ ကျွန်တော်တို့ ရောက်နေတဲ့နေရာက တောင်ယာပျက်ကြီးလား မသိဘူး။ အပင်ကြီးသိပ်မရှိဘူး။

ကျွန်တော်က ကောင်းကင်ကြိုးကို တွေ့တဲ့ချုံပုတ်တစ်ခုပေါ် ပစ်တင်ပြီး ရတဲ့စက်နဲ့ ဆက်သွယ်မှုယူပါတယ်။ စက်ဖွင့်ဖွင့်ချင်း စစ်ကြောင်း (၁) နဲ့ ဆက်သွယ်မှုရပါတယ်။ “မာဃမှ သီဟ၊ မာဃမှသီဟ ကျွန်တော်တို့ ပွဲကနေတယ်၊ ရထားလား” “သီဟမှ မာဃ၊ သီဟမှမာဃ



www.burmeseclassic.com

www.burmeseclassic.com



ရထားဖြစ်တယ်၊ ခဏစောင့် ...” “ရထား ၃၅ ပါ” ကျွန်တော်က ရထားတွေ၊ သင်္ဘောတွေအော်ပြီး ဆက်သွယ်မှု ယူနေတုန်းရှိသေးတယ် ရန်သူပစ်တဲ့ ၆၀ မီလီမီတာ အလုံး ၃၀ လောက်ရှိသွားပြီ။ တပ်စိတ် ၂ စိတ်နဲ့ဖွဲ့စည်းထားတဲ့ ပွိုင့်တပ်စုက ဒုတက မြင့်စန်းဦးစီး တဲ့တပ်စိတ်က ကျွန်တော်တို့ညာဘက် ခြားလွယ်ခုတ်လောက်မှာရှိပြီး နောက်တပ်စိတ်ကတော့ ကျွန်တော့်ရှေ့ တည့်တည့်မှာပါ။

ရန်သူဟာတပ်စိတ် ၂ စိတ်စလုံးကို အပြင်းအထန်ထိုးဖေါက်နေပါတယ်။ ၆၀ မီလီမီတာ ကိုလည်း တအုန်းအုန်း တကျိမ်းကျိမ်းနဲ့ စိတ်ကြိုက်ပစ်နေတာ အလုံး ၄၀ ကျော်လောက်ရှိသွားပါပြီ။ ညာဘက်ကြောက ဒုတက မြင့်စန်း တပ်စိတ်ကို ရန်သူအတင်းဝင်တိုးနေသော ကျွန်တော်တို့ ဆီကနေ အတိုင်းသားမြင်နေရတယ်။ နွေနေ့ လယ်ခင်း ချစ်ချစ်တောက်ပူနေတဲ့အချိန်၊ မြင့်စန်းကို တပ်စိတ်ကလေး ပတ်ပတ်လည်မှာရော ကျွန်တော်တို့ ခွဲရုံးပတ်ပတ်လည်မှာရော ရန်သူ ၆၀ မီလီမီတာ ဗုံးသီးတွေ တဝုန်းဝုန်းကျနေတာ ဘယ်နှလုံးမှန်း မမှန်းတတ်တော့ဘူး။

ကျွန်တော်တို့ရှေ့တည့်တည့်က ရန်သူကလည်း





ကမူးရှူးထိုးဝင်ဝင်ဆောင့်ပါတယ်။ နားထဲမှာ သေနတ်သံတွေနဲ့ဆူညံပြီး ဝေနေတယ်။ စက်လက်နက်ကိုင်တဲ့မောင်ဝင်းလည်း ကျွန်တော်တို့ရှေ့က ပွိုင့်တပ်စိတ်နဲ့ပေါင်းပြီး ခေါ်နေလေရဲ့။ ပွိုင့်တပ်စိတ်ရဲ့နောက်မှာ တပ်ခွဲမှူး၊ ၆၀ မီလီမီတာ စစ်သည်နှစ်ယောက် ခွဲမှူးအကူရဲဘော်၊ ဆေးတပ်သားနဲ့ ကျွန်တော်ပဲရှိတော့တယ်။

လက်ထဲမှာ ဗုံးသီးတစ်လုံးအသင့်ကိုင်ထားတဲ့ ၆၀ မီလီမီတာ စစ်သည်ကိုဝေဇွဲက ဗုံးသီး လေး၊ ငါးလုံးဖြန့်ချထားပြီး တပ်ခွဲမှူး ဗိုလ်ကြီး မန်ခန်ခုတ်ကို “ဗိုလ်ကြီးပစ်ရတော့ မလား”လို့ တတွတ်တွတ် မေးနေတယ်။ ရန်သူဒီလောက် ပစ်နေတာကို တပ်ခွဲမှူးက “နေဦး ... နေဦး” လုပ်နေလို့ကိုဝေဇွဲက စိတ်မရှည်တော့ဘဲ လက်ထဲက ဗုံးသီးကို ပင်ဖြုတ်ပြီး ပြောင်းဝမှာတေ့လိုက်တော့မှာ တပ်ခွဲမှူးက “အေး ... ပစ်” လို့ အမိန့်ပေးပါတယ်။

ကိုဝေဇွဲလည်း လေး၊ ငါး၊ ဆယ်လုံးလောက် ပစ်လိုက်ရော ရန်သူ့ဆီက ကောင်တာပြန်လာတာ တကျိမ်းကျိမ်းနဲ့ မှောင်ထွက်သွားတယ်။ ကံကောင်းတာက ကျွန်တော်တို့အထဲက တစ်ယောက်မှမထိသေးဘူး။ ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



စရာနေရာကလည်းမရှိတဲ့အပြင် နောက်က စစ်ကြောင်းရှုံနဲ့လည်း ခါးဆက်ပြတ်သွားတယ်။ စစ်ကြောင်းရှုံးက ၈၀ မီလီမီတာကိုင်တဲ့ စစ်သည်က ဘယ်လိုလုပ်ပြီး ကျွန်တော်တို့ နောက်နားလေးကပ်ကျန်ခဲ့မှန်း မသိဘူး။ သူကလည်း အားကျမခံ တကိုမ်းကိုမ်းနဲ့ပြန်ထုတယ်။

ရှေ့ကပွိုင့်နဲ့ လမ်းပေါ်မှာ ဖြစ်သလိုထောင်ထားတဲ့ ကျွန်တော့်စက်ဟာကိုက် ၂၀ တောင်မဝေးပါဘူး။ ရန်သူကျည် တဖွဲဖွဲကြားမှာ မကွဲတဲ့ မီးခိုးတွေအူပြီး မြေကြီးထဲ စိုက်နေတဲ့ ဗုံးသီးတွေကတစ်မျောင့်၊ ဘယ်အချိန်များ ထကွဲလိုက်မလဲပေါ့။ တကယ်တော့ ဒီနေရာမှာ စက်မထောင်သင့်ပါဘူး။ ထိတွေ့မှုဖြစ်ဖြစ်ချင်း တပ်ခွဲမှူးကို စက်ဘယ်မှာထောင်ရမလဲမေးတော့ သူက အဲဒီနေရာမှာပဲ ထောင်ဆိုတာနဲ့ ထောင်လိုက်တာပါ။ ဟာ ... ဗိုလ်ကြီးကလည်း ဒီနေရာမှာက ကျည်လမ်းကြောင်း တည့်တည့်ကြီး မကောင်းဘူးနဲ့တူတယ်လို့ ဘယ်ပြောလို့မလဲ။ ယောကျ်ားတွေပဲ၊ ယောကျ်ားထဲမှာမှ စစ်သားလေ။

နာရီဝက် ကျော်ကျော်လောက်ကြာတော့ ဒုတက မြင့်စန်းတို့ တပ်စိတ်ဘက်ကနေပတ်ပြီး ညာဘက်

မြရတနာစာပေ



တောင်ကြောကို တက်သွားတဲ့ ရန်သူတွေကို မြင်နေရတယ်။ မြင့်စန်းတို့ကို အတင်းထိုးဖောက်ဖို့ ကြိုးစားနေ တာက တစ်ဖွဲ့၊ တောင်စောင်းတစ်လျှောက် အတန်းလိုက်တက်သွားတဲ့ အဖွဲ့ကတစ်ဖွဲ့ဆိုတော့ ဒီကောင်တွေ ကျွန်တော်တို့ကို ဝိုင်းပတ်ချေမှုန်းဖို့ ကြိုးစားတော့မယ်ဆိုတာ ရိပ်မိလိုက်ပြီ။ မည်းမည်း မည်းမည်းနဲ့ တောင်ပေါ် တက်သွားတဲ့ ရန်သူ့အင်အားက မနည်းလှဘူး။

ဒီအချိန်မှာ ကျွန်တော့်ဘယ်ဘက်ချုံတွေထဲကနေ တပ်ခွဲမှူးအကူ ရဲဘော်တပ်သား ကျော်ကျော်ဦးက လက်ယက်ပြီး လှမ်းခေါ်တယ်။ ကျွန်တော်ကလည်း ဘာတုန်းပေါ့။ သူက ဘာမှဆက်မပြောဘဲ လာခဲ့ဖို့ချည်းပဲ လက်ယပ်ခေါ်နေတာနဲ့ သေနတ်ဆွဲပြီး သူ့ဆီထွက်သွားတယ်။ ချုံနည်းနည်းတိုးပြီးတာနဲ့ သူညွှန်ပြတဲ့ဘက်ကို ကြည့်လိုက်တော့ ကျွန်တော်တို့နဲ့ ကိုက် ၅၀၀ ကျော်လောက်ဝေးမယ့် ထားချက်ရွာပျက်ထဲမှာ တစ်ရွာလုံးအနှံ့ မည်းနေတဲ့ ရန်သူ ၂၀၀ ကျော်လောက်ကို တွေ့လိုက်ရတယ်။ ဟိုက် ရှာလပတ်ရည် ဒီကောင်တွေ မနည်းပါလား။ အပေါ်ကြော ကို တက်သွားတာလည်း မနည်းဘူး။ ရာသီဥတုက

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက်မှာ သိပ်မရှိဘူးဆိုတာ ရိပ်မိလိုက်ပြီ။

ကိုင်း . . . စစ်သားပဲ၊ သေလည်းသေပေါ့ကွာဆိုပြီး ကိုယ့်နေရာကိုယ်ပြန်ယူလိုက်တယ်။ ၃ နာရီမထိုးခင်လေးမှာပဲ ဒုတကမြင့်စန်းနဲ့ စစ်သည်တစ်ယောက်ကျသွားပြီး သူတို့ဘက်က စပြိုလာပါပြီ။ မြင့်စန်းက မြန်မာ့လက်ရွေးစင် ရွေးထားပြီးဖြစ်လို့ မကြာခင်သွားတော့မယ့် တပ်မတော်လက်ဝှေ့ လက်ရွေးစင် တစ်ယောက်ပေါ့။

"မြင့်စန်းက ပြောလို့မရဘူး၊ အရမ်းမာနကြီးတာပဲ။ ဝပ်ပြီးပစ်ပါဆိုတာကို သူ့ကိုယ်သူ ကျော်ဟိန်းစတိုင် နဲ့ မြောင်းထဲခြေထောက်ချပြီး မဝပ်ဘဲ ဒီအတိုင်းထိုင်ပစ်နေတာ။ ဟိုကောင်တွေအင်အားက နည်းမှမနည်းတာ၊ ဖြစ်ပြီး သိပ်မကြာဘူး သူမှောက်သွားတယ်၊ လည်ပင်းကို ထိတာဗျ" လို့ မြင့်စန်းသေနတ်ကို မရရအောင် ပြန်ဆွဲလာတဲ့ ကိုကိုအောင်က ပြောတယ်။ **Infanty** မှာက လက်ဝှေ့သမားတို့၊ ဘော်လုံးသမားတို့ဆိုရင် ရှေ့တန်းမလိုက်ရလို့ စစ်မတိုက်ရလို့ဆိုပြီး တချို့က ခနဲ့ချင်ကြတယ်။ ဒါကို မြင့်စန်းက မခံချင်စိတ်နဲ့ နေ့ရှာမယူဘဲ ပစ်ပြနေတာပါ။ တလွဲမာနကြောင့် ကျွန်တော်တို့ အကြပ်တစ်ယောက်





စောစောစီးစီး ဆုံးရှုံးလိုက်ရတယ်။

ညာဘက်က တပ်စိတ်ပြိုလာပြီဆိုတော့ ကျွန်တော်တို့ ညာဘက် မလုံခြုံတော့ပါဘူး။ ရှေ့က မောင်ဝင်းစက်လတ်ကလည်း အရမ်းရောင်းကောင်းနေပါတယ်။ သရက်ခရိုင်အနောက်ဘက်ကမ်းသား မောင်ဝင်းကြီးကို ကျွန်တော်က "နရူးဗရူး" လို့ခေါ်ပါတယ်။ အတန်းပညာမရှိပေမဲ့ သူ့ **Professional** ကို အခင်မတန် ကျွမ်းကျင်တယ်။ အားတာနဲ့ သေနတ်သနေတဲ့ကောင်ကြီးပေါ့။

ရုတ်တရက် မောင်ဝင်းဆီက အသံတိတ်သွားလို့ လှမ်းကြည့်လိုက်တော့ ဘေးတစ်စောင်း လဲကျနေတာ တွေ့လိုက်ရတယ်။ သွားပြီ . . . မောင်ဝင်းတော့ ကျသွားပြီနဲ့ တူတယ်။ စက်လတ်ကလည်း သူ့ကိုပဲ ဘေးတစောင်းလေး လဲနေပါတယ်။ ကျွန်တော်သူ့ကို ခပ်တိုးတိုး လှမ်းခေါ်ကြည့်လိုက်တယ်။ "မောင်ဝင်း . . . မောင်ဝင်း" သူ့ဆီက ပြန်ထူးသံမကြားရတော့ ကျွန်တော် စိတ်ပူသွားတယ်။

ဒါနဲ့ သေချာအောင်ဘေးနားက ကျောက်ခဲခပ်ရွယ်ရွယ် တစ်လုံးကောက်ပြီး သူ့ကိုလှမ်းပစ်လိုက်တယ်။ ဘုတ်ခနဲ ကျောက်ခဲထိသွားတဲ့အချိန်မှာ မောင်ဝင်းက



www.burmeseclassic.com

www.burmeseclassic.com



"ရှူး" ဆို လက်ညှိုးနဲ့ပါးစပ်ကပ်ပြီး တိတ်တိတ်နေဖို့ ကျွန်တော့်ကိုယ် လှမ်းအချက်ပြတယ်။ ကျွန်တော် ဇဝေဇဝါဖြစ်တုန်းအချိန်မှာပဲ တစောင်းလှဲပြီးငြိမ်နေတဲ့ မောင် ဝင်းဟာ သူ့ခန္ဓာကိုယ်နဲ့စက်လတ်ကို ဝှန်းခနဲပြန်ထည့် လိုက်ပြီး အသားကုန်ဆွဲပါလေရော။ မောင်ဝင်းဟာ တစောင်းလှဲ သေချင်ယောင်ဆောင်နေပြီး သူလိုချင်တဲ့ နေရာအထိ ရန်သူတက်လာအောင် စောင့်နေတာပါ။ ရန်သူ သူလိုချင်တဲ့ နေရာရောက်မှ ဝှန်းခနဲ လူလှည့်ကျည်ရောက် ဆက်တိုက်ပစ်တော့တာပါပဲ။ ရုပ်ရှင်ရိုက်နေ တာ မဟုတ်ပါ။ ကျွန်တော်နဲ့ မောင်ဝင်း ၁၅ ကိုက် ကျော်ကျော်လောက်သာ ဝေးပါတယ်။ ကျွန်တော် ဒါကြောင့် မောင်ဝင်းကို ချစ်တာပါ။

တစ်အောင့်လောက်ကြာတော့ မောင်ဝင်းက ကျွန်တော့်ကို လက်ဟန်ခြေဟန်နှင့် ဆုတ်ဖို့ အချက်ပေး နေပါတယ်။ ကျွန်တော်က အင်တင်တင် လုပ်နေလို့ သူက "ဆုတ်တော့ ဆုတ်တော့၊ အပေါ်မှာ ကိုယ့်လူ မရှိတော့ဘူး၊ ဟိုကောင်တွေ အပေါ်ကြောကိုတက်သွားကြပြီ။ ကျွန်တော်လည်း ခဏနေရင် ဆုတ်တော့မယ်" လို့ပြောပါ





တယ်။

ကျွန်တော်ကလည်း လေသံခပ်တိုးတိုးနဲ့ "ငါ အမိန့်မရသေးဘူး" ဆိုတော့ သူကဆုတ်တော့လို့ချည်းပဲ ပြောလိုက် ရန်သူဘက် လှည့်ပစ်လိုက်နဲ့ ဒေါကန်နေပုံလည်း ရပါတယ်။ ကျွန်တော်က တပ်ခွဲမှူး ဆုတ်မိန့် မပေးသေး ဘူးလို့ စောဒတက်လိုက်တော့ သူက "ဟာ …ငါ့ိုး မလူကလည်း ခင်ဗျားပထွေးက ဆုတ်သွားပြီး" လို့ဆဲပြီး လှမ်းပြောတယ်။ ဒါနဲ့ ကျွန်တော်လည်း ချုံပုတ်ပေါ်ပစ်တင် ထားတဲ့ ကောင်ကင်ကြိုးကို ရုပ်ပြီး အဲဒီနေရာကနေ မခွာ သေးဘဲ တပ်ခွဲမှူး ဘယ်ရောက်သွားလဲလို့ လိုက်ကြည့်နေမိ တယ်။

တစ်ခွဲမှူးက ကျွန်တော့်နောက် ကိုက် ၅၀ ကျော် ကျော်လောက်မှာရောက်နေပြီး ကျွန်တော့်ကို လက်ယပ် ခေါ်ပါတယ်။ ကျွန်တော် တစ်ချက်တော့ ထောင်းခနဲဖြစ်သွား တယ်။ ကျွန်တော်က အမိန့်မရလို့ မဆုတ်သေးဘူး လို့ မောင်ဝင်းကို ပြောနေတဲ့အချိန်မှာ သူက မပြောမဆိုနဲ့ ဟိုးအနောက်ဘက်ကို ရောက်နေတယ်။ ဒါပေမဲ့ ဒေါသ မထွက်လိုက်ရပါဘူး။ တပ်ခွဲမှူး ကျွန်တော့်ကိုလှမ်းခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်အောင့်မကြာဘူး ရန်သူ့လက်နက်ကြီးတွင် တဝုန်းဝုန်းနဲ့ ကျွန်တော်တို့နားတစ်ဝိုက်ကို စုပြုံကျလာပြီး "ဟော့ ... စောမောင်ခွေးတွေ လက်နက်ချ ..." ဆိုတဲ့အသံတွေနဲ့အတူ ညာဘက်ကြောက ပတ်ဆင်းလာတဲ့ ရန်သူ့ဆီက လက်နက်ငယ်ကျည်တွေ တဖွဲဖွဲ ကျလာပါတော့တယ်။

ကျွန်တော်တို့နဲ့ တပ်ခွဲမှူးကြားမှာ တဝုန်းဝုန်း တကျိမ်းကျိမ်းနဲ့ ဗုံးသီးတွေ ပိုက်စိပ်တိုက်ကျလာပြီး မြင်ကွင်းက မရှင်းတော့ဘူး။ တရှိုးရှိုး တဖောက်ဖောက် အဆက်မပြတ်ကျလာတဲ့ ကျည်တွေနဲ့အတူ ဆူညံနေတဲ့ ရန်သူ့အသံတွေ ပိုပြီးနီးလာတယ်။ ဒါနဲ့ဘေးနားမှာရှိနေတဲ့ ဆေးတပ်သားကိုရဲညွှန့်ဦးနဲ့အတူ နောက်ဘက်ကို ဆုတ်ရင်း ညာဘက်လျှိုထဲကို လိမ့်ချလိုက်တယ်။

စောစောကပြောခဲ့တယ် လျှိုစောင်းတစ်လျှောက်မှာရှိတဲ့ ချုံတွေက ဆူးတွေနဲ့ချုံတွေ ဖြစ်နေတယ်။ ကိုင်းဆူးလည်းဆူး မတတ်နိုင်တော့ဘူး။ အတင်းလိမ့်ချရတော့တာပေါ့။ ကျွန်တော်က ခန္ဓာကိုယ်ဝိတ်နဲ့ ချုံကို ပိကျသွားအောင် အားစိုက်တိုးနေတုန်း ရှိသေးတယ်။ နောက်တစ်ယောက်က ကျွန်တော့်ကုပ်ပိုးပေါ် ကျလာတယ်။





"နင့်မေဂလွှား ... ဖြည်းဖြည်းတိုးပါဟ" လို့ပြောနေတုန်း နောက်တစ်ယောက်ထပ်ပြုတ်ကျလာတယ်။ ပြီးတော့ နောက်တစ်ယောက်၊ တစ်ယောက်ပြီးတစ်ယောက် ခုန်ချလာကြတာ အောက်ရောက်တော့ စုစုပေါင်း ၉ ယောက်။ စစ်သည်အားလုံးမျက်နှာတွေ၊ လက်တွေ့မှာ ချုံကငြိလာတဲ့ ဆူးသေးသေးလေးတွေနဲ့။ကျွန်တော်ဆေးတပ်သား၊ ၈၁ မီလီမီတာ ကိုင်တဲ့စစ်သည်နဲ့ နာမည်မမှတ်မိတော့တဲ့ စစ်သည် ၆ ယောက်ဆိုတော့ ပေါင်း ၉ ယောက်ပေါ့။ ၈၁ သမားက သူ့ဘေးကို ရန်သူ့လက်နက်ကြီးကျပြီး ၈၁ ပြောင်းတခြားလူတခြား လွင့်ထွက်သွားတာ။ ၈၁ ပြောင်းလည်း ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ သူ့ခေါင်းကတော့ လက်နက်ကြီးမှန် ထားပြီး တစ်ခေါင်းလုံး သွေးတွေရွှဲလို့။ စစ်သည်တချို့ရဲ့ လက်ထဲမှာ ၈၁ မီလီမီတာ ဗုံးသီးတွေ၊ ၆၀ မီလီမီတာ ဗုံးသီးတွေနဲ့ ၇.၆၂ ကျည် ၅၀၀ ပုံးတစ်ပုံးပါလာတယ်။ ၈၁ မီလီမီတာ အောက်ခံခုံကြီးပါ ပါလာသေးတယ်။

ကျွန်တော်က ကျွန်တော့်သေနတ်၊ စက်နဲ့ ဂျင်နရေတာကြီးလွယ်ပြီး ကျည် ၅၀၀ ပုံးသယ်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



စစ်သည်ကို တစ်ဖက်က ကူဆွဲလိုက်တယ်။ လှိုဏ်ထဲမှာ ချိုင့်ကောင်းကောင်းတွေ့တာနဲ့ ကျည်ပုံးနဲ့ ဗုံးသီးအားလုံးကို မြှုပ်ပြီး ကျောက်ခဲတွေ သစ်ရွက်ကြွေတွေနဲ့ ပုံဖျက်ပြီး ဝှက်ထားလိုက်တယ်။ (တိုက်ပွဲပြီးတော့အားလုံးပြန်ရပါတယ်)

တပ်ခွဲမှူးလည်း ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ စက်လက်သမား မောင်ဝင်းလည်း ပါမလာဘူး။ ကျော်ကျော်ဦး၊ ကိုကိုအောင် တို့လည်း ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး။ ၆ဝ မီလီမီတာ ကိုင်တဲ့ ကိုဝေဠုနဲ့သူ့ Gunner 2 အခါစစ်သည် အားဆိုကိုလည်း မတွေ့မိဘူး။ သူတို့လွတ်ရဲ့လား။ ဘုရားမလို့ လွတ်ပါစေ . . .။ သူများအကြောင်း စဉ်းစားလို့သာ စဉ်းစားနေတာ ကိုယ်ကိုယ်တိုင်လည်း ဘယ်တိုးရမှန်းမသိတော့ဘူး။ အပေါ်ဘက်မှာ ရန်သူပစ်ရှင်းရှင်းတဲ့ အသံတွေနဲ့ ဆူညံနေတယ်။

"ဟော့ . . . စောမောင်ခွေးတွေ၊ ကြောက်နေပြီလား။ ထွက်ခဲ့ကြလေ၊ လက်နက်ချကွ" ဆိုတဲ့ အသံတွေ ကြားရတယ်။ အားမတန်လို့ မာန်လျှော့လိုက်ရပေမယ့် ကျွန်တော့်မှာရှိတဲ့ **BA 91** လက်ပစ်ဗုံးထဲကို ထည့်ထား လိုက်တယ်။ "ကိုင်း . . . လာစမ်း။ ငါ့ကိုတော့အရှင်ရမယ်မထင်နဲ့၊





ငါသွားရင် မင်းတို့လည်းပါရမယ်" လို့ စိတ်ထဲက ကြုံးဝါးလိုက်တယ်။

ရန်သူပစ်ရှာရှာရင်း လှမ်းပစ်လိုက်တဲ့ ကျည်တချို့ ဖောက်ခနဲ၊ ဖောက်ခနဲ လှိုဏ်ထဲကို ရောက်လာတယ်။ ဒီလှိုဏ်အတိုင်းပဲ ဖောက်ထွက်မလား၊ တခြားလမ်းကြောင်း တစ်ခုခုရှာရင် ကောင်းမလား။ နောက်မှာကျန်ခဲ့တဲ့ ဘယ်ဘက်ကြောက ဗိုလ်မှူးမြင့်အောင်တို့ စစ်ကြောင်းကို တက်ရှာရင်ကောင်းမလား။ ဝေခွဲမရ၊ လှိုဏ်ထဲမှာ လမ်းပျောက်နေတဲ့ ကျွန်တော်တို့ စစ်သည် ၉ ယောက်၊ တောရိပ်၊ လှိုဏ်ရိပ်၊ မှောင်နဲ့မည်းမည်း။ ရန်သူနဲ့ထပ် တွေ့နိုင်သေးလား၊ ဘာမှမှန်းဆလို့မရ။

၈၁ မမသမားတို့ ဆေးတပ်သားက ပတ်တီးစည်းပေးထားတယ်။ သူကလည်း တဟင်းဟင်း ညည်းလို့ပေါ့။ ကျွန်တော်က လှိုဏ်ဆုံးရင်လမ်းကြောင်း တွေ့မှာပဲဆိုပြီး လှိုဏ်အတိုင်းဖောက်ထွက်ချင်တယ်။ ကျန်တဲ့သူတွေထဲက ၂ ယောက်က ဘယ်ဘက်ကြောကိုတက်ပြီး စစ်ကြောင်းကို ရှာချင်တယ်။ ကျန်တဲ့သူတွေကတော့ အားလုံးသဘောတူတဲ့အတိုင်း လုပ်မယ်ပေါ့။ ကျွန်တော်က တစ်ခါတလေ



www.burmeseclassic.com

www.burmeseclassic.com



မိုက်ရူးရဲဆန်ချင်တယ်။ လျှိုအတိုင်းဖောက်ထွက်မယ်၊ ရန်သူနဲ့တွေ့လည်းရအောင် ဖောက်ထွက်မယ်၊ ကျွန်တော့်ကိုထိရင် ကျွန်တော့်ကို ထားခဲ့လိုက်၊ ကိုယ့်ကိစ္စ ကိုယ်ရှင်းမယ်ပေါ့။

ဒါပေမဲ့ အများက သဘောမတူပါဘူး။ တော်သေးတယ်၊ ကျွန်တော့်အကြံကို သဘောမတူလို့။ သဘောမတူလိုက်ရင် ဒုက္ခတွေ့ဦးမှာ။ ဒါနဲ့ အများဆန္ဒအတိုင်း လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ တကယ်တော့ ကျွန်တော့်ဆုံးဖြတ်ချက်က မှားနိုင်ပါတယ်။ လျှိုအဆုံးမှာ ရန်သူပိတ်ဆို့ရေးအဖွဲ့နဲ့ တွေ့နိုင်တယ်လေ။ လုပ်သက်က စကားပြောတာပေါ့။

လျှိုထဲမှာ တဖြည်းဖြည်းတောတိုးရင်း ဘယ်ဘက်ကို မျက်ခြည်မပြတ်အောင် မြေပြင်ထိန်းသိမ်းပြီးသွား တယ်။ ညနေ ၁၅း၀၀ (၅နာရီ) ဝန်းကျင်လောက်မှာ ဘယ်ဘက်ကြောက လူသံလိုလိုကြားတာနဲ့ရပ်လိုက်ကြတယ်။ အသင့်အနေအထားနဲ့ သတိမပြတ်ဘဲ ဖြည်းဖြည်းချင်းတက်သွားကြတာ အသက်ဝဝမရှုနိုင်သေးဘူး။ ရန်သူလား၊ ကိုယ့်လူလား၊ ဘာမှ မရေရာဘူးလေ။

သေနတ်မောင်းကို ဆွဲတင်လိုက်တယ်။ အဲဒီအချိန်





က ကျွန်တော်တို့ ဆက်သွယ်ရေးတို့ ဆေးတပ်သားတို့ ကိုင်ရတဲ့ ဘီအေ (၅၂) စတင်းဆိုတာ ကျည်ထိုးလို့မရတဲ့ မောင်းတုံးအသေကြီး။ ဘုရားပွဲဈေးတန်းက သေနတ်နဲ့ ခပ်ဆင်ဆင်ပဲ။ ပစ်ခါနီးမှ မောင်းဆွဲတင် ပြီးပစ်ရတာ။ အခု MA တွေပေါ်လာတော့ ဒီသေနတ်တွေ မကိုင်ရတော့ဘူးပေါ့။

နည်းနည်းလောက်တက်ပြီးတော့ ဆေးတပ်သား ကိုရဲညွန့်ဦးကချူးကူ ကြည့်မယ်ကွာလို့ ပြောတယ်။ ကျွန်တော်က ရန်သူရှိရင် ကျွန်တော်တို့ လမ်းပျောက်နေတာ သိပြီ ပြန်ကူမှာပေါ့လို့ ပြောတော့ ပြန်ကူလည်း ကူပေါ့ကွာ။ တွေ့တော့လည်း ချတာပေါ့လို့ပြောပြီး ကိုရဲညွန့်ဦးက ချူးကူလိုက်တယ်။ အပေါ်က ချူးကူသံပြန်ပေး တာကြားရတယ်။ ကျွန်တော်ကတော့ မယုံရဲသေးပါဘူး။ တိုကောင်တွေ အယောင်ဆောင်ပြီး ပြန်ကူနိုင်တာပဲ။

"တကူးကူး ...ကူး" "တကူးကူး ...ကူး" "ဘယ်သူလဲဟေ့" လို့ ခပ်အုပ်အုပ်အော်သံကြားရ တယ်။

ဟား ... ပျော်သွားတာပဲ။ အဲဒါစက်လတ်သမား ရှူးရှူး မောင်ဝင်းကြီး အသံလေ။ ကိုရဲညွန့်ဦးက



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ဟေ့ . . . ရဲညွှန့်ဦးတို့အဖွဲ့ကွ"လို့ ပြန်အော်လိုက်တယ်။ မောင်ဝင်းကြီးက "စက်ပါလား . . . စက်၊ ကိုကျော်ပါလား" လို့ပြန်မေးတယ်။ ကိုရဲညွှန့်ဦးကလည်း "ပါတယ်" လို့ ပြန်ဖြေလိုက်တယ်။

အပေါ်ရောက်တော့ ကိုယ့်စစ်ကြောင်းနဲ့ ပြန်ပေါင်းမသွားပြီးလေ။ ပြီးတော့ လက်ရှိနေရာလေးက အတန်အသင့် မဆိုးဘူးလို့ ဆိုရမယ်။ ကျွန်တော်တို့ ညာဘက်မှာ တောင်ကုန်းမရှိတော့ဘူး။ ရှည်မျောမျောနဲ့ နေရာကျဉ်းကျဉ်းလေးက စိုးမိုးကုန်းလေး တစ်ခုလိုဖြစ်နေတာလေ။

အပေါ်မှာတော့ အလင်းရောင်နည်းနည်း ကျန်သေးတယ်။ စစ်ကြောင်းကစက်သမား စိုးလွင်နဲ့တွေ့တယ်။ သူက junior ဆိုတော့ ကျွန်တော်ပဲ စက်ကိုင်လိုက်တယ်။ ကျွန်တော်ပျောက်ကွယ်သွားမှန်းသိလို့ စစ်ကြောင်း (၁) အပါအဝင်တပ်ခွဲက စက်တွေအားလုံး ၃၅ လုပ်ပြီး စောင့်နားထောင်နေကြတယ်။ ကျွန်တော် ပြန်ရောက်လာပြီဆိုတာ ကြားတော့မှ သူတို့လည်း စိတ်အေးသွားကြတယ်။

သူငယ်ချင်းတွေပြန်တွေ့တော့ "ဟီး . . . ငါတို့က





KIA မင်းကို သေနတ်နဲ့ချိန်ပြီး စက်ဖွင့်ခိုင်းနေပြီ အောက်မေ့တာ"တဲ့။ "ရမလားကွာ၊ ငါ့လက်ပစ်ဗုံးရှိနေသရွေ့တော့ ငါ့အလောင်းပဲရမယ်"လို့ ကျွန်တော်ပြန် ပြောလိုက်တယ်။

၆ နာရီလောက်မှာ ရန်သူတစ်ကျော့ ဝင်းတိုးတယ်။ နောက်ပြန်ငြိမ်သွားပြီး ကျွန်တော်တို့ရှေ့မျက်နှာ စာအောက်ဘက်က ချုံတွေ၊ မြက်တောတွေထဲက တဖြောက်ဖြောက်နဲ့ မီးခိုးတွေအူပြီး မီးညွှန့်တွေ တက်လာတာ တွေ့ရတယ်။ ရန်သူအောက်ကနေ မီးရှို့နေတာပေါ့။ ဒါနဲ့ တပ်စုတပ်ကြပ်ကြီး တစ်ယောက်နဲ့တစ်ဖွဲ့က တက်လာနိုင်တဲ့မီးကို တားတဲ့အနေနဲ့ အပေါ်ကနေမီးပြန်ရှို့လိုက်တယ်။ မီးတန်းနှစ်ခု ဆုံသွားတော့ သူတို့ရှို့တဲ့ မီးလည်း တက်မလာနိုင်တော့ဘူးလေ။ အခုမှ အဆင်ပြေသွားတယ်။ မြင်ကွင်း ကောင်းကောင်းနဲ့ ပစ်ရမှာလေ။ လာစမ်းပါစေ KIA ပေါ့။ ရန်သူက နှစ်ကြိမ်သုံးကြိမ်လောက်ဝင်လုံးကြည့်တာ မရတော့ ခဏနားထားတယ်။

ရန်သူ့ဆီမှာ ပို့င့် ၅ စက်သေနက်ကြီး ၂ လက်နဲ့ ၅၇ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်တစ်လက် ပါလာသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်တယ်။ ကျည်လည်းပေါပုံရပါတယ်။ ကျွန်တော်တို့က အရန်ကျည်ရှိတယ်ဆိုပေမယ့် တိုက်ပွဲ အခြေအနေ ဘယ်လိုဖြစ်လာမယ်မှန်း မသိသေးတော့ နည်းနည်းတော့ ချွေပစ်ရတာပေါ့။ လှုပြန်စုမိတဲ့အချိန်မှာ ဗိုလ်ကြီး မန်ခန်ခုတ်၊ ဗိုလ်ကိုကိုအောင်နဲ့ ဗိုလ်နိုင်လင်းက စစ်သည်တွေကို ဦးဆောင်ပြီး ရန်သူ့ထိုးစစ်ကို ခုခံပြီး စစ်ကြောင်းမှူး ဗိုလ်မှူးမြင့်အောင်က စစ်ကြောင်းတစ်ခုလုံးကို ကွပ်ကဲပါတယ်။

ဒဏ်ရာရစစ်သည်တွေကို အလယ်မှာ ပုံထားလိုက်ပြီး ရန်သူနဲ့မျက်နှာချင်းဆိုင် ထားတဲ့ဘက်မှာ နေရာယူထားတဲ့ စစ်သည်တွေက မားမြောင်လေးတွေနဲ့ ကျင်းလေးတွေရအောင် ကုတ်ကပ်တူးကြတယ်။ တစ်မနက်လုံး ထမင်းမစားရသေးတော့ ဆာလိုက်တာဝမ်းထဲမှာ ပူလောင်နေတာပဲ။ တိုက်ပွဲဖြစ်နေတဲ့အချိန်မှာ ဖောကပ်နေပြီး ထမင်းကို သတိမရပေမဲ့ ခဏနားလိုက်တဲ့အချိန်မှာ ဆာတာပေါ့။ ရေလည်း မရှိတော့ဘူးလား။ အားလုံး ရေငတ် ထမင်းငတ်ပေါ့။

စိုးလွင်က သူ့ဟန်းကောထဲမှာ မနေ့က ထမင်း





ကျန်သေးတယ်ထင်တယ်ဆိုပြီး ဘေးနားက ကျောပိုးအိတ်ထဲက ဟန်းကောကို ဖြုတ်လိုက်တယ်။ ဟန်းကောအဖုံးဖွင့်ပြီး အထဲကို မီးခြစ်ကြည့်လိုက်တယ်။ လှမ်းအော်ဆဲ သံကြားလိုက်ရတယ်။ မသိချင်ယောင်ဆောင်ပြီး ကြည့်လိုက်တော့ ဟန်းကောထဲမှာ အရည်တစိစိ ထွက်ပြီး မှိုပွင့်တွေ အဆုပ်လိုက်ကပ်နေတဲ့ လက်သီးဆုပ်လောက် ကဖော်ပေါက်ပြီး သိုးနေတဲ့ထမင်းကျန်လေးကို တွေ့တယ်။ အနံ့ကတော့ စူးနေတာပဲ။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး စိုးလွင်က "စားမလား အစ်ကို" လို့မေးတော့ "အေး ...စားတာပေါ့ကွာ" လို့ပြောလိုက်တယ်။ နှစ်ယောက်သားကလေးတွေ ဆေးသောက်သလို နှာခေါင်းပိတ်ပြီး ထမင်းအသိုးလေးကို တစ်ယောက်တစ်လုတ် မျိုချလိုက်ကြတယ်။ ငံကျိကျိ ချဉ်စုတ်စုတ်လေး ခင်ဗျာ။ ဘာပဲဖြစ်ဖြစ် ဗိုက်ထဲမှာ အစာနည်းနည်းတော့ ဝင်သွားတယ်ဆိုတဲ့အသိနဲ့ အားတွေ ဘာတွေတောင် ရှိလာသယောင်ယောင်ပေါ့။

ည ၂၀း၀၀ (နာရီ) လောက်ကျတော့ ရန်သူ ဝင်လုံးဖို့ ကြိုးစားလာပြန်ပါတယ်။ မရတော့ဘူး ယောက်ဖ

www.burmeseclassic.com

www.burmeseclassic.com



တို့ရေ နေ့လယ်ကရတာ ဘာမှမပြင်ဆင်ရသေးတဲ့နေရာမှာ အလစ်အငိုက် အလုံးအရင်းနဲ့ဝင်ဆောင့်လိုက်လို့ ပြိုသွားတာ။ အခုတော့ အားလုံးအသင့်။ လာထားစမ်း။ မင်းတို့လည်း အသက်တစ်ချောင်းစီ ငါတို့လည်း အသက်တစ်ချောင်းစီပဲ။

ရန်သူဟာ တစ်ကြိမ်ကြိုးစားလိုက် မရရင် ပြန်ဆုတ်သွားလိုက်နဲ့ အကြိမ်ကြိမ် ထိုးဖောက်ဖို့ကြိုးစားပါတယ်။ ကျွန်တော်တို့အားလုံးကလည်း နောက်ဆုံးကျည်ဆန်ကျန်တဲ့အထိ တိုက်ပွဲဝင်ဖို့ ဆုံးဖြတ်ထားပြီးသားပါ။ စက်ကတော့ တောက်လျှောက်ဖွင့်ထားတာပေါ့။ နမ့်ခမ်းမှာရှိတဲ့ တပ်ရင်းမှူးစစ်ကြောင်းကလည်း ခလရ (၉၅) စစ်ကူလာဖို့ ညှိနှိုင်းထားပြီးဖြစ်ကြောင်းနဲ့ တောင့်ထားဖို့ ပြောပါတယ်။ မိုင်းခတ်မှာကတည်းက စစ်ကူဆို ဆလံသသွားတဲ့ ကျွန်တော်ကတော့ သိပ်မမျှော်ပါဘူး။

ညဦးပိုင်းက ပွိုင့် ၅ နဲ့ပစ်ထားတဲ့ ဒဏ်ကြောင့် ည ၁၂ နာရီလောက် လေနည်းနည်းတိုက်တဲ့အခါ ပေါ်ဝ်လုံးခြေသလုံးလောက်ရှိတဲ့ အပင်တချို့ တဂျွတ်ဂျွတ်နဲ့ ကျိုးကျကုန်တယ်။ ရန်သူကလည်း ဖွဲကောင်းကောင်းနဲ့တက်ဖို့





ကြိုးစားတုန်းပါပဲ၊ လူများတာကိုး။

သစ်ပင်တွေ၊ သစ်ကိုင်းတွေကို လာမှန်တဲ့ ရန်သူ့လက်နက်ငယ်သံ တချို့ဟာ အနားမှာကပ်ပြီး ပစ်သလို ဖောက်ဖောက်နဲ့ အသံမြည်တယ်။ ရှတ်တရက်ဆို ကိုယ့်ဘက်က စည်းပေါက်သွားပြီး ရန်သူအထဲရောက်လာပြီလားလို့ ထင်ရတယ်။ စစ်သည်တချို့ကတော့ အဲဒါ နှစ်ဆင်ကွဲကျည်လို့ ပြောတာပဲ။ ဟုတ်မဟုတ် ကျွန်တော်လည်း သေသေချာချာမသိဘူး။ !

ကျောက်တုံးတွေ၊ သစ်ပင်စောင်းတွေကို မှန်ပြီး **twist** ဖြစ်သွားတဲ့ အသံတချို့က ရုပ်ရှင်တွေထဲက အသံနဲ့ ခပ်ဆင်ဆင်ဆိုတော့ ကျွန်တော်ကနောက်ပြီး ''ဟေ့ ... ကြားလား၊ 'ထွန်းညွန့်တဲ့ ...၊ ဟောဟော ဒီအသံက ဌေးဝင်းညွန့်ဖြစ်သွားပြန်ပြီဟ ...၊ ဟော ဒီတစ်ခါကျတော့ ဌေးအောင်တဲ့ဟ'' လို့ပြောတော့ စိုးလွင်က''ဟာ ... ကိုကျော်ကလည်း ဒီအချိန်ကြီးမှာ မနောက်ပါနဲ့''တဲ့။

တစ်ခါတလေ ဒဏ်ရာရထားတဲ့ လူနာတွေဆီက တအင်းအင်းညည်းသံ ထွက်လာတာ ကြားတော့လည်း စိတ်မချမ်းသာပြန်ဘူး။ ဒဏ်ရာရထားတဲ့ စစ်သည်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က အခြေအနေကောင်းရဲ့လားလို့ ခပ်ယဲ့ယဲ့အသံနဲ့ တီးတိုးမေးတယ်။ ကျွန်တော်က ကောင်းပါတယ်ကွာလို့ ပြန်ဖြေတော့ ''ငါ့နားမှာ သေနတ်ထားထားပေးပါ။ တဲ့။ ကျွန်တော် သူ့ကိုကြည့်ပြီး သနားသွားတယ်။ ရန်သူအင်အားများတာ သူသိတယ်လေ။ ပြီးတော့ ကျွန်တော်တို့ အင်အား ၈၀ လောက်မှာ ပထမရက် လူစုကွဲတဲ့အဖွဲ့၊ ကျဆုံး၊ ဒဏ်ရာရ စစ်သည်တွေနဲ့ဆိုတော့ တကယ်တိုက်ပွဲဝင်နေတဲ့အင်အားက တော်တော်လေး နည်းသွားပြီ။

''စိတ်ချသူငယ်ချင်း ငါတို့မင်းတို့ကိုထားခဲ့ပြီး ဘယ်တော့မှ မပြေးဘူး။ ငါတို့သေမှ မင်းတို့သေရမယ်။ စိတ်ချလက်ချ မှိန်းနေပါကွာ'' လို့ပြန်ပြောလိုက်တယ်။ ဒီလိုနဲ့ ၁ နာရီဝန်းကျင်လောက်မှာ ရန်သူလည်း မောသွားပုံရပါတယ်။ ရန်သူ့ထိုးစစ် ခဏတန့်ပြီး နားသွားတယ်။

ကျွန်တော်တို့အဖွဲ့လည်း ရတဲ့အချိန်လေးမှာ ကြက်အိပ် ကြက်နိုး နှစ်နာရီဝန်းကျင်လောက် အိပ်ခွင့်ရလိုက်တယ်။ ကျွန်တော်ထင်ပါတယ်။ ဒီလောက်ရန်သူဝိုင်းထားတဲ့အချိန်မှာ ဘယ်သူမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်မှာလည်း မဟုတ်ပါဘူး။ ရန်သူက **KIA** တပ်မဟာ ၄





လက်အောက်ခံအဖွဲ့၊ ပလောင်သောင်းကျန်းသူအဖွဲ့နဲ့ **ABSDF** ပူးပေါင်းအင်အား ၈၀၀ ဝန်းကျင်လောက်ရှိပါတယ်။ အရပ်သားပြောတဲ့ သတင်းကတော့ ရန်သူ့အင်အား ၁၂၀၀ လောက်ရှိသတဲ့။

မနက် ၃ နာရီဝန်းကျင်လောက်မှာ ရန်သူတစ်ကျော့ ပြန်တက်လာတယ်။ တအုံးအုံး တဒိုင်းဒိုင်းနဲ့ မနေ့ကမကျေပွဲကို ပြန်နွှဲကြတယ်။ ပစ်ကွင်းပိုရှင်းလာတော့ ကျွန်တော်တို့အတွက် တစ်ပန်းသာလာပြီး ရန်သူ တက်ရတာ ပိုခက်တာပေါ့။ လက်နက်ကြီးပစ်ကူးနဲ့ အနီးကပ်ဝင်လုံးဖို့ အကြိမ်ကြိမ် ကြိုးစားပေမယ့် ပြန်လန်ကျသွားတာချည်းပဲ။

မိတ္ထီလာသား ဒုတက တစ်ယောက်ရှိတယ်၊ နာမည်တော့ မေ့နေပြီ။ သူက ရန်သူ့လက်ပစ်ဗုံးတချို့ကို ပြန်ကောက်ပြီး ရန်သူ့ဆီ ပြန်ပစ်တယ်။ တစ်ခါတလေ ရန်သူ့လက်ပစ်ဗုံး အောက်ကျတဲ့အထိ ပြန်ကန်ထုတ်လိုက်သေးတယ်တဲ့။ သူ့တပ်စိတ်က ရဲဘော်တွေပြောပြတာ။

ကျွန်တော်ကတော့ ထုံးစံအတိုင်း စက်သေနတ်လျှောက် ဖွင့်ထားရတာပေါ့။ ကိုယ့်သေနတ်က သိပ်

www.burmeseclassic.com



မကောင်းတော့ ဘေးနားမှာ ဒဏ်ရာရတဲ့စစ်သည် သေနတ်ကို ကြည့်ထားရသေးတယ်။

ရမခတိုင်းမှူးကိုယ်တိုင် စက်ပေါ်တက်လာပြီ လေယာဉ်ယူမလားလို့ မေးတယ်။ လာရှိုးလေယာဉ်ကွင်းမှာ ဗုံးအသင့်ချိတ်ပြီး တိုက်လေယာဉ် ၂ စင်းရှိတယ်၊ လိုရင်ချက်ချင်း လွှတ်ပေးမယ်လို့ ပြောပါတယ်။ စစ်ကြောင်းမှူး ဗိုလ်မှူးမြင့်အောင်က လေယာဉ်မလိုဘူးလို့ပဲ ပြန်တင်ပြပါတယ်။

တိုင်းမှူးက လေကြောင်းပစ်ကူလိုရင် ပေးမယ်လို့ ပြောတာကို စစ်ကြောင်းမှူးက မယူဘူးပြောတော့ ကျွန်တော် စစ်ကြောင်းမှူးကို သိပ်အစာမကျေချင်ဘူး။ ကိုယ့်လူတွေလည်း ခံထားရတဲ့အပြင် ဗုံးချိတ်ပြီးသား လေယာဉ် ၂ စင်းလည်း အသင့်ရှိနေပြီး ဒီလောက် မြင်ကွင်းရှင်းနေတာ လေကြောင်း ပစ်ကူယူသင့်တယ်လို့ ကျွန်တော်က တွေးနေတာပေါ့။

ဗိုလ်မှူးမြင့်အောင်က ကျွန်တော့်ကို "ငါလေယာဉ်မလိုဘူး ပြောလို့ မင်းသိပ်မကြည်ဘူး မဟုတ်လား" လို့ မေးတယ်။ အထက် လူကြီးဆိုတော့ မဟုတ်ပါဘူးလို့ပဲ





ပြောရတာပေါ့။ ဒါပေမဲ့ သူက ကျွန်တော့်ကို ရှေ့ဘက်ခေါ်သွားပြီး "ရန်သူနဲ့ ငါတို့ ဘယ်လောက်ဝေးမယ်လို့ မင်းထင်လဲ" လို့မေးပါတယ်။ "အလွန်ဆုံး ကိုက် ၁၀၀ ပေါ့" လို့ ကျွန်တော်က ပြန်ဖြေပါတယ်။ သူက "အေး ၇၅ ကိုက်၊ ကိုက် ၁၀၀ ထက်မပိုဘူး။ ဒီတော့ မြေပုံပေါ်မှာ ဂရစ်ကွက်တစ်ကွက် ဘယ်လောက်လဲ။ "ကိုက်တစ်ထောင်ပါ ဗိုလ်မှူး" လို့ဖြေလိုက်တော့ သူက "အေး ... ကိုက် ၁၀၀ တောင်မပြည့်တဲ့ မြေအနေအထားမှာ ကိုယ့်ဘက်ကို ပြန်မကျပါဘူးလို့ မင်း အာမခံနိုင်သလား" တဲ့။ ကျွန်တော်ကလည်း "ဘယ်အာမခံနိုင်ပါ့မလဲ ဗိုလ်မှူးရာ" လို့ ပြန်ပြောလိုက်ပါတယ်။ အဲဒီတော့မှ သူက "အေး ... ဒါဆို ငါဘာလို့ လေကြောင်းပစ်ကူ မယူသလဲဆိုတာ သဘောပေါက်လား" လို့ပြောပါတယ်။ ကျွန်တော်လည်း ဟုတ်ကဲ့လို့ တစ်ခွန်းပြောပြီး ကိုယ့်စက်နေရာကို ပြန်ထွက်လာခဲ့တယ်။

ယေဘုယျပြောရရင် အခြားအဆင့်က အခြားအဆင့် တွေးသလောက်ပဲ တွေးလေ့ရှိပြီး အရာရှိကတော့ အရာရှိလိုတွေးမယ်ဆိုတာ အသက်ကြီးလာတော့မှ သဘောပေါက်လာတာပါ။ တချို့နေရာတွေမှာတော့



www.burmeseclassic.com

www.burmeseclassic.com



ခြင်းချက်တွေရှိကောင်း ရှိနိုင်ပါလိမ့်မယ်။

တစ်မနက်လုံး ဘ၀တစ်ပြန်ကျားတစ်ပြန် တွယ်လိုက်ကြတာ မနက် ၁၁ နာရီ ၀န်းကျင်လောက်မှာ ခလရ (၉၅) ကစစ်ကူလိုက်လာတဲ့ တပ်ခွဲရောက်လာတယ်။ ရောက်ခါနီးကတည်းက သူတို့ဆီမှာပါတဲ့ လက်နက်ကြီး (သူတို့က တိုင်းတပ်ဆိုတော့ ၃ လက်မ စိန်ပြောင်းလားတော့ မသိဘူး။)နဲ့ ရန်သူ့ဘက်ကိုမှန်းပြီး လှမ်းထုလာတာ။ တပ်ခွဲမှူးက တပ်မတော်မှာ မြင်တွေ့ဖူးနေကျ အရာရှိတွေထက် အသက်ကြီးနေတော့ နည်းနည်းဆန်း သလိုဖြစ်နေတယ်။ ''ဆောရီး ဗိုလ်မှူးရာ၊ ကျွန်တော်လည်း အပြေးလာတာပဲ။ ဟိုးအဝေးကြီးက လာရတာဆိုတော့ ခရီးက နည်းနည်း လှမ်းတယ်လေ၊ ကျွန်တော့် ကောင်တွေကို အပြေးမောင်းတင်လာတာပါ။ နောက်ကျသွားတာ ဆောရီးပါ'' လို့ ပြောတဲ့ ဗိုလ်ကြီးက အသက် ၅၆ နှစ် ၀န်းကျင် လောက်ရှိနေပြီ။

ကျွန်တော်တို့ စစ်ကြောင်းမှူးကလည်း ဧည့်၀တ်စကားပြန်ပြောပြီး နေရာချပေးပါတယ်။ ရန်သူက အဲဒီအချိန်မှာ တဖြည်းဖြည်းဆုတ်နေပါပြီ။ သူတို့စိတ်ထဲ လေကြောင်း





ပစ်ကူလာချင်လာနိုင်တယ်လို့လည်း တွက်ကောင်းတွက်မှာပေါ့။ စစ်ကူရောက်လာတဲ့ ဗိုလ်ကြီးက သူ့ကိုစိုင်းကြည့်နေတာကို ရိပ်စားမိပြီး ''ကျွန်တော့်ကို အသက်ကြီးလို့ အံ့ဩနေကြတာလား။ အင်း ... ဟုတ်တယ်ဗျ။ တပ်မတော်မှာ ကျွန်တော့်လိုမျိုး အရာရှိဖြစ်တဲ့ သူနည်းမယ်ထင်တယ်။ ကျွန်တော်က စီကြူကနေ တိုက်ပွဲထူးချွန်နဲ့ အရာရှိဖြစ်လာတာပါ'' လို့ရှင်းပြပါတယ်။

သူတို့အဖွဲ့လည်း အလွယ်တကူရောက်လာတာတော့ မဟုတ်ဘူး။ ထားချက်ရွာပျက်မရောက်ခင် ပလောင်အဖွဲ့စောင့်နေတဲ့ သတ်ကွင်းကြီး တစ်ခုရှိသေးတယ်။ အဲဒီသတ်ကွင်းကြီးကို မိုက်မိုက်ကန်းကန်း ဖြတ်လာကြတာတဲ့။ ရန်သူက စစ်ကူအဖွဲ့သတ်ကွင်းကို မဖြတ်လောက်ဖူးလို့တွက်ထားတာကို အခွင့်ကောင်းယူ အသုံးချလိုက်တာပေါ့။ သူတို့တွက်တာ မှန်သွားတယ်။ သတ်ကွင်းကို မဖြတ်ဘဲ ညာဘက်ကြောတောင်စောင်း အတိုင်းရှင်းထားရင် ရန်သူက အဲဒီလမ်းကြောင်းကို ပွိုင့် ၅ စက်သေနတ်ကြီးနဲ့ ပုံသေချိန်ထားပြီး ထိုင်စောင့်နေတာတဲ့။

စောစောက ကျွန်တော်ပြောတဲ့အတိုင်း ထားချက်



www.burmeseclassic.com

www.burmeseclassic.com



ရွာပျက်ထဲမှာ ရန်သူက ၂၀၀ ကျော် ၃၀၀ နီးပါးလောက်ရှိသေးတယ်။ ဒီကို မရောက်ခင် ထားချက်နားက ဖြတ်လာရမှာဆိုတော့ ထားချက်ကို အရင်တက်သိမ်းရသေးတယ်။ ထားချက်တက်သိမ်းတော့ အဲဒီ အသက်ကြီးကြီး ဗိုလ်ကြီး ဂျောဘီရိုင်းက G3 ပိုက်ပြီး ရှေ့ဆုံးကနေ ပစ်တက်တက်လာတာတဲ့။ ဘာပဲဖြစ်ဖြစ် သူတို့ ရောက်လာတော့ ကျွန်တော်တို့လည်းအားရှိ သွားတာပေါ့။ တိုက်ပွဲပြီးလို့ ရန်သူကို ၅၇ မီလီမီတာ နောက်ပွင့်ပစ်နေရာသွားကြည့်တော့ ၅၇ ကျည်ခွံတွေ ပုံနေတာပဲ။ ရန်သူပစ်တဲ့ နေရာက ကျွန်တော်တို့ အဖွဲ့နဲ့ ၇၅ ကိုက်တောင် မဝေးချင်ဘူး။ ဩော် ... ဒါကြောင့် နည်းနည်းခံသာသွားတာကိုး။ ၅၇ ပစ်တဲ့ငနဲသားက ကျွန်တော်တို့အဖွဲ့ရဲ့ ပင်မစစ်ကြောင်းရှိမယ့် နေရာကို မှန်းထုပုံရပါတယ်။ ပစ်သမျှအလုံးတော်တော်များများက ကျွန်တော်တို့ကိုကျော်ပြီး နောက်ဘက်မှာချည်း သွားကျတာများတယ်။ တချို့အလုံးတွေလည်း ကျွန်တော်အုပ်စုကြားထဲကျတာပေါ့။ တကယ်က သူတို့ထင်သလို နောက်ဘက်မှာ ဘာပင်မစစ်ကြောင်းမှမရှိဘူး။ ပွိုင့်အဖွဲ့ရော ပင်စစ်ကြောင်းရော ဒါအကုန်ပဲ။



သူတို့က ပွိုင့်လို့ ထင်နေတဲ့ အဖွဲ့မှာအားလုံးအကုန် ရှိနေတာလေ။ နောက်ပိတ် အဖွဲ့တောင် သိမ်းမထားနိုင်ဘူး။

အဲ ... အရှိန်ပျက်သွားမှာစိုးလို့ မပြောဘဲ ခထာချန်ထားတာ ရှိသေးတယ်။ တိုက်ပွဲပထမနေ့မှာ လူစုကွဲကုန်ကြတာ ကျွန်တော်တို့တစ်ဖွဲ့ တည်းမဟုတ်ဘူး။ အားလုံး ၄ ဖွဲ့လောက်ကွဲသွားကြတာ။ အဲဒီအထဲမှာမှ ကျွန်တော်တို့အဖွဲ့အပါအဝင် ၃ ဖွဲ့ ကိုယ့်စစ်ကြောင်းနဲ့ ပြန်ပေါင်းမိပြီး တစ်ဖွဲ့ကတော့ ဖရိုဖရဲဖြစ်သွားတယ်။

အဲဒီအဖွဲ့က တပ်ကြပ်တစ်ယောက်က သူ့လူ ၃ ယောက်လောက်နဲ့ တိုက်ပွဲဖြစ်တဲ့နေရာနဲ့ မလှမ်းမကမ်းမှာရှိတဲ့ ရှမ်းရွာတစ်ရွာက ဘုန်းကြီးကျောင်းမှာ ထမင်းဝင်တောင်းစားကြတယ်။ ဘာကင်းမှမထားဘဲ ထမင်းစား နေတုန်း ရန်သူဝင်လာတော့ အကုန်ဝရုန်းသုန်းကားဖြစ်ကုန်တယ်။ သူ့ရဲဘော် ၂ ယောက်ကတော့ အဲဒီနားမှာ တင်ကျသွားပြီး သူကရန်သူ အဖမ်းခံလိုက်ရတယ်။ ကျန်တဲ့တစ်ယောက်က ဘုန်းကြီးကျောင်းအောက်ဘက် လျှိုထဲကို လိမ့်ချသွားတယ်။

လျှိုထဲကို လိမ့်ချသွားတဲ့ ရဲဘော်လေးဟာ ဆင်း

www.burmeseclassic.com

www.burmeseclassic.com



လာသမျှရန်သူကို လျှို့ထဲကနေ ပစ်နေလို့ ရန်သူဆင်းလို့ မရဘူးလို့ ရွာသားတွေက ပြန်ပြောပါတယ်။ အဲဒီ ရဲဘောလေး ကျဆုံးသွားတာ သူ့ကိုယ်သူ **Suicide** လုပ်လိုက်တာ ဖြစ်နိုင်တယ်လို့ ရွာသားတစ်ယောက်က ပြန်ရှင်းပြတယ်။

သူ့အလောင်းကို တစ်ပတ်ကျော်လောက်ကြာမှ လိုက်ရှာတော့ အလောင်းတွေ့တဲ့အခါ တောခွေးတွေ စားထားလို့ ဦးခေါင်းရိုးနဲ့ခြေထောက်က အရိုးတချို့တလေပဲ ပြန်ရတယ်။ ဒါကြောင့် တောထဲတွင် သူ့ကို သင်္ဂြိုဟ် တော့ နှစ်ပြည်သာသာလောက်ရှိမယ့် တောင်းလေးထဲမှာ အရိုး တွေထည့်ပြီး အမိန့်ပြန်လိုက်ရတယ်။ စစ်သား တစ် ယောက်ဖြစ်လို့ စစ်တိုက်ရင်းသေတာ ဘာမှမဆန်းပါဘူး။ ဒါပေမဲ့ သူ့ကို အမိန့်ပြန်တော့ ကျွန်တော် အတော် လေး ဝမ်းနည်းမိတယ်။ သူ့မိဘမြင်ရင် ဘယ်လောက်ရင်ကြိုးမလဲ။

တိုက်ပွဲပထမရက်မှာ လူစုတွေကွဲပြီး ကျွန်တော်တို့ ပိုင့်အဖွဲ့ ခံလိုက်ရတယ်ဆိုပေမယ့် ရန်သူဟာ သူတို့ မျှော်မှန်းထားသလို ကျွန်တော်တို့ စစ်ကြောင်းကို မချေမှုန်း နိုင်ခဲ့ဘူး။ ပထမရက် ညနေပိုင်းကနေ နောက်နေ့ နေ့လယ်





အထိ အကြိမ်ကြိမ်ကြိုးစားပေမယ့် ကျွန်တော်တို့ကို မထိုး ဖောက်နိုင်တော့ဘူး။ ကြွားတာမဟုတ်ပါဘူး။ ဒါ ကျားလန် ခြံစည်းရိုးတွေ၊ ညှောင့်ကျင်းတွေ၊ မိုင်းကွင်းတွေ၊ ဆက်သွယ်ရေးမြောင်းတွေနဲ့ စနစ်တကျ ဆောက်ထားတဲ့ ခံစစ်စခန်းတစ်ခု မဟုတ်ဘူးလေ။ ရောက်တဲ့နေရာမှာ ရင်ဆိုင်ရတဲ့ အခြေအနေပေါ် မူတည်ပြီး ဖြစ်သလို ကျားကုတ်ကျားခဲ ခုခံရတာပါ။

ကျွန်တော်တို့ဘက်က ကျဆုံး၊ ဒဏ်ရာရ စစ်သည် စာရင်းကိုတော့ မမှတ်မိတော့ဘူး။ သိပ်မများဘူးဆို တာတော့ သိနေတယ်။ ၈၁ မီလီမီတာ ပြောင်းကြီးကတော့ ရန်သူရသွားပါတယ်။ သူတို့ဘက်က အကျအဆုံးလား။ နှစ်ရက်စလုံး မောင်ဝင်းကြီး တစ်ယောက်တည်းရဲ့ လက်စာ မိသွားတဲ့ ကောင်တွေတောင် ဘယ်နည်းလိမ့်မလဲ။ တိုက်ပွဲ ပြီးလို့ ရန်သူနေရာရှင်းကြည့်တော့ သွေးကွက်တွေ နည်းမှ မနည်းတာ။ ဒါပေမဲ့ သူတို့က လူများတော့ သူတို့လူတွေရဲ့ အလောင်းတွေကို အေးအေးဆေးဆေး ဖျောက်လို့ရတယ် လေ။

အခုရွာနယ်ထဲမှာတွေ့တဲ့ တိုက်ပွဲသတင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရရင် အူတက်အောင် ရယ်ချင်မိတယ်။ ကြိုကြား ကြိုကြားဖြစ်လိုက်တဲ့တိုက်ပွဲ မနည်းပါဘူး။ သတင်းဖတ် လိုက်ရင် သူ့ဘက်က အကျအဆုံးမရှိ၊ တပ်ဘက်က ဘယ်နှယောက်ကျတယ်၊ ဘယ်နှယောက် ဒဏ်ရာရတယ် ဆိုတာချည်းပဲ။ ဖတ်ပြီးရုံတဲ့ ဦးနှောက်တွေကိုလည်း အံ့သြ တယ်။ news လား၊ propaganda လားမသိ။

ရန်သူဖမ်းမိသွားတဲ့ တပ်ကြပ်ကတော့ သူတို့ဆီမှာ ပဲ သင်တန်းနည်းပြ ပြန်လုပ်နေတယ် ကြားတယ်။ တကယ်တော့ ဒီလောက် တိုက်ပွဲဖြစ်နေတဲ့ အချိန်မှာ ကိုယ့်လူတွေ လူစုကွဲတဲ့အထိ ဖြစ်ကုန်ပြီဆိုရင် ပတ်ပတ် လည်လည်မှာ ရန်သူ့ပိတ်ဆို့ရေးအဖွဲ့ရှိမယ်ဆိုတာ အကြပ်တစ်ယောက်အနေနဲ့ သိကိုသိရမယ်။ ဘုန်းကြီး ကျောင်းဘောနားမှာ စစ်သည် ၃ ယောက်ကျဆုံးခဲ့ရတာ သူ့ကြောင့်ပါ။ သူ့အမြော်အမြင်နည်းလို့ ကွပ်ကဲမှုညံ့လို့ဖြစ် ရတာပါ။

လူစုကွဲတဲ့အဖွဲ့ထဲမှာ ဆေးတပ်သား ကိုအေးချိတို့ အဖွဲ့ရှိသေးတယ်။ ကိုအေးချိဆိုရင် အဲဒီတုန်းက ဒဏ်ရာ ရထားတာပါ။ ဒါပေမဲ့ ရှာလုံးဝမကာပ်ဘူး။ သိပ်ပြီး ဆာလွန်း





အား ကြီးတဲ့အခါ တောင်ယာအစပ်လောက်ကို ခြေလုံ လက်လုံသွားပြီး ခူးလို့ရလာတဲ့ သခွားသီးတို့ ကျောက်ဖရုံသီး တို့ စားပြီး လျှိုတွေ၊ တောင်စောင်းတွေက ပဲ ပုန်းလျှိုး ကွယ်လျှိုးနဲ့ ကိုယ့်စစ်ကြောင်းဆီရောက်အောင် ပြန်လာ နိုင်ခဲ့ကြပါတယ်။ သူတို့အဖွဲ့ ဘယ်နှယောက်လဲ၊ ဘယ် အချိန် ပြန်ပေါင်းမိလဲ ဆိုတာတော့ မမှတ်မိတော့ဘူး။

တိုက်ပွဲအပြီး နောက်ရက်အထိ ထမင်းမစားရသေး တဲ့အချိန် ပလောင်ရွာလေး တစ်ရွာရောက်တော့ တစ်ရွာလုံး အညာသားကျောကုန်းနဲ့ ခပ်ဆင်ဆင် မုန့်ဖက်ထုတ်တွေ လုပ်နေတာတွေ့ရတယ်။ သင်္ကြန်အတက်နေ့ပေါ့။ ထမင်း ငတ်လာမှန်းသိလို့ ကျွန်တော်တို့ အားလုံးကို စိတ်ကြိုက် ချကျွေးတဲ့အပြင် ရိက္ခာအိတ်တွေထဲကို မုန့်ဖက်ထုပ်တွေ အလျှံပယ် ထည့်ပေးလိုက်တဲ့ ပလောင်တိုင်းရင်းသားရွာသူ ရွာသားတွေရဲ့ ကျေးဇူးကိုလည်း မမေ့ပါဘူး။

ကျွန်တော်တို့ တိုက်ပွဲဖြစ်တဲ့ရက်က ၁၉၈၉ ခုနှစ် ဧပြီ ၁၂၊ ၁၃ ရက် သင်္ကြန်အကြိုနေ့နဲ့ အကျနေ့လေး။ ဒီအချိန် မြို့ပေါ်မှာ လူတွေပျော်နေကြမှာပေါ့။ သင်္ကြန် သီချင်းတွေဖွင့်ကြ၊ ရေကစားကြ၊ ကကြခုန်ကြနဲ့ သင်္ကြန်



www.burmeseclassic.com

www.burmeseclassic.com



ကာလကို အပူအပင်ကင်းကင်းနဲ့ ဖြတ်သန်းနေကြမှာပေါ့။ ပိတောက်တွေပြီး တူးပို့ တူးပို့သံတွေ ညံနေမှာပေါ့။ ကျွန်တော်တို့မှာတော့ ပိတောက်လည်းမဖူး၊ တူးပို့လည်း မဆို။ သူတို့ အဲဒီလို လွတ်လွတ်လပ်လပ် ပျော်ရွှင်လို့ ရအောင် ကျွန်တော်တပ်မတော်သားတွေ အသက်တွေ စတေးပြီး ရှေ့တန်းမှာ တိုင်းပြည်တာဝန် ထမ်းဆောင် နေရပါတယ်။

ဖေ့ဘုတ်ပေါ်မှာ ပြောနေကြသလို မျက်ရည်ချူနေတာ မဟုတ်ဘူး။ ကျွန်တော်တို့မှာ အဲဒီလို မျက်ရည် ချူနဲ့ပြီးပြာလဲ့မှာ ဇာချဲ့ဖို့ အချိန်မရှိဘူး။ ကျွန်တော်တို့ စစ်တိုက်နေတာ ဦးနေဝင်းအတွက် မဟုတ်ဘူး။ ဦးသန်းရွှေ အတွက် မဟုတ်ဘူး။ ဗိုလ်ချုပ်မှူးကြီး မင်အောင်လှိုင်း အတွက် မဟုတ်ဘူး။ ကျွန်တော်တို့ အလကားနေရင်း သွေးဆာနေတဲ့ စစ်ဝါဒီတွေ မဟုတ်ဘူး။ တိုင်းရင်းသား ၁၃၅ မျိုးပိုင်ဆိုင်တဲ့ ဒီပြည်ထောင်စုကြီး ပြိုကွဲမသွား အောင်ပေါ်လာတဲ့ အက်ကြောင်းတွေကို ကျွန်တော်တို့ သွေးတွေ၊ အသက်တွေ၊ ဘဝနဲ့ ဆက်ပေးနေတာ။ အက်ကြောင်းကြီးလေ ကျွန်တော်တို့ဆက်ပေးရတဲ့ အရင်း





အနီးများလေပေါ့။ တကယ်တော့ မြန်မာပြည်မှာ လူ့အခွင့် အရေး အဆုံးရှုံးဆုံးလူတွေဟာ စစ်သားတွေပါဗျာ ...။

ဒီတိုင်းပြည်ကြီးမပြိုကွဲအောင် ကျွန်တော်တို့ ဘိုးဘေးတွေ ကာကွယ်ခဲ့သလို ကျွန်တော်တို့ ဖခင်တွေ လည်း ကာကွယ်ခဲ့ကြတယ်။ ကျွန်တော်တို့ကာကွယ်ခဲ့သလို ကျွန်တော်တို့ရဲ့သားသမီးမြေးတွေလည်း ကာကွယ်နေကြ တယ်။ ဘိုးဘေးတွေရဲ့ အမွေအနှစ်ကို ကျွန်တော်တို့အားလုံး ရဲ့ သွေးသားရင်းချာတွေ၊ ညီအစ်ကို မောင်နှမတွေဆက်ပြီး ကာကွယ်ကြရဦးမယ်။

ရိုးရိုးလေးပါပဲ ...။ ကမ္ဘာရှိနေသ၍ မြန်မာရှိနေရ မယ်။

မှတ်ချက်။ ။ ခလရ (၉၅) ကတိုက်ပွဲဖြစ်စဉ်အချို့ကို ပြန်လည်ပြောပြပေးတဲ့ ခလရ (၉၅) ထောက်လှမ်းရေး အရာရှိဟောင်း ဗိုလ်ကြီးခင်မောင်သန့်ကို ကျေးဇူးတင်ပါ တယ်။

ရဲဇော်သူရ

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၇ )

## အတွေ့အကြုံဖော်ပြချက်များ

**KIA ခေါင်းဆောင်ပိုင်းမျိုးဆက်များ**

**KIA** သမိုင်းကို လေ့လာပါက ခေါင်းဆောင်ပိုင်းတွင် မျိုးဆက် **Generation** သုံးဆက်မျှရှိသည်ကို လေ့လာတွေ့ရှိရ၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပထမမျိုးဆက်

ပထမမျိုးမှာ KIA ကို စတင်ထူထောင်ခဲ့သည့် ဇော်ညီအစ်ကို သုံးဦး ဖြစ်သည့် ဇော်ဆိုင်း၊ ဇော်တူး၊ ဇော်ဒန်တို့နှင့် အမှတ် (၄) ကချင်သေနတ်ကိုင်တပ်ရင်းမှ တပ်ကြပ်အဆင့်ဖြင့် ထုတ်ပယ်ခံခဲ့ရသည့် လမုန်တူး ဂျိုင်၊ ကွတ်ခိုင်တွင် အလုပ်လက်မဲ့ဖြစ်နေသည့် လမာလရိန်းတို့ သည် ပထမမျိုးဆက်များ ဖြစ်ကြ၏။

ပထမမျိုးဆက်သည် ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်နေ့တွင် KIA ကို ဖွဲ့စည်းခဲ့သည်။ လူအင်အား ၁၀၀ ခန့်နှင့် ကွတ်ခိုင်မြို့အနီး ဆင်လီရွာ၏ အရှေ့ဘက် ဆယ်မိုင်ခန့်အကွာ၌ အခြေခံစခန်းတည်ဆောက်ကာ အခြေခံစစ်ပညာသင်တန်း အမှတ်စဉ် (၁) ကို ဖွင့်လှစ် သင်ကြားခဲ့၏။

၁၉၆၁ ခုနှစ် ဇူလိုင်တွင် KIA ရင်း (၁) ကို ဗန်းမော်ဒေသ မန်စီမြို့နယ် မွန်ဘာပါကျေးရွာတွင် လည်း ကောင်း၊

KIA တပ်ရင်း (၂) ကို လမာလရိန်း ခေါင်းဆောင် ၍ လူအင်အား ၃၀၀ နှင့် မုန်းစီး မုန်းထန် နယ်မြေ





တွင်လည်းကောင်း ဖွဲ့စည်းခဲ့ကြ၏။

၁၉၆၁ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် သန့်ရှင်း အစိုးရက ဗုဒ္ဓဘာသာအား နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခဲ့ရာ ခရစ်ယာန်ဘာသာကိုးကွယ်သည့် ကချင်ပြည် နယ်၌ KIA တို့အတွက် ထောက်ပြစရာအခွင့်အရေး ကြီးတစ်ခု ရရှိသွားပြီး KIA သည် လျင်မြန်စွာ ကြီးထွား လာခဲ့လေတော့သည်။

၁၉၆၃ ခုနှစ် တော်လှန်ရေးကောင်စီမှ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်သည့်အခါ KIA တို့သည် တပ်မဟာ နှစ်ခုနှင့် လူအင်အား ၂၀၀၀ ခန့်ရှိနေခဲ့လေပြီ။

တပ်မဟာ (၁) အား ဇော်ဆိုင်းဦးစီးပြီး မန်စီမြို့နယ် မွန်ဘာပါတွင်လည်းကောင်း၊

တပ်မဟာ (၂) အား ဇော်တူးဦးစီးပြီး မဂျီဘွမ်တွင် လည်းကောင်း ဖွဲ့စည်းနိုင်ခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲကာလက ဇော်တူးသည် ရောဝတီမြစ်ကို ဖြတ်၍ ကာမိုင်းမြို့နယ်တွင်း ဝင်ရောက် လှုပ်ရှားစည်းရုံးခဲ့ရာ ထိုဒေသတစ်ခုလုံး KIA ထိန်းချုပ်မှု အောက် ကျရောက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



KIA တို့သည် ၁၉၆၄ ခုနှစ် နှစ်ကုန်၌ အင်အား ၆၀၀၀ ခန့်ထိ ရှိလာပြီး လှုပ်ရှားမှုများ ကျယ်ကျယ် ပြန့်ပြန့် လုပ်လာသဖြင့် တပ်မတော်မှ မြောက်ပိုင်းတိုင်းအတွင်း စစ်ဆင်ရေးများကို အောက်ပါအတိုင်း ဆောင်ရွက် ခဲ့ရလေတော့သည်။

- ဂန့်ဂေါ်စစ်ဆင်ရေး
- အောင်မြေစစ်ဆင်ရေး
- ကောင်းရာဘွမ်စစ်ဆင်ရေး
- ခရမ်းစစ်ဆင်ရေး

ထိုစစ်ဆင်ရေးအရပ်ရပ်ကြောင့် KIA များ အထိနာ သွားခဲ့ရပြီး အထိအနိုက်အကျအဆုံးမှာ အောက်ပါ အတိုင်းဖြစ်၏။

(က) ၆၉၆ ယောက် ကျဆုံး
(ခ) ၃၇၇ ဒဏ်ရာရ
(ဂ) ၁၁၆၄ အရှင်ဖမ်းမိ
(ဃ) ၂၂၂၄ လက်နက်ချခဲ့လေသည်။

KIA တို့သည် ၁၉၆၅ ခုနှစ် တစ်နှစ်လုံး မိမိ တပ်မတော် အဆက်မပြတ် ထိုးစစ်များကြောင့် တပ်ဖွဲ့ကြီး





တစ်ခုလုံး ကျေပြုန်းသွားခဲ့တော့၏။

ထိုအခါ ခေါင်းဆောင်ဇော်ဆိုင်းမှ အနောက်နိုင်ငံ များ အကူအညီရယူရန် ဂျီလစ်လင်းခေါ် ဇော်ဘောက် နှင့်အတူ ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့ပြီး ထိုင်း–မြန်မာ နယ်စပ် ထန်ပိုး၌ ဆက်သွယ်ရေး စခန်းဖွင့်ကာ အခြေပြု လှုပ်ရှား ခဲ့၏။ ၁၉၆၅ ခုနှစ် နှစ်ကုန်ပိုင်းတွင်ဖြစ်သည်။

ဇော်ဆိုင်းသည် ယိုးဒယား–မြန်မာ နယ်စပ် ထန်ပိုး စခန်းတွင် ညီဖြစ်သူ ဇော်တူးနှင့် အခြေပြုနေထိုင် ခဲ့၏။ ပြည်တွင်းရှိ KIA အဖွဲ့မှ ပေးပို့လာသည့် ဘိန်းနှင့် ကျောက်စိမ်းအရောင်းအဝယ်များနှင့် သာယာပြီး စည်းစိမ် ယစ်မူးနေခဲ့၏။ ၎င်းတို့နှင့်အတူ KIA အဖွဲ့အတွင်းရေးမှူး ပုံရွှေဇော်ဆိုင်းလည်း ထိုစခန်းသို့ ၁၉၇၅ ခုနှစ်၌ လာ ရောက်နေထိုင်ခဲ့၏။ ၎င်းတို့သုံးဦးသည် ထိုင်း–မြန်မာ နယ်စပ်တွင် စည်းစိမ်ယစ်နေစဉ် ကချင်ပြည်နယ် ၌ KIA တို့သည် ဗကပများနှင့် နယ်မြေလုတိုက်ပွဲများ ဆင်နွှဲလျက် ရှိကြ၏။

ထိုတိုက်ပွဲများ၌ KIA အမြောက်များ ကျဆုံးသွား ခဲ့၏။ ကျဆုံးသွားသူများထဲ၌ KIA တပ်မဟာ (၄)



www.burmeseclassic.com

www.burmeseclassic.com



တပ်မဟာမှူးဖြစ်သူ ဇော်ညီအစ်ကိုသုံးဦးမှ တစ်ဦးဖြစ်သူ ဇော်ဒန်သည် ကွတ်ခိုင်မြို့နယ် တောတွင်းတစ်နေရာ ၌ ဗကပများနှင့် တိုက်ခိုက်ရင်း ကျဆုံးရာ၌ ပါဝင်သွားခဲ့လေသည်။

KIA တပ်ဖွဲ့များ ဗကပများနှင့် နယ်မြေလုတိုက်ပွဲများ အပြင်းအထန် ဆင်နွှဲနေစဉ် ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့က ယိုးဒယားနယ်စပ်၌ နည်းအမျိုးမျိုးဖြင့် ရထားသောငွေကြေးများကို လက်လွတ်စပယ် သုံးစွဲပြီး KIA တပ်ဖွဲ့သို့ စာရင်းရှင်းခြင်း၊ လုံလောက်စွာပြန်လည်ထောက်ပံ့ခြင်းများ မပြုလုပ်ခဲ့ချေ။ KIA ပိုင်ငွေကြေးများနှင့် စည်းစိမ် ယစ်မူး နေကြလေသည်။ အပျော်ကြူးနေကြသည်။

လက်အောက်ငယ်သားများက ဗကပနှင့်အသက်လု၊ နယ်မြေလု တိုက်ပွဲများ ဆင်နွှဲနေစဉ် ခေါင်းဆောင်များက နယ်စပ်ဒေသ၌ ထင်သလို သုံးဖြုန်းပျော်ပါးနေသည်ကို ကြည့်မရသည့် သူတို့၏အနီးကပ် လုံခြုံရေးတာဝန်ခံ KIA ရင်း (၁၁) ရင်းမှူး ဆိုင်းတူးက ၁၉၇၅ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်းခရိုင်အတွင်းရှိ KIA ကြားစခန်း ထန့်ဝိုး၌ သူတို့သုံးဦး





အား လုပ်ကြံသတ်ဖြတ်လိုက်တော့၏။

ဤတွင် KIA ခေါင်းဆောင် ပထမ မျိုးဆက် ပြတ်သွားလေတော့သည်။

ဆိုင်းတူးကိုလည်း နောင်တွင် KIA စစ်ခုံရုံးက သေဒဏ်ပေးခဲ့၏။

**ဒုတိယမျိုးဆက်**

KIA ပထမမျိုးဆက် ခေါင်းဆောင်များ လုပ်ကြံသတ်ဖြတ်ခံရ၍ မျိုးဆက်ပြတ်သွားသောအခါ KIA ကို ကျန်ရစ်သူများက အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းခဲ့၏။

အစည်းအဝေးကို ၁၉၇၆ ခုနှစ် ဇန်နဝါရီတွင် တပ်ရင်း (၃) ဌာနချုပ် ပါကျီဒေသ ပါကျီချောင်းများရှိ တရုတ်ရွာ ဓားကောင်ကထောင်၌ ပြုလုပ်ခဲ့သည်။ အစည်းအဝေးမှ အောက်ပါအတိုင်း KIO နှင့် KIA ဗဟိုကို ပြန်လည်ဖွဲ့စည်းခဲ့လေသည်။

| | |
|---|---|
| KIO ဥက္ကဋ္ဌ | မရမ်ဘရန်ဆိုင်း |
| ဒုဥက္ကဋ္ဌ | မလီဖွတ်ဇော်မိုင် |
| KIA စစ်ဦးစီးချုပ် | လမုန်တူးဂျိုင် |



www.burmeseclassic.com

www.burmeseclassic.com



ဒုစစ်ဦးစီးချုပ် မလိဖွတ်ဇော်မိုင်

အထွေထွေအတွင်းရေးမှူး ဇောင်းဟရား

အဖွဲ့ဝင်များအဖြစ် လမာလရိန်၊ မရမ်ဂျာလာနှင့်

အခြား KIA တပ်မဟာမှူးများ ပါဝင်လေသည်။ နောင်တွင် ဒေါက်တာတူးဂျာနှင့် ဒေါက်တာလဂျာတို့လည်း ဗဟို ကော်မတီဝင်များ ဖြစ်လာကြ၏။

ထိုစဉ်က KIA တပ်တည်များမှာ –

KIA ဗဟို ကြိုဂံဒေသ၊ လကကောင်တွင် လည်းကောင်း၊

တပ်မဟာ (၁) ပူတာအို၊ မချမ်းဘော၊ ဆွမ်ပရာ ဘွမ်ဒေသများတွင်လည်းကောင်း၊

တပ်မဟာ (၂) မိုးညှင်း၊ မိုးကောင်း၊ တနိုင်း ဒေသများတွင်လည်းကောင်း၊

တပ်မဟာ (၃) ဗန်းမော်၊ မိုးမောက်၊ ဝိုင်းမော် ဒေသများတွင်လည်းကောင်း၊

တပ်မဟာ (၄) ကွတ်ခိုင်၊ တာမိုးညဲ၊ မုန်းစီး ဒေသများတွင်လည်းကောင်း၊

အခြေပြုထားရှိသည်။





KIA ဒုတိယမျိုးဆက် မရမ်ဘရန်ဆိုင်းမှ KIO ဥက္ကဋ္ဌအနေဖြင့် ဦးဆောင်ခဲ့ပြီး KIA တပ်များကိုမူ လမုန်တူးဂျိုင်က ဦးစီးချုပ်အဖြစ် တာဝန်ယူခဲ့သည်။

ဒုစစ်ဦးစီးချုပ်မှာ ယခင် KIA တပ်မဟာ (၄) တပ်မဟာမှူး ဇော်မိုင်ဖြစ်ပြီး ဇော်မိုင်အား KIA ဗဟို ကော်မတီမှ KIA ဦးစီးချုပ်အဖြစ် ၁၉၈၀ ခုနှစ်တွင် ရွေးချယ်တင်မြှောက်ခဲ့သည်။

လမုန်တူးဂျိုင်သည် KIA စစ်ဦးစီးချုပ် တာဝန် ယူနေရာမှ ယခင်ဌင်း၏အကျင့်ဆိုးဖြစ်သော မိန်းမကိစ္စ ရှုပ်ပွေမှုကြောင့် ဦးစီးချုပ်တာဝန်အား မလိဖွတ်ဇော်မိုင်သို့ ၁၉၈၀ ခုနှစ် ဖွန်လတွင် လွှဲပြောင်းပေးခဲ့ရသည်။

KIA ဗဟိုက လမုန်တူးဂျိုင်အား စစ်ရေးတာဝန်မှ ဖယ်ရှား၍ ဘဏ္ဍာရေးတာဝန်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

၁၉၇၆ ခုနှစ်၌ KIO နှင့် KIA ကို အသစ်ပြန်လည် ဖွဲ့စည်းပြီး နောက်ဥက္ကဋ္ဌ မရမ်ဘရမ်ဆိုင်းသည် ဗကပနှင့် ဆွေးနွေးရေးများ ပြုလုပ်ခဲ့သည်။ တရုတ်ပြည်တွင်းသို့ သွားရောက်၍ ဝန်ကြီးချုပ် ချူအင်လိုင်းနှင့် တွေ့ဆုံခဲ့သည်။ သွားရလာရလွယ်အောင် KIO နှင့် KIA ဗဟိုကို



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် နိုင်ငံတော် အာဏာအား တပ်မတော်မှ လွှဲပြောင်းရယူခဲ့သည်။

နဝတခေါ် တပ်မတော်အစိုးရသည် ၁၉၉၀ လောက်မှစ၍ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးခဲ့ရာ KIA များအတွက် အသက်ရှူပေါက်ချောင်သွားခဲ့ရ၏။ ၁၉၉၂ ခုနှစ်တွင် အပစ်အခတ် ရပ်စဲခဲ့ပြီး ၁၉၉၄ ခုနှစ်မှစ၍ KIA နှင့် တရားဝင်ဆက်ဆံခဲ့သဖြင့် KIA များအနေဖြင့် မြစ်ကြီးနား–ဗန်းမော်၊ မန်စီ၊ မိုးမောက်၊ ဝိုင်းမော် စသည့်မြို့ကြီးများသို့ တရားဝင်သွားလာခွင့်ရရှိခဲ့သည်။ ဆက်ဆံရေးရုံးများ ဖွင့် ခွင့်ရခဲ့သည်။

ဒါသာမက လူ၊ လက်နက်၊ ငွေကြေးများ စုဆောင်းခွင့်လည်း ရသွားခဲ့သည်။

ထိုကာလမှာ ၁၉၉၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ၁၇ နှစ်ခန့်ကြာသွားခဲ့ရာ KIA တို့အဖို့ လောကနိဗ္ဗာန်ကာလကြီးဖြစ်ခဲ့၏။ ထိုမျှ အနှစ် ၂၀ အတွင်းမှာပင် KIA ဒုတိယမျိုးဆက်သည် ယခု ငြိမ်းချမ်းရေးဆွေးနွေးပွဲ များသို့ တက်နေသည့် တတိယမျိုးဆက်ကို KIA အမွေအား





လက်ဆင့်ကမ်းခဲ့လေသည်။

ပါဂျိုနွားဖော့တိုက်ပွဲကြီးအား KIA ကို ဒုတိယမျိုးဆက်ခေါင်းဆောင်များ အုပ်စီးထားသည့်ကာလ ၁၉၈၇ ခုနှစ်တွင် တပ်မတော်မှ ဆောင်ရွက်ခဲ့၏။


ထိုစဉ်က KIA ဒုတိယမျိုးဆက်ခေါင်းဆောင်များသည် တပ်မတော်နှင့် ၁၇ နှစ်ကြာ အပစ်အခတ် ရပ်စဲရေးကို ဆောင်ရွက်ခဲ့သူများဖြစ်၏။ KIA သမိုင်းကြောင်းကို ထူးထူးခြားခြား ပြောင်းလဲခဲ့သူများဖြစ်၏။ သို့ဖြစ်ပါ၍ သူတို့၏ ကိုယ်ရေးရာဇဝင်များအား အကျဉ်းမျှ ဖော်ပြလိုပါသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌဘရှန်ခိုင်

www.burmeseclassic.com

www.burmeseclassic.com



## မရမ်ဘာရန်ဆိုင်း

မရမ်ဘာရန်ဆိုင်းသည် ၁၉၇၆ ခုနှစ်ကစ၍ KIO ဥက္ကဋ္ဌဖြစ်၏။ ဆလန်ကသာ ဘရန်ဆိုင်းဟုလည်း ခေါ်ကြ၏။ ဂျင်းဖော ကချင်လူမျိုးဖြစ်ပြီး ခရစ်ယာန် ဘာသာဝင် ဖြစ်၏။

မရမ်ဘာရန်ဆိုင်းအား ဖားကန့်ကျေးရွာတွင် ကျောက်စိမ်းကုန်သည် မိဘများမှ ၁၉၃၂ ခုနှစ်တွင် မွေးဖွား ခဲ့သည်။

တက္ကသိုလ်ဝင်တန်းအား ၁၉၅၁ ခုနှစ်၌ မြစ်ကြီး နားမြို့ KBHS (ယခု အ‌ထက ၄ မြစ်ကြီးနား)မှ

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ **BA.BEd** ဘွဲ့ရခဲ့၏။ မြစ်ကြီးနားမြို့ **KBHS** ကျောင်းတွင်ပင် အဆောင်မှူးအဖြစ် ဆောင်ရွက်ရင်း ပထဝီဘာသာ သင်ကြားသည့်တာဝန် ယူခဲ့၏။

ထိုကျောင်းမှာပင် ကျောင်းအုပ်ကြီးအဖြစ် တာဝန် ယူခဲ့ပြန်သည်။

၁၉၆၄ ခုနှစ်တွင် ဖားကန့်သို့ သွားရောက်လည်ပတ်ရာ **KIA** များနှင့် တွေ့ဆုံမိရာမှ **KIA** အဖွဲ့ အတွင်းသို့ ဝင်ရောက်ခဲ့သည်။

တက္ကသိုလ်ပညာတတ်တစ်ဦးဖြစ်သဖြင့် နိုင်ငံခြား ဆက်သွယ်ရေးတာဝန်နှင့် ဘဏ္ဍာရေးတာဝန်ခံအဖြစ် တာဝန်ပေးခြင်းခံရသည်။

၁၉၇၅ ခုနှစ် ဩဂုတ်လတွင် **KIA** ခေါင်းဆောင်များဖြစ်သည့် ဇော်ဆိုင်းနှင့် ဇော်တူးတို့ လုပ်ကြံခံရပြီးသောအခါ၌ ဘရန်ဆိုင်းသည် **KIO** ဥက္ကဋ္ဌနှင့် **KIA** ခေါင်းဆောင်ဖြစ်လာသည်။

ဘရန်ဆိုင်းသည် **KIO** ဥက္ကဋ္ဌဖြစ်လာသည်နှင့် ရန်ပုံငွေရရှိရေးအတွက် လုပ်ငန်းမျိုးစုံ ပြုလုပ်ခဲ့သည့် အပြင်





**KIA** ဦးစီးချုပ် ဇော်မိုင်မှတစ်ဆင့် မြန်မာ့တပ်မတော်အား တိုက်ကွက်အမျိုးစုံ ပြုလုပ်ရန် တွန်းအားပေးခဲ့၏။

ဘရန်ဆိုင်း၏ ဇနီး ဇဘောက်ကော့မိုင်မှာ ကချင်ပြည်နယ် အရှေ့ခြမ်း နားဖော့ရွာဇာတိဖြစ်၏။ ရန်ကုန်တွင် ဆယ်တန်းအထိ ကျောင်းနေဖူးသည်။ ၎င်းတို့တွင် သား ၂ ယောက်နှင့် သမီး ၅ ယောက်ရှိသည်။ သားကြီးဆိုင်းဂူသည် ၁၉၈၂ ခုနှစ်တွင် **KIA** အတွင်းသို့ ဝင်ရောက်ခဲ့၏။ သမီးတစ်ဦးဖြစ်သူ မဂျာနန်သည်လည်း **KIA** အတွင်းသို့ ဝင်ရောက်ခဲ့သည်။

ကျန် သားတစ်ဦးနှင့် သမီး ၄ ယောက်တို့သည် မြစ်ကြီးနားတွင် နေထိုင်ခဲ့ကြပြီး ကျောင်းနေခဲ့ကြသည်။

မဂျာနန် **KIA** သို့ မဝင်ရောက်မီက အစိုးရပညာရေးဌာန၌ မူလတန်းပြဆရာမလုပ်ကိုင်ခဲ့သည်။ တပ်ကုန်းအလကတွင် တာဝန်ကျရာ ထိုကျောင်းမှ ကျောင်းဆရာ ဦးတင်ဝင်းနှင့် ချစ်ကြိုက်ကြပြီး ၁၉၈၆ ခုနှစ် နှစ်စ၌ လက်ထက်ခဲ့ကြသည်။

ထိုနှစ် နှစ်လယ်တွင် မဂျာနန်သည် ဦးတင်ဝင်းနှင့်အတူ မိဘများရှိရာ ပါကျိုသို့ ထွက်ခွာလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကဖူးခေါ် ဂျာပူရှာသို့ ရောက်သောအခါ KIA များက ဦးတင်ဝင်းကို ပါဂျိုသို့ လိုက်ပါခွင့်မပြုခဲ့ချေ။ ဦးတင်ဝင်းသည် မွတ်စလင်ဘာသာဝင်ဖြစ်၏။ KIA များက ဦးတင်ဝင်းကို ကဖူး၌ တားဆီးပြီး မဂျာနန်ကိုသာ ပါဂျိုသို့ စေလွှတ်ပေးခဲ့သည်။ မကြာမီ ဦးတင်ဝင်းအား သတ်ပစ်လိုက်တော့၏။ ဦးတင်ဝင်း သေဆုံးသွားသဖြင့် မဂျာနန်မှာ စိတ်အလွန်ထိခိုက်သွားရာ KIO မှ မဂျာနန်အား မိခင်ဖဘောက်ကော့မိုင် ခေါင်းဆောင်သော အမျိုးသမီးလေ့လာရေးအဖွဲ့နှင့်အတူ တရုတ်ပြည်သို့ စေလွှတ်ပေးခဲ့၏။

တရုတ်ပြည်မှ ပြန်ရောက်ပြီး မကြာမီမှာပင် KIO မှပင် မဂျာနန်အား နိုင်ငံခြားသို့ပညာတော်သင် ရွေးချယ်စေလွှတ်ပေးခဲ့၏။ မဂျာနန်သည် အပြီးအပိုင် KIA ဖြစ်သွားတော့၏။

ဘရန်ဆိုင်းသည် ၁၉၈၇ ခုနှစ် အောက်တိုဘာတွင် ထိုင်ဝမ် passport နှင့် ဂျပန်နိုင်ငံ တိုကျိုသို့ ရောက်ရှိ၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီး KIA အား ကမ္ဘာက အသိအမှတ်ပြုရေး ကြိုးစားခဲ့၏။ တိုကျိုမှ တစ်ဆင့် ဂျာမနီနိုင်ငံ ဘွန်းနှင့် မြူးနစ်မြို့များသို့ သွားရောက်ခဲ့၏။





ရင်းမှတစ်ဖန် လန်ဒန်သို့ရောက်ရှိခဲ့ပြီး BBC အင်္ဂလိပ်ပိုင်း အစီအစဉ်နှင့် တွေ့ဆုံခဲ့၏။ ဘရန်ဆိုင်းသည် အင်္ဂလိပ်စကားအား ကောင်းမွန်စွာ ပြောဆိုနိုင်သူ ဖြစ်သဖြင့် ကမ္ဘာ့အနိုင်နိုင်ငံသို့ လှည့်လည်သွားလာပြီး KIO နှင့် KIA အတွက် အကူအညီများ တောင်းခံခဲ့ လေသည်။

၁၉၈၈ ခုနှစ် အရေးအခင်းကာလအပြီး၌ မြန်မာနိုင်ငံပြည်တွင်းလက်နက်ကိုင်များ စုပေါင်းဖွဲ့စည်းထားသည်။ Democratic Alliance Burma ခေါ် DAB ၌ ပထမ ဒုဥက္ကဋ္ဌဖြစ်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံခြားမှ ပြန်ရောက်၍ KIO ဗဟိုနေရာသစ် လိုင်စင်သို့ ပြန်လည်ရောက်ရှိခဲ့၏။

ဗဟိုအသစ်လုံခြုံရေးအတွက် မြန်မာ့တပ်မတော်၏ ဆက်သွယ်ရေး လမ်းကြောင်းများကို ဖြတ်တောက်ရေး မြို့ရွာများကို စီးနင်းတိုက်ခိုက်ရေး ကားလမ်း ရထားလမ်းများကို ဖောက်ခွဲဖျက်ဆီးရေး ကျောင်းသား လူငယ်များကို ခွဲဆောင်စည်းရုံး၍ တပ်သားသစ်များ စုဆောင်းရေးတို့ကို ဖောင်းပေးဆောင်ရွက်ခဲ့သည်။ ABSDF တပ်များဖွဲ့စည်းရေး၌ တက်ကြွစွာ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၂ ခုနှစ်နောက်ပိုင်း တပ်မတော်နှင့် အပစ်အခတ်ရပ်စဲရေးကို KIA နှင့် ဆောင်ရွက်ရာ၌ ဘရန်ဆိုင်း မပါဝင်ခဲ့ချေ။ ဇော်မိုင်မှ ဦးစီးဆောင်ရွက်ခဲ့သည်။ ဘရန်ဆိုင်းသည် ကျန်းမာရေး ချွတ်ယွင်းသွားသဖြင့် တရုတ်ပြည် ကူမင်း၌ ဆေးရုံတက်ရောက်ကုသနေခဲ့ရသည်ဆို၏။ ဘရန်ဆိုင်းသည် တရုတ်ပြည်မှာပင် ဆေးကုသရင်း သေဆုံးသွားခဲ့၏။

နောက်ပိုင်းတွင် တပ်မတော်နှင့် ငြိမ်းချမ်းရေး ရယူခြင်းအား သဘောမတူဟု ဆိုသဖြင့် ကျန်ဗဟို ကော်မတီဝင်များက ဘရန်ဆိုင်းအား တရုတ်ပြည်မှာပင် လုပ်ကြံသတ်ဖြတ်ပစ်လိုက်ကြသည်ဟု သတင်း ထွက်ခဲ့လေသည်။

မှန်,မမှန်တော့ သူတို့အချင်းချင်းသာ သိကြပေမည်။

ဗကပတို့က KIA အား တိုက်ခိုင်းသည့်အခါ မတိုက်ချင်သဖြင့် ငြင်းဆန်ခဲ့သော ဗကပ (၁၀၁) တပ်ရင်းကြီးမှ တပ်မှူး ကချင်ဗိုလ်ကြီးနော်ဆိုင်းအား ဗကပဗဟိုမှ လုပ်ကြံသတ်ဖြတ်ခဲ့သကဲ့သို့ ဖြစ်မည်ဟု ယူဆရပါသည်။

❖ ❖ ❖

မြရတနာစာပေ



စစ်ဦးစီးချုပ် ဇော်မိုင်

www.burmeseclassic.com

www.burmeseclassic.com



## မလိခွတ်ဇော်မိုင်

ဇော်မိုင်သည် ၁၉၇၆ ခုနှစ်က KIA ဒုစစ်ဦးစီးချုပ် ဖြစ်၏။

၁၉၈၀ ခုနှစ်တွင် စစ်ဦးစီးချုပ် တူးဂျိုင်အား KIA ဗဟိုမှ ဖယ်ရှားပြီးသည့်အခါတွင် ဇော်မိုင်သည် KIA စစ်ဦးစီးချုပ်ဖြစ်လာ၏။

ဇော်မိုင်သည် ဂျင်းဖောကချင်ဖြစ်ပြီး ခရစ်ယာန် ဘာသာ ကိုးကွယ်သူဖြစ်၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဇော်မိုင်၏ အခြားအမည်များမှာ မလီဇွတ်ဇော်မိုင်ခေါ် အင်ခွန်ဇော်မိုင် ဖြစ်၏။

ဇော်မိုင်အား ၁၉၃၆ ခုနှစ်တွင် မြစ်ကြီးနားမြို့နယ် မန်စရိန်ကျေးရွာ၌ အဖ ရဲအုပ်ဦးဇော်ခွန်း အမိ ဒေါ်လဖိုင်ထောင်တို့မှ မွေးဖွားခဲ့သည်။ ငယ်စဉ်က မြစ်ကြီးနားမြို့ K.B.H.S ကျောင်းတွင် ပညာသင်ကြားခဲ့၏။ ၁၉၅၄ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ၁၉၅၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့၏။

စိန်လုံဒေသတွင် ဝန်ထောက်အဖြစ် သွားရောက်အမှုထမ်းခဲ့ရာမှ KIA များ တွေ့ဆုံပြီး ၁၉၆၂ ခုနှစ်၌ KIA အဖွဲ့သို့ ဝင်ရောက်သွားခဲ့၏။

၁၉၆၃ ခုနှစ် တော်လှန်ရေးကောင်စီနှင့် ငြိမ်းချမ်းရေးတွေ့ဆုံ ဆွေးနွေးရာ၌ ငြိမ်းချမ်းရေးအဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သည်။ ဇော်မိုင်သည် ဦးစွာပထမ KIA ရင်း(၁) ရင်းမှူး ၁၉၇၂ ခုနှစ်တွင် KIA တပ်မဟာ (၄) တပ်မဟာမှူး၊ ၁၉၇၃ ခုနှစ်တွင် တပ်မဟာ (၃) တပ်မဟာမှူးနှင့် ၁၉၇၄ ခုနှစ်တွင် တပ်မဟာ (၄) တပ်မဟာ မှူးအဖြစ် ပြန်လည်တာဝန်ပေးခံရပြီး ၁၉၈၀





ပြည့်နှစ်တွင် KIA ဦးစီးချုပ်ဖြစ်လာခဲ့၏။ ၎င်းဦးစီးချုပ်ဘဝတွင် တပ်မဟာအသီးသီးအား တိုက်ကွက်များဖော်ရန် တွန်းအားပေးဆောင်ရွက်ရုံသာမက ၁၉၈၅ ခုနှစ်၌ မြောက်ပိုင်း တိုင်း တိုင်းမှူး ဗိုလ်ချုပ်အယ်လ်ကွန်ဖန်အား လုပ်ကြံသတ်ဖြတ်ရန် ညွှန်ကြားခဲ့သူဖြစ်၏။

၁၉၈၄ ခုနှစ်တွင် ပြုလုပ်သော KNU ဦးစီးသည့် မဒတအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံ သို့ပါ ရောက်ရှိခဲ့၏။ အာရှအရှေ့များ စီးပွားရေးစာစောင် **Far Eastern Economic Review** မှ ဆွီဒင်လူမျိုး သတင်းစာဆရာ **Bertil Lintner** နှင့် ဘန်ကောက်တွင် တွေ့ဆုံခဲ့ပြီး **Lintner** အား KIA နယ်မြေသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခဲ့၏။ ၎င်း၏ဖိတ်ကြားချက်အရ ၁၉၈၅ ခုနှစ်တွင် **Lintner** သည် KIA နယ်မြေသို့ အိန္ဒိယနိုင်ငံ **Naga Land** မှတစ်ဆင့် ဝင်ရောက်ခဲ့လေသည်။

ဇော်မိုင်သည် ၁၉၇၉ ခုနှစ်၌ ပထမဇနီး မလထော်ရှယ်ဂျာ ခေါ် ဇော်ရန်ရှယ်ဂျာနှင့် ကွာရှင်းခဲ့ပြီး သားနှင့်သမီးအား မြစ်ကြီးနားရှိ ၎င်း၏မိဘများထံ ပို့ကာ ကျောင်းထားပေးခဲ့၏။ ၎င်းတွင် အစ်မ ၃ ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ညီမ ၄ယောက် ရှိ၏။

၁၉၈၃ ခုနှစ်၌ ဇော်မိုင်သည် အင်ဂျင်နီယာပြီး နယ်စာရင်းစစ်ရုံးမှ သချာအမိကဖြင့် မန္တလေးတက္ကသိုလ်မှ ဘွဲ့ရလာသည့် မငွေလုရာနှင့် လက်ထပ်ခဲ့သည်။ ဒုတိယ ဇနီးအား နားဖော့စခန်း၌ ခေါ်ယူပြီးအတူတကွ နေထိုင်ခဲ့၏။

၂၅၊ ၅၊ ၈၇ ရက်နေ့တွင် ကျင်းပခဲ့သော မဒတ DAB တစ်ပေါင်းစု ဒုတိယညီလာခံတွင် ဇော်မိုင်အား မဒတ ဗဟိုသဘာပတိအဖွဲ့ဝင်အဖြစ် သတ်မှတ်ခဲ့၏။ ၁၉၈၇ ခုနှစ် မေလ နောက်ပိုင်း KIA ဗဟိုပါဂျီ နားဖော့ကျဆုံးပြီးနောက် ပြန်လည်တိုက်ခိုက်နိုင်ရန် နည်းမျိုးစုံနှင့် ကြိုးပမ်းခဲ့၏။ မအောင်မြင်သဖြင့် ဗဟိုအား လိုင်စင်သို့ ရွှေ့ပြောင်း အခြေပြုခဲ့၏။

၁၉၈၈ ခုနှစ် အရေးအခင်းကာလအပြီး သောင်းကျန်းသူများ ဖွဲ့စည်းထားသည့် DAB တွင် ဗဟိုကော်မတီဝင်ဖြစ်၍လာခဲ့၏။

၁၉၉၂ ခုနှစ်နောက်ပိုင်း နဝတအစိုးရနှင့် တွေ့ဆုံဆွေးနွေးပြီး အပစ်အခတ်ရပ်စဲရေးအား KIA မှ ဇော်မိုင်ဦးစီးပြီး ဆောင်ရွက်ခဲ့၏။ KIA နှင့် တပ်မတော်တို့ ၁၉၉၄





ခုနှစ်မှစ၍ အပစ်အခတ်ရပ်စဲခဲ့၏။

ထိုကာလမှစ၍ ဇော်မိုင်သည် KIA နှင့် KIO အား လူငယ်များလက်သို့ တဖြည်းဖြည်း လွှဲပြောင်းပေးခဲ့ပြီး မြစ်ကြီးနားတွင်သာ နေထိုင်ခဲ့လေသည်။

ယခုအချိန်တွင် မလီဇွတ်ဇော်မိုင်သည် အသက် ၈၀ ခန့် ရှိပြီဖြစ်လေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူး ဇောင်းဟာရား

www.burmeseclassic.com

www.burmeseclassic.com



## ဇောင်းဟာရား

ဇောင်းဟာရားသည် KIU အတွင်းရေးမှူးနှင့် KIC ခေါ် ကချင်လွတ်လပ်ရေးကောင်စီ၏ နယ်ဘက် အုပ်ချုပ်ရေးတာဝန်ခံဖြစ်သည်။

ဇောင်းဟာရားအား ဆွမ်းပရာဘွမ်မြို့တွင် အဘ ဦးလည္ဆော်တူးနှင့် အမိ ခေါ် (-----) တို့မှ ၁၉၃၅ ခုနှစ်တွင် မွေးဖွားသည်။

မရှုလူမျိုးဖြစ်သည်။ ဇောင်းဟာရားအား ဆလန်ကဘာ ဇောင်းဟာရားဟုလည်း ခေါ်ကြသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဇောင်းဟာရားသည် ဆွမ်ပရာဘွမ် အစိုးရအလယ်တန်းကျောင်းတွင် စတင်ပညာသင်ခဲ့ပြီး ၁၉၅၀ ခုနှစ် တွင် မြစ်ကြီးနားမြို့ KBHS သို့ ပြောင်းရွှေ့ခဲ့၏။ ၁၉၅၅ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်၍ ရန်ကုန်တက္ကသိုလ်သို့ ဆက်တက်ခဲ့သည်။ ဘွဲ့ရရှိပြီး ဆွမ်ပရာဘွမ် ဝန်ထောက်အဖြစ် တာဝန်ထမ်းဆောင်နေရာမှ ၁၉၆၃ ခုနှစ်၌ KIA အဖွဲ့သို့ ရောက်ရှိသွားသည်။ နယ်ဘက်အုပ်ချုပ်ရေးတာဝန် Civil Administrative ကို တာဝန်ယူခဲ့သည်။

ဇောင်းဟာရားသည် ကချင်ပြည်နယ်မြောက်ဖျား KIA တပ်မဟာ (၁) နယ်မြေတွင် အုပ်ချုပ်ရေးတာဝန်များ ထမ်းဆောင်နေခဲ့ရာမှ ၁၉၇၆ ခုနှစ် အသစ်ဖွဲ့စည်းသည့် KIO တွင် ဗဟိုကော်မတီအတွင်းရေးမှူးနှင့် KIC အတွင်းရေးမှူးတာဝန်များကို ယူခဲ့၏။ နယ်ဘက်တာဝန်ပေးထားသူများအား အဆင့်ဆင့်ကွပ်ကဲရပြီး ဆက်ကြေးကောက်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ ရိက္ခာစုဆောင်းခြင်း၊ ဝါဒဖြန့်ချိရေးများ ဆောင်ရွက်ခြင်းတို့ကို တာဝန်ယူခဲ့ရ၏။

ဇနီး မရော်ရှယ်ဂျီးနှင့် သမီး ၃ ယောက် သား

မြရတနာစာပေ



၂ ယောက် ရှိသည်။ မြစ်ကြီးနား၌ သားရှိသည်၊ ၎င်း၏ ဆွေမျိုးများလည်း မြစ်ကြီးနားမှာပင် နေထိုင်လျက်ရှိသည်။

ဇောင်းဟာရားသည် ယခုရှိသေးက အသက် ၈၀ ရှိပြီဖြစ်သည်။

❖ ❖ ❖

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗဟိုကော်မတီဝင်လေမာလရှိန်း

www.burmeseclassic.com

www.burmeseclassic.com



## လမာလရိန်း

လမာလရိန်းအား ၁၉၃၅ ခုနှစ်တွင် အဖ ဦးလမာဆန်း၊ အမိ ဒေါ်မေရီတို့မှ ဗန်းမော်မြို့တွင် မွေးဖွားသည်။ ဂျင်းဖောကချင်ဖြစ်ပြီး ခရစ်ယာန်ဘာသာ ကိုးကွယ်သည်။

၁၉၄၅ ခုနှစ် ၁၀ နှစ်သားအရွယ်၌ ဗန်းမော်မှ ကွတ်ခိုင်သို့ ပြောင်းရွှေ့လာသော မိဘများနှင့်အတူ လိုက်ပါခဲ့ရ၏။ ကွတ်ခိုင်အထက်တန်းကျောင်းတွင် သတ္တမတန်းအောင်သည်အထိ ကျောင်းနေခဲ့ပြီး တောင်ကြီးအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ခဲ့သည်။ တောင်ကြီးမှ



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ဝင်တန်းအောင်ပြီး မန္တလေးတက္ကသိုလ် ဆက်တက်ခဲ့သည်။ စာမေးပွဲကျ၍ ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့ခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင်လည်း စာမေးပွဲကျသဖြင့် ၁၉၅၉ ခုနှစ် ဥပစာအပိုင်း (ခ) မှ ကျောင်းထွက်၍ ကွတ်ခိုင်မြို့ ကချင်ခရစ်ယာန်အထက်တန်းကျောင်း၌ ကျောင်းဆရာဝင်လုပ်ခဲ့သည်။

တက္ကသိုလ်တွင်နေစဉ်က တက္ကသိုလ်အရန်တပ်ရင်းသို့ ဝင်ရောက်ပြီး စစ်ပညာများ သင်ကြားခဲ့သည်။ ထို့ပြင် မြေပေါ်မြေအောက် နိုင်ငံရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး နိုင်ငံရေးလည်း လုပ်ခဲ့သူဖြစ်သည်။

၁၉၆၁ ခုနှစ်၌ ကွတ်ခိုင်မှ လားရှိုးသို့ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေကြမည့်ကျောင်းသူ၊ ကျောင်းသားများအား ခေါင်းဆောင်ပြီးအလာ ဇော်ဆိုင်း၊ ဇော်တူး ညီအစ်ကိုနှင့် တွေ့ဆုံပူးပေါင်းမိကြ၏။

ဇော်ညီအစ်ကိုနှင့် ပူးပေါင်းကာ လားရှိုးငွေတိုက်ကို ဖောက်၍ KIA ဇာတ်လမ်းကို စတင်ခဲ့ကြ၏။ များမကြာမီတပ်က ဖမ်းဆီးရမိပြီး ရဲအချုပ်တွင် အပ်နှံထားရာ



အချုပ်ဖောက်၍ ထွက်ပြေးလွတ်မြောက်သွားခဲ့၏။

KIA သို့ ပြန်လည်ဝင်ရောက်သွားခဲ့ရာ KIA တပ်ရင်း (၆) တပ်ရင်းမှူးအဖြစ် တာဝန်ပေးခံရ၏။ ၁၉၇၃ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ အဝယ်တော်အဖြစ် သွားရောက်ခဲ့၏။ ဆေးကုသမှုလည်း ခံယူခဲ့၏။ ၁၉၇၅ ခုနှစ်တွင် KIA ၏ စစ်လက်နက်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရင်း ၁၉၇၅ ခုနှစ်မှာပင် KIO ဗဟိုကော်မတီဝင်ဖြစ်လာခဲ့၏။

၁၉၈၀ ခုနှစ်၌ ဦးစီးချုပ်ဇော်မိုင်မှ လမာလရိန်းအား မူးယစ်ဆေးဝါးသုံးစွဲမှု၊ မယားငယ် ယူမှုများဖြင့် စွပ်စွဲပစ်တင်သဖြင့် KIA အဖွဲ့မှ နုတ်ထွက်သွားခဲ့သည်။ ၎င်းနောက် ပါဂျိုမှာပင် နေထိုင်ခဲ့ပြီး စီးပွားရေးများ လုပ်ကိုင်ခဲ့၏။

၎င်းတွင် ပထမဇနီး မထုဆန်နှင့် ဒုတိယဇနီး မဘောက်တော်တို့ရှိခဲ့၏။

ပထမဇနီးနှင့် ပါဂျိုတွင်နေထိုင်ခဲ့ရာ ၁၉၈၁ ခုနှစ်၌ ပါဂျိုရှိ KIA ပိုင် စတိုးဆိုင်ကြီး မီးလောင်ခဲ့ရာ ရှို့မီးဟု သတ်မှတ်ခဲ့ပြီး အမှုကို KIA မှ စုံစမ်းဖော်ထုတ်ရာ

www.burmeseclassic.com

www.burmeseclassic.com




လမာလရှိန်းပါဝင်သည်ဟူသော စွဲချက်ဖြင့် ချုပ်နှောင်စစ်ဆေးခဲ့သည်။

သုံးလအကြာ၌ ဦးစီးချုပ်ဖော်မိုင်၏ အမိန့်အရ သတ်ပစ်ခြင်းခံခဲ့ရ၏။

❖ ❖ ❖





ဗဟိုကော်မတီဝင်တူးကျိုင်

www.burmeseclassic.com

www.burmeseclassic.com



## လမုန်တူးဂျိုင်

လမုန်တူးဂျိုင်အား ၁၉၃၀ ပြည့်နှစ်တွင် အဖ ဦးလမုန်တူးနှင့် အမိ ဒေါ်(-----) တို့မှ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့ ကောင်းလုံရွာ၌ မွေးဖွားခဲ့၏။

ဂျင်းဖော ကချင်လူမျိုးဖြစ်ပြီး ခရစ်ယာန်ဘာသာ ကိုးကွယ်သည်။

တူးဂျိုင်သည် ကွတ်ခိုင်အလယ်တန်းကျောင်း၌ အဋ္ဌမတန်းအထိ ကျောင်းနေခဲ့ပြီး ၁၉၅၀ ပြည့်နှစ်၌ အမှတ် (၄) ကချင်သေနတ်ကိုင်တပ်ရင်းသို့ ရဲဘော်အဖြစ် ဝင်ရောက် အမှုထမ်းခဲ့၏။ ၁၉၅၆ ခုနှစ်တွင် ဒုတပ်ကြပ် အဆင့်ရပြီး



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်ပညာရေးကျောင်းမှ အဋ္ဌမတန်း အောင်သဖြင့် အသုံးလုံးကျောင်း၌ ကျောင်းဆရာ လုပ်ခဲ့၏။

၁၉၆၀ ပြည့်နှစ်တွင် ၎င်းတာဝန်ထမ်းဆောင်ခဲ့သည့် ကချင် (၄) မှ တပ်သား မရွှီဒိုင်ခေါင်၏ဇနီးနှင့် ဖောက်ပြန်ခဲ့၍ တပ်မတော်မှ **Adultery** ပုဒ်မဖြင့် ထုတ်ပယ်ခဲ့လေသည်။

တပ်မှထွက်ခဲ့ရပြီးနောက် သိန္နီတွင် ကျောင်းပြန်တက်ရာ ဆယ်တန်းအောင်သွားခဲ့၏။ ၁၉၆၁ ခုနှစ်တွင် **KIA** အဖွဲ့သို့ ဝင်ရောက်ခဲ့ရာ ရင်း (၁) မှူး ဇော်တူး၏ လက်အောက်တွင် လေ့ကျင့်ရေး၊ ထောက်လှမ်းရေး၊ ဖြည့်တင်းရေးနှင့် နယ်ဘက်အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ရ၏။

**KIA** ရင်း (၃) ဖွဲ့စည်းရာ၌ တပ်ရင်းမှူးဖြစ်လာခဲ့ပြီး ၁၉၇၃ ခုနှစ်၌ ကချင်ပြည်နယ် မြောက်ပိုင်း ပူတာအိုဒေသတွင် တပ်မဟာ (၁) မှူး ဖြစ်လာခဲ့၏။

၁၉၇၅ ခုနှစ် ဇော်ညီအစ်ကိုများ သေဆုံးပြီး အသစ်ပြန်ဖွဲ့သည့် **KIA** ၌ စစ်ဦးစီးချုပ်ဖြစ်လာခဲ့၏။

၁၉၈၀ ပြည့်နှစ်၌ လူမှုရေးကိစ္စများ ရှုပ်ထွေးပြီး





လိင်ကိစ္စကြောင့် ခေါင်းဆောင်မှုကျဆင်း၍ ဦးစီးချုပ်တာဝန်အား ဇော်မိုင်သို့ လွှဲပြောင်းပေးခဲ့ရ၏။ ဘဏ္ဍာရေးတာဝန်ကိုသာ ယူခဲ့ရလေ၏။ တူးဂျိုင်သည် မိန်းမ ကိစ္စ၌ နာမည်ကြီးသူဖြစ်၏။

တူးဂျိုင်၏ တရားဝင်ဇနီးမှာ ခေါင်မိုင်ဖြစ်ပြီး မိုးမောက်မြို့နယ် ပါဂျိုဇာတိဖြစ်၏။ သား ၂ ယောက်နှင့် သမီး ၂ ယောက်ရှိပြီး သားတစ်ယောက်သည် **KIA** တွင် တာဝန်ထမ်းဆောင်ခဲ့၏။ ကျန်သမီး ၂ ဦးနှင့် သား တစ်ဦးမှာ နယ်စပ်တွင် နေထိုင်၍ အရောင်းအဝယ်များ ဆောင်ရွက်လျက်ရှိ၏။


ယခုအခါ လမုန်တူးဂျိုင်မှာ ကွယ်လွန်ခဲ့ပြီဖြစ်လေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ဗဟိုကော်မတီဝင် မရမ်ဂျာဂတ

www.burmeseclassic.com

www.burmeseclassic.com



## မရမ်ဂျာလာ

မရမ်ဂျာလာခေါ် ဂျာလေအား ၁၉၃၄ ခုနှစ်၌ အဝ ဒူဝါစွန်ဖုံ။ အမိ ဒေါ်(-----) တို့မှ ဟူးကောင်း တောင်ကြားဒေသ သတင်းကောက်ရွာ၌ မွေးဖွားခဲ့၏။

ငယ်စဉ်က အိန္ဒိယနိုင်ငံ ဒါဂျီလင်၌ ပညာသင်ကြား ခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက် ခဲ့၏။ ဥပဒေ မဟာဝိဇ္ဇာတန်းတက်နေစဉ် ၁၉၅၅ ခုနှစ်၌ ဂျပန်သို့ ပညာတော်သင် စေလွှတ်ခံရသည်။

ဂျပန်တွင် ပညာသင်ကြားနေစဉ် ဖိလစ်ပိုင်မှ မဟာသိပ္ပံတန်းရှိ အက်ဖ်တာနီဒို F. Tanedo ဆိုသည့်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးနှင့် လက်ထပ်ခဲ့သည်။

၁၉၅၆ ခုနှစ်တွင် L.L.B ဥပဒေဘွဲ့ရပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့၏။ နေရှင်းသတင်းစာတိုက်၌ လက်ထောက်အယ်ဒီတာအဖြစ် ဦးလောရုံနှင့်အတူ လုပ်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် နေးရှင်းမှထွက်ပြီး မြန်မာနိုင်ငံ ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း၌ လက်ထောက် ဌာနစိတ် အရာရှိအဖြစ် လုပ်ကိုင်ခဲ့သည်။ လုပ်ငန်းတွင်တွင် မကျေနပ်မှုဖြစ်၍ ၁၉၆၅ ခုနှစ်၌ အလုပ်မှ ထွက်သွားခဲ့သည်။ ထိုနှစ်မှာပင် ဇနီးအား ဖိလစ်ပိုင်သို့ ပြန်ပို့ပြီး ထိုင်းနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

ထိုင်းနိုင်ငံ၌ ဘန်ကောက်သို့ ရောက်နေသည့် မြန်မာနိုင်ငံမှ လေတပ်ဦးစီးချုပ်ဟောင်း Tommy Cliff တော်မီကလစ်၏ ခရီးသွားလုပ်ငန်း အေဂျင်စီ၌ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ထိုင်းနိုင်ငံသို့ ထွက်ခွာသွားစဉ်က KIA မှ တပ်ကြပ်ကြီးအဆင့်ရှိ ကွန်ဒေါ်ဆိုသူ ပါသွားခဲ့သည်။ ကွန်ဒေါ်သည် မရမ်ဂျာလာ၏ တူဖြစ်၏။





၁၉၆၈ ခုနှစ်၌ မရမ်ဂျာလာသည် ၎င်း၏တူ ကွန်ဒေါ်နှင့်အတူ ဘန်ကောက်မြို့တွင်းသို့ ဒွန်မောင်း လေဆိပ်မှတစ်ဆင့် အမ် ၁၆ ရိုင်ဖယ်သေနတ်များ၊ ကျည်ဆန်များ၊ လက်ပစ်ဗုံးများ၊ ၆၀ မီလီမီတာနှင့် ၈၁ မီလီမီတာ စိန်ပြောင်းဗုံးသီးများအား KIA အတွက် သယ်ယူခဲ့လေသည်။

ထိုင်းရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိသွားပြီး ထောင်ဒဏ် ၂ နှစ် ကျခံခဲ့ရ၏။ ထောင်မှလွတ်ပြီးနောက် Bangkok World သတင်းစာတွင် သတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် ဦးလောရုံ၏ ပြည်ပြေးအဖွဲ့များနှင့် အဆက်အသွယ်ရကာ P.DP ပြည်ပြေးများ အတွက် အလုပ်လုပ်ပေးခဲ့သည်။ ထိုနှစ်မှာပင် မရမ်ဘရန်ဆိုင်းနှင့် တွေ့ဆုံခဲ့ပြီး ဘရန်ဆိုင်းလက်ထောက် အဖြစ် စတင်ဆောင်ရွက်ခဲ့သည်။ အင်္ဂလိပ်စကားကို ကောင်းစွာပြောဆိုတတ်သဖြင့် မရန်ဘရန်ဆိုင်းမှ နှစ်သက် သဘောကျခြင်းကို ခံခဲ့ရ၏။

KIA အတွင်း၌ ဘရန်ဆိုင်းနှင့်အတူ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်နေရာမှ ၁၉၇၄ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။ ဆန်ဖရန်စစ္စကိုတွင် နေထိုင်ပြီး အလုပ်အမျိုးမျိုးပြောင်းကာ လုပ်ကိုင်ခဲ့၏။

၁၉၈၇ ခုနှစ် နှစ်ကုန်တွင် ဘရန်ဆိုင်း၏ ပြန်လည်ခေါ်ယူမှုကြောင့် KIA နယ်မြေသို့ ပြန်လည်ရောက် ရှိပြီး KIA အား နိုင်ငံတကာမှ အကူအညီပေးရေးကို ဘရန်ဆိုင်းနှင့်အတူ လိုက်လံစည်းရုံးဟောပြောဆောင်ရွက်ခဲ့သည်။

၁၉၈၈ ခုနှစ် ဖွန်လည်၌ ဂျပန်နိုင်ငံသို့ သွားရောက်ကာ ဂျပန်သတင်းစာဆရာများနှင့် တွေ့ဆုံပြီး KIA နှင့်အစိုးရ စေ့စပ်ဆွေးနွေးရေးအတွက် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

၁၉၉၂ ခုနှစ် နောက်ပိုင်း ဘရန်ဆိုင်း သေဆုံးပြီးနောက် KIA တွင် မရမ်ဂျာလာ၏သတင်းမှာလည်း မှေးမှိန်ပျောက်ကွယ်သွားခဲ့၏။ အချို့ကမူ ၎င်း၏ဇနီးရှိသောဖိလစ်ပိုင်သို့ ထွက်ခွာသွားသည်ဟု ပြောကြ၏။

ယခုအခါ မရမ်ဂျာလာရှိခဲ့ပါမူ အသက် ၈၀ ကျော်ပြီ ဖြစ်လေသည်။





မြည်စွက်စော်ပြချက်

KIA ဒုတိယမျိုးဆက်တွင် ဒေါက်တာတူးဂျာနှင့် လဂျာတို့လည်း ပါဝင်ပါသည်။

သူတို့သည် KIA တွင် ခေါင်းဆောင်ပိုင်းများဖြစ်ပြီး ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးစဉ်က ပါဝင်ခဲ့သူများ လည်း ဖြစ်ပါသည်။

အပစ်အခတ်ရပ်စဲပြီးနောက် ဒေါက်တာတူးဂျာသည် မြစ်ကြီးနားမြို့တွင် နေထိုင်ခဲ့၏။

၂၀၁၁ ခုနှစ်ကြားဖြတ် ရွေးကောက်ပွဲတွင် ကချင်ဒီမိုကရေစီပါတီ ထူထောင်ကာ ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်ခဲ့၏။ အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ချေ။

သို့ရာတွင် ယခုလာမည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၌ ဒေါက်တာတူးဂျာသည် ကချင်ဒီမိုကရေစီဥက္ကဋ္ဌအနေဖြင့် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်ထားသည်ဟု သိရပါသည်။

(ဒေါက်တာတူးဂျာခင်ဗျား ... ကချင်ပြည်သူလူထုကိုယ်စားပြုပြီး ဥပဒေဘောင်အတွင်းမှ ယခုလိုဝင်ရောက်ယှဉ်ပြိုင်ခြင်းအား ကြိုဆိုပါသည်ခင်ဗျား။ စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com



## KIA တတိယမျိုးဆက်များ

ယခုအခါတွင် KIA အား တတိယမျိုးဆက်မှ ကွပ်ကဲလျက်ရှိ၏။

KIA တတိယမျိုးဆက်သစ်တွင် –

ဦးစီးချုပ် ဒုဗိုလ်ချုပ်ကြီး ဂမ်ရှောင်

ဒုချုပ် ဗိုလ်ချုပ် ဂွမ်မော်တို့ ဖြစ်၏။ ခေါင်းဆောင်အားလုံးလိုလို တက္ကသိုလ် ပညာတတ် ဘွဲ့ရများ ဖြစ်သည်ဟု ကြားမိရ၏။

ဗဟိုနာယကအဖြစ် ဒုဗိုလ်ချုပ်ကြီး အင်ဘန်လမှ တာဝန်ယူထားပြီး အင်ဘန်လသည် ယခင်က KIA ရင်း (၂၅၃) ရင်းမှူးဖြစ်ခဲ့သည်။

ကျန် KIO နှင့် KIA မျိုးဆက်သစ်ခေါင်းဆောင်များအကြောင်းကို လေ့လာစုံစမ်းဆဲ ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

❖ ❖ ❖





## ပါဂျိုနွားဖော့တိုက်ပွဲကာလက
## မြန်မာ့တပ်မတော်မှ တိုက်ပွဲဝင်တပ်မှူးများ

၁၉၈၇ ခုနှစ်က ပါဂျိုနွားဖော့တိုက်ပွဲစဉ်ကာလက တိုက်ပွဲကွပ်ကဲသွားခဲ့ကြသည့် မြန်မာ့တပ်မတော် တပ်မှူးကြီးများမှာ အောက်ပါသူများဖြစ်၏။

**ထိပ်ပိုင်းခေါင်းဆောင်များ**

❖ ဗိုလ်ချုပ်ကျော်ဘ
မြောက်ပိုင်းတိုင်း တိုင်းမှူး
စစ်ဆင်ရေးကြီးတစ်ခုလုံးအား စီစဉ်ညွှန်ကြားသူ



www.burmeseclassic.com

www.burmeseclassic.com



◆ ဗိုလ်မှူးကြီးကျော်သန်း
ဒုတိုင်းမှူး
တိုင်းမှူးကိုယ်စား စစ်ဆင်ရေးအား အနီးကပ်
လိုက်ပါကွပ်ကဲခဲ့သူ
◆ ဗိုလ်မှူးကြီးမျိုးမြင့်
စစ်ဗျူဟာ(၁) စစ်ဗျူဟာမှူး
တိုက်ပွဲဝင်တပ်များနှင့် အတူလိုက်ပါ တိုက်ပွဲ
ဝင်ခဲ့သူ

တိုက်ပွဲဝင်တပ်ရင်းမှူးများ

(က) ဗိုလ်မှူးသိန်းထွန်း
ခေတ္တတပ်ရင်းမှူး
အမှတ် (၁) ကချင်သေနတ်ကိုင်တပ်ရင်း
(ခ) ဗိုလ်မှူးထွန်းအောင်
ယာယီတပ်ရင်းမှူး
အမှတ် (၂၁) ခြေလျင်တပ်ရင်း
(ဂ) ဒုဗိုလ်မှူးကြီးလှမြင့်
တပ်ရင်းမှူး

မြရတနာစာပေ



အမှတ် (၄၇) ခြေလျင်တပ်ရင်း
(ဃ) ဗိုလ်မှူးကြည်ဝင်း
ယာယီတပ်ရင်းမှူး
အမှတ် (၅၆) ခြေလျင်တပ်ရင်း
(င) ဒုဗိုလ်မှူးကြီးစိုးသိန်း
တပ်ရင်းမှူး
အမှတ် (၅၈) ခြေလျင်တပ်ရင်း

အထက်ဖော်ပြပါတပ်မှူးများ၌ အဓိကပုဂ္ဂိုလ်မှာ မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်ကျော်ဘပင် ဖြစ်၏။

ဗိုလ်ချုပ်ကျော်ဘသည် စစ်ရေးစစ်ရာတွင် သဘောထား တင်းမာပြီး စည်းကမ်းကြီးသူဖြစ်၏။ မိမိ အရင် တိုင်းမှူးဗိုလ်ချုပ် အယ်လ်ကွန်ဖန်အား လုပ်ကြံသွားသည့် KIA များအား အပြတ်ချေမှုန်းရန် စိတ်အား ထက်သန်သူ ဖြစ်၏။

ထို့ကြောင့် KIA ဗဟိုပါဂျာနားဖော့ကို တိုက်ရန် အခွင့်ကောင်း အခါကောင်းကို စောင့်၍ စီမံချက်ရေးဆွဲ ခဲ့၏။

စီမံချက်ကို အထူးလျှို့ဝှက်ထားပြီး ဒုတိုင်းမှူးဗိုလ်ချုပ်ပင်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အသိမပေးဘဲ သူနှင့်ကစထမှူး နှစ်ဦးသာ ဆောင်ရွက်ခဲ့ကြ၏။ အထူးလျှို့ဝှက် ပြင်ဆင်ခဲ့ကြ၏။ ထို့ကြောင့် တိုက်ပွဲစဉ်ကြီးတစ်ခုလုံး အောင်မြင်ခဲ့ရသည်။

**KIA** ဗဟိုမှာ ပွဲပျက်သွားပြီး နောက်ဆုံး၌ ဥက္ကဋ္ဌ ဘရန်ဆိုင်းရော ဦးစီးချုပ်ဇော်မိုင်ပါ နိုင်ငံတကာ အကူအညီကို လိုက်ရှာရသည့်အခြေအနေသို့ ရောက်သွားခဲ့လေ၏။

သို့ဖြစ်၍ သဘောထားတင်းမာသည့် ထိုစဉ်က မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်ကျော်ဘ အကြောင်းကို အကျဉ်းမျှ ဖြည့်စွက်ဖော်ပြအပ်ပါသည်။

❖ ❖ ❖





ပါရီ - နားဖော့တိုက်ပွဲကာလက မြောက်ပိုင်းတိုင်း တိုင်းမှူး၊
ဗိုလ်ချုပ်ကျော်ဘ

www.burmeseclassic.com



စိုလ်ချုပ်ကျော်ဘ

၂၄၊ ၈၊ ၃၄ တွင် ကယားပြည်နယ် မော်ချီးမိုင်း၌ အဖ ဦးရွှေစာ၊ အမိ ဒေါ်အုန်းမေတို့မှ မွေးဖွားသည်။

လွိုင်ကော်မှ တန်းမြင့်ကျောင်းလက်မှတ်ရ စာမေးပွဲ အောင်မြင်ခဲ့ပြီး တောင်ကြီးမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ ၁၉၅၀ ပြည့်နှစ် အသက် ၁၈ နှစ်တွင် တပ်မတော် ဆက်သွယ်ရေး တပ်ဖွဲ့၌ တပ်သားအဆင့်ဖြင့် ဝင်ရောက် အမှုထမ်း၍ တပ်ကြပ်အဆင့်ထိ ရရှိခဲ့သည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၂၂၊ ၆၊ ၅၉ တွင် ဗိုလ်သင်တန်း အမှတ်စဉ် (၂၁) သို့ တက်ရောက်ခဲ့ပြီး ခလရ (၂) တွင် ဒုဗိုလ်မှ ဗိုလ်ကြီး အဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် စစ်တက္ကသိုလ်သို့ ပြောင်းရွှေ့ကာ ဗိုလ်လောင်း၊ တပ်စုမှူး၊ တပ်ခွဲမှူး၊ အုပ်ချုပ်မှူး၊ တပ်ခွဲ၊ ဒုခွဲမှူး တာဝန်တို့ကို DSA အပတ်စဉ် (၈) မှ (၁၆) ထိ တာဝန်ယူခဲ့သည်။ ဗိုလ်ချုပ်ကျော်ဘသည် စည်းကမ်းကောင်းမွန်၍ စာတော်သူ ဖြစ်၏။

၁၉၇၁ ခုနှစ်တွင် စစ်တက္ကသိုလ်မှ ပြောင်းရွှေ့ရပြီး ခလရ (၁၂) တွင် တပ်ခွဲမှူး၊ ဗိုလ်မှူး တာဝန်ထမ်းဆောင်ခဲ့၏။ ၁၉၇၄ ခုနှစ်တွင် စစ်ဦးစီး တက္ကသိုလ်သို့ ပြောင်းရွှေ့ရပြီး နည်းပြအရာရှိချုပ်နှင့် လက်ထောက် ကျောင်းအုပ်ကြီး ဖြစ်ခဲ့၏။

၁၉၇၈ ခုနှစ်တွင် ခလရ (၃၈) တပ်ရင်းမှူး ဖြစ်လာ၏။

၎င်းနောက် ရပခ ဂျီဝမ်း၊ ကစထ (၁) ဂျီဝမ်း တာဝန်များကို ထမ်းဆောင်ရသည်။ ၁၉၈၀ ပြည့်နှစ်တွင် တပ်မ (၄၄) နည်းဗျူဟာမှူး၊ ထို့နောက် တပ်မ (၆၆) နည်းဗျူဟာမှူး တာဝန် ထမ်းဆောင်ရ၏။





၁၉၈၄ ခုနှစ်တွင် တပ်မ (၉၉) ဒုတပ်မမှူးဖြစ်ပြီး ၁၉၈၄ ခုနှစ် နှစ်ကုန်တွင် တပ်မ (၃၃) တပ်မမှူး ဖြစ်လာခဲ့၏။

တပ်မ (၃၃) အား ဒေါင်ဒေါင်မြည်တပ်မ ဖြစ်ရမည်ဟု ကြွေးကြော်ပြီး လေ့ကျင့်ကာ တိုက်ပွဲဝင်စေခဲ့၏။ ပွဲတိုင်းလိုလို အောင်ပွဲရခဲ့သဖြင့် နာမည်ကျော်ကြားခဲ့၏။

၁၉၈၅ ခုနှစ်၌ မြောက်ပိုင်းတိုင်း တိုင်းမှူးဖြစ်လာပြီး ၁၉၈၈ ခုနှစ်၌ နဝတအဖွဲ့ဝင်ဖြစ်ခဲ့၏။

၂၄၊ ၉၊ ၉၂ တွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဝန်ကြီးတာဝန် ထမ်းဆောင်ရပြီး ဒုဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်ရရှိခဲ့၏။ ၁၅၊ ၁၁၊ ၉၇ ရက်နေ့တွင် အငြိမ်းစားယူခဲ့သည်။

ယခု အသက် ၈၀ ကျော်သည်အထိ ကျန်းမာရေး ကောင်းမွန်၍ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိပြီး နှစ်စဉ် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများကို တက်ရောက်နေဆဲဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၈ )

## နှိုင်းချင်ဖော်ပြချက်များ

**KIA** နှင့် စစ်မတိုက်ခဲ့ဖူးသဖြင့် **KIA** နှင့် တိုက်ပွဲများအကြောင်း ရေးနိုင်ရန် အတော်အားထုတ်ခဲ့ရပါသည်။

မြစ်ကြီးနားသို့ ရောက်အောင်သွားခဲ့၏။ နာမည်ကျော် မြစ်ဆုံကို အရောက်သွားကြည့်ခဲ့၏။

ဗန်းမော်ကို ရောက်အောင်သွားခဲ့၏။ ဗန်းမော်သို့ ကားဖြင့်အသွား မြစ်ကြီးနား–ဗန်းမော်ကြား ကားလမ်းမကြီးဘေးမှ ရွာများကို တစ်လမ်းလုံးကြည့်ခဲ့၏။ ပထမ ဝိုင်းမော်–မြစ်ကြီးနား အရှေ့ဘက်ကမ်း ဝိုင်းမော်မှာ အတော်ဝေး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



စည်ကားပါသည်။ မပခကွပ်ကဲမှုအောက်က အမှတ် (၅၈) ခြေလျင်တပ်ရင်းလည်း ရှိသည်။ လုံခြုံရေးအခြေအနေ ကောင်းသည်။

သို့ရာတွင် ဝိုင်းမော် တောင်ဘက် မိုင် ၂၀၊ ၃၀ ဝေးသော ကဖူးရောက်တော့ အခြေအနေ သိပ် မကောင်းတော့။ ကဖူးကား တစ်ရံရောအခါက KIA တွေ ထိန်းချုပ်မှုအောက်မှာရှိခဲ့သည်။ ဤနေရာသည် KIA ဗဟို၏ ဝင်ပေါက်ဖြစ်ခဲ့သည်။ ဤနေရာမှာပင် KIO ဥက္ကဋ္ဌ မရမ်တရန့်ဆိုင်း သမီး၏ ယောကျ်ား မွတ်စလင် ဘာသာဝင် ကျောင်းဆရာ ဦးတင်ဝင်းအား KIA တို့က သတ်ပစ်ခဲ့ကြသည်။ ကဖူးက ကျော်သွားတော့ နန့်ဆန့်ယန်၊ ကန်တော်ယန်၊ မလန်းယန်၊ ဂျာထုကောင်း၊ နားလုံး၊ ဒေါ်ဖုံးယန် မြို့သစ်ဆိုသည့် မြို့ရွာများကို တစ်ရွာ ပြီးတစ်ရွာ ရောက်သွားသည်။

ကဖူးတွင် အိမ်အနည်းငယ်ရှိပါသည်။

သို့ရာတွင် ကဖူးနှင့် ဒေါ်ဖုံးယန်ကြားက ရွာအားလုံး လိုလိုမှာ ပျက်သွားကြပြီး ၂၀၁၁ ခုနှစ် KIA နှင့် တပ်မတော် အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားပြီးချိန်မှ စ၍





မြစ်ကြီးနား–ဗန်းမော် ကားလမ်းပေါ်ရှိ ကြက်ပျံမကျ စည်ကားနေသော ရွာအားလုံး တိုက်ပွဲများဖြစ်လာသောကြောင့် ရွာပျက်သွားကြသည်။ အိမ်များမှာ တကယ့် အိမ်ကြီးအိမ်ကောင်းများ ဖြစ်ကြ၏။ ရှေးယခင် ငြိမ်းချမ်းစဉ်ကမူ လိုင်ဇာမှာ တရုတ်ပြည်၏ တကယ့်ဝင်ပေါက်ကြီးဖြစ်ပြီး အရောင်းအဝယ် အထူးဖွံ့ဖြိုးခဲ့၏။ လိုင်ဇာ၊ မြစ်ကြီးနား ပျားပန်းခတ်မျှ ကား၊ မော်တော်ဆိုင်ကယ်များ ဥဒဟို သွားခဲ့ကြ၏။ အရောင်းအဝယ်ဖြစ်၏။ လမ်းတစ်လျှောက် မြို့ရွာများ၊ စားသောက်ဆိုင်များဖြင့် အထူးအလုပ်အကိုင်ကောင်းပြီး စည်ကားသိုက်မြိုက်ခဲ့သည် ဆို၏။

ဤသည်များမှာ ငြိမ်းချမ်းရေး၏အရသာဖြစ်၏။

ယခု KIA နှင့် တပ်မတော် Clash ဖြစ်လာတော့ လိုင်ဇာလည်း ပိတ်သွားသည်။ လိုင်ဇာလမ်းမှာ မြစ်ကြီးနား–ဗန်းမော် ကားလမ်းမကြီးနှင့် ရှစ်မိုင်ခန့်သာ ဝေး၏။ ကတ္တရာလမ်းလည်း ဖြစ်၏။ ယခုအခါ မြစ်ကြီးနား မှ အရောင်းအဝယ်သမားများသည် လိုင်ဇာလမ်းပိတ်သွားသောကြောင့် တရုတ်ပြည်သို့ အခြားလမ်းကြောင်း တစ်ကြောင်းရှာပြီး သွားရ၏။ ထိုလမ်းမှာ မြစ်ကြီးနား၊



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းမော်၊ ဝါရှောင်၊ မန်မင်း၊ ဆဒုံး၊ ကန်ဘိုက်တီး လမ်း ဖြစ်၏။

"လမ်းကောင်းရဲ့လား။ ဘယ်လိုနေလဲ"

ကျွန်တော့်အား ဗန်းမော်လိုက်ပို့သည့် ရောက်ဖူးသည့် ကားဆရာကို မေးမိသည်။

"လမ်းက ကောင်းပါတယ်။ အရင်ကတော့ မြေလမ်း။ အခုတော့ ကတ္တရာလမ်းဖြစ်နေပြီ။ တရုတ်တွေ လာလုပ်ပေးတာ"

"ဒါပေမဲ့ ကန်ဘိုက်တီးလမ်းက တောင်တက်တွေ ချည်းပဲ။ ပြီးတော့ လိုင်ဇာထက်လည်း ပိုဝေးတယ်"

"ဪ"

"အရောင်းအဝယ်သမားတွေကတော့ ကန်ဘိုက်တီးကို မတတ်သာလို့ သွားကြတာ။ ဖြစ်နိုင်ရင် လိုင်ဇာကိုပဲ သွားချင်ကြတာ။ လိုင်ဇာလမ်းက ပြေတယ်။ အတက်လည်း သိပ်မရှိဘူး"

"ဪ"

လမ်းတစ်လျှောက် ရွာပျက်တွေမှာရော၊ လူအနည်းငယ်ရှိသည့် ရွာတွေမှာရော တပ်စခန်းတွေ ချထား၏။





ရှေးယခင်က ဤလမ်းကို KIA များ ထိန်းချုပ်ထားရာက တပ်မတော်က တိုက်ပြီး ပြန်သိမ်းထားသည်။ ပြီးတော့ လိုအပ်သည့်နေရာများတွင် Outpost များ အထိုင်ချထားသည်။

မြစ်ကြီးနား–ဗန်းမော် ကားလမ်း ၁၀၉ မိုင်အား တပ်မ ၂ ခုဖြင့် လုံခြုံရေးယူထားရ၏။ မြောက်ခြမ်းတွင် တပ်မတစ်ခု၊ တောင်ခြမ်းတွင် တပ်မတစ်ခု။ တပ်မမှူးများ ကိုယ်တိုင် ရှေ့တန်းတပ်များနှင့်အတူ ရှိနေ ကြသည်။ တပ်မမှူးတွေက လမ်းပေါ်မှာ မနေ။ လမ်းပေါ်တွင် ဗျူဟာမှူးများကိုသာ တာဝန်ပေးထားပြီး တပ်မမှူး များက အရှေ့ဘက်တောင်များပေါ်တွင် နေကြသည်။ မပခက လှမ်းပြောထားသဖြင့် ကျွန်တော့်အား စခန်းတိုင်းက တာဝန်ခံအရာရှိများက ထွက်တွေ့ကြသည်။ ညှော်ခံကြသည်။ သူတို့နှင့် စကားစမြည်ပြောခဲ့သည်။ ဓာတ်ပုံ တွဲရိုက်ခဲ့သည်။ အားလုံးက မိမိကို စစ်သားစာရေးဆရာကြီးမှန်း သိကြသည်။ တလေးတစား ဆက်ဆံကြသည်။ အချို့ဆို မိမိစာအုပ်များဖတ်ပြီး စစ်သားဖြစ်လာပါသည်ဟု ပင် ပြောကြသည်။ သူတို့စကားများကြောင့် အလွန်ပင်



www.burmeseclassic.com

ဝမ်းသာရပါသည်။

မိမိကားဆရာက မပခရောက်နေတာ ကြာပြီ။ ရှေ့မီ နောက်မှဖြစ်သည့် ဗိုလ်ချုပ်အယ်လ်ကွန်ဖန်တို့ မိသားစုကိုပင် သိသည်။

လမ်းတွင် ပါဂျိုနားဖော့သွားသည့် လမ်းမကြီးကို ပြသည်။ ကားလမ်းမကြီးကသွားရင် နားဖော့ကို အရင် ရောက်သည်။ နားဖော့အထိတော့ ကားလမ်းရှိသည်ဆို၏။ ဟိုဘက်ပါဂျိုကတော့ ကားလမ်းမရှိသေးဟု ဆို၏။ နားဖော့က ပါဂျိုကို တစ်နေ့ခရီးသွားရသည်။ တောင် တွေမြင့်၍ အတက်ကြမ်းသည်။ ကချင်ပြည်နယ်က တောင် တွေက တမေ့တမောတက်ကြရသည်။ ခပ်လှမ်းလှမ်းမှာ မြင်နေရသော်လည်း တော်တော်နဲ့ မရောက်။ ဟိုဘက် တောင် ဒီဘက်တောင်ကိုပင် နေ့တစ်ဝက်လောက် တက်ကြရသည်ဆို၏။

အချိန်သိပ်မပေးနိုင်၍ နားဖော့နှင့် ပါဂျိုစခန်း များရှိသော အဝေးက မြင်နေရသည့် တောင်တန်းကြီး တွေအား ဓာတ်ပုံလှမ်းရိုက်ပြီး ယူခဲ့သည်။ သွားရင် တစ်ရက်ကြာမှာဖြစ်သဖြင့် ၎င်းစခန်းကြီးနှစ်ခုကို မရောက်





ခဲ့တော့ပါ။ မြေအခြေအနေကို လှမ်းကြည့် အကဲခတ်ပြီး ကျေနပ်ခဲ့ရပါသည်။

နားလုံနှင့်ဒေါ်ဖုံးယန်ကြားတွင် လိုင်ဇာသို့သွားသည့် အဝင်လမ်းမကြီး ရှိသည်။ ကတ္တရာလမ်းဖြစ်၏။ မုခ်ဦး အဝင်ဝတွေ ဘာတွေနှင့် အကျအနလုပ်ထားသည်။ ဂိတ်ဝနှင့် မျက်နှာချင်းဆိုင်တွင် တပ်စခန်းနှင့် ရဲစခန်း ရှိသည်။

စခန်းမှူးဗိုလ်ကြီးမြည့်ဖြိုးအောင်က အောက်ပါ အတိုင်း ပြောပြ၏။

"ဟိုလွန်ခဲ့တဲ့နှစ်က လိုင်ဇာကို ခြေလျင်လျှောက် လာတဲ့ ရန်ကုန်က ငြိမ်းချမ်းရေးအဖွဲ့ လူ ၅၀ လောက် ဒီရောက်လာတယ်။ ဒီအဝရောက်တော့ လိုင်ဇာဝင်ချင် တယ်တဲ့"

"ကျွန်တော်တို့ကတော့ သွားပါလို့လည်း မတိုက် တွန်းဘူး။ မသွားနဲ့လို့လည်း မတားဘူး။ ဒါပေမဲ့ ဒီလမ်း တစ်လျှောက်မှာ မိုင်းတွေတော့ရှိနေတယ်။ အဲဒါတော့ ကျွန်တော်တို့ တာဝန်မယူဘူးလို့ ပြောတော့ သူတို့လည်း အတော်တွေဝေသွားကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီက တာဝန်ခံအရာရှိက ဟိုကငြိမ်းချမ်းရေးဆန္ဒ ဖော်ထုတ်တဲ့အဖွဲ့ခေါင်းဆောင်နဲ့ **DSA** မှာ ဗိုလ်သင်တန်း အတူတူတက်ခဲ့တာတဲ့"

"ဪ"

"နောက်တော့ ဒီစခန်းတာဝန်ခံအရာရှိက သွား မနေပါနဲ့ သူငယ်ချင်းရာ။ မင်းအဖွဲ့တွေ မိုင်းထိရင် **Medical Cover** မရှိ ဘာမရှိနဲ့။ ဒုက္ခရောက်နေပါဦးမယ်။ ဒီနေ့ ငါနဲ့ ဒီမှာအတူနေပြီ နားပါဆိုပြီး သူတို့ တစ်ဖွဲ့လုံး ဒီမှာတစ်က ပြုစု ညသိပ်လိုက်တယ်"

"အဲဒါနဲ့အဖွဲ့ခေါင်းဆောင်နဲ့ စခန်းတာဝန်ခံ အရာရှိတို့ ညစာအတူစား။ ယမကာလေး ဘာလေး အတူ သောက် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောပြီး နောက်နေ့ ဗန်းမော်ကို ပြန်သွားကြသတဲ့"

"ဪ"

ကျွန်တော်သည် တစ်ကြိမ်တစ်ခါသာ ဤလမ်းမ ကြီးကို ရောက်ဖူးသော်လည်း ပုံပြင်များက တစ်ပုဒ်ပြီး တစ်ပုဒ် ကြားနေရ၏။

ကဖူးတွင် မှတ်စလင်ကျောင်းဆရာ ဦးတင်ဝင်းကို





**KIA** တွေ သတ်ခဲ့သည့်အကြောင်း။

ယခု လိုင်ဇာအဝတွင် ရန်ကုန်က ငြိမ်းချမ်းရေး ဆန္ဒပြသူတွေ လှည့်ပြန်သွားကြသည့်အကြောင်း။

၁၉၈၆–၈၇ ခုနှစ်က ဤလမ်းမကြီးပေါ်တွင် မြန်မာနိုင်ငံသို့ ခိုးဝင်လာသည့် ဆွီဒင်သတင်းစာဆရာ **Bertil Lintner** နဲ့ သူ့ဇနီး ဆိုင်းနောင်၊ သမီးကလေး ဆိုင်တိုင်းတို့မိသားစု နားဖော့ပါဂျီအသွား နားလုံရွာသို့ အရောက် နားလုံက ရှမ်းများက ဝမ်းပန်းတသာကြိုဆို ညှိခံကျွေးမွေးကြသည့်အကြောင်း။

ထိုစဉ်က ဤလမ်းမကြီးပေါ်မှာပင် **KIA** တို့က အကောက်ဂိတ်များ ဖွင့်ထားပြီး မြစ်ကြီးနား–ဗန်းမော် ကုန်သည်များထံမှ ဆက်ကြေးများ၊ ဂိတ်ကြေးများ ကောက်ခံနေကြသည့်အကြောင်း။

**KIA** တို့က ဤလမ်းမကြီးပေါ်မှ ရှမ်းရွာများအား မယုံကြကြောင်း၊ သို့ဖြစ်၍ နားလုံသူကြီးအား ၁၉၈၀ ပြည့်နှစ်လွန်ကာများက အစိုးရသူလျှိုဟု ဆိုကာ သတ်ပစ်ခဲ့ ကြောင်း။

စသည် စသည်တို့ကား ဤလမ်းမကြီးပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်မျှ သွားရုံနှင့် ကျွန်တော် ကြားခဲ့ရသည့် Story များပါတည်း။

မြို့သစ်ရောက်တော့ နေ့လယ် ၁၂ နာရီခန့်ရှိပြီ။ မြို့သစ်ကား မြို့သစ်ဆိုသည့် နာမည်နှင့်လိုက်အောင် လမ်းတွေ ပိုကောင်းလာသည်။ ပိုကျယ်လာသည်။ အိမ်တွေလည်း အတော်များသည်။ လုံခြုံရေး အတော်ကောင်းပုံရပါသည်။

မြို့သစ်မှ မိုးမောက်ကိုဖြတ်ပြီး ဗန်းမော်ရောက်တော့သည်။ နေ့လယ် တစ်နာရီထိုးပြီး စကခ (၂၁) ကွပ်ကဲမှုဌာနချုပ် ဝင်သတင်းပို့တော့ ဦးစီး (၁) ဒုဗိုလ်မှူးကြီး အောင်မျိုးမင်းနှင့် တွေ့သည်။ ဒီလာရသည့် အကျိုးအကြောင်း ပြောဖြစ်ကြသည်။

စကခမှ မိမိအား ကောင်းတုံရိပ်သာကြီးတွင် နေရာချထားပေးသည်။

"အဘ ... ဘာများလုပ်ချင်ပါသလဲခင်ဗျ။ ကျွန်တော်တို့ ဘာဆောင်ရွက်ပေးရမလဲခင်ဗျ"

"အစီအစဉ်ကတော့ ပါဂျိုနားဖော တိုက်ပွဲကြီးနဲ့ ယောယုံတိုက်ပွဲရေးဖို့ပါပဲ။ အဲဒီတော့ ယောယုံကို





သွားကြည့်ချင်ပါတယ်"

"ရပါတယ်ခင်ဗျ။ မနက်ဖြန် စီစဉ်ပေးပါ့မယ်။ ဟိုက တပ်တွေကိုလည်း လှမ်းပြောထားပါ့မယ်"

"ကောင်းပါပြီ"

"စကခမှူးကတော့ ရွှေကူတပ်စစ်သွားနေပါတယ်။ မနက်ဖြန် ပြန်ရောက်ပါမယ်။ အဘ ရောက်နေကြောင်းလည်း သတင်းပို့ထားပါတယ်"

"ကောင်းပါပြီ"

နောက်တစ်နေ့တွင် ဗန်းမော်မှ ကားဖြင့် ယောယုံသို့ထွက်ခဲ့၏။ လမ်းကြောင်းမှာ ဗန်းမော်၊ မိုးမောက်၊ စိန်လုံ၊ ယောယုံ၊ လွယ်ဂျယ်လမ်းဖြစ်ပါ၏။

မိုးမောက်ကျော်သော် ကားလမ်းမှာ တောင်တက်လမ်းဖြစ်နေ၏။ မိုးမောက်ထိ ကတ္တရာလမ်းဖြစ်သော်လည်း တိုဘက်တွင်ကား ၆ လက်မပတ်လည် လေးထောင့်ကျောက်တုံးလေးများကို ဆက်ထားသည့် ကျောက်ခင်းလမ်းဖြစ်၏။ လမ်းအပျက်အစီးများကို တရုတ်တွေလာပြင်ပေးနေကြ၏။ ဤလိုလမ်းမျိုးကို ၂၀၁၁ ခုနှစ်လောက်က လောက်ကိုင်ကုန်းကြမ်းအသွားတွင် တွေ့ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရ၏။ ဤနည်းပညာမှာ ကတ္တရာမသုံးဘဲ လမ်းကောင်းဖြစ်အောင် လုပ်သည့် တရုတ်တွေ၏နည်းပညာဖြစ်၏။ အတုယူသင့်သည်ဟု ထင်မြင်ယူဆမိပါသည်။

ဒီလမ်းများကို ဒေသခံများက ပြောင်းဖူးစေ့လမ်းဟု ခေါ်ကြ၏။

ဗန်းမော်–လွယ်ဂျယ်လမ်းမှာ ၄၉ မိုင်ဝေးသည်။ လွယ်ဂျယ်တွင် တရုတ်နှင့် ကုန်သွယ်ရေးစခန်း ဖွင့်ထားသည်။ ဟိုဘက်က တရုတ်မြို့ကလေးမှာ **LAIYANG** လိုင်ယန်းဟု ခေါ်သည်ဆိုပါသည်။

လမ်းတစ်ဝက်၌ စိန်လုံစခန်းရှိသည်။ ဗျူဟာရုံး ဖွင့်ထားသည်။ ရဲကင်းများလည်း ရှိသည်။ ဗျူဟာမှူးမှာ ဗိုလ်မှူးကြီးသက်ထွန်းဖြစ်ပြီး တပ်မ (၉၉) က ဖြစ်၏။ နယ်မြေအခြေအနေ ဆွေးနွေးပြီး ယောယုံသို့ ဆက်ထွက်ခဲ့၏။ ယောယုံတွင် လွယ်ဂျယ်တပ်ရင်းမှူး ဗိုလ်မှူး နိုင်ထက်ထွန်း လာစောင့်နေသည်။

ယောယုံမှာ လွယ်ဂျယ်၏ ကွပ်ကဲမှုအောက်က ဖြစ်၏။

တပ်ရင်းမှူးမှာ **DSA 42** က ဖြစ်ပြီး အလွန်





အသက်ငယ်ပါသေးသည်။ ရှိလှ ၃၅၊ ၃၆ ပေါ့။

နောက်မှ တပ်ရင်းမှူး ဥစတာတက်နေ၍ ခေတ္တတပ်ရင်းမှူး လုပ်နေရခြင်းပါဟု ပြောပါသည်။ **DSA 42** ဆိုတော့ မကြာမီ သူလည်း တပ်ရင်းမှူးအစစ် ဖြစ်ပါတော့မည်။

သူ၏ ယောယုံစခန်းကို ကားဖြင့်တက်ရသဖြင့် တက်ကြည့်ကြသည်။ ပေ ၂၀၀၀ ပတ်ဝန်းကျင်အမြင့် တောင်များပေါ်တွင် စခန်းဆောက်ထားခြင်းဖြစ်၏။ ဤစခန်းတွင် ၁၉၈၅ ခုနှစ်က ခလရ (၄၇) ဗန်းမော်မှ ဗိုလ်မှူးအောင်ထွန်းနှင့် တပ်ခွဲတစ်ခွဲ လူ ၇၀ ကျော်ခန့်အား **KIA** ၂၀၀ နှင့် ဗကပ ၅၀၀ ပေါင်းအင်အား ၇၀၀ ကျော်လောက်က ဆယ်ဆသာလွန်သော အင်အားဖြင့် ဝင်တိုက်ခဲ့သည်။

တစ်ရက်၊ နှစ်ရက် တိုက်ပြီး မရဘဲ အကျအဆုံးများစွာဖြင့် ဆုတ်သွားရသည်။ ဤတိုက်ပွဲကို **KIO** ဥက္ကဋ္ဌ ဘရန်ဆိုင်းနှင့် ဗကပမှ ရဲဘော်အောင် ခေါ် အသားမည်းမိုးမြင့်တို့က ပူးတွဲစီစဉ်ခဲ့ခြင်းဖြစ်သည်။ တိုက်ပွဲ မအောင်မြင်၍ ဗကပနှင့် **KIA** တို့ တစ်ဦးပေါ်တစ်ဦး အပြစ်ပုံကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ပါကိုနားဖော့တိုက်ပွဲကြီးရေးပြီးက ယောယုံတိုက်ပွဲကို ရေးရန် စိစဉ်ထား၏။ ထို့ကြောင့် ယောယုံ မြေအခြေအနေကို အသေအချာကြည့်ပါသည်။ **Very Mountainous Ternain** ပါပဲ။ ထိုစဉ်က ယောယုံသည် အစွန်ဆုံး စခန်းဖြစ်ပြီး နယ်စပ်မြို့လွယ်ဂျယ်မှာ ဗကပနှင့် **KIA** ထိန်းချုပ်မှုအောက်မှာ ရှိနေခဲ့၏။

ဗကပတို့၏ **Theory** အရ အစွန်ဆုံးစခန်း စစ်ကူလာရန်ခက်ခဲသောစခန်းကို ရွေးပြီး သာလွန်အင်အားနှင့် အပိုင်တိုက်ခဲ့ခြင်း ဖြစ်၏။ သို့ရာတွင် ကျွန်တော့်သူငယ်ချင်း ကိုအောင်ထွန်းက လူမိုက်၊ လူပေ၊ သတ္တိ ရှိသည်။ **BA Bed.** အောင်ပြီး ကျောင်းဆရာ လေး။ ငါးနှစ်လုပ်ပြီးမှ စစ်သားလုပ်ချင်ရဲ့ဆိုကာ တပ်မတော်ထဲ ဝင်လာသူ။ တကယ့်စစ်သားအစစ်။ **Typical Soldier**။ ယမကာလည်း အလွန်ကြိုက်သူ။ မပခမှာလည်း အကြာကြီးနေခဲ့ဖူးသူ။ သူက ယောယုံတိုက်ပွဲတွင် အသက်စွန့်ပြီး တိုက်ပွဲဝင်သည်။ သူကိုသူ သေနိုင်သည်ဟု တွက်ထားသည်။ ငါ မသေဘဲ စခန်းမကျစေရဟု ကြွေးကြော်သည်။ ရန်သူကို အသေ အကျေ ခံချရာ တစ်ရက်သာ ကြာသွားရော ဗကပနဲ့ **KIA**





တို့ ထင်တိုင်းမပေါက်ခဲ့။ ညနေပိုင်း လေတပ်မှ **Air Strike** လာလုပ်တော့ ကိုအောင်ထွန်းတို့ အသက်ရှူချောင်သွားသည်။ နောက်နေ့တွင် တိုက်ပွဲပြီးသွားသည်။ စစ်ကူတွေရောက်လာသည်။ ကိုအောင်ထွန်း သူရ ရသည်။ သူရအောင်ထွန်းဖြစ်သွားသည်။ သူနှင့် ကျွန်တော်သည် **OTS 36** အတူ တက်ခဲ့ကြ၏။ တခြားသင်တန်းတစ်ခု၊ နှစ်ခုလည်း အတူတက်ခဲ့ကြဖူးသဖြင့် သူနှင့်ကျွန်တော့်ကြားတွင် ပြောစရာ ဆိုစရာများ အများကြီးရှိခဲ့ပါသည်။

ထားပါတော့ခင်ဗျာ။ ဒါတွေ ပြောခဲ့တာ ထပ်နေပါပြီ။

ယောယုံစခန်း လှည့်ပတ်ကြည့်ပြီး လွယ်ဂျယ်နှင့် သိပ်မဝေးလှဟု ဆိုသဖြင့် တပ်ရင်းမှူးက **Invite** လုပ်၍ လွယ်ဂျယ်သို့ ခရီးဆက်ခဲ့၏။

စခန်းကုန်းက မြန်အဆင်း၌ အရှေ့မြောက်ဘက်မှ လေးငါးဆယ်မိုင်ခန့်အကွာ တောင်တန်းများပေါ် တွင် စိမ်းညို့ညို့နှင့် သစ်ပင်များကြားက အဆောက်အဦအချို့ လှမ်းမြင်နေရ၏။

"အဲဒါခင်ဗျာ ... အဲဒါ **KIA** စခန်းတွေခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ပြော်"

တပ်ရင်းမှူးက ပြသဖြင့် KIA စခန်းများကို တရုတ်–မြန်မာနယ်စပ် မျဉ်းကြောင်းပေါ်၌ ရှိနေသည်အား မြင်ခဲ့ရပါသည်။

ယောယုံမှ လွယ်ဂျယ်သို့ မိနစ် ၄၀ ခန့် ကားမောင်းရပါသည်။ လွယ်ဂျယ်တွင် ကုန်သွယ်ရေးဇုန်အား မြို့အဝင်၌ တွေ့ရ၏။ ခပ်သေးသေးပါပဲ။ ကျွန်တော် ခဏခဏ ရောက်ခဲ့သည့် မြဝတီနှင့်တော့ အတော်ကွာ ပါသည်။ မြဝတီကုန်သွယ်ရေးဇုန်က လေး၊ ငါး၊ ဆယ်ဧကခန့် ကျယ်၏။ စစ်ဆေးရေးဂိတ်များလည်း စနစ်တကျ ရှိသည်။ ကားအတက်အဆင်းမှာလည်း တစ်ရက် တစ်ရက် ရာဂဏန်းအထက်မှာ ရှိ၏။ ဆိုင်ကယ်တွေကတော့ ထောင်ဂဏန်းရှိသည် ထင်၏။ ယခု ဗန်းမော်–လွယ်ဂျယ်တွင်တော့ ကားအတက်အဆင်း တစ်နေ့လျှင် အစီး သုံး၊ လေးဆယ်တော့ ရှိနေသည်။ ဗန်းမော်က ဆန်နှင့်ဖရဲသီး စသည့် လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံထွက် အသီးအနှံများ တရုတ်ဘက်သွားသည်။ တရုတ်ဘက်ကတော့ လူသုံး၊ အိမ်သုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ တရုတ်ဆေးဝါးများ၊





အဝတ်အထည်များ အထူးသဖြင့် မော်တော်ဆိုင်ကယ်များ တင်သွင်းကြ၏။

လွယ်ဂျယ်အသွား လမ်းတစ်လျှောက် မော်တော်ဆိုင်ကယ်သမားများကို မော်တော်ဆိုင်ကယ်ပေါ်တွင် မော်တော်ဆိုင်ကယ် တစ်စီး ကန့်လန့်ဖြတ်တင်ကာ ဆင်းလာကြသည်အား တစ်လမ်းလုံးတွေ့ရ၏။ မော်တော်ဆိုင်ကယ် အရောင်းအဝယ်သမားတွေ ဖြစ်၏။ မြစ်ကြီးနား–ဗန်းမော်မြို့များတွင်သာမက ကားလမ်းမကြီးတစ်လျှောက်တွင် တရုတ်မော်တော်ဆိုင်ကယ်တွေ တဝုံးဝုံး တဒိုင်းဒိုင်းနှင့် ပြေးလွှားနေကြပါသည်။ ခေတ်ကိုက မော်တော်ဆိုင်ကယ် ယဉ်ကျေးမှုခေတ် ဖြစ်နေပါ၏။ မြန်မာနိုင်ငံတစ်ဝန်းလုံး တရုတ်ဆိုင်ကယ်တွေ ဖုံးနေပါပြီ။

နေ့လယ်စာအား တရုတ်နယ်စပ်ဂိတ်ပေါက်အနီးက ထမင်းဆိုင်လေးမှာ စားဖြစ်သည်။ ထမင်းစားပြီး တော့ လွယ်ဂျယ်ကို မြို့တစ်ပတ် တပ်ရင်းမှူးက လိုက်ပတ်ပြ၏။ ရဲစခန်း၊ ဆေးရုံ၊ ဒုက္ခသည်စခန်းများ စသည် တွေ့ရ၏။ ဟိုဘက်ကိုသွားချင်သေးလား မေးတော့ တရုတ်နယ်စပ်ကို အကြိမ်ကြိမ်ရောက်ဖူးပြီးဖြစ်သဖြင့် မသွားလိုတော့ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ပါသည်။ အပြန် မိုးချုပ်မှာလည်း စိုးသေး၏။

နေ့လယ် ၂ နာရီထိုးအပြီး၌ လွယ်ဂျယ်က ပြန်ထွက်ခဲ့သည်။ ဗန်းမော်ပြန်ရောက်တော့ ညနေ ငါးနာရီ ထိုးပြီ။

အတော်မောသွားသည်။ သို့ရာတွင် မရောက်ဖူးသေးသည့်နေရာတွေ ရောက်ခဲ့ရသဖြင့် ကျေနပ်မိပါ၏။

ည၌ ရိပ်သာသို့ စကာခမှူး ဗိုလ်မှူးချုပ်ညီညီဆွေ ရောက်လာသဖြင့် တွေ့ဆုံစကားပြောဖြစ်၏။ သူ့ ဗျူဟာမှူး ၂ ဦးလည်း ပါလာကြသည်။ စကာခမှူးက DSA အပတ်စဉ် (၃၀) က ဖြစ်သည်။ ရည်ရည်မွန်မွန် နှင့် စကားပြော ကောင်း၏။ ရှေဦးစီးချုပ် ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၏ ညီအရင်းဟု သိသူတွေက ပြောကြသည်။ ခရီးစဉ် အဆင် ပြေ၍ ကျေးဇူးတင်ကြောင်းနှင့် လေယာဉ်လက်မှတ်ရရင် နောက်နေ့ပြန်လိုကြောင်း ပြောပြရ၏။

နောက်နေ့ လေယာဉ်လက်မှတ် မရပါ။

အားနေသဖြင့် မံစီသို့ သွားခဲ့၏။

မံစီကား ဗန်းမော်နှင့် ၁၀ မိုင်ခန့်သာ ဝေးသည်။ သို့ရာတွင် တစ်ချိန်တစ်ခါက KIA တို့ မြူးထူးပျော်ပါး





ခဲ့ကြသည့် မြို့ဟုလည်း ဆိုသည်။ မိမိအား တာဝန်ရှိသူ များက မံစီသို့ သိပ်သွားစေချင်ပုံမရ ဟု ထင်၏။ ဘာမှ မပြောဘဲ ရိပ်သာမှ အသာလစ်ထွက်ခဲ့သည်။ ကား ဆရာအား ...

"မံစီမောင်းကွာ" ဟု ခိုင်းလိုက်၏။

မံစီအဝင်တွင် တပ်သစ်တပ်ရင်း တစ်ရင်း ရှိ၏။ တပ်သစ်တည်ပြီးစက ဒီတပ်ကို KIA များ လာတိုက် ဖူးသည်။ တပ်ရင်းတစ်ရင်းလုံး ရှေ့တန်းထွက်နေစဉ်မို့ နောက်တန်းတွင် အိမ်ထောင်သည် မိန်းမများနှင့် စစ်သည် နောက်ချန်အနည်းငယ်သာ ကျန်သည်။ KIA က လူ လေး ငါးဆယ်နှင့် လာတိုက်ခြင်း ဖြစ်သည်။

တပ်က နောက်ချန်ရဲဘော်များနှင့်အတူ အိမ်ထောင် သည် အမျိုးသမီးများကပါ ခံချကြရာ KIA ဗိုလ် တစ်ဦးနှင့် တပ်သား ၂ ဦးကျဆုံးပြီး အများအပြား ဒဏ်ရာရကာ ဆုတ်သွားကြရ၏။ တပ်ကို လူကြီးတွေကိုယ်တိုင် လာပြီး ဂုဏ်ပြုပေးသွားသည်ဟု ဆို၏။ အစဉ်အလာကောင်းသော တပ်ပါပေ။

ဒါကြောင့်လားတော့ မသိပါ။ ဗန်းမော်တွင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရှင်းတိုင်းရှိ အိမ်ထောင်သည် ရဲမေများ စစ်သင်တန်း ဆင်းနေကြပြီး စစ်ရေးပြကွင်း၌ ပြိုင်ပွဲများကျင်းပနေသည်ကို မနက်တိုင်း လမ်းလျှောက်ရင်း ကျွန်တော် တွေ့ခဲ့ရပါသည်။ ကောင်းပါသည်။ လိုအပ်ရင် အားလုံး သေနတ်ကိုင်ကြတာ ပေါ့။

မံစီကား သာယာသော မြို့ကလေးဖြစ်၏။ မြို့လယ် လမ်းမကြီးဘေး၌ကား ခရစ်ယာန် ချာ့ချ်ကျောင်းကြီးများ မကြာခဏ တွေ့ရသည်။ မံစီကနေ ကိုက်ထိပ်၊ ထိုမှ နန်းခမ်းသို့သွားသည့် ကားလမ်းရှိ၏။ ထိုလမ်းမှာ ယခုအခါ ကားအသွားအလာ မရှိဟု မြို့ခံတွေက ပြောကြ၏။

"အဘရဲ့ ... ငြိမ်းချမ်းရေးကာလက မံစီက KIA မြို့တော် အဘရဲ့။ တစ်မြို့လုံး သူတို့ချည်းပဲ"

ကားဆရာက ကျွန်တော့်ကို ပြောပြနေသည်။

"၂၀၁၁ ခုနှစ် ငြိမ်းချမ်းရေးပျက်သွားတော့ မံစီကို အတော်တိုက်ပြီး တပ်က ပြန်သိမ်းရတာ။ မြို့က သူတို့မြို့ ဖြစ်နေတယ်။ သူတို့က မြို့ခံ၊ ကျွန်တော်တို့က ဧည့်သည်ပြန်ဖြစ်နေတယ်"

"ဩော်"





သူပြောတာဟုတ်ပေလိမ့်မည်။

KIA စတင်ဖွဲ့စည်းစဉ်က ပထမဆုံးတပ်ရင်းမှာ မံစီ မြို့နားက မွန်ဘာပါတွင် စတင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်လေသည်။

ဒီမှာပင် KIA ခေါင်းဆောင်များက ဟောကြ၊ ပြောကြ၊ စည်းရုံးကြနှင့် မွန်ဘာပါသို့ ကချင်လူငယ် အများ အပြား ရောက်ရှိလာခဲ့ကြ၏။

အတော်များများမှာ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးမောက်၊ မံစီတို့က ဖြစ်ကြ၏။ ယခုအချိန်ထိ KIA တပ်မဟာ (၃) ဌာနချုပ်သည် မံစီမြို့နယ်ထဲမှာပင် ရှိနေ သေးသည်ဟု သိရပါသည်။

"အဘရဲ့ ... ဟိုတုန်းကဆိုရင် မံစီအထွက်မှာကို တိုက်ပွဲကဖြစ်နေတာ။ စစ်ကားဆိုရင် ဆီးပစ်တာ။ အရပ် ကားဆိုရင်တော့ သိပ်ပစ်လေ့ပစ်ထမရှိဘူး။ အဲဒါကြောင့် ကျွန်တော်တို့ဆိုရင် မံစီမရောက်တာ နှစ်နဲ့ချီပြီး ရှိနေပြီ။ အခု အဘရောက်လာလို့ လိုက်ပို့ခိုင်းလို့ လိုက်ပို့တာ"

"ဩော် ... အဲဒီလိုလား"

ဒါတွေကြောင့် ကျွန်တော့်အား မြစ်ကြီးနားမှ ဗန်းမော်သို့ အရပ်ကားဖြင့် မပခက ပို့ပေးသည်။ စာ၁ခ



www.burmeseclassic.com

www.burmeseclassic.com



(၂၁) ကလည်း ဗန်းမော်မှ လွယ်ဂျယ်သို့ အရပ်ကားဖြင့်ပင် ပို့ပေးခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

မတ် ၁၉ ရက်က အိမ်က ထွက်ခဲ့သည်။ ဒီမှာ လေး၊ ငါးရက်ကြာသွားပြီ။ ပြန်လို့ရပြီ။

မတ် ၂၃ ရက်တွင် ဗန်းမော်-ရန်ကုန် လေယာဉ် လက်မှတ် ရ၍ ပြန်ခဲ့သည်။

ကွင်းဆင်းတော့ လေယာဉ်ကွင်း၌ စကခမှူး ဗိုလ်မှူးချုပ်ညီညီဆွေအား ဆက်သွယ်ရေးစက်များနှင့် အလုပ်ရှုပ်နေသည်ကို တွေ့ရ၏။ ကွင်းမှာ လေတပ်က တိုက်လေယာဉ် လေး၊ ငါးစီးလည်း တွေ့ရ၏။

ကျွန်တော်တွေ့တော့ ...

"လာ ... အဘရေ။ ဒီမှာ ကိုက်ထိပ်ထွက်တဲ့ ဘက်ကို သစ်ကားအစီး ၂၀၀ လောက်တောင်တွေ့လို့ အလုပ်များနေတယ်။ အဲဒါ စစ်ကြောင်းတွေလွှတ်ပြီး သွားရှင်းနေရတယ်"

"ဘယ်လိုတွေ့တာလဲ"

"မြစ်ကြီးနားလေတပ်က လေ့ကျင့်ပျံသန်းတဲ့ လေယာဉ်တွေက သစ်တင်ကားတွေကို တွေ့လာတာ။





ကားတွေ တရုတ်ဘက် ရောက်မသွားအောင် တားရမှာမို့ အလုပ်များနေတယ် အဘရေ"

"ဩော်"

မတ် ၂၃ ရက်နေ့မှာ ရန်ကုန်၌ KIA အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် အစိုးရတို့က ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးနေသည်။ အပေါ်ကတော့ ကောင်းပြီကောင်းရဲ့နဲ့ ငြိမ်းချမ်းရေးကိစ္စအတွက် အလုပ်များနေကြ၏။

အောက်မှာကတော့ ခိုးလို့ရတာတွေ ခိုးလို့ကောင်းတုန်း ဖြစ်ပါ၏။

ခိုးနေကြဆဲ ဖြစ်ပါ၏။

ညနေ လေးနာရီတွင် ဗန်းမော်မှ လေယာဉ်ဖြင့် ရန်ကုန်ပြန်ခဲ့သည်။

မပြန်မီ ကစထမှူးဗိုလ်ချုပ်ကြီးမြင့်စိုးနှင့် ဖုန်းပြောခဲ့ရသေးသည်။ ခရီးစဉ် အဆင်ပြေလား မေးသည်။ အလွန်အဆင်ပြေပါကြောင်း၊ အားလုံးက ဝမ်းပန်းတသာဖြင့် ဝိုင်းဝန်းကူညီကြကြောင်း ပြောလိုက်ရပါသည်။

အပြန် လေယာဉ်ပေါ်တွင်ကား အဖော်မပါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တည်းမို့ စဉ်းစားခန်းဝင်ရင်း လိုက်ပါလာ၏။

ငြိမ်းချမ်းရေး အမြန်ရပါစေ။

ဒီဒေသမှာ ကချင်၊ ဗမာ၊ ရှမ်း။ တိုင်းရင်းသားများ လက်တွဲညီညီ ငြိမ်းချမ်းစွာ အတူတကွ နေထိုင်နိုင်ကြပါစေ။

ဒီဒေသထွက် သယံဇာတများကို မညီသူမျှ ခိုးဖွက်ရောင်းချခြင်း မလုပ်ကြဘဲ တရားဝင်ရောင်းချပြီး မျှမျှတတ အတူတကွ သုံးစွဲနိုင်ကြပါစေ။

ကချင်ပြည်နယ်၏ သဘာဝအလှကို နိုင်ငံသူနိုင်ငံသားအားလုံး ခံစားနိုင်ကြပြီး ငြိမ်းချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအား တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ ထူထောင်နိုင်ကြပါစေ ...

ဟု လေယာဉ်ပေါ်မှာပင် ဆုတောင်းလိုက်မိပါသည် ခင်ဗျား။

ရှင်လန်းချမ်းမြေ့ကြပါစေ

သောင်းဝေဦး

၁၇-၄-၂၀၁၅

မြရတနာစာပေ



မှီငြမ်းကိုးကားသောစာအုပ်များစာရင်း


၁။ ပြည်တွင်းသောင်းကျန်းမှုသမိုင်း ၁၊ ၂၊ ၃၊ ၄၊ ၅ ရဲဘော်သစ်မောင်

၂။ တပ်မတော်သမိုင်း တတိယတွဲ မှ သတ္တမတွဲ အထိ တပ်မတော်မော်ကွန်းတိုက်မှူးရုံး

၃။ သူတို့တိုက်ခဲ့သော KIA နှင့်တိုက်ပွဲများ သောင်းဝေဦး

၄။ **Land of Jade**

**by Bertil Lintner**


မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ကူညီခဲ့သော –

စစ်ရုံးမှ စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊

မြောက်ပိုင်းတိုင်းမှ တိုင်းမှူးနှင့် ဦးစီးအရာရှိများ၊

ပန်းမော် စကခမှ စကခမှူးနှင့် ဦးစီးအရာရှိများ၊

အခြားကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း …

**သောင်းဝေဦး**

စာရေးသူ

၂၀–၄–၂၀၁၅

မြရတနာစာပေ

## သောင်းဝေဦး၏ ထွက်ရှိပြီးသော စာအုပ်များ

၁။ သူတို့ဆီတစ်ခေါက် ရောက်ခဲ့ရာဝယ်
၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်း
၃။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)
၄။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)
၅။ စစ်သားဘဝအမှတ်တရများ အတွဲ(၃)
၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၄)
၇။ သေတာမရောက် သက်မပျောက်
၈။ ဣန္ဒြိယခေါ် မိန်းမတို့သည်
၉။ ယောက်ျားတို့အကြောင်း
၁၀။ ကျွန်တော်လယ်သမားကြီး
၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း သိကောင်းစရာများ
၁၂။ ငါ့သားများ စစ်ထဲဝင်ရင်လေ
၁၃။ ကြည်း၊ ရေ၊ လေ တပ်မတော်တွင်းက သူငယ်ချင်းတွေ
၁၄။ မှုးမြစ်မှသည် ရောဝတီ
၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ
၁၆။ စစ်မြေပြင်မှ ကိုယ်တွေ့လှုပ်ရှားဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၁)
၁၇။ စစ်မြေပြင်မှ ကိုယ်တွေ့လှုပ်ရှားဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၂)

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

၁၈။ ဂျာမနီသခေါ် မိန်းမတို့သည်နှင့် ယောက်ျားတို့အကြောင်း
၁၉။ အစ်ကိုတို့စစ်သား
၂၀။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၃)
၂၁။ ကျွန်တော် ဂေါက်သီးသမား
၂၂။ ဒို့ဘိုးဘွားအမွေအနှစ်ဝို့ ချစ်မြတ်နိုးစေ
၂၃။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၄)
၂၄။ ကမ္ဘာ့တိန်ကျော်ညွှန့်၏ စွန့်စားခန်းများ
၂၅။ အချစ်နဲ့ စစ်သား
၂၆။ စစ်မြေစခန်းက လွမ်းပုံပြင်
၂၇။ ဆန်းကြယ်ထူးခြား စစ်သားတို့၏လက္ခဏာများ
၂၈။ မလွမ်းပို မငိုနဲ့နော်
၂၉။ စီစီဝမ်တာပန်တိုက်ပွဲကြီး
၃၀။ မြန်မာ့မြေမှ အင်္ဂလိပ်-ဂျပန်တိုက်ပွဲများ
၃၁။ လူစွန့်စားကြီးကမ္ဘာ့တိန်စောနားမူး
၃၂။ မိုင်းယန်းတိုက်ပွဲ
၃၃။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၅)
၃၄။ ကျွန်တော်ပါဝင်သော နောင်လိုင်ပါခန်နှင့် ဗိုလ်ဝ မိဝင္ဝ တိုက်ပွဲကြီး
၃၅။ ဗိုလ်ချုပ်ကြီးယာမာမိုတိုနှင့် ပုလဲဆိပ်ကမ်းတိုက်ပွဲ

မြရတနာစာပေ

၃၆။ ပော နီတွန်မန်နီ
၃၇။ ဗိုလ်ချုပ်ကြီးယာမာရှိတာနှင့်မလေးကျွန်းဆွယ်တိုက်ပွဲ
၃၈။ ကျွန်တော်နှင့်ဘိန်းစစ်ဆင်ရေးများ
၃၉။ ဗိုလ်ချုပ်ကြီးမက်အာသာနှင့် ဖိလစ်ပိုင်တိုက်ပွဲစဉ်များ
၄၀။ ကမ္ဘာ့တိန်စောနားမူး၏ မက်ဆိုပိုတေးမီးယားစွန့်စားခန်းများ
(ပထမပိုင်း)
၄၁။ ဗိုလ်ချုပ်ဝင်းဂိတ်နှင့် ဘူဇာခြေသုံ့စစ်ဆင်ရေးများ
၄၂။ ကွန်လုံ ရက် ၄၀ တိုက်ပွဲကြီး
၄၃။ ဗိုလ်ချုပ်ကြီးဗီလီယံစလင်းနှင့် မြန်မာပြည်တိုက်ပွဲစဉ်များ
၄၄။ ဗိုလ်ချုပ်ကြီးစတီးဝဲလ်နှင့် မြစ်ကြီးနားတိုက်ပွဲ
၄၅။ ကမ္ဘာ့တိန်စောနားမူး၏မက်ဆိုပိုတေးမီးယားစွန့်စားခန်းများ
(ဒုတိယပိုင်း)
၄၆။ ထင်ရှားကျော်ကြားပဲခူးရိုးမတိုက်ပွဲများ
၄၇။ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်နှင့် ဝါဇာလာတိုဘရပ်တိုက်ပွဲ
၄၈။ ပြည်သူပါဝင်သော မြစ်ဝကျွန်းပေါ်စစ်ဆင်ရေးများ
၄၉။ ဗိုလ်ချုပ်ကြီးမောင်ဗိုမာရီနှင့် အယ်လ်အာလာမိန်းတိုက်ပွဲ
၅၀။ မော်ဇာဒေသတိုက်ပွဲများ
၅၁။ ဗိုလ်ချုပ်ကြီးဖူးတော့ခ်နှင့် မော်စကိုတောလင်ဂရတ်တိုက်ပွဲများ
၅၂။ မြန်မာနိုင်ငံသို့ တရုတ်ပြည်ကျူးကျော်ဝင်ရောက်မှုနှင့်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့တပ်မတော်၏ ကျော်ကြားသော စစ်ဆင်ရေးများ
၅၃။ မြူးရွှေဝန်ကောက်တိုက်ပွဲကြီး
၅၄။ ဗိုလ်ချုပ်ကြီး ဗိုလ်ငယ်ကီယက်နှင့် ကမ္ဘာကျော်ဒင်ဗင်ဖူးတိုက်ပွဲကြီး
၅၅။ ရဲဝံ့စွန့်စားတာကယ်ကွန်မန်ဒိုများ
၅၆။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၁)
၅၇။ ကျွန်တော်နဲ့ ညတိုက်ပွဲများ
၅၈။ မိုင်းယောင်းတိုက်ပွဲ
၅၉။ ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ
၆၀။ မုန်းစီးနားလယ်နှင့် ဂျုံးဂျုံးချက် တိုက်ပွဲကြီး
၆၁။ ဣတ္ထိယခေါ်မိန်းမတို့သည်နှင့် ယောက်ျားတို့အကြောင်း(ဒုတိယအကြိမ်)
၆၂။ ကြုံခဲ့ဖူးသော ချုံခိုတိုက်ပွဲများ
၆၃။ သူရစိုးအောင်နှင့် သူ၏စွမ်းရည်ဘွဲ့ရ နားလုံတိုက်ပွဲ
၆၄။ မြဝတီတိုက်ပွဲ
၆၅။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၂)
၆၆။ မဲသဝေါ်တိုက်ပွဲ
၆၇။ အစ်ကိုတို့ရှေ့တန်း
၆၈။ ၁၉၄၉ ခုနှစ်က သမိုင်းဝင်အင်းစိန်တိုက်ပွဲကြီး
၆၉။ ငါးသားများစစ်ထဲဝင်ရင်လေ
၇၀။ ကျွန်တော်တို့ KNU ကေအင်ယူဗဟို မာနေပလောကို တိုက်ခဲ့စဉ်က
၇၁။ သူတို့တိုက်ခဲ့သော ဟိုက်ကမ်းသဲနှင့် မြူးရွှေဝန်ကောက်တိုက်ပွဲကြီးများ
၇၂။ ဝမ်ခသစ် ခေါ် ကော်မူးရာစခန်းသိမ်းတိုက်ပွဲကြီး
၇၃။ နမ့်မယောင်းမှသည် ရောဝတီ
၇၄။ မဖော်ပြဖြစ်ခဲ့သည့် အရှေ့မြောက်ဒေသက တိုက်ပွဲများ
၇၅။ ကျွန်တော်နဲ့ ပြောက်ကျားတိုက်ပွဲများ
၇၆။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၃)
၇၇။ သူတို့တိုက်ခဲ့သော KIA နှင့် တိုက်ပွဲများ
၇၈။ KNU တပ်မဟာ (၄) မင်းသမီးစခန်းသိမ်းတိုက်ပွဲ
၇၉။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၄)

## ထုတ်ဝေမည့်စာအုပ်

၀၁။ KIA ဗဟို ပါဂျွန်နားဘော တိုက်ပွဲကြီး

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

၀၁။ ယောပယ်တိုက်ပွဲ
၀၂။ ဗန်ကြားရှင်နှင့် တိုက်ပွဲများ
၀၃။ မြန်မာတို့ တရုတ်ရန် ခုခံကာကွယ်ခဲ့စဉ်က
၀၄။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၅)


မြရတနာစာပေ

www.burmeseclassic.com